7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၂၈) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် ၊ ဗုဒ္ဓဟူး ၊ (စက်တင်ဘာ ၁၈ ၊ ၂၀၁၃)

TRI
LIVES BRILLIANTLY

# မိုးကျရွှေကိုယ်တွေ နေရာရဆဲ

**ထွန်းခိုင်၊ အောင်ခိုင်**

မြန်မာနိုင်ငံတွင် နောက်ဆုံးတည်ထောင်ခဲ့သည့် မြို့တော်သစ် နေပြည်တော်ရှိ အခမ်းနားဆုံး ခေတ်သစ်မြန်မာ့အဆောက်အအုံများအနက် တစ်ခုဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၁ မတ်လ ၃၀ရက်က သမ္မတသစ် ဦးသိန်းစိန် ပထမဆုံးမိန့်ခွန်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂ နှစ်ကျော်ကာလဖြစ်သော ထိုရက်က ပြောကြားခဲ့သည့် အဆိုပါမိန့်ခွန်းအပြီး မြန်မာနိုင်ငံတွင် ရာစုနှစ်ထက်ဝက်ကျော်ကြာ လွှမ်းမိုးထားသော စစ်အုပ်ချုပ်ရေးအမှန်တကယ်အဆုံးသတ်သွားလေပြီလားဆိုသည့် မေးခွန်းသည် ပြည်တွင်းပြည်ပရှိ စောင့်ကြည့်သူများအကြား အငြင်းပွားဖွယ်ရာ ပုစ္ဆာတစ်ခုဖြစ်ခဲ့သည်။

စာမျက်နှာ ၈ »

**Interview**

## “တစ်ဦးနှင့်တစ်ဦး သံသယကင်းအောင် ယုံကြည်မှုခိုင်မာအောင် တည်ဆောက်ဖို့ လက်တွေ့မှာ အလွန်ခက်ခဲပါတယ်”



သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

## ကချင်ပြည်နယ်ရှိကျောက်စိမ်းလုပ်ကွက်အချို့ ကျောက်ထွက်ရှိမှုနည်းလာ

စာမျက်နှာ ၃ »

## တိုက်စားခံ အိုးအိမ်များ


စာမျက်နှာ ၇ »

## ထိုင်းတို့၏ မရေရာသော ရင်းနှီးမြှုပ်နှံရေး

စာမျက်နှာ ၂၇ »

## စစ်တပ်အာဏာသိမ်းသည့် (၂၅)နှစ်ပြည့် အထူးဆောင်းပါး

အချပ်ပို(K) »



*၂၀၀၇ စက်တင်ဘာလ ၂၄ရက်က ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်နေသည့် သံဃာတော်များ* ဓာတ်ပုံ-EPA

# ရွှေဝါရောင်နေ့ရက်များ

**အောင်ခိုင်၊ ရန်မျိုးနိုင်**

“ဝုန်း. . .”

တိတ်ဆိတ်နေသောညအချိန်တွင်ယင်းအသံကြားရပြီးနောက် အာမခံသော့အကြီးစားခတ်ထားသည့် သံတံခါးမကြီး ပွင့်ထွက်သွားသည်။ အုတ်တံတိုင်းလည်း ကျိုးပဲ့သွားသည်။ တစ်ဟုန်ထိုးဝင်လာသော စစ်ကားတစ်စီး နောက်တွင် စစ်သားများ။

အချပ်ပို(J) »



7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# တစ်ဦးနှင့်တစ်ဦး အမုန်းပွားစေမည့်ဝေဖန်မှုများ ရှောင်ရှားကြရမည်ဟု နိုင်ငံတော်သမ္မတက ဒီမိုကရေစီနေ့၌သဝဏ်လွှာပို့


*ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ*

ဓာတ်ပုံ-နိုင်ငံတော်သမ္မတရုံး

**မင်းဟိန်းကျော်**
**ရန်ကုန်၊ စက်တင်ဘာ-၁၆**
ပြည်သူများအနေဖြင့် မိမိတို့၏ ဆန္ဒများကို ထုတ်ဖော်ရာတွင် အခြားသူများ၏ အခွင့်အရေးကို မထိပါးဘဲ တစ်ဦးကို တစ်ဦး အမုန်းပွားစေမည့် ဝေဖန်ပြောဆိုမှုများ ရှောင်ရှားကြရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့်နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင်ဖော်ပြထားသည်။

ဒီမိုကရေစီဆိုသည်မှာ မိမိတို့၏ လိုအင်ဆန္ဒများကို လွတ်လပ်စွာထုတ်ဖော်ခွင့်ပြုထားသည်ဟု တစ်ကမ္ဘာလုံးက လက်ခံထားသည့် အယူအဆတစ်ရပ်လည်း ဖြစ်ကြောင်း အဆိုပါသဝဏ်လွှာတွင်ထည့်သွင်းဖော်ပြထား သည်။

ထိုကဲ့သို့ ဖော်ပြထားသော်လည်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရဘဲ ဆန္ဒထုတ်ဖော်ခြင်းကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၈ အရ အရေးယူအပြစ်ပေးနေခြင်းသည် ဒီမိုကရေစီအနှစ်သာရနှင့် ဆန့်ကျင်နေကြောင်း နိုင်ငံရေးအင်အားစု အချို့က ဝေဖန်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ၎င်း၏သဝဏ်လွှာတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ဆီသို့ ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဦးတည်ချီတက်နေခြင်းဖြစ်ပြီး မြန်မာပြည်သူများအနေဖြင့်လည်း ခေတ်မီသော ဒီမိုကရေစီနိုင်ငံတစ်ရပ် တည်ဆောက်ရန် စွန့်စွန့်စားစားဖြင့် စတင်လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

မိမိတို့နိုင်ငံ၏ အသွင်ကူးပြောင်းမှုသည် ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းခြင်းဖြစ်သည့်အတွက် မြန်မာ့ဒီမိုကရေစီယဉ်ကျေးမှုကိုယ်ပိုင်ဟန်ဖြင့် အကောင်အထည်ဖော်ရန် လိုကြောင်းလည်း ထည့်သွင်းရေးသားထားသည်။

မြန်မာနိုင်ငံအနေဖြင့် လျှောက်လှမ်းချီတက်နေသော အသွင် ကူးပြောင်းရေး လမ်းကြောင်းသည် များပြားလှသည့် မရေရာ မသေချာမှုများ၊ ကြီးမားသည့် စိန်ခေါ်မှုများ၊ အဟန့်အတားများကို ကြုံတွေ့နေရပြီး အဆိုပါအခက်အခဲများကို အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဖြေရှင်းရမည်ဖြစ်ကြောင်းလည်း သမ္မတကဆိုသည်။

ထို့အတူယနေ့ကာလတွင် တွေ့ကြုံနေရသည့် ပဋိပက္ခများ၊ အခက်အခဲအကျပ်အတည်းများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မဖြစ်မနေကြုံတွေ့ရမည့် စိန်ခေါ်မှု ပြဿနာများဖြစ်ကြောင်းလည်း အဆိုပါ သဝဏ်လွှာတွင်ဖော်ပြသည်။

စက်တင်ဘာ ၁၅ ရက်ကို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ်နိုင်ငံတကာမှ သတ်မှတ်ထားရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါအခမ်းအနားကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် နေပြည်တော်ရှိလွှတ်တော်၌ကျင်းပပြုလုပ်ခဲ့သည်။




## တွံတေးလူထုအခြေပြုနှင့်ငှက်ကြည့်ခရီးစဉ် စီစဉ်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်**-တွံတေးမြို့တွင် ပြည်သူလူထုအခြေပြု ခရီးသွားလုပ်ငန်းစဉ်အဖြစ် တွံတေးမြို့နယ် လူထုအခြေပြုခရီးစဉ်နှင့် ငှက်ကြည့်ခရီးစဉ် စီစဉ်မည်ဟု သတင်းရရှိသည်။

တွံတေးမြို့နယ် ခရီးသွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူလူထုအခြေပြုခရီးစဉ် (CBT) အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် တွံတေးမြို့နယ်ရှိ အထင်ကရနေရာများအပါအဝင် ငှက်ကြည့်ခရီးစဉ်ကို ပထမဆုံးပြုလုပ်မည်ဟု S.S.T ခရီးသွား လုပ်ငန်းမန်နေဂျာ ဦးစိုးမင်းက ပြောသည်။

အဆိုပါ CBT Awareness ခရီးစဉ်တွင် ငှက်ကြည့်ခရီးစဉ်နှင့် တွံတေးမြို့ရှိ အထင်ကရ နေရာများဖြစ်သည့် ရှေးဟောင်းအမွေအနှစ်မြို့တော်ဟောင်း၊ နန်းရာကုန်း၊ စဥ့်အိုးနှင့်မြေထည်လုပ်ငန်း၊ တွံတေးဈေးနှင့် ရွှေဆံတော်ဘုရား၊ တွံတေးတူးမြောင်းစသည်တို့ ပါဝင်မည်ဟု ၎င်းကပြောသည်။

"CBT Tour အနေနဲ့ တွံတေးမှာလုပ်တာတော့ ပထမဆုံးပဲ။ ခရီးစဉ်ကို အပတ်စဉ်စီစဉ်နိုင်မလားဆိုတာ မသိသေးဘူး။ ငှက်ကြည့်ခရီးစဉ်လည်းပါတော့ ငှက်ကြည့်ဒေ့လမ်းညွှန်တွေ အဆင်ပြေတဲ့အချိန် စီစဉ်ရတာ" ဟု ဦးစိုးမင်းအေးက ပြောသည်။

ပြည်သူလူထု အခြေပြုခရီးသွားလုပ်ငန်းအတွက် တွံတေးမြို့နယ်တွင် ဒေသခံလူငယ်များအား အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ Local Guide သင်တန်းများပေးလျက်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# ကချင်ပြည်နယ်ရှိ ကျောက်စိမ်းလုပ်ကွက်အချို့ ကျောက်ထွက်ရှိမှုနည်းလာ

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ကချင်ပြည်နယ်ရှိ ကျောက်စိမ်းလုပ်ကွက်အချို့တွင် ယခင်ကထက် ကျောက်စိမ်းထွက်ရှိမှုနည်းပါးလာကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်များထံမှ သိရသည်။

"တိုက်ပွဲကာလမှာ နားထားပေမယ့် တရားမဝင်တူးဖော်နေတာတွေ အများကြီးပဲ"ဟု မြစ်ကြီးနားမှကျောက်စိမ်းကျောက်မျက်လုပ်ငန်းရှင်ဦးကျော်ကျော်စိုးက ပြောသည်။

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ကြား တစ်နှစ်ကျော်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ယင်းဒေသရှိကျောက်စိမ်းလုပ်ကွက်အများစု ရပ်နားထားရသည်။ ထို့ကြောင့် ကျောက်စိမ်းကျောက်မျက်လုပ်ကွက်အများစုကို သတ္တုတွင်းဝန်ကြီးဌာနက ယာယီဆိုင်းငံ့ထားခဲ့ပြီး ပြန်လည်လုပ်ကိုင်ခွင့်ပေးမည့်ရက်ကို လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းထိန်ကပြောသည်။

တိုက်ပွဲကြောင့် ရပ်နားနေစဉ်အတွင်း လုပ်ကွက်အများစုမှာ ရပ်နားထားရသော်လည်း တရားမဝင်တူးဖော်မှုများရှိနေပြီး နေ့စဉ် နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ကျောက်စိမ်းအရိုင်းတုံးများ တင်ပို့မှုများကြောင့် ဈေးကွက်တွင် ရှားပါးနေပြီဖြစ်သည်။

ရပ်နားထားရသည့်ကာလအတွင်း ကုန်သည်အများစုက သိုလှောင်ထားသော ကျောက်စိမ်းကျောက်မျက်အများစုကို တရုတ်ကုန်သည်အချို့က ဈေးကောင်းပေးဝယ်ယူလာမှုတို့ကြောင့် သိုလှောင်ထားသူများ၏ လက်ထဲတွင် ကုန်သလောက်နီးပါးရှိနေပြီဖြစ်ကြောင်း ကျောက်စိမ်းကုန်သည်များကပြောသည်။

"လုပ်ကွက်တွေဘက်က ထွက်တာမရှိသေးတဲ့ အချိန်မှာ တခြားနေရာတွေကနေ တူးကြတယ်။ အဲဒီဘက်မှာလဲ အကန့်အသတ်မထားဘဲ အလွန်အကျွံတွေ တူးကြတော့ ကုန်ပြီပေါ့။ တချို့ဆို ကျောက်စိမ်းတူးရာကနေ ရွှေကျင်တဲ့လိုင်းဘက်ကို တောင်ပြောင်းကုန်ကြပြီ"ဟု ဖားကန့်ဒေသခံတစ်ဦးကဆိုသည်။



ဓာတ်ပုံ - ကျော်ဇေယျ

ထို့ပြင် တရုတ်နိုင်ငံကလည်း ကျောက်စိမ်းကို မြန်မာနိုင်ငံမှ အဓိကဝယ်ယူနေသဖြင့် ကချင်ပြည်နယ်တွင် ကျောက်စိမ်းအထွက်နှုန်းလျော့ကျလာခြင်းက တရုတ်ပြည်အတွက် စိုးရိမ်စရာတစ်ခုဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင်ကျောက်စိမ်းကျောက်မျက်နှင့် ပတ်သက်ပြီး အချောထည်ထုတ်လုပ်နိုင်မှုနည်းပါးခြင်းက တစ်ဖက်နိုင်ငံသားများအတွက် အခွင့်ကောင်းတစ်ခုဖြစ်ပြီး အကြမ်းထည်များကို အလုံးအရင်းဖြင့်ဝင်ရောက်ဝယ်ယူနေခြင်းကလည်း ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်နိုင်သည်ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး(၃)ကပြောသည်။

ယင်းကဲ့သို့ ဒေသ၏ ကျောက်စိမ်းအဓိကထွက်ရှိရာနယ်မြေများတွင် အထွက်နှုန်းလျော့ကျလာခြင်းများကြောင့် ပြည်တွင်းရှိ လက်ဝတ်ရတနာဈေးကွက်သို့ပင် ရိုက်ခတ်မှုအချို့ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထူးခြားသေ စွဲမက်စရာနံပါတ်တစ်
တန်ဖိုးကြီး ဆုမဲများ

ပထမအကြိမ် "ကူဘိုတာ စွဲမက်စရာနံပါတ်တစ် တန်ဖိုးကြီးဆုမဲများ" ကံစမ်းမဲပေါက်သူများ စာရင်း

Kubota TRA CHANG

ရွှေဆွဲကြိုး ၁၀ ဆု

| အမည် | ဝယ်ယူသည့်ပစ္စည်း | ပြည်နယ်/တိုင်း |
|---|---|---|
| ဦးသောင်းညွှန့် | NC Plus | ကရင်ပြည်နယ် |
| ဦးဝင်းဦး | RT 90 | ကရင်ပြည်နယ် |
| ဦးလှ | NC Plus | ရှမ်းပြည်နယ်(မြောက်) |
| ဦးဟင်းသိန်း | L 4708 | ရန်ကုန် |
| ဦးနေလင်းဦး | NC Plus | ကရင်ပြည်နယ် |
| ဦးထွန်းမြင့် | NC Plus | ကရင်ပြည်နယ် |
| ဒေါ်မိုးမိုးအောင် | RT 100 | ကရင်ပြည်နယ် |
| ဦးစောဖိုးဝီ | NC Plus | ကရင်ပြည်နယ် |
| ဦးစိုင်းကျော်လှ | RT 100/NC Plus | ရှမ်းပြည်နယ်(မြောက်) |
| ဦးအိုက်မောင် | NC Plus | ရှမ်းပြည်နယ်(မြောက်) |

၃၂ လက်မ LCD တီဗွီ ၃၀ ဆု

| အမည် | ဝယ်ယူသည့်ပစ္စည်း | ပြည်နယ်/တိုင်း |
|---|---|---|
| ဦးစိုင်းအိုက်သိန်း | NC Plus | ရှမ်းပြည်နယ်(မြောက်) |
| ဦးခင်မောင်လတ် | M 9540 | ရန်ကုန် |
| ဦးမြင့်အောင် | NC Plus | ကရင် |
| ဒေါ်နန်းစောဝင်းကြည် | RT 140/NC Plus | မန္တလေး |
| ဦးအောင်မင်းစိုး | NC Plus | မွန် |
| ဦးမြင့်မိုးဦး | NC Plus | ကရင် |
| ဦးဇေလှိုင် | DC 95 GM | ရန်ကုန် |
| ဦးသန်းဟင်း | DC 70H | ရန်ကုန် |
| ဦးကိုကြည်စွာ | NC Plus | ကရင် |
| ဦးတိုးတိုးအောင် | NC Plus | ကရင် |
| ဦးဝင်းအောင် | NC Plus | မွန် |
| ဦးအောင်ဝင်းသိန်း | RT 100 | မွန် |
| ဦးစိုင်းနေအောင် | RT 125 | ရှမ်းပြည်နယ်(မြောက်) |
| ဦးသိန်းဟင်း | NC Plus | မန္တလေး |
| ဦးမိုးမိုးအောင် | RT 120 | ရန်ကုန် |

၃၂ လက်မ LCD တီဗွီ ၃၀ ဆု

| အမည် | ဝယ်ယူသည့်ပစ္စည်း | ပြည်နယ်/တိုင်း |
|---|---|---|
| ဦးစောကို | NC Plus | ရှမ်းပြည်နယ်(မြောက်) |
| ဦးမောင် | NC Plus | ကရင် |
| ဒေါ်မေသူ | NC Plus | ကရင် |
| ဒေါ်အေးအေး | NC Plus | ကရင် |
| ဒေါ်အောင် | NC Plus | မွန် |
| ဦးချစ်လှိုင် | NC 132 | ရှမ်းပြည်နယ်(တောင်) |
| ဦးညွန့်ဟင်း | NC Plus | ရှမ်းပြည်နယ်(တောင်) |
| ဒေါ်အေးမြတ် | NC Plus | ကရင် |
| ဦးစောမူ | RT 120 | ကရင် |
| ဦးအောင်ဇော်မိုး | RT 100 | ကရင် |
| ဦးစိုးမြင့် | NC Plus | ကရင် |
| ဦးအေဒါ | NC Plus | ကရင် |
| ဒေါ်မြင့်မြင့်ရွေ | NC Plus | ကရင် |
| ဦးသန့်ဇင် | NC Plus | ဧရာဝတီ |
| ဦးကျော်ခင် | L 4708 | ရန်ကုန် |



နောက်ဆုံးအခွင့်အရေးအဖြစ် ကူဘိုတာဒီဇယ်အင်ဂျင်၊ ထွန်စက်၊ တောက်ရိတ်စက်၊ ကောက်စိုက်စက်၊ ကူဘိုတာ မြေတူးစက်နှင့်ဆင်တဲဆိပ်လက်တွန်းထွန်စက်ကိုင်း စသည့်မည်သည့်မော်ဒယ်မဆိုဝယ်ယူပြီး ဆုများကို အလိုအလျောက် ရနိုင်သည့်အခွင့်အရေးကို ရယူလိုက်ပါ။
ကျပ်သိန်းပေါင်း ၆၅ သိန်းကျော်ရှိသည့် L4708 ကူဘိုတာထွန်စက်နှင့် အခြားဆုမဲပေါင်းများစွာကို ရယူပါ။
၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ၊ ၃၁ ရက်နေ့အထိသာဖြစ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

## CRIME မှုခင်းသတင်း CORNER

### ရည်းစားဟောင်းကို အဓမ္မကျင့်ပြီး ကြိုးတုပ်ဓာတ်ပုံရိုက်ကာ အွန်လိုင်းမှတစ်ဆင့် ညီမထံပို့သူကို အမှုဖွင့်

ကျော်ဇေယျ

**နေပြည်တော်**- မိန်းကလေးတစ်ဦးကို လွန်ခဲ့သော တစ်နှစ်ခွဲကျော်က ပြတ်စဲထားသော ရည်းစားဟောင်းက အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ပြီး ကြိုးတုပ်ကာ ဓာတ်ပုံရိုက်၍ အွန်လိုင်းမှ တစ်ဆင့် ပြုကျင့်ခံရသူ၏ ညီမထံသို့ ပေးပို့သဖြင့် နေပြည်တော်၊ ပျဉ်းမနားမြို့မရဲစခန်းတွင် အမှု ဖွင့်ထားသည်။

နေပြည်တော်၊ ပျဉ်းမနားမြို့နေ အသက် (၂၆)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ် ၂၉ရက် နေ့လယ်က ရန်အောင်(၁) ရပ်ကွက်၊ ဆင်ရတနာရုပ်အနီးရှိနေစဉ် လွန်ခဲ့သော တစ်နှစ်ခွဲကျော်က ပြတ်စဲသွားသော ရည်းစားဟောင်း ပြည့်ဖြိုးအောင်(၂၇)နှစ်က ဖုန်းဆက်ပြီး ဘယ်ရောက်နေလဲမေး၍ အမျိုးသမီးကလည်း ၎င်းရှိရာနေရာကို ပြည့်ဖြိုးအောင်အား ပြောပြခဲ့သည်ဟုဆိုသည်။

ထို့နောက် ပြည့်ဖြိုးအောင်ရောက်လာပြီး ၎င်း၏အိမ်သို့ လိုက်လာရန်ခေါ် ဆောင်ရာ ၎င်းကငြင်းဆန်ခဲ့ရာ ပြည့်ဖြိုးအောင်က လူအများကြား အော်ဟစ်ဆဲ ဆိုကြိမ်းဝါးသဖြင့် ရှက်ရွံ့ပြီး ပြည့်ဖြိုးအောင်၏ အိမ်သို့လိုက်သွားခဲ့သည်ဟုဆိုသည်။ အိမ်အရောက်တွင် အလိုမတူဘဲ သားမယားပြုကျင့်ခဲ့ပြီး လက်ပြန်ကြိုးတုပ်ကာ အဝတ်အစားမဲ့ပုံမျိုးစုံကို ဟန်းဆက်ဖြင့် ဓာတ်ပုံရိုက်ခဲ့သည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

၎င်းက တောင်းပန်ကာ ပြန်ဖျက်ခိုင်းသော်လည်း ပြည့်ဖြိုးအောင်က မဖျက်ပေးနိုင်ကြောင်း၊ သမီးရည်းစားအဖြစ်မှ အဆက်ဖြတ်မည်ဆိုပါက ရိုက်ထားသော ပုံများကို အွန်လိုင်းတင်မည်ဆိုသဖြင့် အမျိုးသမီးလည်း ရှက်ရွံ့စွာ ပြန်လာခဲ့သည်ဟုဆိုသည်။ ထိုအကြောင်းကို မည်သူကိုမျှ မပြောရဲခဲ့ကြောင်း၊ စက်တင်ဘာ ၉ ရက်တွင် ပြည့် ဖြိုးအောင်က ဓာတ်ပုံများကို ၎င်းညီမဖြစ်သူထံသို့ အွန်လိုင်းမှပို့လိုက်သဖြင့် ၎င်းက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ နေပြည်တော်၊ ပျဉ်းမနားမြို့မရဲစခန်းက ပြစ်မှုပုဒ်မ ၃၇၆ အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်မှုအရ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာကို အပေါ်စီးမှမြင်ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ကျေးရွာခုနစ်ရွာ စံပြကျေးရွာများအဖြစ် ထူထောင်မည်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြကျေးရွာများထူထောင်ရန် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ ကျေးရွာနှစ်ရွာနှင့် ထိုင်းနိုင်ငံ CP ကုမ္ပဏီတို့မှ ကျေးရွာ ငါးရွာပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

" CP ကုမ္ပဏီက ကျေးရွာငါး ရွာအတွက် ကျပ်သိန်း ၁၅၀၀၊ တစ်ရွာကို သိန်း ၃၀၀ နှုန်းနဲ့ ထိုင်းနိုင်ငံမှာလို စံပြကျေးရွာဖြစ်ဖို့အတွက် Local Village Fun ထူထောင်ပြီး ဆောင်ရွက်ပေးမယ်။ ကိုရီးယားအဖွဲ့ကလည်း ကျေးရွာနှစ် ရွာဆောင်ရွက်ပေးမယ်"ဟု မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကပြောသည်။

"လှည်းကူးမှာဆိုရင် ဒါးပိန်ဘက် ပဲခူးမြစ်ကမ်းကကျေးရွာတွေကို ကူညီစေချင်တယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းကပြောသည်။

ဝန်ကြီးဌာနအနေဖြင့် အဆိုပါကျေးရွာများအား သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရန် ကူညီပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်ဒေသများတွင် ရေနှင့် လျှပ်စစ်မီးရရှိရေးအတွက် နိုဝင်ဘာလမှစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# အိတ်ချ်အိုင်ဗီ တိုက်ဖျက်ရေး အကူအညီသစ်များ

**ခင်မေဇော်**

ရန်ကုန်မြို့ ပြင်ပရှိ လူတစ်ရာခန့် ရှိနေသည့် တဲအိမ်ကြီးထဲတွင် ဦးခင်ဇော်က ထင်ထင်ရှားရှားမြင်နေရသော သူ့နဖူးက အမာရွတ်ကို ပြသည်။ အနှစ် ၂၀ ကြာ စစ်မှုထမ်းနေစဉ်အတွင်း ကျည်ရှပ်မှန်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အသက်(၄၂)နှစ်အရွယ်ရှိဦးခင်ဇော်သည်ဆိုင်ကယ်မှောက်ရာကဆေးရုံသို့ ရောက်ခဲ့ရသည်။ ထိုအချိန်တွင် သွေးသွင်းရာမှ အိတ်ချ်အိုင်ဗီပိုးကူးစက်ခံခဲ့ရခြင်း ဖြစ်သည်။

"မြန်မာစစ်တပ်ထဲမှာ ကျွန်တော်(၂၃)နှစ် စစ်မှုထမ်းခဲ့တယ်" ဟုဦးခင်ဇော်ကပြောသည်။ မကြာသေးမီက အချိန်အထိ တိုင်းပြည်ကို အုပ်စိုးခဲ့ပြီး ဆက်လက်၍အတိုင်းအတာအတော်များများအထိ အာဏာလွှမ်းနေဆဲ စစ်တပ်က လဲပေးလိုက်သော သွေးကြောင့်ပင် တောင်ဒဂုံရှိဤစခန်းသို့ဦးခင် ဇော်ရောက်လာရသည်။



ဓာတ်ပုံ - www.aljazeera.com

**တောင်ဒဂုံရှိ HIV/AIDS ကူးစက်ခံနေရသူများကို စောင့်ရှောက်သောစင်တာတွင် စောင့်ရှောက်မှုခံယူနေသော လူနာအချို့**

လူသန်း ၆၀ ခန့်ရှိသော နိုင်ငံတွင် အစိုးရ၏ စာရင်းဇယားများအရ အိတ်ချ်အိုင်ဗီကူးစက်ခံရသူ ၁၈၀,၀၀၀ ကျော်ရှိနေသည်။ ဆေးကုသမှု ရရှိသူက ထိုအရေအတွက်၏ ထက်ဝက်ပင်မရှိကြောင်း အမျိုးသားအေအိုင်ဒီအက်စ်အဖွဲ့က ဆိုသည်။ သို့သော် ပြီးခဲ့သည့်လက HIV/AIDS တိုက်ဖျက်ရေးအတွက် Global Fund ထံမှ ဒေါ်လာသန်း ၁၆၀ စတင်ရရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူများကို ပို၍ကုသပေးနိုင်တော့မည်ဖြစ်သည်။

ဦးခင်ဇော်က သူစစ်တပ်ပင် စင် မရရှိကြောင်း ပြောသည်။ စစ်တပ်မှ နစ်နာကြေးကျပ်တစ်သိန်းခွဲကိုသာ ရရှိခဲ့သည်။

"အဲဒီတစ်ကြိမ်ပဲ ရခဲ့တာပါ။ အခုတော့ ကျွန်တော်ဒီမှာပဲ နေနေရတယ်" ဟု သူက ပြောသည်။

သူ့ကို အေအာတီ ကုသမှုပေးထားသည့်အတွက် နေ၍ပိုကောင်းနေသည်။ ဘာစီလိုနာ ဘောလုံးအသင်းအင်္ကျီလိမ္မော်ရောင်ကိုဝတ်ဆင်ထားသည့်ဦးခင်ဇော်ကစခန်းရှိ အခြားသူများနှင့် စာလျှင် ကောင်းမွန်နေသော သူ့ကျန်းမာရေးအခြေအနေကိုအဆိုးထဲက အကောင်းဟု သဘောထားနေသည်။

ပြီးခဲ့သည့် နှစ်များအတွင်းက အစိုးရ၏ အထောက်အပံ့ကင်းမဲ့နေပြီး အင်န်ဂျီအိုများကို မကြာခဏ ပိတ်ပင်နေသဖြင့် ယခုလွှတ်တော်အမတ်ဖြစ်နေသည့် ဒေါ်ဖြူဖြူသင်းလို ဒေသခံလှုပ်ရှားသူများက ပါဝင်လုပ်ဆောင်လာသည်။ တောင်ဒဂုံစခန်းကို ဒေါ်ဖြူဖြူသင်းက ထူထောင်ခဲ့ပြီး အနီးအနားရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ HIV/AIDS ကာကွယ်ရေးနှင့် စောင့်ရှောက်ရေးစင်တာကို ၂၀၀၂ ခုနှစ်က စတင်ထူထောင်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအေအိုင်ဒီအက်စ်အစီအစဉ် မန်နေဂျာဖြစ်သူ ဒေါက်တာမြင့်ရွှေက ၂၀၁၃ ခုနှစ်အတွင်း လူခုနစ်ထောင်ခန့် အိတ်ချ်အိုင်ဗီ ကူးစက်ခံရလိမ့်မည်ဟု ခန့်မှန်းထားရာတွင် အဓိကအားဖြင့် အကြောထဲဆေးထိုးသွင်းသည့် မူးယစ်ဆေးသုံးသူများ၊ လိင်တူချင်း ဆက်ဆံသူများနှင့် ပြည့်တန်ဆာများနှင့် ဆက်ဆံသူများဖြစ်ကြောင်း ပြောသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် လူပေါင်းတစ်သောင်းခွဲကအေအိုင်ဒီအက်စ်နှင့်သက်ဆိုင်နေသောရောဂါများဖြင့် သေဆုံးနေကြသည်။

**စာမျက်နှာ (၁၄) သို့**



## ဖွဲကပင်တောင် ကေဘယ်ကားစီမံကိန်း ရန်ပုံငွေရှာဖွေရေး ရှမ်းပြည်နယ် လူမှုအဖွဲ့များ ပူးပေါင်းကူညီမည်



*ဖွဲကပင်တောင်ကို တွေ့ရစဉ်* ဓာတ်ပုံ - ဇင်လင်းထွန်း(ခနုဖြူ)

**နေလင်းသိုက်**
**တောင်ကြီး၊ စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ၏ ပထမဆုံး ကရင်ပြည်နယ်ဖွဲကပင်တောင် ကေဘယ်ကားစီမံကိန်းအတွက် ရှမ်းပြည်နယ်မှလူမှုအဖွဲ့အစည်းများ ပူးပေါင်းကူညီဆောင်ရွက်ကောက်ခံပေးသွားမည်ဟု သတင်းရရှိသည်။

ဖွဲကပင်တောင်ရှိ ဖွဲကပင်ဆံတော်ရှင်စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်နိုင်ရန်အတွက် မလေးရှားနိုင်ငံမှ SMETS-DN BHD ကုမ္ပဏီက စတင်တာဝန်ယူတည်ဆောက်လျက်ရှိပြီး ကေဘယ်ကား စီမံကိန်းတွင် စုစုပေါင်း ကုန်ကျမည့် အမေရိကန်ဒေါ်လာ ၂၂ သန်း အတွက် ရှမ်းပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများစုပေါင်း၍ အလှူငွေများ လိုက်လံကောက်ခံ ဆောင်ရွက်ပေးမည်ဖြစ်သည်။

"တိုင်းရင်းသားပေါင်းစုံ စုပေါင်းပြုလုပ်ဖို့ ရည်ရွယ်ထားတာပါ။ ရှမ်းပြည်နယ်အတွင်းရှိ ရပ်မိရပ်ဖများလည်း တစ်တပ်တအားကူညီလာကြတော့ အများကြီးဝမ်းသာပီတိဖြစ်ရပါတယ်" ဟု စက်တင်ဘာ ၁၂ ရက်တွင် တောင်ကြီးမြို့ဗိုလ်ချုပ်လမ်း ရွှေကျားပျံဆေးလိပ်ခုံ၌ ကျင်းပပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးဆွေကဆိုသည်။

အဆိုပါစီမံကိန်းကို ပီနန်ဆရာတော်ကြီးအရှင် ပညာဝံသ၊ ဖွဲကပင်တောင်ဘုရားကြီး အရှင်ကဝိဓဇနှင့်သုံးထပ်ကျောင်းဆောင်ဘုရားကြီးဆရာတော်အရှင်ပညိန္ဒစသည့်ဆရာတော်ကြီး သုံးပါးကြီးမှူးဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကြိုးပမ်းနေသည်။ ဆရာတော်များဦးစီး၍ ရှမ်းပြည်နယ်အတွက် ရန်ပုံငွေရှာဖွေပေးရေးကော်မတီဖွဲ့စည်းပေးခဲ့သည်။

"ကလော၊ အောင်ပန်းဖွဲ့ပေးပြီးတော့ အခုတောင်ကြီးမှာ လာရောက်ဖွဲ့ပေးတာပါ။ ယင်းအဖွဲ့မှ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်အတွင်းရန်ပုံငွေလိုက်လံကောက်ခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပြန်ကြားရေးကော်မတီမှ ဒေါ်ထူးထူးမြင့်သိန်းကပြောသည်။







## ဟင်းခပေါင်းသီးဆီပြန်

ဒီတစ်ပတ်တော့ဆောင်းဦးရာသီမှာ ပေါ်လေ့ရှိတဲ့ ဟင်းခပေါင်းသီးကို ဆီပြန်လေး ချိုစိမ့်နေအောင် ချက်ထားပါတယ်။ ကုလားကြက်ဟင်းခါးသီး ဒါမှမဟုတ် ကုလားနှာခေါင်းသီးလို့လည်း ခေါ်ကြတယ်။ ရခိုင်မှာတော့ ဟင်းခမောင်းသီးလို့ခေါ်ပြန် တယ်။

ဝိုက်ဇီက စမ်းချောင်း ဂွဈေးက ဝယ်လာတဲ့ ဟင်းခပေါင်းသီးလေးတွေ ချက်ထားပါတယ်။ ပထမဆုံး အသီးလေးတွေကို ရေစင်အောင်ဆေးပြီး လေးစိပ် စိတ်ပါ။ ကြက်သွန်ဖြူနီထောင်းထား၊ နနွင်းမှုန့်၊ ဟင်းခတ်မှုန့်၊ ဆီတို့ကို ပုစွန်ခြောက်လေးစိတ်ကွဲ ထောင်းပြီး လုံးချက်တာပါ။ ဆီသတ်ပြီး ချက်လိုကလည်း ချက်နိုင်ပါတယ်။ ဝါတွင်းကာလ သက်သတ်လွတ်စားလိုသူတွေကတော့ ပုစွန်ခြောက် မထည့်ဘဲ ချက်လို့ရပါတယ်။ အသီးမြုပ်ရုံ ရေနှစ်ရေလောက်ထည့်ပြီးရင် နူးညံ့ပြီးချိုစိမ့်အရသာဟင်းတစ်ခွက်ရပါပြီ။ ဟင်းခပေါင်းသီးကို ဝက်သား၊ ပုစွန်တို့နဲ့လည်း ဆီပြန်ချက်စားလို့ရပါတယ်။



# တိုက်စားခံအိုးအိမ်များ

မိုးကျော်၊ ခန့်ထက်

ညဥ့်သန်းခေါင်ယံအချိန်၊ တစ်ရွာလုံး တိတ်ဆိတ်နေသော်လည်း ရွာတွင် အိပ်ပျော်နိုင်သူမရှိ။ ဧရာဝတီမြစ်ရေ၏ ကမ်းပါးများကို တိုက်စားနေသည့် အသံက ဦးလှအေးတို့မိသားစု မြေနေရာကို ဝါးမျိုတိုက်စားရန် ခြိမ်းခြောက်နေသည်။

"ဝုန်း"ခနဲအသံကြီးက ညဥ့်သန်းခေါင်ယံတွင် ကျယ်လောင်စွာ မြည်ဟီးသွားသည်။ ရွာသူရွာသားများ လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ထလာကြပြီး ၁၂တောင်ကျော်ခန့် ကမ်းပါးပြိုသွားသော နေရာများကို ဓာတ်မီးများဖြင့် ထိုးကြည့်ကြရင်း ထိတ်လန့်စွာ တစ်ယောက်တစ်ပေါက် စကားပြောသံများက ဆူညံသွားသည်။ ဦးလှအေးမြေနေရာအပါအဝင် မိသားစုသုံးစုနေထိုင်ရာ မြေနေရာများကို ဧရာဝတီမြစ်ရေက မိနစ်ပိုင်းအတွင်း တိုက်စား နှစ်မြှုပ်ပစ်လိုက်ပြီ။ သည်အဖြစ်အပျက်က ရေနံချောင်းမြို့နယ်၊ ဧရာဝတီမြစ်ပေါ်ရှိ ကျွန်းများပေါ်တွင် နေထိုင်လုပ်ကိုင်စားသောက်နေသူများ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုမှုကြောင့် ရင်ဆိုင်နေရသောအဖြစ်အပျက်များစွာထဲကတစ်ခုဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ ဧရာဝတီမြစ် ရေကြောင်းပြောင်းခြင်း၊ မြစ်ရေတက်လာခြင်းတို့ကြောင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကျွန်းများပေါ်တွင် နေထိုင်ကြသောကျေးရွာအုပ်စုများ ကမ်းပါးပြို၍ စိုက်ပျိုးမြေများ၊ နေထိုင်စရာ မြေနေရာများ ဆုံးရှုံးရခြင်းဒုက္ခနှင့်ရင်ဆိုင်နေကြရသည်။

"ဒီတစ်ခါပါနဲ့ဆို 'ဦး'သက်တမ်းတစ်လျှောက် ကမ်းပါးပြိုလို့ ပြောင်းရွှေ့ရတာ ရှစ်ကြိမ်ရှိသွားပြီ"ဟု ရေနံချောင်းမြို့နယ်၊ ကျမ်းကိုင်ကျွန်းအုပ်စု၊ ဒါန်ကုန်းသစ်ကျေးရွာတွင် နေထိုင်သူ အသက် (၇၉) နှစ်အရွယ် ဦးမြင့်ကျော်က ပြောသည်။

ရေနံချောင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ပေါ်ရှိကျွန်းများပေါ်တွင် ရွာပေါင်းတစ်ရာကျော်မှီတင်းနေထိုင်နေကြပြီး ယခင်နှစ်များတွင် ကမ်းပါးပြိုမှုဘေးအန္တရာယ်များကြုံခဲ့ဖူးသော်လည်းယခုနှစ်လို ဆိုးဆိုးရွားရွား မရှိခဲ့။ ယခုတော့ ရွာသုံးရွာလုံး ရေအောက်ရောက်ပျောက်ကွယ်သွားသည်အထိ ရင်ဆိုင်နေကြရသည်။ ကမ်းပါးပြိုသည့်အထဲတွင် မိမိတို့အိမ် ပါမသွားရန်ကြိုတင်ဖျက်၍ လွတ်ရာသဲသောင်ပြင်များတွင်ပုံထားကြရပြီး ယာယီတဲများထိုး၍ ဖြစ်သလိုနေထိုင်နေကြရသောမိသားစုများစွာ တွေ့ရမည်ဖြစ် သည်။

"ပြောင်းရွှေ့ဖို့ စရိတ်ကလည်း မတတ်နိုင်၊ စိုက်ပျိုးမြေလည်းမရှိတော့ ဝင်ငွေလည်း မရှိဘူး။ ဒီလိုပဲရှိတာလေးတွေရောင်းပြီး စားသောက်နေကြရတယ်"ဟု ရွာသာညွန့်ကျေးရွာမှ ဦးလှမြင့်ကပြောသည်။

ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စုတွင်တစ်ရွာလုံးမှနွားခြောက်ကောင်သာ ကျန်တော့ပြီး စားဝတ်နေရေးအတွက် ကျန်ခိုင်းနွားများကိုပင် အသားဈေးဖြင့်ရောင်းချကြရသည်။ ခိုင်းနွားတစ်ကောင်လျှင် ကျပ်ခုနစ်သိန်းမှ ဆယ်သိန်းအထိပေးဝယ်ရပြီး အသားဈေးဖြင့် ပြန်ရောင်းမည်ဆိုပါက ကျပ်နှစ်သိန်း၊ နှစ်သိန်းခွဲသာရသည်။

"ဟိုဘက်ကျွန်းမှာ မြေဝယ်ထားတာရှိတယ်။ ပြောင်းဖို့ မရှိတော့ မပြောင်းနိုင်သေးဘူး။ နောက်ပြီးအဲဒီနေရာကလည်း ဘယ်လောက်တည်မြဲမယ်ဆိုတာ မပြောနိုင်ဘူး"ဟု ဦးလှအေးက ပြောပြသည်။

အခြားကျွန်းပေါ်တွင် မြေဝယ်ပြောင်းရွှေ့နေထိုင်သူများကိုလည်းသက်ဆိုင်ရာမှ အိမ်ထောင်စုဇယားများ ပြောင်းမပေးခြင်း၊ စိုက်ပျိုးမြေများဟု ဆိုကာ အိမ်ဆောက်ခွင့် ပိတ်ပင်ခံရခြင်း၊ ဆောက်ပြီးအိမ်များကိုလည်း ဖယ်ရှားခိုင်းခြင်းမျိုးလည်း ထပ်မံကြုံတွေ့ရပြန်သည်။

ရေနံချောင်းနေဦးလှအေးတို့သာမက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဥ့်ကူ၊ မတ္တရာ၊ ပုသိမ်ကြီး၊ ငါန်းဇွန်၊ မြင်းခြံမြို့နယ်များရှိ ဧရာဝတီမြစ်ဘေးတွင် နေထိုင်သော ရွာများသည် တစ်နှစ်ထက်တစ်နှစ်မြစ်ကမ်းပါးပြိုသည့် ဒဏ်ကို ရင်ဆိုင်နေရကြောင်း မန္တလေး တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဤင်းရွာ အနေဖြင့် မြစ်ကြောင်းမည်ကဲ့သို့ပြောင်းမည်ကိုလည်း မမှန်းဆနိုင်ခြင်းကြောင့်

စာမျက်နှာ(၁၉)သို့



ဧရာဝတီမြစ်ကမ်းပါးအနီးရှိ အိမ်များ

ဓာတ်ပုံ- ညီညီဇော်



မျက်နှာဖုံးမှ

# မိုးကျရွှေကိုယ်တွေ နေရာရဆဲ

“စစ်အုပ်ချုပ်ရေး အမှန်တကယ် အဆုံးသတ်သွားခဲ့လေပြီ”ဟု မျှော်လင့်သူများ အားတက်လောက်စေသည့် လုပ်ဆောင်မှုမျိုး အစိုးရသစ်က လုပ်ပြနိုင်ခဲ့သည်။ မြန်မာ့တပ်မတော်၏ ထိပ်ပိုင်းအရာရှိဟောင်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးသိန်းစိန်သည် အရပ်ဝတ်ပြောင်းလဲကာ သမ္မတအဖြစ် တာဝန်ယူခဲ့ပြီးနောက်ပိုင်းတွင် ယခင်တပ်မတော်အစိုးရများ လက်ထက်လုပ်ဆောင်ခဲ့ပုံများမှ ခွဲထွက်ခဲ့သည့် ဆောင်ရွက်မှုများကြောင့် ပြည်တွင်း ပြည်ပ လက်ခုပ်သံများကို သူ၏အစိုးရအဖွဲ့ ရရှိခဲ့သည်။

သို့သော်လည်း အငြင်းပွားစရာဖြစ်နေသည့် တပ်မတော်အရာရှိကြီးများအား အစိုးရဝန်ကြီးဌာနများရှိ အဆင့်မြင့်ရာထူးနေရာများသို့ တိုက်ရိုက်ခန့်အပ်သော စနစ်ကိုတော့ ယခင်တပ်မတော် အစိုးရများနည်းတူ အစိုးရသစ်က ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ခန့်တွင် 7Day ဂျာနယ်က ပညာရှင်အချို့နှင့် အစိုးရအရာရှိဟောင်းအချို့အား တွေ့ဆုံမေးမြန်းခဲ့ပြီး အဆိုပါ တိုက်ရိုက်ခန့် စနစ်ကြောင့် အောက်ခြေဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ကြိုးစားလိုစိတ် ကျဆင်းလာခြင်းကို “အစိုးရဌာနများအတွင်းက မိုးကျရွှေကိုယ်များ” အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ဖူးသည်။

ယင်းဆောင်းပါးထွက်ပေါ်လာပြီးနောက် ယင်းစနစ်အပေါ် ထောက်ခံသူများရော ကန့်ကွက်သူများပါ 7Day သို့ ဆက်သွယ်ကာ ရင်ဖွင့်ခဲ့ကြသည်။ ထောက်ခံသူများက အစိုးရဌာနများအတွင်း ရောက်ရှိနေသည့် တပ်မတော်အရာရှိဟောင်းအများစုဖြစ်သည်။

ကန့်ကွက်သူများက တိုက်ရိုက်ခန့် တပ်မတော် အရာရှိဟောင်းအချို့၏ မနှစ်သက်စရာ အပြုအမူနှင့် စွမ်းဆောင်ရည်ကို ကိုယ်တွေ့ကြုံခဲ့ရသည့် အစိုးရဝန်ထမ်းများ ဖြစ်သည်။

ကြားဖြတ်နေရာပေးသည့် စနစ်တွင် အားနည်းချက်ရှိကြောင်း ဝေဖန်သူများထဲတွင် နိုင်ငံ၏ ဒုတိယအဆင့် အမြင့်ဆုံး အကြီးကဲဖြစ်သည့် ဒုသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းလည်း အပါအဝင်ဖြစ်သည်။ သူက ကြားဖြတ်စနစ်ကြောင့် မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေပြီး ဝန်ကြီးဌာနလုပ်ငန်းများ အထိုက်အလျောက်ကျဆင်းသွားနိုင်ကြောင်း မိန့်ခွန်းတစ်ခုတွင်ထောက်ပြသတိပေးခဲ့ဖူးသည်။

သို့သော်လည်း အစိုးရသစ်လက်ထက်တွင် ယင်းတိုက်ရိုက်ခန့် စနစ်ကို ကျင့်သုံးနေဆဲ ဖြစ်သည်။ 7Day မှ ရရှိသော အချက်အလက်များအရ အစိုးရသစ်လက်ထက်တွင် တပ်မတော်အရာရှိ ၉၀ ဦးထက် မနည်းကို ပြည်ထောင်စုဝန်ကြီးဌာနများ၏ အဆင့်မြင့် ရာထူးများဆီသို့ တိုက်ရိုက်ပို့ဆောင်ခဲ့သည်။ အဆိုပါ အရေအတွက်မှာ ရရှိခဲ့သော စာရင်းဇယားများ အရသာဖြစ်ပြီး အမှန်တကယ် အပြောင်းအလဲပြုလုပ်ခဲ့သည်မှာ ယခုထက်ပိုမို များပြားနိုင်သည်။

သမ္မတရုံး၊ ပြည်ထဲရေး၊ နိုင်ငံခြားရေး စသည့် ဌာနများမှအစ၊ လျှပ်စစ်၊ ဆောက်လုပ်ရေး၊ မွေးမြူရေး၊ ရထားစသည့်ဌာနများ အလယ်၊ ဗဟိုဘဏ်၊ ယဉ်ကျေးမှု စသည့် ဌာနများအဆုံးဆီသို့ ဖြစ်သည်။ တိုက်ရိုက်ခန့်သည့် ရာထူးများမှာ ပြန်တမ်းဝင်အရာရှိပေါက်စ ဦးစီးအရာရှိ အဆင့်မှ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၏ ထိပ်ဆုံးရာထူးများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးရာထူးများအထိဖြစ်သည်။

၎င်းတို့အား ဝန်ကြီးဌာနတာဝန်များကို မထမ်းဆောင်မီ ဌာနနှင့် ကိုက်ညီမှု ရှိစေရန် သီးသန့်သင်တန်းပေးခြင်း ရှိ၊ မရှိကိုတော့ သီးခြားအတည်ပြုချက် မရခဲ့ပါ။

အတိတ်တွင်လည်း အဆိုပါ စနစ်၏အားနည်းချက်ကြောင့် ကိုးရိုးကားရားနိုင်သော ဖြစ်စဉ်အချို့ရှိခဲ့သည်။ သဘောသဘာဝ မတူသည့် လုပ်ငန်းများကို ဦးစီးလုပ်ဆောင်စေခြင်းဖြင့် ဦးစီးလုပ်ကိုင်ရသူရော လုပ်ငန်းများပါ စွမ်းဆောင်ရည် ကျဆင်းမှုများ အများအပြားရှိခဲ့ကြောင်း အစိုးရဌာနများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ဖူးသူအချို့က ပြောသည်။ ဥပမာတိုက်ခိုက်ရေးတွင် ကျွမ်းကျင်သည့် တပ်မတော်အရာရှိကို အားကစားကဲ့သို့ ဌာနမျိုးတွင် ဦးစီးစေခြင်းမျိုး ဖြစ်သည်။

ဝါရင့် အားကစားဆောင်းပါးရှင်နှင့် ဝေဖန်သုံးသပ်သူ ဦးခင်မောင်ထွေးကတော့ မြန်မာ့အားကစား ပြန်လည်ဦးမော့လာစေရန် အမှန်တကယ် ဆန္ဒရှိပါက အားကစားဌာနများအတွင်း ကျွမ်းကျင်မှုမရှိသော တပ်မတော်သား အရာရှိများ၊ အရပ်သားအရာရှိများ ခန့်အပ်ခြင်းကို ပြန်လည်စဉ်းစားသင့်ပြီဟု ဆိုသည်။

သူက ယခုလိုပြောသည်။ “အခု အား/ကာမှာဆိုရင် တပ်မတော်အရာရှိကြီးငယ်တွေ တွေ့တယ်။ တချို့လည်းပဲ အားကစားကို ဝါသနာပါတယ်။ အားကစားကို ကျွမ်းကျင်တယ်။ အားကစားပေါ်မှာ စေတနာရှိတယ်။ တချို့ကျတော့လည်း အားကစား မကျွမ်းကျင်ဘူး။ စေတနာတော့ ရှိတယ်။ အားကစားဆိုတာ စေတနာရှိရုံနဲ့ မရဘူး။ ကိုယ်တိုင် ကျွမ်းကျင်မှ ဖြစ်တာ”



နေပြည်တော်ရှိ အစိုးရလုပ်ငန်းခွင်တစ်ခုမှ ဝန်ထမ်းများ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

တပ်မတော် အစိုးရလက်ထက်တွင် အစိုးရဌာနများရှိ ပညာရှင် အများအပြားသည် အဆိုပါ စနစ်ကို လက်မခံနိုင်သောကြောင့် ပြည်ပသို့ ထွက်ခွာခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများဆီသို့ ကူးပြောင်းခဲ့ကြကြောင်း အမည်မဖော်လိုသည့် အစိုးရဝန်ထမ်းဟောင်းမြို့ပြ စီမံကိန်းပညာရှင်တစ်ဦးက ပြောသည်။

“အဲဒီအချိန်(တပ်မတော်အစိုးရအုပ်ချုပ်သည့်ကာလ) တုန်းကသူတို့ (တပ်မတော်အရာရှိများ) လုပ်နိုင်တယ်ဆိုပြီး နေရာဝင်ယူတာတွေ အများကြီးပဲ။ အခု အပြောင်းအလဲကာလမှာ တကယ်လုပ်မယ်ဆိုတော့ အရင်အစိုးရက အရေးတောင် မလုပ်ခဲ့တဲ့ ပညာရှင်တွေ ပြန်ခေါ်ရတာပေါ့။ တချို့က အမှန်ဝန်ခံလာပြီး အကြံတောင်းတာတွေတောင် ရှိတယ်” ဟု အစိုးရသစ်လက်ထက် စီမံကိန်းများ ကူညီလုပ်ဆောင်ပေးနေသည့် အဆိုပါပညာရှင်က ပြောသည်။

အဆိုပါစနစ်ကို အစိုးရဌာနများအတွင်းရှိ ပညာရှင်များက အမြဲတစေ ဝေဖန်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ၄၅ နှစ်ခန့် လုပ်ကိုင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည့် လူသိများသည့် မိုးလေဝသပညာရှင်ဦးထွန်းလွင်ကလည်း အဆိုပါ စနစ်မှာ “အလွန်ကို အဓိပ္ပာယ်မရှိတဲ့ကိစ္စ။ တိုင်းပြည်ကို ဘယ်လိုမှအကျိုးမရှိတဲ့ကိစ္စ” ဟု ယမန်နှစ်အောက်တိုဘာလအတွင်းက 7Day နှင့် တွေ့ဆုံခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

သို့သော် နေရာတိုင်း အဆိုးချည်းပဲတော့ မဟုတ်ဟု ဌာနပြောင်း တပ်မတော်အရာရှိဟောင်းများနှင့် တွဲဖက်လုပ်ကိုင်ခဲ့ဖူးသည့် အစိုးရဝန်ထမ်းအချို့က ပြောသည်။ ရာထူးအာဏာကို ပြသည့် ဌာနပြောင်းမိုးကျရွှေကိုယ်များကြောင့် အောက်ခြေဝန်ထမ်းများ စိတ်ပျက်စရာများ ကြုံတွေ့ရသလို အပြောင်းအလဲများနှင့်အတူ လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ထူးချွန်သည့် ဌာနပြောင်းအရာရှိများလည်း ရှိသည်ဟု ၎င်းတို့က ဆိုသည်။

ဆယ်စုနှစ် တစ်ခုကြာ ဌာနပြောင်း အရာရှိများနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် တွဲဖက်လုပ်ကိုင်ဖူးသူ တစ်ဦးက တပ်မတော်အရာရှိဟောင်းများသည် စီမံခန့်ခွဲရေးပိုင်းတွင် ထူးချွန်သော်လည်း နည်းပညာ၊ အတတ်ပညာနှင့် လုပ်ထုံးလုပ်နည်းပိုင်းများတွင် မိခင်ဌာနမှ ရာထူးတက်လာသူများလောက် မထူးချွန်ကြောင်း ၎င်း၏ အတွေ့အကြုံကို ပြောသည်။

တပ်မတော်မှ ရွှေ့ပြောင်းလာသူများ ကြားဖြတ်နေရာ ဝင်ယူသောကြောင့် အောက်ခြေဝန်ထမ်းများအကြား စိတ်ဓာတ်ပျက်ပြားခြင်းသည် တပ်မတော်အစိုးရနှင့် ပန်းသင့်သည်ဟု အများကမြင်ကြသည့် ၎င်းတို့ဌာနအတွင်းတွင်ပင် ရှိကြောင်း အဆိုပါ အထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းက ပြောသည်။

“မြန်မာနိုင်ငံမှာက မြို့နယ်ပေါင်း ၃၃၀ လောက်ပဲ ရှိတယ်။ အဲဒီနေရာတွေမှာ မြို့နယ်မှူးအဖြစ် မှန်းထားတဲ့ ဒုဦးစီးတွေ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ ၁၉၉၇ လောက်မှာ တပ်က အရာရှိ ၈၀ လောက်ဌာနထဲ ဝင်လာတယ်။ သူတို့ထဲက တော်တော်များများပဲ မြို့နယ်မှူးဖြစ်ကုန်တယ်။ ပင်စင်ယူတဲ့အထိ ဒုဦးစီးဘဝက နေရာထူးမတက်လို့ စိတ်ပျက်သွားတဲ့သူတွေအများကြီးပဲ” ဟု ၎င်းကပြောသည်။

ဝေဖန်မှုများရှိသော်လည်း အဆိုပါစနစ်အပေါ် ကာကွယ်ပြောဆိုသူများ ရှိကြသည်။ ၎င်းတို့ကတော့ အစိုးရဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့်၊ ထမ်းဆောင်နေဆဲ အရာရှိများ ဖြစ်သည်။

တပ်မတော်အရာရှိများသည် အများထင်သလောက် စွမ်းဆောင်ရည်မနိမ့်ကျဟု ၎င်းတို့က ဆင်ခြေပေးသည်။ လက်ရှိအခြေအနေအရ တပ်မတော်သည် စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တပ်မတော်အရာရှိများသည်လည်း ကောင်းမွန်စွာ လေ့ကျင့်မှုခံယူထားသူများဖြစ်သောကြောင့် ယင်းစနစ်သည် လက်ရှိအချိန်တွင် ကျင့်သုံးနေရခြင်းဖြစ်နိုင်ကြောင်း 7Day မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဝန်ကြီးဌာနများအတွင်း လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်မတော် အရာရှိ သုံးဦးစလုံးက ဖြေကြားသည်။

“တပ်ကပဲဖြစ်ဖြစ် အရပ်သားပဲဖြစ်ဖြစ် ကောင်းတာ၊ ဆိုးတာက လူတစ်ဦးချင်းနဲ့ပဲ ဆိုင်မယ်ထင်တယ်။ ဘယ် Institution နဲ့ပဲ ယှဉ်ယှဉ် တပ်ကမနိမ့်ခဲ့ဘူး။ တကယ့်လေ့ကျင့်သင်ကြားမှုတွေ လုပ်ခဲ့ရတယ်။ ဝါသနာနဲ့ အလုပ်နဲ့ မကိုက်လို့ မလေ့လာတာတွေကြောင့် မအောင်မြင်တဲ့ဌာနပြောင်း အရာရှိတွေလည်း ရှိမယ်။ အောင်မြင်တာတွေကိုလည်း ချန်ထားလို့မရဘူး” ဟု အစိုးရဌာနအတွင်း ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဆဲ အမည်မဖော်လိုသူတပ်မတော်အရာရှိတစ်ဦးက ပြောသည်။

တပ်မတော်အရာရှိများသည်လည်း နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သောကြောင့် အစိုးရ၏ဝန်ကြီးဌာနများအတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်သည်မှာ လိုအပ်ချက်အရဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် အငြိမ်းစားဗိုလ်မှူးတစ်ဦးက ပြောသည်။

“ကျွန်တော်တို့က စီမံခန့်ခွဲရေးပိုင်းပဲ ပိုများတယ်။ စီမံအုပ်ချုပ်ရေးပိုင်မှာက တပ်ကပိုစနစ်ကျတယ်။ ဒါတွေက ဌာနအတွက်ရော၊ တိုင်းပြည်အတွက်ပါ ပိုကောင်းတယ်။ ပြီးတော့ တပ်ဆိုတာက အထက်အမိန့်အတိုင်း ပြောင်းဆိုပြောင်းရတာပဲ” ဟု အဆိုပါ အငြိမ်းစားဗိုလ်မှူးက ပြောသည်။

သို့သော်လည်း လုပ်နည်းကိုင်နည်း အမှားများနှင့် ဌာနပြောင်းအရာရှိ အချို့ကြောင့် အောက်ခြေဝန်ထမ်းများ စိတ်ပျက်ရခြင်း၊ လုပ်ငန်းမတွင်ကျယ်ခြင်းများရှိနိုင်ကြောင်း ၎င်းတို့သုံးဦးစလုံးက ဝန်ခံသည်။

ကောင်းခြင်း၊ ဆိုးခြင်းနှင့် ကြိုက်ခြင်း၊ မကြိုက်ခြင်းများ အကြား အငြင်းပွားနေပြီး လေထီးတပ်သား(သို့မဟုတ်) မိုးကျရွှေကိုယ်များဟု လူသိများသည့် တပ်မတော်မှ ပြောင်းရွှေ့လာသည့် လုပ်ငန်း မကျွမ်းကျင်သူများအား ရာထူးကြီးကြီးပေးသည့် ဓလေ့မှာ စစ်အုပ်ချုပ်ရေး အမြစ်တွယ်ခဲ့သော ကာလတစ်လျှောက် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုတစ်ခုပုံစံ ထွန်းကားခဲ့ပြီး ဖြစ်သည်။

စစ်အုပ်ချုပ်ရေးကို အဆုံးသတ်စေခဲ့ပြီး တပ်မတော်အရာရှိဟောင်း အများစုပါဝင်သည့် အရပ်သားအစိုးရသစ်လက်ထက်တွင် တပ်မတော်အရာရှိများအား အရပ်ဘက်ဌာနများသို့ တိုက်ရိုက်ရွှေ့ပြောင်းခန့်ထားခြင်းကိုတော့ ဆက်လက်လုပ်ဆောင်နေဆဲပဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေး အမှန်တကယ် အဆုံးသတ်ခဲ့ခြင်း ရှိ၊ မရှိတော့ အငြင်းပွားနေဆဲ ဖြစ်သည်။ တပ်မတော်အရာရှိကြီးများသည်လည်း အရပ်ဝတ်ဖြင့် ဌာနဆိုင်ရာများဆီသို့ ပြောင်းရွှေ့ရောက်ရှိနေဆဲ ဖြစ်သည်။

# Health

7Day News Journal

Vol.12, No.28 • SEPTEMBER 18 , 2013


# ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးရာတွင် ကျန်းမာရေးဆိုင်ရာ ကြိုတင်အသိပညာပေးမှု အားနည်းသဖြင့် လူထုကြား စိုးရိမ်မှုများဖြစ်ပေါ်

**ရဲနောင်**

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

စက်တင်ဘာ ၉မှ ၁၅ ရက်အထိ စီမံချက်ဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမှုများတွင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကြိုတင်အသိပညာပေးမှု အားနည်းချက်များကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်မှုများဖြစ်ပေါ် လျက်ရှိကြောင်းသတင်းရရှိသည်။



*ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ*

ဓာတ်ပုံ - နစ်ကီ

အိမ်ခြေ ၅၀ လျှင် ကျန်းမာရေးအဖွဲ့တစ်ဖွဲ့နှုန်းဖြင့် လိုက်လံဆေးတိုက်ကျွေးခြင်းဖြစ်ပြီး အသက်(၂)နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါနှင့် ရောဂါတစ်ခုခုကြောင့် ဆေးစွဲသောက်နေရသူများ မသောက်သုံးသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော်လည်း အချို့နေရာများ၌ ဆေးတိုက်ပုံနည်းစနစ်များ စနစ်တကျမရှိခြင်း၊ သတိထားရမည့် အချက်များနှင့် ဘေးထွက်ဆိုးကျိုးများကို သေချာစွာ မရှင်းပြမှုများ ရှိနေသည်။

ထို့အပြင် မြို့နယ်အချို့တွင် အဆိုပါဆေး သောက်သုံး၍ မူးဝေအော့အန်ကာ ဆေးရုံတက်ရသည်ဟူသော သတင်းများကြောင့် ပြည်သူလူထုကြားတွင် ဆင်ခြေထောက်ကာကွယ်ဆေးတိုက်ကျွေးမှုအပေါ် ပိုမို စိုးရိမ်လာကြသည်။

“အိမ်မှာ မနေ့က ဆေးလာတိုက်သွားတယ်။ ဘယ်လိုရောဂါတွေရှိရင် မသောက်ရဘူး။ ဆေးသောက်ပြီးရင် ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို မပြောသွားဘူး။ ရပ်ကွက်လူကြီးနှစ်ယောက်နဲ့မိခင်နဲ့ကလေးကအမျိုးသမီးနှစ်ယောက်က ဆေးလာပေးသွားတာ။ အဖေနဲ့အမေက မသောက်ရဲလို့ ဆေးမသောက်ဘူး”ဟု ရန်ကုန်တိုင်းလှိုင်သာယာမြို့နယ်နေ ကိုဇော်ဇော်က ပြောသည်။

အဆိုပါဆေးကို သောက်သုံးပြီးပါက မူးဝေခြင်း၊ အော့အန်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကို အချို့သူများတွင် ခံစားရနိုင်ပြီး ဆင်ခြေထောက်ရောဂါပိုး ရှိသူများတွင် ခန္ဓာကိုယ်ယားယံ၍ အင်ပြင်ထခြင်းများဖြစ်ပေါ်တတ်သည်။ အဆိုပါ လက္ခဏာများဖြစ်ပေါ်လာပါက ကာကွယ်ဆေးတိုက်ကျွေးသည့်အဖွဲ့နှင့်ဆက်သွယ်ရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးမှုများ ပြုလုပ်ထားသည်။

“ကျွန်တော်တို့ကတော့ ရပ်ကွက်ထဲမှာ လော်စပီကာနဲ့ လိုက်အော်ထားတယ်။ ဆေးတိုက်ရင်လည်း ကျန်းမာရေးဝန်ထမ်းတစ်ဦးတော့ အမြဲတမ်းလိုက်ပါတယ်”ဟု မင်္ဂလာဒုံမြို့နယ်တွင် ဆင်ခြေထောက်ရောဂါစီမံချက်ဖြင့် လိုက်ပါဆောင်ရွက်နေသူ ကျန်းမာရေးမှူးတစ်ဦးက ပြောသည်။

ယခင်က ရောဂါကူးစက်မှုများသည့်နေရာများတွင်သာ ဆေးတိုက်နိုင်ခဲ့ပြီး ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ထောက်ပံ့မှုဖြင့် ဖြစ်ပွားမှုများရှိနေသည့် ပြည်နယ်နှင့်တိုင်းများတွင်ပါ တိုးချဲ့တိုက်ကျွေးခြင်းဖြစ်သည်။

“ရောဂါကာကွယ်ရေးအတွက် ဆေးတိုက်တာပဲ။ အားလုံးကောင်းပါတယ်။ ဒါပေမဲ့ ရောဂါနဲ့ ဆေးအကြောင်းကိုတော့ ပြည်သူလူထုကို သေသေချာချာရှင်းပြဖို့ လိုတယ်။ အခုဆိုကြောက်ပြီးမသောက်တဲ့သူက အများကြီး” ဟု မရမ်းကုန်းမြို့နယ်မှအထွေထွေရောဂါကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာနေဝင်းက ပြောသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၀ တွင် လူသန်းပေါင်း ၂၁၀ သည် ဆင်ခြေထောက်ရောဂါပိုး ကူးစက်ခံရနိုင်သောဒေသများတွင် နေထိုင်နေကြပြီး သန်း ၄၀ မှာ အဆိုပါရောဂါကို ခံစားနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတင်းထုတ်ပြန်ထားသည်။

# ၁၉၉၀ နောက်ပိုင်း ငါးနှစ်အောက် ကလေးငယ်များသေဆုံးမှု ထက်ဝက်ခန့်လျော့ကျဟု ယူနီဆက်ဖ်ပြော

**နယူးယောက်၊ စက်တင်ဘာ-၁၃**

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ကမ္ဘာတစ်ဝန်း၌ ငါးနှစ်အောက်ကလေး သေဆုံးမှုမှာ ထက်ဝက်ခန့် လျော့ကျသွားခဲ့သည်ဟု ယူနီဆက်ဖ်၊ ကမ္ဘာ့ဘဏ်နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ စက်တင်ဘာ ၁၃ ရက် အစီရင်ခံစာသစ်တွင် ဖော်ပြသည်။ ကမ္ဘာတစ်ဝန်းတွင် ၁၉၉၀ ပြည့်နှစ်မတိုင်မီက ငါးနှစ်အောက်ကလေး ၁၂ ဒသမ ၆ သန်း သေဆုံးခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ကလေးငယ်များ သေဆုံးသည့်အရေအတွက်မှာ တစ်ရက်လျှင် ၁၈,၀၀၀ ခန့်နှင့် တစ်နှစ်လျှင် ၆ ဒသမ ၆ သန်းခန့် အထိလျော့ကျသွားခဲ့သည်ဟုအစီရင်ခံစာက ဖော်ပြသည်။

“အခုအခြေအနေဟာ အပြုသဘောဆောင်ပါတယ်။ လူ့အသက်သန်းပေါင်းများစွာကို ကယ်တင်လိုက်နိုင်တယ်ဆိုတာကိုပြနေပါတယ်။ အခုအခြေအနေထက် ပိုကောင်းအောင်လုပ်လို့ရမှာပါ။ တိုင်းပြည်များစွာမှာ ကျင့်သုံးနေပြီဖြစ်တဲ့ ရိုးရှင်းတဲ့နည်းလမ်းတွေကို ပဲသုံးပြီး ကလေးတွေရဲ့ အသက်ကို ပိုကယ်နိုင်အောင် လုပ်ရမှာပါ”ဟု ယူနီဆက်ဖ်အမှုဆောင်ဒါရိုက်တာ အန်သိုနီလိတ်ခ်က ပြောကြားသည်။

ကလေးငယ်အများစုသည် အဆုတ်ရောင်ရောဂါ၊ လမစေ့မီမွေးဖွားခြင်း၊ မီးဖွားစဉ်အသက်ရှူမဝခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါတို့ဖြင့် သေဆုံးကြောင်းနှင့် ငါးနှစ်အောက် ကလေးငယ်သေဆုံးမှု ၄၅ ရာခိုင်နှုန်းခန့်သည် အာဟာရချို့တဲ့ခြင်းနှင့် သက်ဆိုင်ကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။ ကလေးငယ် သေဆုံးမှုများ၏ ထက်ဝက်ခန့်မှာ တရုတ်၊ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဖြစ်ပွားသည်ဟု အစီရင်ခံစာက ဖော်ပြသည်။

*—Ref: AFP*


တောင်ပေါ်သား

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

တောင်ကြီး-ရန်ကုန်-မန္တလေး-နေပြည်တော်-ဘားအံ-ကော့ကရိတ်-မြဝတီ

တောင်ပေါ်သားယာဉ်လိုင်းမှ

တောင်ကြီး ⟷ ရန်ကုန်
ညနေ(၆)နာရီ

ရန်ကုန်-နေပြည်တော်-ရမည်းသင်း
နံနက်(၈)နာရီ
နေ့လည်(၁)နာရီ
ညနေ(၄)နာရီ
ည(၈:၃၀)နာရီ

ရမည်းသင်း-နေပြည်တော်-ရန်ကုန်
နံနက်(၁၀:၃၀)နာရီ
နေ့လည် (၁၂) နာရီ
ည(၉:၃၀)နာရီ
ည(၁၀:၃၀)နာရီ

ရန်ကုန် မှ မန္တလေး
ည(၇:၃၀)နာရီ

မန္တလေး မှ ရန်ကုန်
ည(၉)နာရီ

ရန်ကုန်မှ ဘားအံ ၊ ကော့ကရိတ် ၊ မြဝတီ
ည(၇)နာရီ

မြဝတီ၊ ကော့ကရိတ် မှ ရန်ကုန်
ညနေ(၅)နာရီ

တောင်ကြီး ⟷ မန္တလေး
ည(၇)နာရီ

တောင်ကြီး ⟷ နေပြည်တော်
ည(၇)နာရီ

နေပြည်တော် မှ မန္တလေး
ည(၇:၃၀)နာရီ

မန္တလေး မှ နေပြည်တော်
ညနေ(၄)နာရီ

အထက်ပါ ခရီးစဉ်တွေကို အထက်ပါယာဉ်ထွက်ချိန်အတိုင်း ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

တောင်ပေါ်သားယာဉ်လိုင်းမိသားစု

အထူးကျေးဇူးတင်ရှိပါသည်။




7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# သွေးလှူရှင်များထံမှ ဘီပိုး၊ စီပိုး အတွေ့များလာ

**မောင်မိုးသက်**

**စစ်တွေ၊စက်တင်ဘာ၁၄**-စစ်တွေ အထွေထွေ ဆေးရုံဝင်းရှိသွေးလှူ ဘဏ်၌လူနာအရေးပေါ် အခြေအနေကြောင့်သွေးလှူရန်လာရောက်သည့် သွေးလှူရှင်အချို့မှာ ဘီပိုး၊ စီပိုးများ စစ်ဆေးတွေ့ရမှုပိုများလာကြောင်းသွေးလှူရှင်များအသင်း (စစ်တွေ) ဒုဥက္ကဋ္ဌ ဖြစ်သူ ကိုသန်းအေးက ပြောကြားသည်။

"လာတဲ့သွေးလှူရှင်တိုင်းကို Blood Test လုပ်ရပါတယ်။ သွေးအရေးပေါ်လိုလို့ လာတဲ့သူကို စမ်းသပ်တဲ့အခါ ဘီပိုး၊ စီပိုးအတွေ့ရများလာတယ်။ လူတစ်ဦး အဖို့ လေးလ၊ ငါးလခြားတစ်ကြိမ်စီ သွေးလှူလို့ လာစမ်းသပ်တော့ အရင်လတွေက လှူခဲ့တဲ့သူတွေ နောက်တစ်ကြိမ်မှာဆိုရင် Positive ပြတာတွေ့လာရတယ်"ဟုကိုသန်းအေးက ဆက်လက် ပြောသည်။

ထို့အတူ သွေးလိုအပ်သည့် လူနာများအား သွေးလာလှူသည့် သွေးများကို ကြိုတင်ထုတ်ယူကာ သိုလှောင်ထားသည့်တိုင် ဆရာဝန်အချို့က သိုလှောင်သွေးကို အသုံးမပြုသည့်အတွက်လည်း အခက်ကြုံနေရကြောင်း ဆက်လက်ပြောသည်။

"သိုလှောင်သွေးတွေနှစ်ပတ်လောက် ကြိုလှူထားတဲ့သွေးတွေ အရေးကြုံရင် သုံးစေချင်တယ်။ ဘီပိုး၊ စီပိုးအတွေ့ရများတဲ့ သွေးလှူရှင်တွေကြောင့်လူနာရဲ့အရေးပေါ်အခြေအနေကို မထိခိုက်စေချင်ဘူး" ဟု ကိုသန်းအေးက ပြောသည်။

ယခုလအတွင်း စစ်တွေမြို့ ဆေးရုံကြီးအတွင်း သွေးလိုအပ်သည့် လူနာအများစုမှာ အေနှင့် အိုသွေး လူနာရှင်များ ပိုမိုများနေရာ သွေးလှူရှင် ရှာရသည့်အခက်ကြုံနေရကြောင်း ဆက်လက်ပြောကြားသည်။




# ကိုယ်ဝန်ဆောင်စဉ်အကိုက်အခဲပျောက်ဆေးများကြောင့် ကလေးငယ်များ အာရုံကြောပြွန်ချို့ယွင်းချက်များဖြင့်မွေးဖွားနိုင်



**ဘော့စတွန်၊ စက်တင်ဘာ-၁၄**

ကိုယ်ဝန်ဆောင်စဉ်အစောပိုင်းကာလ၌အကိုက်အခဲပျောက်ဆေးသောက်သောအမျိုးသမီးများ၏ မွေးဖွားလာသောကလေးများတွင် မွေးရာပါ ကျောရိုးအမြေးကျွံရောဂါ၊ ကျောရိုးကွဲရောဂါကဲ့သို့သော ပြင်းထန်သည့် အာရုံကြောပြွန်နှင့် ဆက်စပ်သောရောဂါများနှင့်မွေးဖွားလာနိုင်ခြေပိုများကြောင်း အမေရိကန်သုတေသနပညာရှင်များကပြောကြားသည်။

ကိုယ်ဝန်ဆောင်စဉ် Oxy Co-ntin, Vicodin,Percocet စသော အကိုက်အခဲပျောက်ဆေးများအသုံးပြုခြင်းဖြင့် မွေးရာပါကျောရိုးအမြေးကျွံရောဂါကဲ့သို့သော မွေးရာပါ အာရုံကြောပြွန်ရောဂါများပါသည့်ကလေးငယ်များမွေးဖွားလာနိုင်သောကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဆရာဝန်ညွှန်ကြားသောအကိုက်အခဲပျောက်ဆေးများ၏ ဘေးထွက်ဆိုးကျိုးကို ဆေးမသောက်မီဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု အမေရိကန် သုတေသနပညာရှင် မာဆာယက်ဒီကပြောကြားသည်။

သုတေသနပညာရှင်များသည် ကိုယ်ဝန် ခြောက်လရှိ မိခင်များကို တယ်လီဖုန်းဖြင့် စစ်တမ်းကောက်ယူခဲ့ပြီး၁၂နှစ်ကြာအချက်အလက်များစုဆောင်းခဲ့သည်။ အာရုံကြောပြွန်ရောဂါများဖြင့်မွေးဖွားလာသော ကလေး ၃၀၅ဦး၏ အချက်အလက်နှင့် ကျန်းမာစွာမွေးဖွားလာသော ကလေး၏အချက်အလက်များကို နှိုင်းယှဉ်၍ ယခုကဲ့သို့ဆွေးနွေးတိုင်ပင်ရန်အကြံပြုခဲ့ခြင်းဖြစ်သည်။

—*Ref: UPI*

# မြန်မာနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်ဆောင်ရွက်မည်

**ရဲနောင်**

ရန်ကုန်၊ စက်တင်ဘာ-၁၂

ဘေးဒုက္ခရောက်လွယ်သူ လူဦးရေနှစ်သိန်းကျော်ကို အကျိုးပြုမည့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံချက်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်မည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရပ်ရွာလူထုကိုထောက်ပံ့မည့် အဆိုပါစီမံချက်သည် ၁၈ လကြာမြင့်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သုံးသိန်းကျော်သုံးစွဲမည်ဖြစ်သည်။

ဘေးဒုက္ခကျရောက်နိုင်သော ရပ်ရွာလူထုများနှင့် ကျောင်းသားလူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် ဘေးအန္တရာယ်ပိုမိုကင်းရှင်းရေးဆိုင်ရာ စီမံချက်ကို ရောဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်အတွင်းရှိ နေရာငါးခု၊ ကျောင်းငါးကျောင်းနှင့် ရန်ကုန်မြို့လယ်ရှိကျောင်းငါးကျောင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ ၈,၇၀၀ ကို တိုက်ရိုက်အကျိုးပြု၍ သွယ်ဝိုက်သောအားဖြင့် လူဦးရေ ၂၁၄,၀၀၀ ကိုအကျိုးပြုမည်ဖြစ်သည်။

"အမေရိကန်ကြက်ခြေနီအသင်းရဲ့ထောက်ပံ့မှုနဲ့ဘေးဒုက္ခရောက်လွယ်သူနှစ်သိန်းကျော်ထံ အကူအညီများရောက်ရှိပြီး ပြန်လည်ထူထောင်ရေးစွမ်းရည်ကိုလည်း တိုးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာသာလှရွှေကပြောကြားသည်။

ယင်းစီမံချက်ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့သည် စက်တင်ဘာ ၁၁ ရက်၌ သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့သည်။

Regional
7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# မန္တလေးခရိုင်သည် မြန်မာနိုင်ငံတွင် လူကုန်ကူးမှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ-၁၄**

မန္တလေးခရိုင်အတွင်းမှ မြို့နယ်များသည်မြန်မာနိုင်ငံတွင် လူကုန်ကူးမှုအများဆုံးဖြစ်ပွားသည့် ဒေသများတွင် ပါဝင်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က ပြောသည်။

မန္တလေးခရိုင် ခုနစ်မြို့နယ်တွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊မဟာအောင်မြေ၊ချမ်းမြသာစည်၊ပြည်ကြီးတံခွန်နှင့် ပုသိမ်ကြီးမြို့နယ်များသည်မြန်မာနိုင်ငံတွင်း လူကုန်ကူးမှု အများဆုံးဖြစ်ပွားသည့်မြို့နယ်(၄၁)မြို့နယ်ထဲတွင် ပါဝင်နေပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ အထူးအလေးထားလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးရဲမြင့်က စက်တင်ဘာ ၁၃ ရက်တွင် မန္တလေးမြို့၌ပြုလုပ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည်။



မန္တလေးမြို့တစ်နေရာ

မန္တလေးတိုင်းဒေသကြီးအတွင်း လူကုန်ကူးတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် ၂၀၁၂ ခုနှစ်မှ စတင်ကာ ရပ်ရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းကာ လုပ်ဆောင်နေကြောင်း ဦးရဲမြင့်က ဆိုသည်။

မြန်မာနိုင်ငံတွင်း မြို့နယ်ပေါင်း ၃၃၀ ကျော်ရှိရာ သုံးပုံတစ်ပုံဖြစ်သည့် ၁၁၉ မြို့နယ်တွင် လူကုန်ကူးမှုများ ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုများတွင် ကလေးသူငယ်နှင့် အမျိုးသမီးများ အများဆုံးပါဝင်နေသည်။ အဓမ္မတောင်းရမ်းစေခိုင်းရန်၊ အဓမ္မမွေးစားရန်၊ လုပ်အားခေါင်းပုံဖြတ်ရန်၊ အဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် ပြည့်တန်ဆာအဖြစ်စေခိုင်းရန် စသည်များအတွက် လူကုန်ကူးမှုများဖြစ်ပွားနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၀၆ မှ ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၁၂၀ ကို ဖော်ထုတ်နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ စုစုပေါင်း ၂၅၇ ဦးကို ကယ်တင်နိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူကုန်ကူးမှု ၁၂၀ မှုကို ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းလူကုန်ကူးခံရသူများတွင် တရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသို့ ၁၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ ၆ ရာခိုင်နှုန်းနှင့် ပြည်တွင်းတွင် ၄ ရာခိုင်နှုန်း လူကုန်ကူးခံရသည်ဟု ဆိုသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက်မြန်မာနိုင်ငံသည်ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းလုပ်ဆောင်နေသော World Vision မှ တာဝန်ရှိသူ ဦးစိုင်းဇော်မွန်းက "ကလေးသူငယ်နဲ့ အမျိုးသမီးတွေ အဓိကထားပြီး လူကုန်ကူးခံနေရလို့ သူတို့ကို ကာကွယ်ဖို့ လိုနေပါတယ်"ဟု ပြောသည်။

# မူဆယ် ၁၀၅မိုင် စစ်ဆေးရေးဂိတ်တွင် မြွေမျိုးစုံ လေးရာကျော်ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ၁၄**

မူဆယ် ၁၀၅မိုင် စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ၅ ရက်က ဆာ့ဗ်ကားဖြင့် သယ်လာသော မြွေမျိုးစုံ ၄၁၈ ကောင်ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

စီဝိုင်စီရောင်စုံပိတ်အိတ် ၂၆ အိတ်ဖြင့် သယ်ဆောင်လာခြင်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး မြွေဟောက် ၁၉၂ ကောင်၊ ငန်းစောင်း ၉၄ ကောင်၊ လင်းမြွေ ၁၃၂ ကောင်၊ စုစုပေါင်း ၄၁၈ ကောင်ဖမ်းဆီးရမိခဲ့ပြီး မူဆယ်မြို့နယ် သစ်တောရုံးတွင် ခေတ္တ သိမ်းဆည်းထားပြီး စက်တင်ဘာ ၁၁ ရက်က အမှတ်(၁)ဆေးဝါး စက်ရုံ(ရန်ကုန်)သို့ လွှဲပြောင်း ပေးခဲ့သည်။

မူဆယ်မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အရင်က တရုတ်နှစ်သစ်မကူးမီမှာ မြန်မာနိုင်ငံက မြွေမျိုးစုံ၊ လိပ်၊ လိပ်ကြက်တူရွေး၊ သင်းခွေချပ်နဲ့ တောရိုင်းတိရစ္ဆာန်မျိုးစုံကို တရုတ်ပြည်ပို့ကြတယ်။ မြွေသားနဲ့ ခွေးသားကတော့ တရုတ်ပြည်မှာ ဈေးကွက်ရှိနေတယ်။ မြွေတွေကို ဒီလိုအများကြီးမဖမ်းမိတာကြာပြီ။ အရင်ကတော့မြွေတို့၊ လိပ်တို့ဖမ်းမိရင် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကိုလွှဲပြောင်း ပို့ပေးပါတယ်။ ယခုတော့ ငန်းမြွေတွေကနေ မြွေဆိပ်ဖြေဆေး ထုတ်ဖို့အတွက် အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်)ကို လွှဲပြောင်းပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

# နာဂနှစ်ကူးပွဲတော်မတိုင်မီ လဟယ်နှင့် နန်းယွန်းမြို့ကြားရှိလမ်းများအပြီးဖောက်မည်

**နန်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

နာဂဒေသ လဟယ်မြို့နှင့် နန်းယွန်းမြို့ကြား လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို နာဂနှစ်သစ်ကူးပွဲတော် မတိုင်မီ နိုဝင်ဘာလတွင် အပြီးသတ် ဖောက်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသဦးစီးအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ယူထားသည့် ဦးရောင်ရန်းက ပြောသည်။

"ပွဲတော်မတိုင်ခင် လမ်းတွေ အပြီးလုပ်သွားမယ်။ အောက်တိုဘာလဆိုရင် မိုးလည်း တိတ်ပြီဆိုတော့ လုပ်ငန်းပြန်စလို့ရပြီ။ လမ်းက အများပိုင်းတော့ ပြီးသွားပြီ။ တံတားတွေပဲကျန်တာ"ဟုဦးရောင်ရန်းက ပြောသည်။

မိုးရာသီကာလတွင် လမ်းဖောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းများ ရပ်နားထားခြင်းဖြစ်ပြီး အောက်တိုဘာတွင် လုပ်ငန်းများ စတင်မည်ဟု ဆိုသည်။

လဟယ်မြို့မှနန်းယွန်းမြို့ထိ မြေသားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းမှာ ပြီးစီးသွားပြီဖြစ်သော်လည်း လမ်းကျောက်ခင်းခြင်းနှင့် ချောင်းကူး တံတားများ တည်ဆောက်ရန်ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

ချောင်းကူးတံတား ရှစ်စင်း တည်ဆောက်ရန် ကျန်ရှိနေပြီး တံတားများကိုသံပေါင်တံတားများ အဖြစ် ဆောက်လုပ်သွား မည်ဖြစ်ကာ သံပေါင်များ ခင်းနိုင်ရန် အတွက် အောက်ခြေကွန်ကရစ်တိုင်များ စိုက်ထူထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

"အထက်ကနေတော့ သံပေါင်တံတားတွေ ပေးမယ်လို့ အာမခံထားတာပဲ။ အခုအချိန်ထိတော့ သံပေါင်တွေ ရောက်ပြီလား မရောက်သေးဘူးလားဆိုတာ။ မသိရသေးဘူး" ဟု ဦးယောင်ရန်းက ဆိုသည်။

လဟယ်မြို့နှင့် နန်းယွန်းမြို့ကြား ဆက်သွယ်ဖောက်လုပ် ထားသော လမ်းသည် ၉၈ မိုင်ရှည်လျားပြီး ၂၀၁၂ ခုနှစ်တွင် စတင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဘတ်ဂျက်ငွေ ကျပ်သန်း ၉,၀၀၀ ကျော် ကုန်ကျသုံးစွဲထားကြောင်း သိရသည်။

ဆောက်လုပ်ရေး နှင့် ဗိသုကာ နည်းပညာဆိုင်ရာပြပွဲ (မြန်မာ) ၂၀၁၃

BUILD+CON MYANMAR 2013

MME MYANMAR MANUFACTURING EXPO 2013

Myanmar Convention Center, Yangon
25 - 27 September 2013 | 10AM - 6PM
Free Admission!
2,500sqm Gross Exhibition Area
5,000 Trade & Industry Professionals



Delve into new business opportunities with:
Ablerex Electronics (S) Pte Ltd • Assa Abloy Singapore Pte Ltd • AVA Global Pte Ltd • CHH Construction System Pte Ltd • Elmich Pte Ltd • Elumatec Asia Pte Ltd • Estron Marketing Pte Ltd • Fullmark Pte Ltd • Hitchins (FE) Marketing Pte Ltd • Klingspor Pte Ltd • Krislite Pte Ltd • Le Gardien (S) Pte Ltd • Momentive Performance Materials • Shanghai Tong Lee Hardware Pte Ltd • Shun Yi Cheng Contract Engineering Pte Ltd • Singapore Cables Manufacturers Pte Ltd • Splendour Corporation Pte Ltd • Specialists Trade Alliance of Singapore • Teco Electric & Machinery Pte Ltd • Tet Thit Oo Trading Co., Ltd • Utracon Overseas Pte Ltd • XID Technologies Pte Ltd and more!

Organiser: CEMS Conference & Exhibition Management Services Pte. Ltd.
Local Partner: N.M.T LTD
Strategic Partner: Specialists Trade Alliance of Singapore
Supporting Organisations: Association of Government Technical Institute; Association of Myanmar Architects; Myanmar Engineering Society

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.28 · SEPTEMBER 18 , 2013

# အမြင့်မြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ စိတ်ဝင်စားသူ ပိုများလာ



*အမြင့်မြို့ဟောင်းရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းကိုတွေ့ရစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၁၃**

ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်းတွင် မင်းကြီးစွာစော်ကဲလက်ထက်ကတည်းက တည်ထားခဲ့သောမင်းရဲကျောင်းတိုက်၊ မင်းလက်ဝါးလက်ထက်တည်ထားခဲ့သော ဘုံပျံကျောင်းတိုက်နှင့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများရှိပန်းချီ၊ ပန်းပု၊ ဗိသုကာလက်ရာများကို ပြည်တွင်းပြည်ပမှလာရောက်လေ့လာသူပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

"ပြည်တွင်းပြည်ပခရီးသည်တွေက ရှေးဟောင်းစေတီပုထိုးတွေမှာ နံရံဆေးရေးပန်းချီတွေ၊ ဗိသုကာလက်ရာတွေကိုလာရောက်လေ့လာပါတယ်။ အမြင့်မှာ ရှေးဟောင်းစေတီပုထိုးပေါင်း ၃၃၆ ဆူထိန်းသိမ်းထားတယ်။ ပုံမှန်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် ဒီနှစ်မိုးတွင်းမှာ ကမ္ဘာလှည့်ခရီးသည်တွေ လာရောက် လေ့လာသူတွေ ပိုများတယ်"ဟု အမြင့်မြို့ဟောင်းကျေးရွာအုပ်ချုပ်ရေးမှူးဦးဇော်ဝိတ်က ပြောသည်။

အမြင့်မြို့ဟောင်း၊ စံပြကျေးရွာ၊ မင်းရဲကျောင်းတိုက်ဆရာတော်က "မင်းရဲကျောင်းတိုက်မှာ ကျွန်းတိုင်ပေါင်း ၁၁၉လုံးရှိတယ်။ အမိုးတွေလည်းမလုံတော့ဘူး။ တိုင်အောက်ခြေမှာ ယဉ်ကျေးမှုက ပြုပြင်ထားတဲ့ အုတ်ခုံတွေလည်း ပျက်စီးနေပြီ။ ပြုပြင်ဖို့ဆိုတဲ့နေရာမှာ သက်ဆိုင်ရာက ရှေးမူမပျက်ပြုပြင်ဖို့ပဲလိုတယ်။ ကမ္ဘာလှည့်ခရီးသည်တွေက မိုးတွင်းမှာတော့ တစ်ရက်ခြားလောက်လာတယ်။ ဆောင်းတွင်းမှာ နေ့တိုင်းနီးပါးလာရောက်လေ့လာတာရှိတယ်"ဟု မိန့်ကြားခဲ့သည်။

အမြင့်မြို့ဟောင်း၊ စံပြကျေးရွာ ရပ်မိရပ်ဖတစ်ဦးက "အရင်တုန်းက မင်းလက်ဝါးရဲ့ အသုံးအဆောင်တွေ၊ ပေစာတိုက်တွေ၊ ရှေးဟောင်းလက်ရာတွေအများကြီးရှိခဲ့တယ်။ ခေတ်အဆက်ဆက်ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းဖို့ဆိုပြီး ယူသွားကြတော့ အမြင့်မြို့ဟောင်းမှာ ပြောင်းရွှေ့လို့မရတဲ့ မင်းရဲကျောင်းရယ်၊ ဘုံပျံကျောင်းရယ်ပဲကျန်တော့တယ်။ အဲဒီကျောင်းမှာလည်းဖြုတ်ယူလို့မရတဲ့ပစ္စည်းတွေပဲကျန်ခဲ့တာဆိုတော့ ကျန်ခဲ့တဲ့အရာတွေကိုပဲ ဒီနေ့ခေတ်မှာ လေ့လာလို့ရတယ်"ဟု ဆိုသည်။အမြင့်မြို့ဟောင်း စံပြကျေးရွာတွင် မင်းကြီးစွာစော်ကဲလက်ထက်မင်းရဲကျော်စွာကျောင်းတိုက်နှင့်မင်းရဲဘုရားတိုက်၊ မင်းလက်ဝါးလက်ထက် ဘုံပျံကျောင်းတိုက်၊မင်းအိုချမ်းသာဘုရား၊ကျန်စစ်သားမင်းလက်ထက်တည်ထားခဲ့သော ရွှေတွင်းအောင်းမြတ်စွာဘုရား၊ ရွှေကြိုးရစ်ဘုရား၊ မံဘုရား စသည့် ရှေးဟောင်းစေတီပုထိုးပေါင်း ၃၃၆ဆူကို ထိန်းသိမ်းထားရှိသည်။

## ပျော်ဘွယ်တွင် မိုးကြိုးပစ်ခံရ၍ သုံးဦး သေဆုံး

**စိုင်းသာအောင်**

**ပျော်ဘွယ်၊ စက်တင်ဘာ- ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တွင် စက်တင်ဘာ ၁၂ရက်ညနေ ၅ နာရီခွဲက မိုးကြိုးပစ်သဖြင့် အမျိုးသမီးနှစ်ဦး၊ အမျိုးသားတစ်ဦး စုစုပေါင်း လူသုံးဦး သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

ပျော်ဘွယ်မြို့၊ လွှဲပေါက်ကုန်းကျေးရွာနေ ဦးစံရင်၏ဆံပင်ပွဲရုံ၌ ဆံပင်ရှင်းလုပ်ငန်းလုပ်ကိုင်နေသော ယင်းရွာနေ မစန္ဒာဝင်း(၂၃) နှစ်၊ မဟန်နီထွန်း (၁၈)နှစ်တို့မိုးကြိုးထိမှန်သေဆုံးခဲ့သဖြင့် ပျော်ဘွယ်ဆေးရုံသို့ပို့ဆောင်ကာ ရဲကင်းစခန်းမှ သေမှုသေခင်း အမှတ်စဉ်၇/ ၂၀၁၃ဖြင့်စစ်ဆေးလျက်ရှိသည်။

အလားတူ ပျော်ဘွယ်မြို့နယ်၊ သနပ်ခါးတောကျေးရွာရှိ လယ်ကွင်းတွင် စက်တင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲက အောင်မျိုးသန်း(၃၆)နှစ်သည်နွားကျောင်းနေစဉ်မိုးရွာသဖြင့်ရှားပင်အောက်၌ မိုးခိုနေစဉ်မိုးကြိုးထိမှန်သေဆုံးခဲ့၍ ပျော်ဘွယ်မြို့မရဲစခန်းမှသေမှုသေခင်းအမှတ်စဉ် ၈/ ၂၀၁၃ ဖြင့် စစ်ဆေးလျက်ရှိသည်။

ပျော်ဘွယ်မြို့မရဲစခန်းမှတာဝန်ရှိသူတစ်ဦးက "ပျော်ဘွယ်မြို့နယ်မှာ တစ်ရက်တည်းတစ်ချိန်တည်းမိုးကြိုပစ်လို့ သေဆုံးရတာ သုံးဦးဖြစ်တာမှန်ပါတယ်။ အရင်ကဒီလို မိုးကြိုးပစ်လို့သေဆုံးတာ မရှိခဲ့ပါဘူး"ဟုပြောသည်။

## ကားအစီးရေများလာခြင်း ကြောင့် ဘူးသီးတောင်– မောင်တော လိုင်းကားများ တွက်ခြေမကိုက်ဟုဆို

**မောင်ကံ**

**မောင်တော၊ စက်တင်ဘာ-၁၃**

ဘူးသီးတောင်- မောင်တောကားလမ်းတွင်ပြေးဆွဲသည့် လိုင်းကားအစီးရေများ လာသည့်အတွက် လိုင်းကားများ အဆင်မပြေဖြစ်လာပြီး အချို့လိုင်းကားများမှာ ဘူးသီးတောင်-မောင်တောလမ်းကြောင်းထက် မောင်တော -ကြိမ်ချောင်း တောင်ပြိုလက်ဝဲမြို့နယ်ခွဲလမ်းကြောင်းသို့ပြောင်းလဲပြေးဆွဲလာကြကြောင်းသတင်းရရှိသည်။

"အရင်တုန်းက မောင်တောနဲ့ ဘူးသီးတောင်ကို ပြေးဆွဲနေတဲ့ ကားအစီးရေ ဆယ်စီးလောက်ပဲရှိပါတယ်။ အခုတော့ လိုင်ကားအစီးရေနှစ်ဆယ်ကျော်လောက် ပြေးဆွဲနေတဲ့အတွက် ခရီးသည်ရရှိမှုဟာလည်း နည်းလာတာဖြစ်ပါတယ်။ အရင်က မောင်တောကနေ ဘူးသီးတောင်ကို အရှေ့ကားထွက်လို့ရှိရင် တစ်ခေါက်ကို ငွေနှစ်သောင်း၊ သုံးသောင်းလောက်ရပါတယ်။ အခုတော့ ငွေငါးထောင်ရဖို့တောင်မလွယ်ဖြစ်နေပါတယ်"ဟု ယာဉ်မောင်းတစ်ဦးကပြောသည်။

ဘူးသီးတောင်-မောင်တောကားလမ်းတွင် စူပါဆလွန်ကားများပြေးဆွဲလာသည့်အတွက် ဟိုင်းလတ်ကားများ ခရီးသည်ရရှိမှုနည်းပါးလာသည်ဟုဆိုသည်။ ယင်းသို့ ခရီးသည်များရရှိမှုနည်းပါးနေသည့်အတွက် ကုန်ပစ္စည်းများကိုသာအားထားလာရပြီး ပြေးဆွဲသည့် ကားအစီးရေများလာသော်လည်း ကားခမှာ လျော့ကျခြင်းမရှိကြောင်းသိရသည်။

**Vacancy**

(1) General Manager (Marketing) (M/F)-1 post
(2) Assistant General Manager (Marketing) (M/F)-1 post
(3) Manager (Marketing) (M/F)-1 post

**Elevators and Escalators Sales & Marketing**

**Responsibilities**
-Responsibilities for Conceptualization of Advertising & Promotion plan initiatives and activities
-Review and evaluate the effectiveness of marketing programs
-Responsible for organizing events such as events and product lunch
-Sales data analysis and tracking
-Coordinate and train sales team how to implement visual merchandising for the outlets
-Communicate and inform the sales team about upcoming activities and campaigns
-Maintenance and Development of brand through social media

**Requirements**
-Preferable Degree in Marketing / Business Administration
-At least 10 years experience in Sales & Marketing and English 4 Skills for Sr. No. (1) & (2)
-At least 5 years experience in Sales & Marketing and English 4 Skills for Sr. No. (3)
-Posses willing to learn attitude
-Able to use Microsoft office
-Willing to travel around the country

**How to apply**
-Interested candidates, please send your resume to mzaw007@gmail.com and please contact to ph: 09-31634579(office hour).

**International Language & Business Centre**
No.34, Lay Daunt Kan Road, Tamwe Township, Yangon.
Ph: 545720 - Ext: 28, 556298

**ILBC Music Department** အတွက်အောက်ပါအရည်အချင်းများဖြင့် ပြည့်စုံသော **Music Teacher** များ ထပ်မံလိုအပ်လျက်ရှိပါသည်။
- ကျား (သို့) မ
- အသက် ၂၀ မှ ၄၀ အတွင်းရှိသူများ
- အနည်းဆုံးတက္ကသိုလ်တစ်ခုခုမှဘွဲ့ရများ
- အင်္ဂလိပ်ဘာသာဖြင့် သင်ကြားနိုင်သူများ
- ဂီတအမျိုးအစားတစ်ခုခုကို တတ်ကျွမ်းပြီးပြန်လည်ပို့ချနိုင်သူများ
- ဂီတပညာနှင့်ပတ်သက်၍ အသိအမှတ်ပြုလက်မှတ်တစ်ခုခုရရှိပြီးသူများ
- နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မြိတ်၊ လားရှိုး၊ မြစ်ကြီးနား **ILBC** များတွင် တာဝန်ထမ်းဆောင်နိုင်သူများ
- စိတ်ပါဝင်စားသူများသည် အမှတ်(၃၄)၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်ရှိ - **ILBC HR Department** သို့ လိုအပ်သောစာရွက် စာတမ်းများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာဖြစ်ပွားမှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်နေတာကို သင်သိပါသလား

သင်နှင့် သင့်မိသားစု နေ့စဉ်စားသုံးနေသော အရွက်နှင့်အသီးတို့တွင်ပါဝင်နေသော ဓာတုဓာတ်ကြွင်း၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းဆေးတို့ကြောင့်ဖြစ်သော ကင်ဆာနှင့် အသည်းရောဂါအမျိုးမျိုးတို့၏အန္တရာယ်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် အိုဇုန်းဓာတ်ငွေ့သုံး

**FamilyHealth**

ဟင်းသီးဟင်းရွက်နှင့် သားငါးသန့်စင်စက်




အသုံးပြုပုံ - စက်ထဲတွင် ဖိဖိဆေးလိုသော အရွက်နှင့်ရေကိုထည့်ပြီး စက်၏ Control Panel တွင် ထည့်ထားသောအမျိုးအစားကိုရွေးချယ်ပြီး Start ခလုတ်ကို နှိပ်ပေးရုံဖြင့် လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။

ဝယ်ယူရရှိနိုင်သောဆိုင်များ

City Mart Supermarket Aung San Branch, Yankin Center Branch, marketplace (Golden Valley Branch), Myay Ni Ghone Branch, Junction Maw Tin Branch, Junction 8 Branch,Thamine Branch,

**ရန်ကုန်** - (၁) Ocean Ocean Super Centre (North Point Shopping Centre, Pazundaung) ၊ (၂) Super One တာမွေ၊ (၃) Capital သာကေတ (Capital Hyper Mart) ၊ (၄) စိန်ဂေဟာပြည်လမ်း၊ (၅) Wai Yan Electronic (ပန်းဆိုးတန်းအလယ်)နှင့်ဆိုင်ခွဲအားလုံး၊ StarMart Dagon Centre Shopping Mall 1&2

**မန္တလေး** - City Mart Supermarket 78 Branch (Mandalay)

Ocean Ocean Super Centre(Yadanarpon Diamond Plaza) ၊ မျိုးသိန်းအီလက်ထရောနစ်။

**နေပြည်တော်** - (၁) Ocean Ocean Super Centre(Junction Centre, Ottarathiri) ၊ (၂) Capital Hyper Mart.

ဖြန့်ချိရေး ဖုန်း - ၀၁-၂၄၅၃၆၀၊ ၀၁-၂၅၂၅၃၀။

# သီရိခေတ္တရာပြတိုက် အဆင့်မြှင့်တင်

ဇော်မင်းထိုက်

ပြည်၊ စက်တင်ဘာ- ၁၃

ပြည်မြို့နယ်၊ မှော်ဇာအုပ်စုရှိ သီရိခေတ္တရာပြတိုက် အဆင့်မြှင့်တင်ပြင်ဆင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ သတင်းရရှိသည်။

ပျူလူမျိုးတို့ နေထိုင်ခဲ့ရာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ရှေးဟောင်းမြို့သုံးမြို့ရှိ ပြတိုက်များအားလုံး တိုးမြှင့်ပြင်ဆင်ပြီး ရှေးဟောင်းပစ္စည်းများလည်း တိုးမြှင့်ပြသသွားမည် ဖြစ်ရာ သီရိခေတ္တရာပြတိုက်ကို တိုးမြှင့်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။




*သီရိခေတ္တရာပြတိုက်အဝင်ကိုမြင်ရစဉ်*

ဓာတ်ပုံ- ဇော်မင်းထိုက်

သီရိခေတ္တရာပြတိုက်တိုးမြှင့်ပြင်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ်လလယ်မှ စတင်ကာ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလကုန်တွင် ပြီးစီးပြီး နေပြည်တော်နှင့် ရန်ကုန် (အမျိုးသားပြတိုက်)မှ တာဝန်ရှိသူများမှ လာရောက်ပြင်ဆင်နေခြင်းဖြစ်သည်။ သီရိခေတ္တရာပြတိုက်တွင် ၁ စင်တီမီတာ ပုတီးစေ့အရွယ်မှစပြီး ၉ ပေ ၆ လက်မအရွယ်ရှိ ပျူခေတ်ပစ္စည်းများ ပြသထားရှိသည်။

ယင်းပြတိုက်တွင်သံ၊ကျောက်၊ မြေမီးဖုတ်၊ ပလာစတာ အစရှိသော ရှေးဟောင်းပစ္စည်း အမျိုးအစား ၂၅၀ ခန့် ပြသထားရှိရာ ယခုအခါ ရွှေ၊ ငွေနှင့် ကြေးထည်ပစ္စည်းများကိုပါ ထည့်သွင်း ပြသသွားမည်ဖြစ်ကြောင်း စုစုပေါင်း အမျိုးအစား ၂၈၀ ကျော် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သီရိခေတ္တရာပြတိုက်အား အ ဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပျူမြို့ဟောင်းများ ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့ (PYUCOM)ရှိသရေခေတ္တရာလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ဦးဆောင်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

ပျူမြို့ဟောင်း ရှေးဟောင်းသုတေသန ပြတိုက်များကို အဆင့်မြှင့်တင်ခြင်းလုပ်ဆောင်ရာတွင် ပြတိုက်အား ပြန်လည်ပြင်ဆင်ခြင်း၊ အဆောက်အအုံအား ပြုပြင်မွမ်းမံခြင်း၊ ပြသပစ္စည်းများ ဖြည့်စွက်ခြင်း၊ ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းရေးလှပရေးများ ပါဝင်ပြီး နိုင်ငံတော်အသုံးစရိတ်ဖြင့် ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။ သီရိခေတ္တရာပြတိုက်သို့ဝင်ရောက်ကြည့်ရှုမည်ဆိုပါက နိုင်ငံသားတစ်ဦးလျှင် ဝင်ကြေးနှစ်ရာကျပ်၊ ကလေးတစ်ဦးလျှင် တစ်ရာကျပ်ပေးဆောင်ရပြီး နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးငါးထောင်ကျပ်နှင့် ရှေးဟောင်းဇုန်အတွင်း လှည့်ပတ်ကြည့်ပါက ငါးထောင်ကျပ်ပေးဆောင်ရသည်။ မူလတန်းမှ တက္ကသိုလ်အဆင့်ထိ ကျောင်းသား၊ ကျောင်းသူများကိုမူ အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုထားကြောင်း သတင်းရရှိသည်။

သရေခေတ္တရာမြို့ဟောင်းသည် ပျူမြို့ဟောင်းသုံးခုတွင် ရှေးဟောင်းပစ္စည်းမျိုးစုံ တွေ့ရပြီး အရှေ့တောင်အာရှ၌ ယဉ်ကျေးမှုအထွန်းကားဆုံးမြို့ဖြစ်ကြောင်း ကမ္ဘာ့ရှေးဟောင်းအမွေနှစ် ဝင်ရန် ကြိုးပမ်းနေပြီး ယူနက်စကိုရှိ (ICOM)S)မှ အောက်တိုဘာလမှစ၍ ၂၀၁၄ ဖေဖော်ဝါရီလအတွင်း လာရောက် စစ်ဆေးမည်ဖြစ်သည်။ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် အသိမှတ်ပြုခံရပါက ထိန်းသိမ်းစောင့်ရှောက်ရန် ကုလသမဂ္ဂမှ နည်းပညာနှင့် အထောက်အပံ့များ ရရှိလာမည်ဖြစ်သည်။

သီရိခေတ္တရာပြတိုက်အား တိုးမြှင့်ပြင်ဆင်နေခြင်းနှင့်ပတ်သက်ပြီး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အခုလိုပြတိုက်တွေကိုပြင်ဆင်ပြီး ပစ္စည်းတွေတိုးမြှင့်ပြသလိုက်ခြင်းကြောင့် လာရောက်ကြည့်ရှုသူဟာ ပျူလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ဂီတ၊ အနုပညာ ထွန်းကားခဲ့တာတွေကို ပိုမိုလေ့လာနိုင်မယ်။ ဒီနိုင်ငံမှာ ဒီလိုရှေးဟောင်းအမွေနှစ်တွေရှိခဲ့ပါလားလို့ သိလာပြီး ဂုဏ်ယူတတ်လာဖို့ ရည်ရွယ်တယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကို တန်ဖိုးထားတတ်လာစေချင်တယ်။ ထိန်းသိမ်းစောင့်ရှောက်တာတွေကို တော့ စဉ်ဆက်မပြတ်လုပ်ဆောင်နေမှာပါ"ဟု ဆိုသည်။

# မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ မီးရထားလမ်းပိုင်းအချို့ပြုပြင်ရ

မျိုးမင်းဦး

မုံရွာ၊ စက်တင်ဘာ- ၁၃

မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဝန်းသိုမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့၌ မီးရထားလမ်းပိုင်းအချို့ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သတင်းရရှိသည်။

ကန့်ဘလူမြို့နယ်၊ ချပ်သင်းဘူတာရပ်ဝန်း မိုင်တိုင်အမှတ် (၅၁၆/၇-၈) ရှိ အမှတ် (၂) မီးရထားလမ်း၌ စက်တင်ဘာ ၁၀ ရက် နံနက် ၁၂ နာရီအချိန်တွင် အမှတ် (၄၃) အဆန် မန္တလေး-မြစ်ကြီးနား စာပို့ရထား၏ တွဲနှစ်တွဲ လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားလမ်းချော်ရာသို့ကောလင်းမြို့ မြန်မာ့မီးရထားမှ အင်ဂျင်နီယာ ဦးအောင်ဖြိုးမြင့်နှင့် အဖွဲ့ သွားရောက်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရှိရသည်။

ဝန်းသိုမြို့နယ်၊ ဘုံချောင်းဘူတာနှင့် နန့်ခမ်းဘူတာအကြား မီးရထားမိုင်တိုင်အမှတ်(၅၆၂/၁၃) တွင် စက်တင်ဘာ ၁၀ ရက် နေ့လယ် ၂နာရီအချိန်တွင်တောင်ပြိုကျသဖြင့် ရထားသံလမ်းပေါ်တွင် ကျောက်တုံးများ ပိတ်ဆို့လျက်ရှိကြောင်း သတင်းရရှိသည်။

တောင်ပြိုကျ၍ ရထားလမ်းပေါ် ကျောက်တုံးများပိတ်ဆို့သည့်နေရာသို့ နန့်ခမ်းဘူတာမှ အငယ်တန်းအင်ဂျင်နီယာ ဦးအောင်နိုင်နှင့်အဖွဲ့ သွားရောက်၍ရှင်းလင်းရေးလုပ်ငန်းများ၊ ရထားလမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်း စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီမှ ၁၁ နာရီခွဲအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်နောက်ပိုင်း စစ်ကိုင်းမြို့နယ်၊ ရွာမကျေးရွာနှင့် လယ်ကြီးကျေးရွာအကြား မီးရထားမိုင်တိုင် အမှတ် (၄၀၁/၄-၅) ရှိ ရထားလမ်း၏ အောက်ခြေမြေသားမှာ အလျား ၈ ပေ၊ အနံ ၅ ပေခန့် ရေတိုက်စားခံခဲ့ရပြီး ရထားမိုင်တိုင်အမှတ် (၄၁၀/၁၆-၁၇) အကြားရှိ တံတားအမှတ် (၂၈/၂) မှာ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်းကြောင့် ရထားလမ်းပိုင်းကိုစက်တင်ဘာ ၁၀ ရက် နေ့လယ် ၁ နာရီတွင် ခေတ္တပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

ရေတိုက်စားခဲ့သော ရထားလမ်းပိုင်းသို့ စစ်ကိုင်းမြို့၊ မြန်မာ့မီးရထားတိုင်း (၂) ရွာထောင်မှ အင်ဂျင်နီယာ ဦးဝင်းကိုကိုဦးနှင့် အဖွဲ့ သွားရောက် ပြုပြင်ခဲ့သဖြင့် အဆိုပါနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရထားလမ်း ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ရကြောင်း သတင်းရရှိသည်။

ဝန်ထမ်းအလိုရှိသည်။

**ရုံးဝန်ထမ်း** ကျား(၂)ဦး
Computer Word,Excel ကျွမ်းကျင်စွာသုံးနိုင်ရမည်။
**ယာဉ်မောင်း(ကျွမ်းကျင်)** ကျား(၃)ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
**အထွေထွေဝန်ထမ်း** ကျား(၁၀)ဦး
အသက်(၂၀-၃၅)နှစ်

အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊တာမွေ၊ရန်ကုန်။
ဖုန်း-09 73027733




နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
ရည်ရွယ်ချက်
နီလာဘုရားဖူးအဖွဲ့သည် "ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိဖူးမျှော်နိုင်ရမည်" ဟုဆန္ဒဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
**ဗုဒ္ဓဂယာခရီးစဉ် –(၇)ရက်ခရီး - ၈.၅ သိန်း၊ (၁၂)ရက်ခရီး - ၉ သိန်း၊ (၁၅)ရက်ခရီး -၁၀သိန်း**
အောက်တိုဘာလဆန်းမှ မေလအထိ တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာ ၊ စနေ အပတ်စဉ် ထွက်ရှိပါမည်။
**သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၇) ရက်ခရီး – (၁၂.၅) သိန်း (၃၀.၉.၂၀၁၃) ထွက်မည်။**
(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အားလုံးသည် စရိတ်ငြိမ်းဖြစ်ပါသည်။ ဘုရားဖူးများဘက်မှ လျှော်ခါးရန်နှင့်စျေးဝယ်ရန်အတွက်သာကုန်ကျမည် ဖြစ်ပါသည်။
မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ်/စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။
**နယ်မှဘုရားဖူးခရီးသည်များကိုရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

စာမျက်နှာ(၅)မှ

## အိတ်ချ်အိုင်ဗီ တိုက်ဖျက်ရေး အကူအညီသစ်များ

Global Fund ဝန်ထမ်းများ အပေါ် ပိတ်ပင်တားဆီးမှုများ ရှိခဲ့သဖြင့် ၂၀၀၅ ခုနှစ်တွင် အစီအစဉ်ကို ရပ်တန့်ခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်မှစပြီး Global Fund လုပ်ငန်းများ ပြန်လည်စတင်ခဲ့သည့် အချိန်ကစ၍ မြန်မာနိုင်ငံအခြေအနေ တိုးတက်မှုများ ရှိလာသည်ဟု ဒေါက်တာမြင့်ရွှေက ပြောသည်။

“ARV ဆေးရဖို့ အရင်ကထက် ပိုအဆင်ပြေလာတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ထောက်ပံ့ကြေးက အကန့်အသတ်နဲ့ဖြစ်နေတယ်။ ဆေးရဖို့ကလည်း ပြဿနာဖြစ်နေသေးတယ်။ ကုသမှုခံရဖို့ အတားအဆီးဖြစ်နေ သေးတယ်”

၂၀၁၂ ခုနှစ် အကုန်တွင် ဆေးကုသမှု လိုအပ်နေသူများ၏ ၄၃ ရာခိုင်နှုန်းကသာ ကုသမှုခံယူနိုင်ခဲ့သည်။ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံတွင် အေအာတီကုသမှု လိုအပ်နေသူများ၏ ၉၄ ရာခိုင်နှုန်းကျော်က ဆေးကုသမှုရကြောင်း UNAIDS ၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဝတီတိုင်းမှ လယ်သူမတစ်ဦးဖြစ်သူ မရွှေဇင်သည် အသက် (၃၆)နှစ်ရှိပြီး အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရကြောင်း သိရသည်မှာ တစ်လသာရှိသေးသည်။ ရောဂါပိုးမည်သို့ ကူးစက်ခံရသည်ကို မသိရှိသော်လည်း ခင်ပွန်းဖြစ်သူ ဆောက်လုပ်ရေး အလုပ်သမားကလည်း အိတ်ချ်အိုင်ဗီပိုးရှိနေသည်။

စင်တာက သူ့အတွက် ဆေးကုသမှု ရရှိအောင် ကူညီနေသည်ဟု သူကပြောပြသည်။ ပညာ မတတ်ကြသော ရွာသားများအကြား အပယ်ခံရသည့် ဤရောဂါအပေါ် ကြောက်ရွံ့စိတ်ကိုလည်း စင်တာမှ ဖြေသိမ့်ပေးသည်ဟု ဆိုသည်။

“ဆေးကုခံရမှာကို ကျွန်မ အရင်က ကြောက်ခဲ့တယ်။ ရွာက လူတွေက ပြောတယ်။ သူတို့ထိုးပေးတဲ့ဆေးက ကျွန်မကို ဒုက္ခပေးလိမ့်မယ်လို့။ ဒါပေမဲ့ အဲဒါမှားနေတယ်လို့ ဒီက ရှင်းပြပါတယ်။ ကျွန်မ ဒီကိုလာစက စိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိဘူး။ သူတို့က ကျွန်မကို စိတ်ချမ်းသာအောင် ဝိုင်းကူညီကြပါတယ်”

HIV/AIDS ရောဂါဖြစ်ခြင်းကို မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် လူတချို့က ဂုဏ်သိက္ခာနှင့် ထင်ဟပ်ယူဆကြကြောင်း လူထုကျန်းမာရေးကို ကာလရှည်ကြာ လုပ်ဆောင်လာသူ ပြည်ပနေ မြန်မာတစ်ဦးက ပြောပြသည်။ မှတ်တမ်းမှတ်ရာ ကောက်ခံရာတွင် မမှန်ကန်သော နည်းလမ်းများရှိနေသည့် အထဲတွင် ဤအချက်က ပြဿနာသည် ဖော်ပြနေသော အရေအတွက် ကိန်းဂဏန်းများထက် ပိုများနေသည်ဆိုသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။

“အဲဒီလို အနှိမ်ခံ အပယ်ခံရတာတွေရှိတော့ အိတ်ချ်အိုင်ဗီပိုးရှိတယ်လို့ လူသိမခံချင်ကြဘူး။ နောက်ပြီး အိတ်ချ်အိုင်ဗီရှိသူ ဦးရေများရင်လည်း နိုင်ငံသိက္ခာကျတယ်ဆိုတဲ့ အမြင်တွေလည်းရှိတော့ လူတွေ မသိစိတ်နဲ့ဘဲ ဒီရောဂါပိုးကူးစက်ခံရသူတွေ နည်းနည်းပဲ ဖော်ပြချင်ကြတယ်” ဟု ၎င်းကပင် ပြောသည်။

အသက်(၇၄)နှစ်အရွယ် ကျန်းမာနေသည့်အသွင် တွေ့ရသူ ဦးသိန်းဌေးသည် ART ကုသမှုကို လေးနှစ်ရခဲ့ပြီးဖြစ်သည်။ ယခုအခါ သူကလုပ်အားပေးအဖြစ် တောင်ဒဂုံစင်တာတွင် ပြန်လည်ကူညီနေသည်။

“ HIV လူနာတွေအတွက် ဒီရောဂါက သိပ်အပြောင်းအလဲမြန်ပါတယ်။ တစ်နေ့မှာ ပြေးလွှားနေနိုင်ပြီး နေလို့ကောင်းနေတယ်။ နောက် ရုတ်တရက်ပဲ နာကျင်လာပြီးတော့ လှုပ်လို့ မရတော့ဘူး” ဟု သူကပြောပြသည်။ နေကောင်းသောရက်များ ရနေသူများက ကျန်သူများကို ကူညီပြုစုပေးကြောင်း သူက ပြောသည်။ အချင်းချင်း အပြန်အလှန်ကူညီပေးသည့်စနစ်ကို ကျင့်သုံးနေကြခြင်းဖြစ်သည်။

စင်တာတွင် နေထိုင်သူများထဲမှ ကလေးရှစ်ယောက်က အိတ်ချ်အိုင်ဗီပိုးရှိသည်။ ဦးသိန်းဌေး ၏ သမီးလည်းအပါအဝင် ဖြစ်သည်။ သူတို့၏ ဘဝတစ်လျှောက်လုံး အေအာတီကုသခံရမည် ဖြစ်သော်လည်း အသစ်ပံ့ပိုးနေသော Global Fund ၏ အကူအညီနှင့် နိုင်ငံက မကြာသေးမီက ပွင့်လင်းလာမှုတို့၏ မျှော်လင့်ချက်အသစ်လက္ခဏာများ ဖြစ်သည်။

စင်တာတွင် လူနာများကို သွေးစစ်ဆေးမှုနှင့် ကျန်းမာရေး စစ်ဆေးမှုတို့ကို လုပ်ဆောင်ပေးသည်။ နယ်စည်းမခြား ဆရာဝန်များအဖွဲ့ RSF က ဖွင့်လှစ်ထားသော မဝေးလှသည့် ဆေးခန်းမှ ဆေးယူရန် ကားပြေးဆွဲပေးနေသည်။ နယ်စည်းမခြားဆရာဝန်များအဖွဲ့ MSF က မြန်မာနိုင်ငံအနှံ့ အိတ်ချ်အိုင်ဗီ လူနာပေါင်း သုံးသောင်းကျော်ကို ကုသပေးလျက်ရှိသည်။

ရောဂါဖြစ်ပွားမှု အစောပိုင်းကာလာတွင် အိတ်ချ်အိုင်ဗီရှိသူများကို အေအာတီကုသမှုပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြီးခဲ့သည့် ဇူလိုင်လက ညွှန်ကြားမှုအသစ်ထုတ်ပြန်တိုက်တွန်းထားသည်။ ဤနည်းဖြင့် ကိုယ်ဝန်ဆောင် မိခင်မှ သန္ဓေသားကို ကူးစက်မှု လျော့နည်းနိုင်ပြီး အခြားကူးစက်မှုမျိုးကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

ဤညွှန်ကြားချက်အရ မြန်မာနိုင်ငံတွင် အေအာတီကုသမှုခံယူရမည့်သူများ တိုးလာမည်ဖြစ်ရာ ထောက်ပံ့ငွေများလည်း ပိုမိုလိုလာမည်ဟု RSF ၏ မြန်မာ နိုင်ငံဆိုင်ရာ အကြီးအကဲ ပီတာဒေဂရုက ပြောဆိုလိုက်သည်။ အဆိုပါညွှန်ကြားချက်အသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်တွင်းတွင် လုပ်ဆောင်ပုံ နည်းလမ်းများလည်း ပြောင်းလဲရန် လိုအပ်သည်ဟု သူက ဆိုသည်။

“ဒါပေမဲ့ အောင်မြင်ဖို့ဆိုတာက ဆေးအတွက် ငွေကြေးအထောက်အပံ့တစ်ခုတည်း အရေးပါတာ မဟုတ်ပါဘူး။ အထွေထွေ လုပ်ဆောင်နိုင်မှု၊ ရရှိနိုင်မှုတွေအားလုံးကို ပြုပြင်ဖို့လိုပါတယ်။ ဆေးကုသမှု ပိုကောင်းစေတဲ့ နမူနာပုံစံတွေကို ကြည့်ရမယ်။ အကောင်အထည်ဖော်ရမယ်။ ပြုစုရေးနဲ့ ကုသရေးမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချရမယ်”

သို့သော်လည်း ယခင်စည်းမျဉ်းအဟောင်းအောက်တွင် ကုသမှု လက်ခံရရှိရမည့် ထောင်နှင့်ချီနေသူများပင် ဆေးမရရှိသေးဘဲ ဖြစ်နေသေးသည်။ ထို့ကြောင့်လတ်တလောတွင် ရောဂါစတင်ဖြစ်ပွားသူများထက် ရောဂါပြင်းထန်နေသူများကိုသာ ဦးစားပေး ကုသပေးနေရဦးမည်ဟု ဒီဂရုက ပြောဆိုသွားသည်။

ကိုးကား-http://www.aljazeera.com/indepth/features/2013/09/ 20139126552347496 8.html

# သံစားသည့် ဂမ္ဘီရကျောက်ဆိုကာ လိမ်လည်ရောင်းချမှု ဖြစ်ပွား

ကျော်ဇေယျ

နေပြည်တော်၊ စက်တင်ဘာ-၁၅

သံကိုစားနိုင်သည် ဂမ္ဘီရကျောက်တုံးဟူ၍ လိမ်ညာရောင်းချသူကို အမှုဖွင့်တိုင်ကြားခဲ့မှု စက်တင်ဘာ ၁၃ရက်က နေပြည်တော် ပျဉ်းမနားတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ ဦးစိုးနိုင် (၄၈) နှစ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်က ၎င်း၏ရုံးတွင်ရှိနေစဉ် နေပြည်တော်ပျဉ်းမနားရှိ အသိမိတ်ဆွေတစ်ဦးက သံကို စားနိုင်သော ကျောက်တုံးရောင်းလိုသူရှိကြောင်း ဖုန်းဆက်ခဲ့ပြီး ဦးစိုးနိုင်နှင့် အဖော်သုံးဦးက ဩဂုတ် ၁၃ ရက်တွင်မှ ကျောက်ရောင်းသူနေအိမ်သို့ လိုက်သွား ခဲ့သည်။

အဆိုပါ အိမ်အရောက်တွင် သံစားကျောက်ဟုဆိုသောကျောက်တုံးကို စမ်းသပ်ပြခဲ့သည်။ အဆိုပါသံစားကျောက်တုံးပေါ် သံတင်လိုက်ပါက သံမှာ ပျောက်သွားသည်ဟု ဆိုသည်။ စမ်းသပ်၍ အောင်မြင်သောအခါ ကျပ်သိန်းသုံးရာဖြင့် ရောင်းချမည်ဟုဆို၍ စရန်ငွေကျပ်သိန်းသုံးဆယ် ပေးချေလိုက်ပြီး ကျန်ငွေကို ရန်ကုန်သို့လိုက်ယူမည်ဟုဆိုကာ ကျောက်ကို ထုပ်ပိုးပေးပြီး ရန်ကုန်သို့ ဦးစိုးနိုင်၏ ကားဖြင့် လိုက်လာသော်လည်း နောက်ကားတွင် ပါသော အဖော်များနှင့်လိုက်ခဲ့မည်ဆိုကာ မုန့်ဖိုး တစ်သိန်းတောင်းပြီး လမ်းတွင် ဆင်းသွားခဲ့သည်။

ဦးစိုးနိုင် ရန်ကုန်သို့ ရောက်သည့်တိုင် ကျောက်ရောင်းသူများအား ဆက်သွယ်မရသဖြင့် သံစားကျောက်ဟုဆိုသော ကျောက်တုံးကို စစ်ဆေးရာ ဓာတုဗေဒ ဆေးရည်ဖျန်းထားသော ကျောက်ဖြစ်နေကြောင်း တွေ့ရသဖြင့် လိမ်လည်သူများအား နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းတွင် ပြစ်မှုပုဒ်မ ၄၂၀ (လိမ်လည်မှု)ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

“သံကို ပျော့ပျောင်းစေတဲ့ ဒိုးဆီတို့ ပြဒါးငုတ်တဲ့ ကြေးအလေးတို့၊ Wave တွေကို ပြတ်တောက်စေတဲ့ ကြေးနက်တို့ဆိုတဲ့ ပစ္စည်းတွေက ဂမ္ဘီရပစ္စည်းဆိုပြီး ဈေးကြီးကြီးနဲ့ ရောင်းကြ၊ ဝယ်ကြနေတာကိုတော့ သတင်းတွေကြားနေရတယ်။ အဲဒါတွေ တကယ်စွမ်း၊ မစွမ်းဆိုတာတော့ မျက်မြင်တစ်ခါမှ မတွေ့ဘူးသေးဘူး။ တကယ်တွေ့ဖူးတာတော့ ဂမ္ဘီရပစ္စည်းဆိုပြီး လိမ်လည်သွားတာတွေတော့ တွေ့ဖူးတယ်ဗျ” ဟု ရှေးဟောင်းပစ္စည်းပွဲစားတစ်ဦးက ပြောသည်။

ထက်မာန် လိုင်စင်အမှတ် – (၁၄၈/၂၀၁၂၊၂၈/၂၀၁၃)
ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ
စင်္ကာပူနိုင်ငံသို့ ထက်မာန်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့်မြင့်မားသောလစာများရရှိအောင်ရှာဖွေချိတ်ဆက်၍(Work Permit) ဖြင့်အလုပ်လုပ်ကိုင်လိုသောယောကျ်ားလေး၊ မိန်းကလေးများကိုအကြွေးစနစ်ဖြင့်ပို့ဆောင်စေလွှတ်ပေးနေပါသည်။
စင်္ကာပူနိုင်ငံအသိအမှတ်ပြု (BCA)(Building & Construction Authority) Low Levy လက်မှတ်ရ သင်တန်းကျောင်းကိုလည်း သင်တန်းကြေးသက်သာစွာဖြင့်ဖွင့်လှစ်ထားပါသည်။
★ သင်တန်းအမျိုးအစား – လက်သမား၊ သံချည် သံကွေး – သင်တန်းကာလ(၂)လ
သင်တန်းပြီးဆုံးပါက စင်္ကာပူနိုင်ငံသို့ အကြွေးစနစ်ဖြင့်စေလွှတ်ပေးပါသည်။
တစ်လလျှင်S$900 - 1100 (မြန်မာငွေ၆သိန်းမှ ၇သိန်းခွဲ)ရရှိမည်ကိုအာမခံပါသည်။
စင်္ကာပူနိုင်ငံသို့ အိမ်အကူအလုပ်ဖြင့်သွားရောက်အလုပ်လုပ်ကိုင်လိုသော မိန်းကလေးများကိုသင်တန်း(၂)လ ပေး၍အကြွေးစနစ်ဖြင့်တရားဝင်စေလွှတ်ပေးပါမည်။ (၁)လလျှင် $S450 (စရိတ်ငြိမ်း) မြန်မာငွေ(၃)သိန်းခွဲရရှိမည်။ စိတ်ဝင်စားသူများလာရောက်စုံစမ်းဆက်သွယ်နိုင်ပါသည်။
★ပြည်တွင်းအလုပ်အကိုင်များကိုလည်း မိမိနှင့်သင့်လျော်မည့်ရာထူးအလိုက်ဝန်ဆောင်မှုအခမဲ့ဖြင့်လာရောက်လျှောက်ထားနိုင်သည်။
အမှတ်(၁၉၄)၊ ပထမထပ်၊ မိုလ်ချုပ်လမ်းနှင့်သိမ်ဖြူမီးပွိုင့်အနီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း– ၀၉ ၅၅၀၀ ၆၁၉၆၇၊ ၀၉ ၅၅၀၀ ၄၉၉၈၄၊ ၀၉ ၃၁၆၇ ၅၃၇၅၊ ၀၉ ၃၀၀၃၀ ၈၈၈။
Email - htetmann@gmail.com , htetmannlocalservice05@gmail.com (ရုံးချိန်အတွင်းသာ)

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
သက်သေနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဝါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၀-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

အိုဘီဒီစနစ်(OBD System) ပါသော မော်ဒယ်မြင့်ကားများအတွက်
ကွန်ပြူတာထိန်းချုပ်မှု စနစ်သင်တန်း
❖ Sensors, Computer နှင့် Actuators များ ချိတ်ဆက်ဆောင်ရွက်ပုံ
❖ Mechanical, Electrical,Electronic နှင့် Computer အခြေခံများ
❖ Modern Automotive Technology (8th Edition) သင်ရိုး
❖ Scan Toolများနှင့် Software များအသုံးပြုပုံ၊Wiring Diagramဖတ်ရှုအသုံးပြုပုံနှင့်စစ်ဆေးပြုပြင်နည်းများ
အမှတ်စဉ်(၃၀) (၃၁) (၃၂)ကို ၂၀၁၃/အောက်တိုဘာလ(၃) ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
အပတ်စဉ် စနေနေ့တိုင်း အကြိုမိတ်ဆက်(အခမဲ့)သင်တန်းရှိသည်။ လစဉ်တန်းခွဲသစ်များရှိသည်။
အဆောင်စီစဉ်ပေးသည်။ Scan Tool အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းပေးသည်။
Engine Doctor Engineering
ဖုန်း-၀၉ ၄၂၁၀၄၄၄၉၅၊ ၉၆၊ ၉၇
အမှတ်(၁၀၂) မြေညီထပ်၊ (၅၂)လမ်း၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

# Education

7 DAY NEWS JOURNAL

Vol.12, No.28 • SEPTEMBER 18 , 2013




မြန်မာ-ထိုင်းနယ်စပ်ရှိမြန်မာရွှေ့ပြောင်းကလေးငယ်များ

## ထိုင်းနယ်စပ်ရှိ မြန်မာရွှေ့ပြောင်း ကလေးစာသင်ကျောင်းများ ဘဏ္ဍာရေးအခက်အခဲ ကြုံတွေ့

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

မြန်မာရွှေ့ပြောင်းကလေးများ ပညာသင်ယူနေသော ထိုင်းနယ်စပ်ရှိ ယာယီအသိအမှတ်ပြု စာသင်ကျောင်း ၁၉ ကျောင်းသည် ဘဏ္ဍာရေးအခက်အခဲဖြစ်နေပြီး ဆရာ၊ ဆရာမ ၁၃၀ ကျော် လစာမရရှိသေးကြောင်း မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများ အစည်းအရုံး (BMTA) မှ သတင်းရရှိသည်။

ထိုင်း-မြန်မာနယ်စပ်တွင် ယာယီအသိအမှတ်ပြု ရွှေ့ပြောင်းစာသင်ကျောင်း ၇၃ ကျောင်းနှင့် ကိုယ်ထူကိုယ်ထကျောင်း ရှစ်ကျောင်းရှိပြီး နိုင်ငံတကာမှ အလှူရှင်များ ထည့်ဝင်သော ငွေကြေးဖြင့် လည်ပတ်နေသည်။

“အလှူငွေ လျော့နည်းသွားရတဲ့ အဓိကအချက် နှစ်ချက်ရှိပါတယ်။ ပထမအချက်က အလှူရှင်တွေက ပြည်တွင်းမှာ ဝင်ရောက်လုပ်ကိုင်ဖို့ ပိုမိုစိတ်ဝင်စားလာတဲ့အချက်ပါ။ ဒုတိယအချက်ကတော့ အစိုးရတစ်ရပ်ရပ် အသိအမှတ်ပြုအောင်လက်မှတ် တစ်ခုခုမရရှိသေးတဲ့ အချက်ဖြစ်ပါတယ်” ဟု မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများ အစည်းအရုံးအတွင်းရေးမှူး ဦးနိုင်နိုင်ထွန်းက ပြောသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သား၊ သမီးများအရေးကိစ္စအတွက် အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်စပ်တင်ပြဆောင်ရွက်နိုင်ရန် ကြိုးစားနေပြီး ယင်းကာလတွင် စာသင်ကျောင်းအချို့ ရပ်ဆိုင်းသွားမည့်အခြေအနေရှိနေကြောင်း ၎င်းကဆိုသည်။

ထိုင်းပညာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ မြန်မာရွှေ့ပြောင်းကလေး ၁၃,၅၆၁ ဦး သည် ယာယီအသိအမှတ်ပြုကျောင်းများတွင် ပညာသင်ယူနေပြီး ပညာသင်ယူနိုင်ခြင်းမရှိသော ကလေးငယ်ဦးရေသည် သောင်းနှင့်ချီရှိနေသည်။

“ကျောင်းတွေ အများကြီးရှိတဲ့ ကျွန်တော်တို့ တာခ်ခရိုက် မဲဆောက်ဒေသမှာတောင် ကျောင်းမနေနိုင်သေးတဲ့ ကလေးတစ်သောင်းနီးပါးလောက် ရှိပါသေးတယ်။ သူတို့ရဲ့မိဘတွေပြည်တွင်းကို ပြန်နိုင်ဖို့ အခြေအနေဟာလည်း ဆယ်စုနှစ်နဲ့ချီပြီး ကြာဦးမှာပါ။ ကော့ကရိတ်၊ မြဝတီယာဉ်တန်းတက်လာတိုင်း ရာနဲ့ချီတဲ့အလုပ်သမားတွေ အမြဲမပြတ်တက်လာနေတာ တွေ့ရမှာပါ” ဟု ဦးနိုင်နိုင်ထွန်းက ပြောသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် ပညာသင်ယူခွင့်မှာ လိုအပ်ချက်ကြီးမားနေပြီး ရွှေ့ပြောင်းကလေးစာသင်ကျောင်းများတွင် သင်ကြားပို့ချနေသော ဆရာ၊ ဆရာမများ၏ ရှင်သန်ရပ်တည်မှုအတွက် စိန်ခေါ်မှုကြီးမားလာနေသည်။

## အဆင့်မြင့်ပညာရေးမူဝါဒ သဘောထား ကောက်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

အဆင့်မြင့်ပညာရေး ဥပဒေရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်ကျောင်းသားများ၊ ဆရာ၊ ဆရာမများအား အဆင့်မြင့်ပညာမူဝါဒ သဘောထား စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ဆရာမများအသင်းက ကြေညာသည်။

အဆင့်မြင့်ပညာမူဝါဒသဘောထားစစ်တမ်းသည် တက္ကသိုလ်များရှိ အနာဂတ်ပညာရေး မြင့်မားရန် ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ မေးမြန်းထားခြင်းဖြစ်ပြီး နိုင်ငံသားများအလိုရှိသောပညာရေးသဘောထားရရှိရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“ပညာရေးဝန်ကြီးဌာနအောက်က တက္ကသိုလ်လေးဆယ်ကျော်ကို စစ်တမ်းတွေ ပေးပို့သွားမယ်။ စစ်တမ်းစာရွက် နှစ်သောင်းခွဲ ထုတ်ထားတယ်။ အခုတော့ တက္ကသိုလ်က ကျောင်းသားတွေနဲ့ ဆရာ၊ ဆရာမတွေကို အဓိကထားပါတယ်။ပြင်ပက စိတ်ဝင်စားတဲ့သူတွေလည်း စစ်တမ်းဖြေဆိုလို့ရပါတယ်။ အွန်လိုင်းကနေလည်း စစ်တမ်းကောက်ယူသွားပါမယ်”ဟု ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများအသင်းက တာဝန်ရှိသူကပြောသည်။

အဆင့်မြင့်ပညာရေးမူဝါဒ သဘောထားစစ်တမ်းတွင် တက္ကသိုလ်များ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၏ တာဝန်အပ်နှံခြင်း၊ ရုပ်သိမ်းခြင်းနှင့် ရပိုင်ခွင့်၊ သင်ကြားရေး၊ ပညာရည်မြင့်မားရေး၊ ဘွဲ့ဒီဂရီအပ်နှင်းရေးနှင့် ပညာရေးလွတ်လပ်ခွင့်တို့အတွက် ဆန္ဒသဘောထားများတောင်းယူထားသည်။

လက်ရှိအချိန်တွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေးဥပဒေကို တာဝန်ယူပြုစုရေးဆွဲနေပြီး လွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ရန်စီစဉ်နေသည်။

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက်ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးလေ့လာသုံးသပ်မှုလုပ်ငန်း (CESR) ကို ဆောင်ရွက်နေပြီး ပုဂ္ဂလိကပညာရှင်များကလည်းဒေသအသီးသီးတွင် ပညာရေးဆွေးနွေးပွဲများပြုလုပ်၍ သဘောထားဆန္ဒများ တင်ပြထားသည်။

## JICA ထောက်ပံ့မှုဖြင့် တောင်ငူတွင် ပညာရေးကောလိပ်တည်ဆောက်သွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA) ၏ ထောက်ပံ့မှုဖြင့် တောင်ငူပညာရေးကောလိပ်ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်သွားရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကျောင်းသား၊ ကျောင်းသူဦးရေ တစ်ထောင်ပညာသင်ယူနိုင်မည့် ပညာရေးကောလိပ်ကို ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီက တည်ဆောက်ပေးမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနက သင်တန်းသားလက်ခံဆောင်ရွက်ရမည်ဖြစ်သည်။

“JICA ရဲ့ ပံ့ပိုးမှုနဲ့ တောင်ငူပညာရေးကောလိပ်ဆောက်မယ်။ ကျောင်းသားတစ်ထောင်ဆံ့တဲ့အဆောက်အအုံပါ။ ပညာရေးဝန်ကြီးဌာနက သင်တန်းကိစ္စတွေဆောင်ရွက်ရမှာပါ”ဟု ပညာရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသူက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လားရှိုးမြို့တွင်လည်း ပညာရေးကောလိပ်အသစ်ကိုတည်ဆောက်နေပြီး ဆရာအတတ်သင်ပညာရေးကောလိပ်များ တိုးမြှင့်နိုင်ရန် ပြင်ဆင်နေလျက်ရှိသည်။

လက်ရှိအချိန်တွင်ပညာရေးကောလိပ်ပေါင်း ၂၀ တည်ထောင်ဖွင့်လှစ်ထားသော်လည်း ပညာသင်ယူပြီးဆုံးသူအများစုသည် အခြေခံပညာကျောင်းများတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသည်။

အရည်အချင်းပြည့်ဝသောမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ဆရာမများ အလုံအလောက်ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် ရည်ရွယ်၍ ဆရာအတတ်ပညာဦးစီးဌာန သီးခြားဖွဲ့စည်းရန် ပညာရေးဝန်ကြီးဌာနက စီစဉ်နေသည်။




ဝိဘဝတီ HOSPITAL โรงพยาบาลวิภาวดี

www.vibhavadimyanmar.com

JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဘဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)

အရိုးအဆစ် နှင့် ကျောရိုးမကြီးဆိုင်ရာ ခွဲစိတ်ကုသမှုဌာန (Bone & Spine Department ) မှ

နောက်ဆုံးပေါ် အရိုးအတွင်းကြည့် မှန်ပြောင်းမှတဆင့် လေဆာဖြင့် အဏုစိတ်ခွဲစိတ်ကုသမှုကြောင့် နာကျင်မှု နည်းပါးခြင်း ၊ ခွဲစိတ်ချိန် နှင့် အနာကျက်ချိန်မြန်ဆန်ခြင်း စသောအကျိုးကျေးဇူးများဖြင့် . .

• ကျောရိုးမကြီးဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ • ခြေထောက်၊ ခြေကျင်းဝတ်၊ ပခုံး ၊ လက်ဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ

• အရိုးအဆစ်များ အစားထိုး လဲလှယ်ခြင်း (ဒူးခေါင်း၊ တင်ပဆုံ ရိုး) • အရိုးကျိုးခြင်းဆိုင်ရာ ပုံမှန် ပြန်ဖြစ်ရန်ခက်ခဲသော ကုသမှုများအတွက် အဏုစိတ်ခွဲစိတ်မှုများ • ခေတ်မီနည်းပညာသုံး ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာပြည် ရုံးချုပ် ။ ။ အမှတ် (၂၁၄- ပ၀၀၆-ညာ) ၊ ဝေဇယန္တာလမ်းမကြီး ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph/ Fax : ၀၉-၇၃၁-၃၈၀၅၃ ၊

Hot line: ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Email : vibhavadimyanmar@gmail.com မြစ်ကြီးနား ကိုယ်စားလှယ် - မနီလာကျော် - Ph : ၀၉-၂၄၀-၂၁၄၃

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဗုဒ္ဓဘာသာသင်ခန်းစာ အထက်တန်းသင်ရိုးရေးဆွဲမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

ဗုဒ္ဓဘာသာသင်ခန်းစာသင်ရိုးညွှန်းတမ်းစာအုပ်များကို ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းဖြင့် ရေးဆွဲထုတ်ဝေနေသော ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် အထက်တန်းသင်ရိုးညွှန်းတမ်းကို ဆက်လက်ရေးဆွဲနေကြောင်း သတင်းရရှိသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် မူလတန်းနှင့် အလယ်တန်း ဗုဒ္ဓဘာသာသင်ခန်းစာများကို ယူနီဆက်ဖ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဘုန်းတော်ကြီးများက စုပေါင်းရေးဆွဲထားပြီး အထက်တန်းအတွက် သင်ရိုးညွှန်းတမ်းဆက်လက် ရေးဆွဲနေခြင်းဖြစ်ကြောင်း ယင်းအဖွဲ့အစည်းမှသိရသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ယခုနှစ် မေလတွင် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းများဖွင့်လှစ်ပို့ချခဲ့ရာ ဓမ္မစကူးလ်ဆရာပေါင်းတစ်ထောင်ကျော်နှင့် ဓမ္မစကူးလ်ကျောင်းပေါင်း ၃၀၀ ကျော်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးတွင် ကျောင်းသားလူငယ်များအား တနင်္ဂနွေနေ့တိုင်းတွင် နှစ်နာရီကြာသင်ကြားပို့ချနေသော ဓမ္မစကူးလ်များတွင် ခေတ်မီသင်ကြားနည်းစနစ်များဖြင့် ရေးဆွဲထားသည့် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများပေါ်ပေါက်လာရန်၊ ယင်းသင်ရိုးများကို သင်ကြားပေးနိုင်မည့် ဆရာ၊ ဆရာမများမွေးထုတ်ရန် ဓမ္မစကူးလ်ကွန်ရက်ကိုတည်ထောင်ဆောင်ရွက်နေသည်။

# ကျောင်းသုံးပုံနှိပ်စာအုပ်ရိုက်နှိပ်ခြင်းလုပ်ငန်း ပုဂ္ဂလိကလုပ်ငန်းရှင် ၂၃ ဦးအား ခွင့်ပြု



*ကျောင်းသုံးဖတ်စာအုပ်ကြည့်ရှုနေသော ကလေးငယ်များ*  ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းသုံးပုံနှိပ်စာအုပ်များကိုအရည်အသွေးမြှင့်တင်ရိုက်နှိပ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင် ၂၃ ဦးအားလုပ်ငန်းဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် အခြေခံပညာကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ် ၆၁ မျိုးကို စက္ကူနှင့်ပုံနှိပ်ချုပ်လုပ်ထုပ်ပိုးခြင်းများ အပါအဝင်လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

"စက္ကူအသားချောသွားမယ်။ ရုပ်ပုံတွေကလည်း အရောင်စုံဖြစ်လာမယ်။ အရည်အသွေးမြှင့်တင်သွားမှာပါ။ ပုဂ္ဂလိကလုပ်ငန်းက ဆောင်ရွက်တယ်ဆိုပေမယ့် ဈေးနှုန်းတအားမမြင့်အောင် စီစဉ်ထားပါတယ်" ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းသုံးပုံနှိပ်စာအုပ်များ၏ အရည်အသွေး မြှင့်တင်လိုက်ခြင်းကြောင့် ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပိုမိုကောင်းမွန်သော ကျောင်းသုံးပုံနှိပ်စာအုပ်များကို အသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိအခြေခံပညာကျောင်းများရှိကျောင်းသုံးစာအုပ်ဈေးနှုန်းမှာ သက်သာနေသော်လည်း အရည်အသွေးနိမ့်ကျခြင်း၊ ကျောင်းသားများ စာသင်နှစ် ဆုံးချိန်ထိ အသုံးမပြုနိုင်ခြင်းတို့ကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

မြန်မာနိုင်ငံတွင် ကျောင်းသုံးစာအုပ်များအတွက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (PPE) မှ တာဝန်ယူရိုက်နှိပ်ရသော စာအုပ်မှာ နှစ်စဉ်သန်းပေါင်း ၄၀ ကျော်ရှိ၍ အချိန်မီရိုက်နှိပ်ရခြင်း၊ ဖြန့်ဝေရခြင်းတို့ကြောင့် လုပ်ငန်းပမာဏ ကြီးမားနေသည်။

ကျောင်းသုံးစာအုပ် ရိုက်နှိပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းဖြင့် ကျောင်းသုံးစာအုပ်များ၏ အရည်အသွေးမြင့်မားလာမည်ဖြစ်သကဲ့သို့ပညာရေးဝန်ထမ်းများ၏ လုပ်အားများ ထိခိုက်မှု လျော့ကျသွားမည်ဖြစ်သည်။

မြန်မာ့ရှေ့ဆောင်ဘဏ်မှ စီစဉ်ဆောင်ရွက်သည်။

MAB Education & Community Outreach Programme
MAB ECO Programme

မြန်မာ့ရှေ့ဆောင်မည့်
လူငယ်မျိုးဆက်သစ်များကို စွမ်းရည်ပြည့်ဝသော
ပညာတတ်များဖြစ်အောင်
အားဖြည့်ကူညီမည်

Myanma Apex Bank®

MAB ECO Programme ၏ ရည်ရွယ်ချက်

- ပညာဆည်းပူးရန်ငွေကြေးအခက်အခဲရှိသော လူငယ်များအား ကူညီထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့အတွက် ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရန်၊ မျိုးဆက်သစ်လူငယ်တို့၏ ကိုယ်ပိုင်အရည်အချင်းများကို မြေတောင်မြှောက်ပေးရန်၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးရန်နှင့် အသိပညာ အတတ်ပညာ ထွန်းကားပြန့်ပွားမှုဖြင့် ဖွံ့ဖြိုးတိုးတက်သော အနာဂတ် မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်ရန်တို့အတွက် အဓိက ရည်ရွယ်၍ MAB ECO Programme ကို စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။
- အနာဂတ်မြန်မာနိုင်ငံတော်အတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှု နှင့် လူ့စွမ်းအားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံမှုသည် အမျိုးသားအကျိုးစီးပွားကို ခိုင်မာတည်တံ့အောင် လုပ်ဆောင်ခြင်းဖြစ်၍ အဆိုပါအမျိုးသားရေးတာဝန် ကို မြန်မာ့ရှေ့ဆောင်ဘဏ်၏ MAB ECO Programme ဖြင့် ဂုဏ်ယူစွာ အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

MAB ECO Programme မှ ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၆) ရပ်

၁ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး တက္ကသိုလ် အသီးသီးသို့ တက်ရောက်မည့် ကျောင်းသား/သူများကို ပညာသင်စရိတ်ကူညီထောက်ပံ့ခြင်း၊
၂ ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်း၊
၃ အခြေခံပညာအလယ်တန်း နှင့် အထက်တန်းကျောင်းများတွင် ပညာဆည်းပူးရန် အခက်အခဲရှိသူများအား ပညာသင်စရိတ် ကူညီထောက်ပံ့ခြင်း၊
၄ ဘွဲ့ကြို၊ ဘွဲ့လွန်၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက်စာတမ်းပြုစုခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းစသော ပညာရေးလုပ်ငန်းများအား ကူညီထောက်ပံ့ခြင်း၊
၅ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မွမ်းမံလေ့ကျင့်ရေးလုပ်ငန်းများ၊ ပညာပေး အစီအစဉ်များနှင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များကိုကူညီထောက်ပံ့ခြင်း၊
၆ မွန်မြတ်သောရည်ရွယ်ချက်ဖြင့် အကျိုးအမြတ်မယူသော ပညာရေးအဖွဲ့အစည်းများအား ကူညီထောက်ပံ့ခြင်း၊

**၂၀၁၃ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူများ** အတွက်
MAB ECO Programme ၏ အထက်ပါလုပ်ငန်းစဉ် (၆) ရပ်မှ အမှတ်စဉ် (၁) အတွက်
**ကျောင်းသား/သူ ဦးရေ (၁၀၀)** ကို စတင်ရွေးချယ်နေပြီဖြစ်ပါသောကြောင့်
မြန်မာ့ရှေ့ဆောင်ဘဏ် ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် ပညာသင်ဆု လျှောက်လွှာပုံစံများကို ထုတ်ယူ၍ **၃၁ အောက်တိုဘာ ၂၀၁၃ နေ့အထိ** နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

မြန်မာ့ရှေ့ဆောင်ဘဏ် (ရန်ကုန်ရုံးချုပ် - ကွပ်ကဲရုံး)
အမှတ် - ၂၀၇၊ သိမ်ဖြူလမ်း(အလယ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၈၈၁၁ ~၁၉ (လိုင်းခွဲ - ၄၁၄)၊ အီးမေး(လ်) - mabeco@mabbank.com

ကျန်လုပ်ငန်းစဉ်(၅)ရပ်အတွက် အသေးစိပ် အစီအစဉ်ကို ထပ်မံကြေငြာပါမည်။

# စင်ကာပူရောက်မြန်မာကျွမ်းကျင်လုပ်သား အများစုပြည်တွင်း၌ အလုပ်ခေါ်ရာ လစာ ကျပ် ၁၂ သိန်းနှင့်အထက်တောင်းဆို

**အေးမြတ်သူ**

**ရန်ကုန်**- ပြည်တွင်းကုမ္ပဏီများတွင် အလုပ်လျှောက်ထားသည့် စင်ကာပူရောက်မြန်မာအလုပ်သမားအများစုသည် လုပ်ခလစာငွေကျပ် ၁၂ သိန်းနှင့် အထက်တောင်းကြောင်း CDC အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဒါရိုက်တာ ဦးလင်းထွန်းကပြောသည်။

ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာသည့်အခါ နိုင်ငံခြားကုမ္ပဏီများအပါအဝင်ပြည်တွင်းကုမ္ပဏီတို့၌ ကျွမ်းကျင်လုပ်သားများရှားပါးလာလျက်ရှိသောကြောင့် ပြည်ပရောက် ကျွမ်းကျင်မြန်မာအလုပ်သမားများအား ခေါ်ယူနိုင်ရန် စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့် လပိုင်းက ပြည်တွင်း အလုပ်အကိုင်ပြပွဲကိုပထမအကြိမ်အဖြစ် သွားရောက်ကျင်းပခဲ့သည်။

အဆိုပါအလုပ်အကိုင်ပြပွဲသို့ စင်ကာပူနိုင်ငံရောက် မြန်မာ သုံးထောင်ကျော်လာရောက် လေ့လာပြီး အလုပ်လျှောက်လွှာ နှစ်ထောင်ကျော်လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ပြပွဲပြီးနောက် အလုပ်လာလျှောက်သောအလုပ်သမားများထဲမှ အနည်းငယ်ကိုသာ အလုပ်ခန့်ရသေးပြီး ကုမ္ပဏီအများစုမှာ အင်တာဗျူးနေဆဲနှင့် အလုပ်ခန့်ရန် စဉ်းစားနေကြဆဲသာဖြစ်ပြီး တိုက်ရိုက်အလုပ်ခန့်ထားမှုမျိုးမရှိသေးကြောင်း သတင်းရရှိသည်။

"သူတို့ကို ချက်ချင်း အလုပ်ခန့်ဖို့က မလွယ်သေးဘူးလေ။ အင်တာဗျူးလုပ်ပြီး လစာတွေကို ညှိနှိုင်းနေကြတုန်းပဲရှိသေးတယ်။ အကယ်၍ ဒီဘက်မှာ ပြန်လုပ်မယ်ဆိုရင်လည်း သူတို့ဘက်ကဟိုဘက်ကအလုပ် ကြိုထွက်ဖို့ စာတင်ရတာတွေရှိတော့ ချက်ချင်းခန့်ဖို့ မလွယ်သေးပါဘူး။ သူတို့ဘက်ကတော့ ခန့်မှန်းခြေတောင်းတာတော့ အမေရိကန်ဒေါ်လာ တစ်ထောင်ကနေ နှစ်ထောင်လောက်ထိ တောင်းတယ်"ဟု စင်ကာပူအလုပ်အကိုင်ပြပွဲတွင် ပွဲစီစဉ်ခဲ့သူ CDC အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ ဒါရိုက်တာ ဦးလင်းကျော်ထွန်းကပြောသည်။




ဓာတ်ပုံ-လင်းလင်း

လုပ်ငန်းရှင်များအနေဖြင့်လည်း အလုပ်သမားများ အမှန်တကယ်လုပ်ငန်းပိုင်းကျွမ်းကျင်ပါက ၎င်းတို့တောင်းဆိုကြသည့် လုပ်ခလစာနှုန်းထားအတိုင်း ပေး၍ အလုပ်ခန့်ထားမှုများရှိနိုင်ကြောင်းသိရသည်။

"တချို့တော့ အင်တာဗျူးလုပ်တုန်းပါဘဲ။ ခန့်ထားဖြစ်တဲ့သူတွေလည်း ရှိပါတယ်။ အဲဒါတော့ အုပ်ချုပ်မှုပိုင်းက ဆက်ပြီး လုပ်နေတာပေ့ါ။ လစာပိုင်းမှာ အများကြီးတောင်းတဲ့သူတွေလည်းပါသလို သူတို့ရဲ့ လျှောက်လွှာမှာ ဒေါ်လာ ၁၂၀၀ တို့ဘာတို့ရေးပြီး လျှောက်ထားတဲ့ သူတွေလည်းရှိပါတယ်။ အစ်မတို့ကတော့ သူတို့ကျွမ်းကျင်တဲ့အပေါ်မှာ မူတည်ပြီးတော့ ပေးတာပါ"ဟု စင်ကာပူနိုင်ငံ၌ အလုပ်အကိုင်ပြပွဲတွင် ပါဝင်ခဲ့သော Premium D istribution မှ Admin & HR မန်နေဂျာ ဒေါ်မေမျိုးအုန်းကပြောသည်။

ပြပွဲ၌ အလုပ်ခေါ်ယူရာတွင် ဈေးကွက်မန်နေဂျာ၊ အင်ဂျင်နီယာ၊ ဆော့ဖ်ဝဲရေးဆွဲသူ၊ စာရင်းကိုင်စသော ရာထူးများပါဝင်သည်။

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာ အလုပ်သမားအများစုမှာ ကျွမ်းကျင်လုပ်သားများဖြစ်သောကြောင့်ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ကို အခြားနိုင်ငံများရှိလုပ်သားတို့ထက် အလုပ်ခေါ်ဆိုမှုပိုများသောကြောင့် စင်ကာပူနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ် အလုပ်အကိုင်ပြပွဲကို နိုဝင်ဘာလအတွင်း ထပ်မံ၍ ကျင်းပသွားရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

---


## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း (ကျား-၂ဦး)၊ အထွေထွေဝန်ထမ်း (ကျား-၁၀ ဦး)၊ ယာဉ်မောင်း(ကျွမ်းကျင်) (ကျား-၃ ဦး)

ဖုန်း-၀၉-၇၃၀၂၇၇၃၃

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ယာဉ်မောင်း (၃) ဦး

လှိုင်သာယာတွင်လုပ်ကိုင်ရန်။

၂။ သန့်ရှင်းရေး (မ) အလိုရှိသည်။

လသာမြို့နယ်၊ စမ်းချောင်းမြို့နယ်တို့တွင်လုပ်ကိုင်ရန်။

ဖုန်း-၀၁ ၃၇၃၀၀၁

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Manager (1) Post

2. Marketing Executive (3) Posts

3. Accountant (2) Posts

4. Driver (1) Post

PH: 09 73198266

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

မော်တာစက်ချုပ်ကျွမ်းကျင် မ (၅) ဦး

(၁၈/ဒီ)ရပ်ကွက်၊ တောင်ဒဂုံ။

ဖုန်း-၀၉၅၁၉၁၉၆၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ပွဲရုံစာရေးမ (၃) ဦးအလိုရှိသည်။

သိပ္ပံဘွဲ့ရ၊ ကွန်ပျူတာအခြေခံတတ်ပြီး ဆက်ဆံရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။

ဖုန်း-၀၉ ၅၀၁၁၉၂၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Tour Operator (ကျား/မ) (၂) ဦး

လိပ်စာ-တိုက်(၈)၊ အခန်း(၁၀၅)၊ အောင်ချမ်းသာအိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်း။

ဖုန်း-၀၉ ၄၂၀၀၀၆၉၂၉

-------------------------------

**ခရီးသည်ခရီးသွားလမ်းညွှန်**

1. Marketing F (10) Posts

2. Data Collector M (10) Posts

3. Office Staff F (5) Posts

အိမ်အမှတ်(၁၇)၊ ၅၄ လမ်း၊ ဗိုလ်တထောင်။

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် (မ) (၂) ဦး

၂။ ငွေကိုင် (မ) (၁) ဦး

၃။ ရုံးဝန်ထမ်း (မ) (၂) ဦး

ဖုန်း-၀၁ ၅၉၁၁၂၇

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ပုံနှိပ်စက်ကျွမ်းကျင် (၂) ဦး

၂။ ပုံနှိပ်စက်နောက်ကြည့် (၂) ဦး

၃။ ပုံနှိပ်စက်ပညာသင် (၂) ဦး

အမှတ်-၁၇၊ ၅၄ လမ်း၊ ဗိုလ်တထောင်။

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ မော်တာစက်ချုပ်ကျွမ်းကျင်မ (၁၀) ဦး

၂။ အထည်ချုပ်ရုံးဝန်ထမ်း ကျား/မ (၃) ဦး

၃။ Supervisor ကျား/မ (၃) ဦး

၄။ Leader ကျား/မ (၃) ဦး

ဖုန်း-၀၉ ၄၂၁၁၃၀၁၈၁

-------------------------------

**ဆန်းသစ်နိုင်**

1. Driver (3) Posts

(လိုင်စင်သက် သုံးနှစ်) (ကားကြီး၊ သေး)

အမှတ်(၃၉)၊ ပန်းဘဲခေါင်းမောင်ခက်လမ်း၊ စက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၆၁၈၁၄၉

-------------------------------

**MGM Hotel**

1. Recepition (3) Posts (90K)

2. Housekeeping (5) Posts (75K)

3. Housekeeping supervisor (2) Posts (over 100 K)

PH:09 5505811

**ဝန်ထမ်းအလိုရှိသည်**

အိမ်အကူ (မ)ဝန်ထမ်းအလိုရှိသည်။

အသက် ၁၈မှ ၂၅နှစ်၊ အကျင့်စာရိတ္တကောင်းမွန်၊ အပျိုစင်လူလွတ်ကိုဦးစားပေးသည်။လစာညှိနှိုင်း။

ဖုန်း-၀၉ ၄၃၀၅၅၀၂၅

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်/နှိပ်(ကျွမ်းကျင်) မ (၃)

၂။ ဘာသာစုံ (ကျွမ်းကျင်) မ (၃)

၃။ လက်သည်းပန်းချီ (ကျွမ်းကျင်) မ (၂)

ဖုန်း-၀၉ ၃၁၆ ၂၉၁၄၄

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Graphic Designer M/F (1) Post

2. Marketing M/F (3) Posts

(SA2) အောင်ဇေယျအိမ်ရာ၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ်။

ဖုန်း-၀၁ ၂၁၄၁၄၈

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် ကျား/မ (၂) ဦး

၂။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး

၃။ Marketing ရုံးထိုင် ကျား/မ (၂) ဦး

၄။ ယာဉ်မောင်း ကျား (၂) ဦး

ဖုန်း- ၀၁ ၂၃၀၄၃၄၄

-------------------------------

**Novel Light Media Ltd**

1. Sales & Marketing Executive M/F (3)

2. Sales & Marketing Assistant M/F (3)

3. ဖြန့်ချိရေး M (5)

အမှတ်(၁၃၄)၊လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၃၉၁၁၈၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ မော်တာစက်ချုပ်ကျွမ်းကျင်မ (၁၀) ဦး

၂။ အထည်ချုပ် ရုံးဝန်ထမ်း ကျား/မ (၃) ဦး

၃။ Supervisor ကျား/မ (၃) ဦး

၄။ Leader ကျား/မ (၃) ဦး

ဖုန်း-၀၉ ၄၂၁၁၃၀၁၈၁

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အင်္ဂလိပ်စာကျွမ်းကျင်သော ဘာသာပြန် ကျား (၁) ဦး အလိုရှိသည်။လစာညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၂၃၈၇၂၂

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. PR Staff F (2) Posts

2. Accountant F (1) Post

3. Car Driver F/M (2) Posts

4. Marketing F (2) Posts

5. English Translator F (3) Posts

PH:01 538552

-------------------------------

**Naing Lin Air Con**

Air Con, ရေခဲသေတ္တာ၊ အဝတ် လျှော်စက်ကျွမ်းကျင်စွာပြုပြင်နိုင်သူများ အလိုရှိသည်။

အမှတ်(၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ဖုန်း၀၉ ၅၀၉၅၉၁၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Thai Translator F (2) Posts

2. Media Buyer F (6) Posts

3. General Worker M (2) Posts

4. Operation Staff M/F (2) Posts

5. Event Planner M/F (2) Posts

PH: 01 505724

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ယာဉ်မောင်း (၃) ဦး

၂။ Auto Gear မောင်းနိုင်သူ (၂) ဦး (အိမ်ကား (၁) ဦးပါဝင်)

၃။ Manual မောင်းနိုင်သူ (၁) ဦး

အနည်းဆုံးယာဉ်မောင်းသက်တမ်း (၃) နှစ်

ဖုန်း- ၀၁ ၅၄၁၂၂၅

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1.CCTV,PABX ကျွမ်းကျင် ကျား (၂) ဦး

2. Networking ကျွမ်းကျင် ကျား (၂) ဦး

ဖုန်း- ၀၁ ၅၁၉၅၈၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးစက်ချုပ်ကျွမ်းကျင် ဝန်ထမ်းအလိုရှိသည်။

အမှတ် (၂၀၅)၊ ၅ လွှာ၊ လမ်း (၄၀)၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၀၄၃၁၇၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်စက်ဆွဲကျွမ်းကျင်မ(၂)ဦး

၂။ အလုပ်သင်/အကူ မ (၂) ဦး

စုံစမ်းရန်-၀၉ ၄၅၀၀၃၇၆၃၃

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. အလုပ်သင် (၁၀တန်းအောင်) M/F (10) Posts

2. AutoCAD M&E Working Drawing M/F (10) Posts

3. A+ Hardware,Networking M/F (2) Posts

PH: 09 49290778

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. English Language M/F (6) Posts

2. Reception M/F (6) Posts

3. Mobile Phone Software M/F (4) Posts

4. Basic,DTP,Design သင်ကြားနိုင်သူ M/F (6) Posts

PH:01 253293

-------------------------------

**အလိုရှိသည်**

မူကြိုဆရာမ အလိုရှိသည်။

ဖုန်း- ၀၉ ၄၃၁၁၃၁၆၂

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Admin Assistance M/F (1) Post

အလုပ်အတွေ့အကြုံမလို၊ အသက် ၂၅၊ ရုံးလုပ်ငန်းပိုင်း၊ စိတ်ဝင်စားသူ၊ ရန်ကုန်မြို့တွင်း ကျွမ်းကျင်သူ။

ဖုန်း-၀၁ ၆၆၃၉၀၁

-------------------------------

**အမြန်အလိုရှိသည်**

၁။ မန်နေဂျာ ကျား (၁) ဦး

၂။ ကြီးကြပ်ရေးမှူး ကျား (၁) ဦး

၃။ ကြေးအိုးဆရာ ကျား (၁) ဦး

၄။ Cashier မ (၁) ဦး

ဖုန်း-၀၉ ၄၃၀၃၈၈၄၈

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၁၀) ဦး

မော်တာစက်ချုပ်နိုင်၊ လက်ရာသေသပ်ကောင်းမွန်ပြီး၊ မည်သည့်ပိတ်စအမျိုးအစားမဆိုကျွမ်းကျင်၊ အသက် ၂၂ နှစ်။

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၁ ၄၃၀၃၀၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Store Keeper F (1) Post

ဘွဲ့ရ၊ အကျင့်စာရိတ္တကောင်းမွန်သူ။

Kabaraye Villa D (9), Mayangone Township.PH:01 655829

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ဆိုင်မန်နေဂျာ မ (၁) ဦး

၂။ ဆံပင်ညှပ်လျှော် ကျွမ်းကျင် မ (၅) ဦး

၃။ ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး

အမှတ်-(၈၄) စီ၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေးသံလမ်း၊ ရန်ကုန်။

ဖုန်း-၀၉ ၇၃၀၀၅၆၁၁

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# မြန်မာနိုင်ငံသို့သွားရန် အကြောင်းရင်း ငါးခု



အတိတ်နှင့် အနာဂတ်ကို သမအောင် ရောမွှေခြင်းသည် မည်သည့်အခါကမှ ယနေ့မြန်မာလောက်ကြည့်ကောင်းမည်မဟုတ်ပါ။ တိုင်းရင်းသားရိုးရာဝတ်စုံများ ကြားကြယ်ငါးပွင့်အဆင့်ရှိအပန်းဖြေအနားယူရာဒေသများ တည်ရှိနေကြခြင်းက ခရီးသွားတိုင်းအတွက် စိတ်လက်ကြည်သာ ရှိစေသည်။ နိုဝင်ဘာလမှ ဖေဖော်ဝါရီလကြား အချိန်သည် မြန်မာနိုင်ငံကို လည်ပတ်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ မတ်လနှင့်မေလကြားတွင်မူအပူဒဏ်ကပြင်းသည်။ ထိုနွေသည် မုတ်သုံမိုးကိုလည်း သယ်ယူလာသည်။

အောက်ပါတို့က သင်၏နိုင်ငံကူးလက်မှတ်တွင် မြန်မာတံဆိပ်တုံး အမြန်ရိုက်သင့်သော အကြောင်းများ ဖြစ်သည်။

**ပြည်သူများ**

အရပ်ရှည်ရှည် သွယ်သွယ် အမျိုးသားများက ခြေသလုံးအထိရှည်သည့် လုံချည်ကို ဝတ်ဆင်ထားပြီး အမျိုးသမီးများက အဝါရောင်သနပ်ခါးကို သစ်ခေါက်အတုံးမှ သွေးပြီး လိမ်းခြယ်ထားကြသည်။ မြန်မာစကားအခွန်း အချို့သင်ပြီးသည်နှင့်သင်သည်ဒေသခံများနှင့် ကျွမ်းဝင်သွားမည်။ အေးအေးဆေးဆေးနေတတ်သော သူတို့၏အလေ့နှင့် ဟာသဉာဏ်ရွှင်သောဒေသခံများကြားတွင် သင်စိတ်ချစွာနေနိုင်ပေသည်။ အကယ်၍သင်က ယဉ်ကျေးပျူငှာစွာဆက်ဆံလျှင် သူတို့၏ ယဉ်ကျေးမှုအတွင်း ဝင်ရောက်ရန် အတားအဆီး မရှိတော့ပါ။

(မမေ့ရန်။ ။နယ်ခံဈေးကို ပြေးပြီး သင့်အတွက်လုံချည်တစ်ထည်နှင့် သင့်အသားအရေပျော့ပျောင်းနူးညံ့ပြီး အေးမြစေသည့် သနပ်ခါးတစ်တုံးကို ဝယ်ရန် မမေ့ပါနှင့်။)

**နေဝင်ရီတရော**

ကင်မရာအတွင်းရှိ မီမိုရီကတ်တွင် နေရာများများ အပိုပါရှိစေ။ အဘယ်ကြောင့်ဆိုသော် နေဝင်ချိန်၊ နေထွက်ချိန်တွင် သင်၏ ကိုယ်ပိုင် လုပ်ငန်းကို မေ့ပြီး ကြေးစားဓာတ်ပုံဆရာ ဖြစ်ချင်စိတ်များ ပေါ်လာမည်ဖြစ်သောကြောင့်ပင်။ နံနက်ခင်းသည် မြန်မာနိုင်ငံအတွက် ထူးခြားသောအချိန်ဖြစ်သည်။ နံနက်ခင်း နိုးထချိန် နေခြည်ထိုးဖောက်လာချိန်တွင် မြင်လိုက်ရသည့် ဖုန်များကြားကရှုခင်းသည် ကမ္ဘာ့နေ့သစ်ကို ကြိုဆိုနေပေသည်။ လယ်သမားများက ၎င်းတို့၏ ကျွဲ၊ နွားများကို စတင်စုဝေးကြပြီ။ ဘုရား ပုထိုးများတွင် နေ့သစ်အတွက် ဦးဦးဖျားဖျား ပန်းဆက်ကပ်သူများ၏ ပန်းများဖြင့် ဝေဆာနေသည်။ နေ့စဉ် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံလိုပင် နေရောင်ခြည်သည်လည်း ရှေးစေတီပုထိုးများကို နေ့တစ်နေ့၏ အရုဏ်၊ ဆည်းဆာတို့ဖြင့် နှုတ်ဆက်နေပေ သည်။

(မမေ့ရန် ။ ။ပုဂံဘုရားစေတီများအတွင်း နေဝင်ချိန်၊ နေထွက်ချိန်ကို မလွတ်ပါစေနှင့်။ ညနေစောင်းတွင် တစ်ရေးအိပ်လိုက်ပြီး နေစောင်းသွားမည့်အချိန်တွင် အဆင်သင့်ဖြစ်ပါစေ။ သင့်ဧည့်လမ်းညွှန်က အကောင်းဆုံးနေရာကို သိပါသည်။ ဓာတ်မီးကို အပါယူပြီး အမှောင်ထဲတွင် ဘုရား ပုထိုးလှေကားထစ်များကို သတိဖြင့် တက်ပါ။ လေအေးကို ခံနိုင်ရန် အလွှာများထပ်၍ ဝတ်ဆင်ရန် မမေ့ပါနှင့်။)

**သံဃာတော်များ**

မြန်မာတစ်နိုင်ငံလုံးတွင် သံဃာတော်များကိုတွေ့ရမည်။ လမ်းပေါ်မှာ၊ ကျောင်းဆောင်များထဲမှာ အသက်အရွယ်အမျိုးမျိုးနှင့် ရွှေဝါရောင်သင်္ကန်းကိုဝတ်ရုံပြီး နေထိုင်သွားလာနေကြသည်ကို မြို့ကြီးများမှစ၍ ရွာစွန် ရွာဖျားများအထိ တွေ့ရပေမည်။ အများအားဖြင့် သူတို့နှင့် စကားပြောဆိုနိုင်ပြီး သူတို့ကလည်း အင်္ဂလိပ်စကားပြောကို သင်နှင့် လေ့ကျင့်ကြလိမ့်မည်။ ဘုန်းကြီးကျောင်းများကို သွားရောက်လည်ပတ်လျှင် သူတို့၏ နေ့လယ် ဆွမ်းဘုဉ်းပေးချိန်ကို တွေ့ရတတ်သည်။ အဓိက သတိပြုရမည်မှာ သူတို့၏ ဓလေ့နှင့် တိတ်ဆိတ်ငြိမ်သက်မှုကို လေးစားရန်ဖြစ်သည်။ ဆိုလိုသည်မှာ ခွင့်ပြုချက်ကို ယဉ်ကျေးစွာ တောင်းခံခြင်းမပြုဘဲ သူတို့၏ မျက်နှာရှေ့တွင် ကင်မရာ တကားကား မလုပ်ရန်ဖြစ်သည်။ သူတို့သည် ဘုန်းကြီးများဖြစ်ပြီး ကမ္ဘာ့လှည့်ခရီးသွားများအတွက် ဖန်တီးထားသော အရာများ မဟုတ်ကြပါ။ ထို့ကြောင့် သူတို့၏နေရာနှင့် သူတို့ကို တလေးတစားရှိရန် လိုသည်။

(မမေ့ရန် ။ ။စစ်ကိုင်းမှ ဗုဒ္ဓဘာသာသီလရှင်ကျောင်းများကိုလက်မလွှတ်ပါနှင့်။ ရင်သပ်ရှုမော ဖြစ်စရာ တောင်တန်းနှင့် စေတီပုထိုးများသည် မန္တလေးမြို့ပြင်တွင်ရှိပြီး ဤအချက်ကလည်း သီလရှင်ကျောင်းကို လည်ပတ်သင့်သည့် အကောင်းဆုံး အကြောင်းတစ်ချက်ဖြစ်သည်။ ပန်းရောင်သင်္ကန်းများနှင့် လှပသော ကျောင်းဝင်းအတွင်း အသက်အရွယ်စုံ မိန်းကလေးများက စိတ်၏ တည်ငြိမ်အေးချမ်းမှုနှင့် အဆင့်မြင့် ဗုဒ္ဓဘာသာပညာကို သင်ယူနေကြသည်။)

**ဈေးဝယ်ခြင်း**

မြန်မာနိုင်ငံကိုဈေးဝယ်ထွက်စရာနေရာ (သို့မဟုတ်) စင်ကာပူလိုပြောင်ပြောင်လက်လက် ဈေးရုံကြီးများကဲ့သို့ ဖြစ်နေလိမ့်မည်ဟု သင့်မျှော်လင့်ထားမည်မဟုတ်ပါ။ သို့သော် ဒေသခံ အနုပညာလက်ရာများထံ ရောက်လျှင်မူ သင့်ပိုက်ဆံအိတ်ထဲမှ ငွေအတော်များများ လျော့သွားနိုင်သလို ထိုဈေးဝယ်နေသည့် မိနစ်တိုင်းကို နှစ်ခြိုက်သဘောကျနေမည်ဖြစ်သည်။ ကြေးသွန်းဗုဒ္ဓရုပ်တုမှ သစ်ထွင်းပန်းပု၊ လက်ရက်ပဝါမှ လတ်လတ်ဆတ်ဆတ်လိပ်ထားသောဆေးပေါ့လိပ်၊ ငွေထည်၊ ရွှေထည်နှင့်လက်မှုပညာများက များပြားလှပေသည်။ ပစ္စည်းများများကို တစ်ခါတည်း ဝယ်လျှင် ဈေးလျှော့ပေးလေ့ရှိသည်။ သို့သော် ဤအမှတ်တရပစ္စည်းများကို ဝယ်ယူခြင်းဖြင့် ရိုးရာနည်းကို ဆက်လက်အသုံးပြုပြီး ထုတ်လုပ်နေသူများကို သင်ကပံ့ပိုးအားပေးနေသဖြင့် မည်သို့ပင်ဖြစ်စေဝယ်ရကျိုးနပ်ပေသည်။

(မမေ့ရန်။ ။ပုဂံမှယွန်းထည်များကို လက်မလွတ်ပါစေနှင့်။ ယွန်းထည်များကို နေရာတိုင်းတွင် တွေ့နိုင်သည်။ ဘုရားများ၊ ဈေးများ၊ အနုပညာပစ္စည်းအရောင်းဆိုင်များတွင် ဖြစ်သည်။ မိမိလိုလားသောဈေးများဖြင့် ရနိုင်မည့်ပစ္စည်းများကို မည်သည့်ဆိုင်များတွင် ရနိုင်ကြောင်းကို ဒေသခံဧည့်လမ်းညွှန်များက သိရှိကြသည်။

**စေတီပုထိုးများ**

အထက်က ဆိုခဲ့သော အကြောင်းရင်းများအားလုံးနှင့်ညီမျှသော အရာကတော့ စေတီပုထိုးများထံ သွားရောက်လည်ပတ်ခြင်းပင်ဖြစ်သည်။ ရောင်စုံကျောက်ပြားများနှင့် တည်ဆောက်ပြီး ဒစ္စကိုမီးရောင်များဖြင့်ရောင်စုံတောက်ပနေသည့်ပို၍ခေတ်မီသောခေတ်သစ်စေတီပုထိုးများနှင့် ယှဉ်လျှင် ပုဂံက ရှေးဟောင်းစေတီပုထိုးများသည် များစွာသာလွန်နေသည်ကို တွေ့ရမည်။ အမွှေးတိုင်ရနံ့များဖြင့် ဖုံးလွှမ်းနေသော ဘုန်းကြီးကျောင်းများတွင် တရားထိုင်နေသူများ ဘဝက စည်းကမ်းရှိမှု ငြိမ်သက်အေးဆေးမှုများကို ပြဆိုနေသည်။ ရွှေခတ်ထားသည့် မျက်နှာကြက်၊ သစ်ထွင်းတံခါးများနှင့် မှန်စီရွှေချများက ကျောင်းများကို အမျိုးမျိုး အဖုံဖုံ တန်ဆာဆင်ထားကြသည်။ ခပ်ဆင်ဆင်တူနေသော ဗုဒ္ဓရုပ်ပွားတော်များဖြင့် စေတီပုထိုးများအတွင်း မြင်ကွင်းပြည့် ဆင်ယင်ထားသည်။

(မမေ့ရန် ။ ။ ပုဂံက ဘုရားသိမ်ဘုရားငယ်များကို ကြည့်ဖြစ်အောင် ကြည့်ပါ။ ကြီးမားသောခံ့ညားသော ဘုရားပုထိုးများကအပြင်မှကြည့်လျှင် ပို၍ သဘောကျဖွယ်ဖြစ်ကောင်း ဖြစ်မည်။ သို့သော် အချို့ကအတွင်းဘက်တွင် ထိုမျှစိတ်ဝင်စားဖွယ်မရှိပါ။ ကမ္ဘာလှည့်ခရီးသွားများ စုပြုံတိုးဝှေ့နေသည့် နေရာကို ရှောင်ပြီး ညောင်ဦးနားက သေးငယ်သော ဘုရားပုထိုးများကိုသွားကြည့်ပါ။ အတွင်းဘက် မျက်နှာကြက်တွင် ရေးခြယ်ထားသော နံရံဆေးရေးပန်းချီများ၊ ရှေးဟောင်းရုပ်တုများကြားတွင် တိတ်ဆိတ်အေးချမ်းမှုကိုသင်တစ်ဦးကို အပြည့်ဝခံစားနိုင်ပေမည်။ ထိုနေရာသည် အနီးဆုံး လေဆိပ်မှ ပထမဆုံး ဝင်ရောက်လည်ပတ်နိုင်သည့် နေရာလည်း ဖြစ်သည်။

(ဖိုဒါ ခရီးသွားဌာနမှ 5 Reasons to go to Burma ဆောင်းပါးကို ခင်မေဇော် ဘာသာပြန်ဆိုသည်။)

AVSS Australian Visa & Student Services
Since 1996
AVSS Myanmar

ဩစတြေးလျနိုင်ငံတွင် ပညာဆက်လက်သင်ကြားလိုသူများအတွက်
INFORMATION SEMINAR & ONE TO ONE DISCUSSION
Study in Australia

- ကမ္ဘာ့ထိပ်တန်းအဆင့် ၅၈ နှင့် ဩစတြေးလျ နိုင်ငံ၏ Group of Eight တက္ကသိုလ်ဖြစ်သည့် University of Western Australia
- University of Technology Sydney ကို တိုက်ရိုက်တက်ရောက်ခွင့် မရသေးသူများအတွက် Foundation နှင့် Diploma Program များ သင်ကြားပေးနေသည့် UTS: INSEARCH
- ဩစတြေးလျ တက္ကသိုလ်များနှင့် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များ သို့တိုက်ရိုက်ဝင်ခွင့် အများဆုံးရရှိနေသည့် IB Program ကို အဓိကသင်ကြားသည့် Kilmore International School

တို့မှ ကျောင်းကိုယ်စားလှယ်များက အောက်ပါအစီအစဉ်အတိုင်း မြန်မာကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးပါမည်။

THE UNIVERSITY OF WESTERN AUSTRALIA
Achieve International Excellence
Cricos code : 00126G
26-9-2013 (Thursday)
10:00 a.m to 12:00 Noon

UTS:INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY
INSEARCH : 00859D
UTS : 00099F
28-9-2013 (Saturday)
10:00 a.m to 12:00 Noon

Cricos code : 00671E
30-9-2013 (Monday)
10:00 a.m to 12:00 Noon

Free Registration
Venue - AVSS Office
အမှတ် ၁၂၇(အေ)၊ ပထမထပ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်
FOR REGISTRATION, PLEASE CONTACT ; 09 45000 6944, 09 45000 6955

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# Commodity Watch

စာမျက်နှာ (၇)မှ

## တိုက်စားခံအိုးအိမ်များ

သက်ဆိုင်ရာရေကြောင်း ထိန်းသိမ်းရေးဌာနများမှမြစ်ကြောင်းတစ်ကြောင်းတည်း ဖြစ်စေရေး ထိန်းသိမ်းပေးရန်အတွက် မျှော်လင့်နေကြသူများလည်းရှိသည်။

ယင်းကဲ့သို့ မြစ်ကမ်းပါးရေတိုက်စားမှုသည် ဧရာဝတီ၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်များတွင် အဖြစ်များလေ့ရှိပြီး ကမ်းပါးမြေမာသော သံလွင်မြစ်သည် ယင်းမြစ်များထက်ကမ်းပါးပြိုမှုနှုန်းနည်းပါးကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းလွင်ကပြောသည်။

မိုးရာသီနှင့် နွေရာသီကာလများသည်မြစ်ရေစီးမှုပမာဏတူညီသောကြောင့် ကမ်းပါးများသည် နွေအခါ၌ ခြောက်သွေ့နေပြီး မိုးရာသီအဝင်၌ မြစ်ရေရုတ်တရက်အများအပြားစီးဆင်းမှုကြောင့် ခြောက်သွေ့ကမ်းပါးများပြိုကျရကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကပြောဖူးသည်။

မြစ်ကမ်းပါးပြိုကျမှုရေရှည်ဖြစ်စေပါက လယ်မြေများဆုံးရှုံးမှုကိုဖြစ်ပေါ်ရုံသာမက မြစ်ကြမ်းပြင်ထုထည်မြင့်မားလာပြီး မြစ်တိမ်ကောမှုကိုလည်းဖြစ်စေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များကသုံးသပ်သည်။

နွေရာသီတွင် မြစ်များ၏အလယ်၌ သဲသောင်များထွန်းခြင်းဖြင့်လည်း မြစ်ရေစီးကြောင်းပြောင်းလဲစေသောကြောင့် မြစ်ကမ်းပါးများပြိုကျမှုကို ဖြစ်ပေါ်စေကြောင်း ရေအရင်းအမြစ် ညွှန်ကြားရေးမှူး ဦးသောင်းလွင်က နွေအခါတွင် ဖြစ်ပေါ်တတ်သော မြစ်ကမ်းပါးပြိုမှုကိုပြောသည်။

"သောင်တွေကထွန်းသင့်တဲ့နေရာမှ မထွန်းဘဲ တစ်ဖက်သတ်ဖြစ်နေရင်တော့ တစ်ဖက်မြစ်ကမ်းပါးကိုရေဦးက ထိုးမှာပဲ။ အဲဒီအခါကျရင် ကမ်းပြိုမှာပဲ။ အဓိက မြစ်ရေလမ်းကြောင်း မကောင်းတာနဲ့ ကမ်းပါးကို ထိခိုက်မှာပဲ" ဟု ယင်းကပြောသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့်တိုက်ရိုက်ထိခိုက်နိုင်သော မြစ်ချောင်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေ ပြုပြင်ရန်အတွက် လူတို့လုပ်ဆောင်မှုကြောင့် ပျောက်ဆုံးနေသော မြစ်ဝှမ်းလွင်ပြင်များကိုလည်း ပြန်လည်ထိန်းသိမ်းရမည်ဖြစ်ကြောင်း ဦးဝင်းမျိုးသူကပြောသည်။ မြစ်ဝှမ်းလွင်ပြင်ဆိုသည်မှာ မြစ်ချောင်းများရေလျှံချိန်တွင်အလိုအလျောက် ရေစီးနိုင်သည့် သဘာဝအလျောက်ဖြစ်ပေါ်နေသောအင်းအိုင်များကိုဆိုသည်။

ယင်းကဲ့သို့မြန်မာနိုင်ငံရှိမြစ်များပျက်စီးမှုကြောင့်ကမ်းပါးတွင်နေထိုင်သော ပြည်သူများ မြေနေရာများဆုံးရှုံးနေမှုအပေါ် မြစ်ကြောင်းထိန်းသိမ်းရေးဌာနက သောင်တူးလုပ်ငန်းနှင့် မြစ်ကြောင်းများထိန်းသိမ်းမှုလုပ်ကိုင်ရန်အတွက် တရုတ်နိုင်ငံထုတ် သောင်တူးသင်္ဘောနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းသုံးသင်္ဘော ၁၉ စီးကို အမေရိကန်ဒေါ်လာ သန်း၄၀ ကျော်အကုန်အကျခံ ဝယ်ယူထားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်များတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ယခင်ကသောင်တူးနှင့် အထောက်အကူပြုရေယာဉ် ၁၀စီးသာရှိခဲ့ပြီး ယခုအခါအသစ်ထပ်မံဝယ်ယူထားသော ၁၉ စီးမှာ စက်တင်ဘာလတွင်ရောက်ရှိလာသောကြောင့် စုစုပေါင်း ၂၉ စီးရှိပြီဖြစ်သည်။ သို့သော်သောင်တူးစက်များမှာ လာမည့်ပွင့်လင်းရာသီရေနည်းကာလများတွင်မှ လုပ်ငန်းများလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ယင်းဌာန၏တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလောလောဆယ်တွင် ကျွန်းများပေါ်၌နေသောကျေးရွာအုပ်စုများအနေဖြင့် ကမ်းပါးပြိုမှုဘေးအန္တရာယ်နှင့် ဆိုးရွားစွာ ရင်ဆိုင်နေရသော်လည်း ရေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာက လာရောက်ကြည့်ရှုခြင်း မရှိသေးသလို အခြားလူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ အင်န်ဂျီအိုများလာရောက်ခြင်း မရှိသေးကြောင်း ဒေသခံများက ပြောသည်။

ကချင်ပြည်နယ်အရေး၊ လက်ပံတောင်းအရေး၊ အခြေခံဥပဒေအရေးမကြာခဏပွတ်တိုက်မှုဖြစ်နေသော ဘာသာရေးပြဿနာ၊ မြေယာပြဿနာစသောအရေးပေါင်းများစွာထဲတွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းရာမှ မြစ်၊ ချောင်းများတိုက်စားသွား၍ အိုးမဲ့၊ အိမ်မဲ့ဖြစ်ရသော ဦးလှအေးတို့ကဲ့သို့ မြစ်ကမ်းနားနေပြည်သူများ၏ အသံကိုကြားသူ၊ ဘဝကို စာနာသူကနည်းလွန်းလှသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y | 100,000 |
| Galaxy S Advance | 240,000 |
| Galaxy Express | 295,000 |
| Galaxy Grand(GSM) | 310,000 |
| Galaxy S3 | 420,000 |
| Galaxy S4 Mini | 235,000 |
| Galaxy S4 | 590,000 |
| Galaxy Mega 5.8 | 370,000 |
| Galaxy Note II | 490,000 |
| Galaxy Tab3 7" | 335,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

**Sony**

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 180,000 |
| Xperia P | 230,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (64 GB) | 820,000 |
| iPhone 5 (32 GB) | 770,000 |
| iPhone 5 (16 GB) | 670,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (16 GB) | 480,000 |

**Huawei**

| Model | Price |
|---|---|
| Y 300 | 95,000 |
| G 510 | 120,000 |
| C 8813D | 130,000 |
| G 520 | 120,000 |
| G 610s | 140,000 |
| G 700 | 220,000 |
| Ascend P6 | 350,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 185,000 |
| Y 300c (CDMA) | 100,000 |

စက်တင်ဘာ(၁၅)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 497,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 275,000 |
| Sony (LED) | 32EX33 | 325,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 210,000 |
| Samsung | WT10J | 185,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 280,000 |
| Mitsubishi | 1.0HP(Heavy) | 230,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (AAဗိုလ်ယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၄)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

စက်တင်ဘာ(၁၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(26) | 815 | 920 | 920 | 940 |
| Aug(27) | 815 | 920 | 920 | 940 |
| Aug(28) | 815 | 920 | 920 | 940 |
| Aug(29) | 815 | 920 | 920 | 940 |
| Aug(30) | 815 | 920 | 920 | 940 |
| Aug(31) | 815 | 920 | 920 | 940 |
| Sep (1) | 815 | 920 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Asus** | |
| Intel Core i3 1.8GHz,4GB DDR3,500GB HDD, 14" | 484,000 |
| Intel Core i3 1.7GHz,6GB DDR3,HDD 500GB+SSD,24G,HD,14" | 759,000 |
| Intel Core i5 1.8 GHz,4GB DDR3,750GB+ SSD 24G ,15.6" | 881,000 |
| Intel Core i7 2.0 GHz, 4GB DDR3, 750GB HDD,14" | 872,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500HDD, 2GB VGA, 14" | 517,000 |
| Intel Core i5 1.7 GHz,4 GB DDR3,1TB SATA HDD,2GB VGA,15.6" | 687,000 |
| Intel Core i5 1.7 GHz, 4GB DDR3,750GB HDD,1GB VGA,14" | 590,000 |
| Intel Core i7 2.3 GHz, 8GB DDR3,1TB HDD, 2GB VGA,15.6" | 988,000 |
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 426,000 |
| Intel Core i5 1.7 GHz, 6GB DDR3,500GB HDD,HD, 14" | 645,000 |
| Intel Core i5 2.5GHz, 6GB DDR3, 750GD HDD, HD, 14" | 766,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 1TB HDD,2GB VGA, 14" | 1125,000 |

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# ကလေးများအတွက် အတုမြင်အတတ်သင်စေဖို့

မင်းသန်းထိုက် (ဒေးဒရဲ)




ယခုအပတ်ထုတ် 7 Day News ဂျာနယ်(အတွဲ ၁၂၊ အမှတ် ၂၇)ပါ ယနေ့ခေတ်လူငယ်များ အကြားခေတ်စားလာသည့်မျက်နှာနေရာအနှံ့ အပေါက်ဖောက်၍ အလှဆင်သည့်ဖက်ရှင်အကြောင်း ဆောင်းပါးတစ်ပုဒ်ကိုဖတ်ရတော့တိုက်တိုက်ဆိုင်ဆိုင်သည်တစ်ရက်နှစ်ရက်ကပဲ ကျောင်းတစ်ကျောင်းက ဆရာမ တစ်ဦးပြောပြသည့်အကြောင်းလေး တစ်ခုကို သတိရမိပါသည်။

သူတို့ကျောင်းက ရှစ်တန်းကျောင်းသားလေး သုံးလေးယောက်ကျောင်းတက်ချိန်ကြီးမှာ နားရွက်က သွေးတွေထွက်နေသည်ဆို၏။ ဒါနဲ့အတန်းပိုင်ဆရာမက အလန့်တကြားခေါ်မေးတော့မှ ငိုအားထက်ရယ်အားသန်ဖြစ်ကြရသလို ကျောင်းစာမှာသာ သင်တိုင်းမတတ်ရှိရမည်။ ဒါမျိုးကျ တတ်လွယ်လိုက်တာဟုဆိုကာ သက်ပြင်းချမိကြသတဲ့။ ခပ်ရွယ်ရွယ်ကျောင်းသားတစ်ယောက်က အခြားကျောင်းသား သုံးလေးယောက်ကိုနားပေါက် တစ်ပေါက်လျှင် ၅၀ ကျပ်နှုန်းဖြင့် နားဖောက်ပေးသည်ဟုဆိုသည်။ သို့နှင့် ထိုကျောင်းသားကိုခေါ်ယူ စစ်ဆေးကြည့်တော့ အရက်ပြန်ပုလင်းတို့၊ ဝွမ်းစတို့၊ ချိတ်တို့ကို ထိုကျောင်းသားထံမှရရှိသည်ဟုဆို ပါသည်။ အရပ်ထဲက ကာလသား လူငယ်တွေလုပ်တာကိုကြည့်ပြီး ကျောင်းကသူငယ်ချင်းတွေကိုပြန်လုပ်ပေးသည်ဟု ထိုကျောင်းသားကဆိုပါသတဲ့။ အရက်ပြန် ဖိုး၊ ဝွမ်းဖိုးစိုက်ထားရသဖြင့် နားပေါက်တစ်ပေါက်ကိုငွေကျပ်၅၀တောင်းရကြောင်းလည်း ရှင်းပြပါသတဲ့။ ဆရာမတွေလည်း နောက်နောင်ဤကဲ့သို့မလုပ်ရန်ပြောဆိုဆုံးမလွှတ်လိုက်ရသတဲ့ ။ ကျွန်တော့်မှာ နားထောင်ရင်းက အတုမြင်အတတ်သင်တတ်ကြသည့်အရွယ်တွေနှင့် တုလွယ်တတ်လွယ်တွေပေါလှသည့် ယနေ့ခေတ်ရုပ်ပတ်ဝန်းကျင်အကြောင်းစဉ်းစားရင်း သက်ပြင်းမောတွေဘယ်နှကြိမ်မှန်းမသိအောင် ချနေမိပါသည်။

သိပ္ပံပညာ၏ အံ့မခန်းအစွမ်းဖြင့် ယနေ့ခေတ်ရုပ်ပတ်ဝန်းကျင်သည် မယုံကြည်နိုင်စရာပြောင်းလဲလာသည်။ ကျွန်တော်တို့ငယ်စဉ်ဘဝတုန်းကတော့ အပျင်းပြေနားထောင်စရာဆို၍ ရေဒီယိုနှင့်အလှူအတန်းရှိသည့်အခါ တစ်ခါတစ်ရံဖွင့်တတ်သည့် အသံချဲ့စက်သာရှိသည်။ ကက်ဆက်ဆိုတာတောင် ရှစ်တန်း၊ ကိုးတန်းရောက်မှ ရင်းနှီးခဲ့ရသည်။ အပန်းဖြေကြည့်စရာရုပ်ရှင်ဆိုတာလည်း ရုပ်ရှင်ရုံသွားကြည့်မှုဖြစ်သည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲဆိုတာလည်း ဘုရားပွဲရောက်မှကြည့်ရသည်။ ဒါတောင် စပါးထွက်မကောင်းသည့်နှစ်မျိုးဆို လူကြီးတွေက တပေါင်းပွဲမှာဇာတ်ပွဲမထည့်လျှင် ထိုနှစ်အတွက် ပွဲငတ်ရပါသည်။ သည်နေ့ခေတ်မှာတော့ အနိမ့်ဆုံးအနေဖြင့် တီဗီ၊ ဗီဒီယိုလောက်ကတော့ လူတိုင်းနှင့်ရင်းနှီးပြီးဖြစ်သည်။ MP- 4လိုဟာမျိုးလောက်ပင်သိပ်ခေတ်မစားတော့။ ငါးတန်း၊ ခြောက်တန်းကလေးလောက်ပဲ ကိုင်ကြတော့သည်။ ခုနစ်တန်း၊ ရှစ်တန်းကလေးလောက်ဆို ဂိမ်းဆိုင်ရောက်ကုန်ကြပြီ။ အင်တာနက်ဆိုင်ရောက်ကုန်ကြပြီ။

ကျွန်တော်တို့ခေတ် ရုပ်ပတ်ဝန်းကျင်က ရုပ်ရှင်နှင့်ဇာတ်ပွဲလောက်သာရှိသဖြင့် ရုပ်ရှင်မင်းသားလိုဘောင်းဘီအကျပ်ဝတ်ကြသည်။ ပြဇာတ်မင်းသားလို အင်္ကျီကော်လာထောင်ကြသည်။ သည်လောက်သာအတုမြင်အတတ်သင်ကြသည်။ ရုပ်ရှင်၊ ပြဇာတ်တို့၏ ဇာတ်ဝင်ခန်းများတွင်လည်း အမြင်ရိုင်းစရာဇာတ်ကွက်များ ပါလာခဲ့လျှင် အနုပညာမြောက်အောင်ယဉ်ကျေးဖွယ်ရာဖန်တီး၍ ပြကြပါသည်။ သို့အတွက် ကျွန်တော်တို့ခေတ်လူငယ်များမှာ အန္တရာယ်ဖြစ်လောက်အောင် ကူးစက်ခြင်းမခံခဲ့ရပါ။ တေးသီချင်းများတွင်လည်း ရေဒီယိုနှင့် ကက်ဆက်လောက်သာ အထိအတွေ့ရှိသေးသဖြင့် ကိုသန်းလှိုင်လို လွမ်းချင်လွမ်း၊ ကိုတင်လှိုင်လိုဆွေးချင်ဆွေး၊ တွံတေးသိန်းတန်လို ဟစ်ချင်ဟစ်။ နောက်ပိုင်းကာလသားအရွယ်ရောက်လာတော့ဘိုဘိုဟန်လို ‘ဘိုင်စကုပ်ထဲကလို ချစ်ကြတယ်အမိ ××နင်ကိုငါ ချစ်တယ်× ××ငါ့ကိုနင်ချစ်မလား’ဆိုတာ အစွမ်းကုန်ပဲဖြစ်၏။

သည်ခေတ်ရုပ်ပတ်ဝန်းကျင်ကတော့ ရုပ်ရှင်လို အတုဖန်တီးထားတာမဟုတ်သည့် တကယ့်ရာနှုန်းပြည့်အစစ်တွေကိုပဲပြည်တွင်းဖြစ်ကြည့်မလား။ Foreign Made ကြည့်မလား။ ထင်ပေါ်ကျော်ကြားသူတွေထဲကကြည့်မလား။ သာမန်အရပ်သူအရပ်သားထဲက ကြည့်မလား။ ပညာတတ်ဆိုတဲ့အသိုင်းအဝိုင်းတွေထဲကကြည့်မလား။ သုံးဆယ့်နှစ်ကောဋ္ဌာသကိုတစ်ခုချင်းအနုစိတ်သရုပ်ခွဲကြည့်၍ရနေလေပြီ။ ကျွန်တော်တို့ခေတ်ကလို ရုပ်ရှင်ရုံသွားစရာမလိုပါလေပြီ။ ကိုယ့် MP-4၊ ကိုယ့်လက်ကိုင်ဖုန်းထဲမှာ ဒါမှမဟုတ် စတစ်လေးတစ်ခုထဲမှာ။ ဘယ်ကွန်ပျူတာဆိုင်မှာသွားထည့်ထည့် ထည့်၍ရနေလေပြီ။ ဖုန်းအချင်းချင်း ပို့ပေး၍ရနေလေပြီ။

ရုပ်ရှင်လောက၊ တေးသီချင်းလောကတွင်လည်း ယဉ်ကျေးမှုနယ်နိမိတ်တွေ စည်းကျိုးသွားတဲ့ခေတ်ဆိုတော့ ဆံပင်ဆိုးတာ၊ ထောင်တာအစ မျက်နှာအနှံ့ အပေါက်ဖောက်ပြီးအလှဆင်တာအလယ်၊တက်တူးထိုးတာအဆုံးနိုင်ငံရပ်ခြားအနုပညာရှင်များ သာမကပြည်တွင်းကအနုပညာရှင်များပါခေတ်ပေါ်ဖက်ရှင်အဖြစ်ပြုလုပ်နေကြပေပြီ။ ဗီဒီယို၊ ရုပ်ရှင်တွေထဲက အိမ်ထောင်ရေး ဇာတ်ဝင်ခန်းတွေမှာလည်း တကယ့်အစစ်သဖွယ်သဘာဝကျအောင်ရိုက်ပြနေကြလေပြီ။ တေးသီချင်းတွေဆိုလည်း ကိုယ်ပိုင်သံစဉ်တွေကို ခံတွင်းမတွေ့ကြလေတော့။ သည်တော့ ကနေ့ခေတ် လူငယ်တွေ၊ အရွယ်မရောက်သေး သူတွေအတွက်က အတုမြင်အတတ်သင်မှားလျှင် အလွန်ပဲ အန္တရာယ်ကြီးလှပါသည်။

သည်လိုရုပ်ပတ်ဝန်းကျင်က အလျင်အဟုန်ကောင်းကောင်းနှင့် ပြောင်းလဲလာသလို အရက်အစ၊ မူးယစ်ဆေးအလယ်၊ ကာမရာဂစိတ်ကြွဆေးအဆုံး လူငယ်တွေကို လုံးပါးပါးစေမည့်အရာတွေကလည်း နေရာအနှံ့မှာ တိုးတိုးတိတ်တိတ် လွတ်လပ်စွာဝယ်ယူရရှိနေသည်။ စာသင်ကျောင်းတွေအနီးမှာ အရက်ဆိုင်တွေမှိုလိုပေါက်နေသည်။ နေ့စဉ်သတင်းစာတွေမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့်သတင်းတွေဖတ်နေရပါလျက် ဝယ်တတ်လျှင်အလွယ်တကူရနေသည်။ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးလောင်းကစားတွေကလည်း ပျောက်သွားသည်မရှိ။ အဖမ်းအဆီးရှိသည့်အခါ တစ်ရက်၊ နှစ်ရက် ပျောက်သွားသည်။ နောက်တော့ ပိုနေမြဲကျားနေမြဲပင်။ သည်အထဲ ဘွဲ့ရလူငယ်အများစုက အလုပ်မရှိကြတော့ ဂိမ်းဆိုင်တွေ၊ ဘီလီယက်ခုံတွေမှာ အချိန်ကုန်နေကြသည်။ သည်လိုရုပ်ပတ်ဝန်းကျင်အကြား စာရိတ္တဉာဏ်ခံ အားမကောင်းသည့် ကျောင်းသားများအဖို့ အချိန်မရွေးအတုယူမှားနိုင်ကြပါသည်။

တစ်ဖက်မှာ အတုအမြင်မှားစေမည့် ရုပ်ပတ်ဝန်းကျင်က ကြီးထွားနေသလောက် ကလေးသူငယ်၊ ကျောင်းသားများအတွက် စိတ်အခံရင့်သန်စေမည့် ကျောင်းစာကြည့်တိုက်လိုဟာမျိုးတွေကျ အသက်မဝင်တော့တာ ဆယ်စုနှစ်တစ်ခုမကတော့ပြီ။ ကျွန်တော်တို့ငယ်ငယ်ကလို စာကြည့်တိုက်ကတ်ပြားလုပ်ပေးထားပြီး ကျောင်းစာကြည့်တိုက်ကနေ ကျောင်းသားတွေကို စာအုပ်ငှားပေးတာမျိုးမရှိတော့။ ကာယတို့၊ ရသတို့သင်ပေးတာမျိုးတွေမရှိတော့။ အပေါ်ကခိုင်းတာမဟုတ်လျှင် ကျောင်းတွေမှာ ကိုယ့်ဘာသာ စိတ်ကူးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေ ဘာတစ်ခုမှမလုပ်တော့။ မဆလလက်ထက်က တစ်ရွာနှင့်တစ်ရွာစပါးအထွက်တိုးပြိုင်သလို တစ်ကျောင်းနှင့်တစ်ကျောင်း၊ တစ်မြို့နယ်နှင့်တစ်မြို့နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်ပဲ ပြိုင်နေကြတော့သည်။

တစ်ခါပြောင်းလဲလာသည့် ရုပ်ပတ်ဝန်းကျင်ကို အကျိုးရှိရှိအသုံးချလျက် ရုပ်မြင်သံကြားလို အများပြည်သူ ဝန်ဆောင်မှုမီဒီယာတွေမှာ ကျောင်းသားလူငယ်တွေအတွက် ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်မျိုးတွေ ဖော်ဆောင်မပေးနိုင်။ ဘယ်လိုင်းကောက်ဖွင့်လိုက်ဖွင့်လိုက် ခေါင်းစဉ်အမျိုးမျိုးနှင့် အဆိုပြိုင်နေကြတာပဲတွေ့ရသည်။ တစ်ခါတလေများ သီချင်းဆိုနေသည့်အရွယ်က ဆယ်နှစ်သာသာလောက်ရှိသေးသည်။ ဆိုနေသည့်သီချင်းက တစ်ချစ်တည်းချစ်နေတော့သည်။ အဲဒါကိုပဲ လူကြီးတွေက အရွယ်နှင့်မလိုက်အောင် မှုပြစူပြ၊ ညုပြနုပြနေသည်ကို သဘောကျနေကြသေးတော့သည်။ ဩော်. . . သူ့အရပ်နှင့်သူ့ဇာတ်ကတော့ အံကိုက်ပဲဟဟု အောက်မေ့မိ၏။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် တန်ဖိုးရှိသောလူ့အရင်းအမြစ်တွေများများရှိဖို့လိုသည်။ ကလေးသူငယ်ဟူသည် အတုမြင်အတတ်သင်တတ်သူများဖြစ်၏။ သူကြုံတွေ့ကျင်လည်ရာပတ်ဝန်းကျင်သည် သူ၏စာရိတ္တစိတ်အခံကိုပြုပြင်ပေး၏။ ကလေးတွေတန်ဖိုးရှိသောလူ့အရင်းအမြစ်များဖြစ်လာဖို့ ပတ်ဝန်းကျင်ကောင်းလိုပါသည်။ ကလေးများအတွက် ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးရမည်မှာ ကျွန်တော်တို့လူကြီးများ၏ တာဝန်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးမပေးနိုင်ပါဘဲနှင့်တော့ လူမွန်၊ လူချွန်ကလေးတွေလိုချင်၍မရနိုင်ပါ။

နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ကို စိတ်ရင်းအမှန်ဖြင့် တကယ်မြင်တွေ့လိုပါလျှင် ‘ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့’ဟု ဆိုင်းဘုတ်တွေလိုက်ထောင်နေမည့်အစား ကလေးများအတွက် အတုကောင်းတွေအတတ်သင်စေနိုင်မည့် ပတ်ဝန်းကျင်ကောင်းတွေ များများဖန်တီးပေးဖို့လိုအပ်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အကြံပြုအပ်ပါသည်။ ။

# Technology

7DAY NEWS JOURNAL

Vol.12, No.28 • SEPTEMBER 18 , 2013


## ပြည်တွင်းဆက်သွယ်ရေးကုမ္ပဏီနှစ်ခု ပြည်ပကုမ္ပဏီများနှင့် တန်းတူဝန်ဆောင်မှု ပေးမည်ဟုဆို

**ဆွေမွန်**

**နေပြည်တော်၊ စက်တင်ဘာ-၁၃**

အော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့် ပြည်တွင်းကုမ္ပဏီနှစ်ခုနှင့် တန်းတူဝန်ဆောင်မှုမျိုး ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ရန်အတွက် ပြည်ပကုမ္ပဏီနှစ်ခုဖြစ်သည့် Telenor နှင့် Ooredoo ကုမ္ပဏီနှစ်ခုကို ရွေးချယ်ထားပြီး ပြည်တွင်းမှလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့က လုပ်ကိုင်ခွင့်ရရှိထားခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအတွက် ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာများကို ဝန်ဆောင်မှုပေးနေသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို သီးခြားအော်ပရေတာလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲပြီး အခြားအော်ပရေတာများနည်းတူ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မော်က ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှယခင်ကတာဝန်ယူလုပ်ကိုင်နေသည့်ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို ပုဂ္ဂလိကသို့ပြောင်းလဲလုပ်ကိုင်စေမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အစိုးရမှ ခွဲထွက်ပြီး သီးသန့်အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်မည်ဖြစ်ကာ အခြားအော်ပရေတာကုမ္ပဏီများနှင့် တန်းတူအခွင့်အရေးသာရရှိမည်ဖြစ်ကြောင်း ဦးအောင်မော်က ဆိုသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီသည်ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများကို နိုင်ငံတကာဝန်ဆောင်မှုများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရတနာပုံတယ်လီပို့မှ ဆောင်ရွက်နေမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ကြောင်းရတနာပုံတယ်လီပို့ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးရှိုင်းက ပြောသည်။

ရတနာပုံ တယ်လီပို့အနေဖြင့် အများပိုင်ကုမ္ပဏီအဖြစ်ပြောင်းလဲထားပြီး ပြည်ပကုမ္ပဏီများနည်းတူ ဆင်းမ်ကတ်များကိုလည်း လိုအပ်သည့်နေရာတိုင်းတွင် ရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

လက်ရှိဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလိုင်စင်ရရှိထားသည့် Telenor ကုမ္ပဏီကလည်း ဆင်းမ်ကတ်များကို ကျပ် ၁,၅၀၀ နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ဖုန်းခေါ်ဆိုခနှုန်းထားကို တစ်မိနစ်လျှင် ၂၅ ကျပ်သာ ကောက်ခံမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်က ပြောကြားထားသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများကို ပြည်တွင်းပြည်ပကုမ္ပဏီလေးခုကတာဝန်ယူလုပ်ကိုင်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဝန်ဆောင်မှုလုပ်ငန်းများကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၈၀ ရာခိုင်နှုန်းကျော် မိုဘိုင်းဖုန်းသုံးစွဲနိုင်ရန် ရည်မှန်းထားကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။



iPhone 5S တွင်ပါဝင်သော လုပ်ဆောင်ချက်များအား ရှင်းလင်းပြသနေစဉ်

## iPhone 5S ၏ သွင်ပြင်လက္ခဏာများ

**လန်ဒန်၊စက်တင်ဘာ-၁၃**

Apple ကုမ္ပဏီမှ နောက်ဆုံးထွက်ရှိထားသည့် iPhone 5S မှာ လက်ဗွေရာနှိပ်၍ ဖွင့်ရသောစနစ်၊ အဆင့်မြှင့်ထားသော ကင်မရာနှင့် ယခင် iPhone မျိုးဆက်များထက် အသုံးချနိုင်မှု နှစ်ဆမြန်ဆန်မည်ဖြစ်ကာ မှတ်ဉာဏ် 16GB ရှိသော iPhone 5S ကို ကန်ဒေါ်လာ ၆၄၉ ဒေါ်လာဖြင့် စတင်ရောင်းချပေးမည်ဖြစ်သည်။

32GB iPhone 5S ၏ ဈေးနှုန်းမှာ ၇၄၉ ဒေါ်လာဖြစ်ပြီး 64GB ကို ၈၄၉ ဒေါ်လာဖြင့် ရောင်းချပေးနေသည်။ iPhone 5S ကင်မရာ၏ ပုံရိပ်ဖမ်းယူနိုင်မှု အရွယ်အစားကို တိုးမြှင့်ထားပြီး ပိုမိုကောင်းမွန်သော ဓာတ်ပုံများကို အလင်းရောင်ညှိနှိုင်းပေးသည့် စနစ်ဖြင့် ရိုက်ကူးနိုင်မည်ဖြစ်သည်။

စကားဝှက် (password)များ မှတ်သားထားစရာမလိုတော့သည့် iPhone 5S ၏ လုံခြုံရေးစနစ်တွင် လက်ဗွေရာနှိပ်၍ ဖွင့်ရသော Touch ID ဟုခေါ်သည့် စနစ်ကို အသုံးပြုထားပြီး လက်ဗွေရာငါးခုအထိ မှတ်သားထည့်သွင်းထားနိုင်ပြီး ယင်းစနစ်ကိုသုံး၍ တေးသီချင်းများ၊ Application များနှင့် Video များလည်း ဝယ်ယူနိုင်မည်ဖြစ်သောကြောင့် မိမိဝယ်ခွင့်မပြုလိုသူများ၏ အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။ မျက်နှာပြင်မှာ retina အမျိုးအစားလေးလက်မအကျယ်ရှိ မျက်နှာပြင်ဖြစ်ပြီးအရောင်အသစ်တစ်မျိုးဖြစ်သည့် ရွှေရောင်ဖြင့်လည်း ထုတ်လုပ်ထားသည်။

အခြားသော iPhone အမျိုးအစားများအတွက်လည်း ရရှိနိုင်မည့် iOS7 ကို iPhone 5S တွင် အသုံးပြုထားပြီး 64Bit ရှိ ဗိသုကာပညာအသစ်တစ်ရပ်ဖြင့် A7 ပရိုဆက်ဆာကို ပေါင်းစပ်အသုံးပြုထားသောကြောင့် အသုံးချနိုင်မှုမှာ ယခင် iPhone များထက်နှစ်ဆပိုမြန်သည်။ ဘက်ထရီသက်တမ်းမှာ စကားပြောချိန် ၁၀ နာရီ၊ LTE ရှာဖွေအသုံးပြုချိန် ၁၀ နာရီနှင့် အသင့်အနေအထား ထားရှိနိုင်ချိန် နာရီ ၂၅၀ ကြာ အသုံးပြုနိုင်သည်။ သို့သော် အမှန်တကယ် ဘက်ထရီအသုံးပြုမှုသက်တမ်းမှာမူအပြောင်းအလဲရှိမည်ဖြစ်သည်။

*—Ref: Guardian*







# Myanmar Connect ဆွေးနွေးပွဲကြောင့် ပြည်တွင်းပြည်ပ နည်းပညာ ကုမ္ပဏီများ ပိုမိုချိတ်ဆက်လာနိုင်

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

နိုင်ငံတကာမှ ဆက်သွယ်ရေးလုပ်ငန်းများ ချိတ်ဆက်ပြီး ပထမဦးဆုံး အကြိမ်ပြုလုပ်သည့် Myanmar Connect 2013 ဆွေးနွေးပွဲကြောင့် နိုင်ငံခြားဆက်သွယ်ရေး ကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများ ဆက်လာနိုင်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်သည်။

မြန်မာ့တယ်လီကွန်းဈေးကွက်နှင့် နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းများကို ချိတ်ဆက်၍ ပြည်တွင်း ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီများလည်း ပါဝင်သည့် ထိုဆွေးနွေးပွဲကို စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်တိုင် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆက်သွယ်ရေး ဆွေးနွေးပွဲကို နေပြည်တော်ရှိ MICC တွင် ကျင်းပပြုလုပ်ခဲ့ပြီး ထိုပွဲနှင့် တစ်ပြိုင်နက် Economic Forum ကိုလည်း ကျင်းပပြုလုပ်ခဲ့ကာ နိုင်ငံတကာမှ ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီအများအပြား တက်ရောက်ခဲ့သည်။ ထိုသို့ တက်ရောက်သူအများစုမှာ လက်ရှိ အော်ပရေတာများနှင့် ချိတ်ဆက်လုပ်ကိုင်မည့် အများစုလည်း ပါဝင်လာနိုင်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်




"အော်ပရေတာတွေနဲ့ ပူးပေါင်းပြီး လုပ်မယ့် ကုမ္ပဏီအများစုလည်း ဖြစ်လာနိုင်တယ်လေ။ သူတို့ဆီကလည်း နည်းပညာတွေက အသုံးချသွားနိုင်လာမယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။ ထို့ပြင် ပြည်တွင်း၌ လက်ရှိတွင် ဆက်သွယ်ရေးကုမ္ပဏီအဖြစ် သီးသန့်ရပ်တည်သည့် ကုမ္ပဏီမရှိသေးသော်လည်း လုပ်ကိုင်ခွင့် ရရှိလာပါက ယခုကဲ့သို့ နိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာနိုင်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

Myanmar Connect 2013 ဆွေးနွေးပွဲသို့ ဆက်သွယ်ရေးကဏ္ဍတွင် လုပ်ကိုင်နေသူများ အပါအဝင် လူဦးရေ ၄၀၀ ကျော် တက်ရောက်ခဲ့သည်။ လက်ရှိ ဆက်သွယ်ရေးဝန်ဆောင်မှု ပေးနေသူများ၊ ဆက်သွယ်ရေးကုမ္ပဏီများ၊နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ ဈေးကွက်ကျွမ်းကျင်သူများနှင့် လက်ရှိပြည်တွင်း၌ လုပ်ကိုင်နေသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအပါအဝင် ကွန်ပျူတာပညာရှင် အများအပြားလည်း တက်ရောက်ခဲ့ကြသည်။




# ဝီကီလိခ်အဖွဲ့ အသုံးပြုခဲ့သည့် အင်တာနက်ဆာဗာကို ကန်ဒေါ်လာ ၃၃,၀၀၀ ဖြင့် ရောင်းချ




**စတော့ဟုမ်း၊ စက်တင်ဘာ-၁၃**

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် ဖြစ်ပွားခဲ့သော အမေရိကန်စစ်ပွဲများအကြောင်းနှင့် သံတမန်ရေးရာ ဆက်သွယ်မှုမြောက်မြားစွာကို ၂၀၁၀ ပြည့်နှစ်အတွင်း ဖော်ပြချိန်က ဝီကီလိခ်အဖွဲ့ အသုံးပြုခဲ့သည့် ဆာဗာကို ကန်ဒေါ်လာ ၃၃,၀၀၀ ဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ရောင်းချလိုက်သည်။

ထိုအချိန်က ဝီကီလိခ်အဖွဲ့ကို လက်ခံဆောင်ရွက်ပေးခဲ့သည့် ဆွီဒင်အင်တာနက်လုပ်ငန်း (Bahnhof)က Dell ဆာဗာကို အင်တာနက်ဈေးကွက် eBay မှ ရောင်းချလိုက်ခြင်းဖြစ်သည်။

ယင်းဆာဗာကို "ကျွန်တော်တို့ခေတ်ရဲ့အမွေ"ဟု Bahnhof လုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် ဂျွန်ကာလွန်ကခေါ် ဆိုပြီး ဝယ်ယူသူမှာ ဆွီဒင်နိုင်ငံသားမဟုတ်ကြောင်း ပြောကြားသည်။ ယင်းဆာဗာတွင်ပါဝင်သည့် အချက်အလက်များကို ပယ်ဖျက်ပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

ယင်းရောင်းချမှုမှရရှိငွေထက်ဝက်ကို မီဒီယာဥပဒေလွတ်လပ်ရေး ဆောင်ရွက်နေသည့်နယ်စည်းမထားသတင်းထောက်များအဖွဲ့သို့ လှူဒါန်းမည်ဖြစ်ပြီး ကျန်ထက်ဝက်ကို အင်တာနက်တွင် ပုဂ္ဂိုလ်ရေးနှင့် လွတ်လပ်ခွင့်အတွက် ဆောင်ရွက်နေသည့် July Foundation အား(၅)ကြိမ်မြောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း ဂျွန်ကာလွန်ကပြောသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



# “တစ်ဦးနှင့် တစ်ဦး သံသယကင်းအောင် ယုံကြည်မှုခိုင်မာအောင် တည်ဆောက်ဖို့ လက်တွေ့မှာ အလွန်ခက်ခဲပါတယ်”

## သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

**မင်းဟိန်းကျော်**



ဓာတ်ပုံ- မင်းဟိန်းကျော်

၂၀၁၃ ခုနှစ်၏ ထူးခြားမှုများတွင် ဘာသာရေးအဓိကရုဏ်းဖြစ်ပွားမှုများခဲ့ခြင်းလည်း ပါဝင်သည်။ မိတ္ထီလာ၊ ဥက္ကံ၊ ပဲခူးအနောက်ခြမ်း၊ လားရှိုး၊ ထန်းကုန်းစသည့် ဒေသများတွင် ဘာသာရေး၊ လူမျိုးရေးအသွင် အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး အစိုးရနှင့် အရပ်အဖွဲ့အစည်းများက အလားတူ အဓိကရုဏ်းမျိုး မဖြစ်ပွားရန် ကြိုးပမ်းနေရဆဲဖြစ်သည်။ ထိုကဲ့သို့ ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် ကျန်အချိန်များထက် သာသနာရေးဝန်ကြီးဌာနကိုလူထု၏အာရုံစူးစိုက်မှုယခင်ကထက်ပိုများလာသည်။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ သာသနာရေးပြည်ထောင်စုဝန်ကြီးအဖြစ် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးထားသော ဦးဆန်းဆင့်ကို ပဋိပက္ခများနှင့်ပတ်သက်၍ မေးမြန်းထားသည်များကို စာဖတ်သူများအတွက် ကောက်နုတ်ဖော်ပြလိုက်ရပါသည်။ မေးခွန်းများ မေးမြန်းရာတွင် စာပို့မေးမြန်းခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးကလည်း စာဖြင့်ပြန်လည်ရေးသား ဖြေကြားပေးခဲ့ခြင်းဖြစ်ပါသည်။

**သာသနာရေးဝန်ကြီးအဖြစ် တာဝန်ယူပြီး မကြာခင်မှာပဲ မိတ္ထီလာ၊ ဥက္ကံ၊ ပဲခူး အနောက်ခြမ်း၊ လားရှိုး၊ ထန်းကုန်းတို့မှာ ဘာသာရေး အဓိကရုဏ်းတွေ ဆက်တိုက်ဖြစ်ပေါ် လာခြင်းအပေါ် ဘယ်လို သုံးသပ်ပါသလဲ။**

မိတ္ထီလာ၊ ဥက္ကံ၊ လားရှိုးကဲ့သို့ လူမျိုးရေး ဘာသာရေးအဓိကရုဏ်းတွေဆက်တိုက်ဖြစ်ပေါ်လာတာဟာ သာမန် လူမှုပဋိပက္ခ၊ မကျေနပ်ချက်တွေကို အခြေခံပြီး ဘာသာရေးကို Political Platform အဖြစ် အသုံးချလိုသူတွေ၊ ဘာသာရေးနဲ့ လူမျိုးရေး အသွင်ဖြစ်အောင် ဖန်တီးပြီး ပဋိပက္ခ ဖြစ်အောင် လုပ်လိုသူတွေက လုပ်ဆောင်တာဖြစ်တယ်လို့ ယူဆပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ အရှိန်တည်ငြိမ်အောင် ဆောင်ရွက်နေဆဲကာလမှာသာမန် ပဋိပက္ခကိစ္စတွေကို မကြာခဏ ဖန်တီးလာတာကြောင့်၊ အရင်အရှိန်မသေသေးခင် ထပ်မံဆွပေးလိုက်သလိုဖြစ်ပြီး ဘာသာရေး အဓိကရုဏ်းတွေဆက်တိုက်ဖြစ်ပေါ်နေရတာ ဖြစ်ပါတယ်။ ပူပြင်းနေတဲ့အချိန်၊ မီးလောင်လွယ်တဲ့အချိန်မှာလောင်စာပေါ် ကိုမီးပွားလေးချပေးလိုက်တာနဲ့၊ ပွတ်တိုက်မှုတွေဖြစ်စေလိုက်တာနဲ့ မီးလောင်စေတာဖြစ်ပါတယ်။ ဖြစ်ပျက်တဲ့ကိစ္စတွေဟာ အသေးအဖွဲ့ပဋိပက္ခတွေက စတင်ပြီး တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု နည်းပါးမှု၊ လူမျိုးရေးကွဲပြားမှုတို့ကြောင့် ခုလို ဆက်တိုက်ဖြစ်ပွားရတယ်လို့သုံးသပ်မိပါတယ်။

**သာသနာရေးဝန်ကြီးဌာနက အရင် လူထုစိတ်ဝင်စားမှုနည်းပါးတဲ့ ဌာနဖြစ်ခဲ့ပေမယ့် အခုနောက်ပိုင်း ဘာသာရေးနဲ့ဆက်နွှယ်တဲ့အကြမ်းဖက်မှုတွေဖြစ်ပွားပြီးနောက်လူထုအာရုံစိုက်တဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်လာပါတယ်။ အခုလိုအထိခိုက်မခံဘဲ အလွန်အရေးကြီးတဲ့ အခြေအနေမှာ လူကြီးမင်းအနေနဲ့ တာဝန်တွေကိုထမ်းဆောင်တဲ့အခါအဓိကကြုံတွေ့ရတဲ့ စိန်ခေါ်မှုကဘာတွေပါလဲ။**

သာသနာရေး ဝန်ကြီးဌာနဟာ နိုင်ငံတော်အတွင်း ကိုးကွယ်ယုံကြည်မှုဖြစ်တဲ့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနဲ့ တခြားနတ်ကိုးကွယ်တဲ့ ဘာသာအားလုံးတို့ရဲ့ အရေးအရာတွေကို ဆောင်ရွက်ပေးရတဲ့ ဌာနဖြစ်ပါတယ်။ မိမိတို့ယုံကြည်ရာဆည်းကပ် ကိုးကွယ်ရာ၊ ဘာသာတရား အဆုံးအမအတိုင်း လိုက်နာကျင့်သုံးခြင်းက လူပုဂ္ဂိုလ်တိုင်းရဲ့ ပုဂ္ဂလိကလွတ်လပ်ခွင့်ဆိုတာ မှန်သော်လည်း ဘာသာတရားယုံကြည်ကိုးကွယ်မှုကိစ္စက ထိလွယ်၊ ရှလွယ်တဲ့ အရေးအရာဖြစ်ပြီး မတူကွဲပြားတဲ့ ဘာသာသာရေး ယုံကြည်သူတွေဖြစ်လို့ စိတ်ဓာတ်၊ အယူအဆပြင်းထန်သူတွေက အကြမ်းဖက်မှုတွေ၊ အရေးအခင်းတွေ ဖြစ်လာအောင် ဖန်တီးလှုံ့ဆော်ခဲ့တဲ့အခါ လူစိတ်ဝင်စားမှု ဖြစ်လာပါတယ်။ အဓိကကြုံတွေ့ရတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ဒေါသရှေ့ထားပြီး အသင့်ပြင်နေချိန်၊ အပြန်အလှန် ယုံကြည်မှု အားနည်းနေချိန်မှာ နှစ်ဖက်မျက်နှာချင်းဆိုင်ခိုင်းဖို့အတင်းအကျပ်လုပ်ဖို့ မသင့်လျော်ဘူးလို့ ယူဆမိပါတယ်။ မတူကွဲပြားတဲ့ ယုံကြည်မှုတွေက ထိခိုက်ရှလွယ်တဲ့ကိစ္စတွေဖြစ်လို့ တစ်ဦးနဲ့ တစ်ဦးသံသယကင်းအောင်၊ ယုံကြည်မှုခိုင်မာအောင် တည်ဆောက်ရမှာဖြစ်သော်လည်း တကယ်လက်တွေ့လုပ်ဆောင်ရာမှာ လွန်စွာခက်ခဲတာတွေ့ရပါတယ်။

**ပဋိပက္ခတွေ ဖြစ်ပေါ်လာရတာဟာနောက်ကွယ်မှသွေးထိုးမြှောက်ပင့်သူ (သို့မဟုတ်) အပြောင်းအလဲကို မလိုလားတဲ့ လူတစ်ဦး၊ လူတစ်စုရဲ့ ဖန်တီးမှုကြောင့် ဖြစ်ပွားတယ်လို့ ပြောဆိုသုံးသပ်မှုတွေ ရှိနေပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဘယ်လိုသုံးသပ်ပါသလဲ။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးနေချိန်ဖြစ်လို့ နောက်ကြောင်း ပြန်လိုသူ၊ အပြောင်းအလဲ မလိုလားသူ၊ နိုင်ငံရေး၊ လူမျိုးရေး အစွန်းရောက်သူတွေအပြင် လူမျိုးရေးနဲ့လူမျိုးစုကိစ္စတွေကို ရှေ့တန်းတင် တရားဝင်ဖြစ်လိုသူတွေက နိုင်ငံတွင်းကိစ္စကို ဒေသကြီးအသွင်၊ အိမ်နီးချင်း နိုင်ငံချင်းကိစ္စအသွင်ဖြစ်အောင်ဖန်တီးလိုမှုတွေကြောင့် ဖြစ်တယ်လို့ ဆက်စပ်ယူဆနိုင်ပါတယ်။ သာဓကအနေနဲ့ တိုင်းမ်မဂ္ဂဇင်းလို မြန်မာနိုင်ငံရှိဗုဒ္ဓဘာသာဝင်တွေရဲ့ ဘာသာရေး ယုံကြည်မှုနဲ့ ဗုဒ္ဓဘာသာရဲ့အနှစ်သာရကို မသိရှိဘဲ ဗုဒ္ဓဘာသာကို ကမ္ဘာက အထင်အမြင် လွဲစေတဲ့ချဲ့ကားဖော်ပြမှုဖြစ်သလို ပဋိပက္ခ ဖြစ်အောင် ဖန်တီးလှုံ့ဆော်မှုနဲ့ မသက်ဆိုင်လို့ပြောဆိုဖို့ ခက်ခဲပါတယ်။

**ဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရချိန်ကစပြီး ဖြေလျှော့မှု၊ပြောင်းလဲမှုတွေကိုဆက်တိုက်လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ဆက်လက်ပြီး ဘယ်လိုအချက်တွေကို ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ်ရှိပါသလဲ။**

ဝန်ကြီးဌာနကဖြေလျှော့ပေးထားတာတွေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအပေါ် သာသနာရေးဝန်ကြီးဌာနသို့ အဆင့်ဆင့်ထောက်ခံချက်တောင်းရန်မလိုဟု ဖြေလျှော့ပေးတာ။

(၂) ဘာသာရေး အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ မူလပုံစံမပျက်ဆောက်လုပ်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့နဲ့ ပတ်သက်ပြီး သာသနာရေးဝန်ကြီး ဌာနသို့ တင်ပြခွင့်ပြုချက် အဆင့်ဆင့် ရယူရန် မလိုဘဲ (သဘောထားသာပေးခြင်း)။

(၃) ရှင်ပြု၊ ပဉ္စင်းခံ၊ တရား၊ ဓမ္မပွဲလမ်းသဘင်များစသည့် ဘာသာရေးပွဲ မိန့်များကို သာသနာရေးဝန်ကြီးဌာနသို့ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့၏ ခွင့်ပြုမိန့်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း ဖြေလျှော့တာ။

(၄) တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိဆရာတော်ကြီးများရဲ့ သာသနာပြုလုပ်ငန်းများ အဆင်ပြေစေရေး မော်တော်ယာဉ်တင်သွင်းရန် မေတ္တာရပ်ခံလာပါက ကုန်ပို့လွှာတင်ပြရန်မလိုဘဲ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်သွင်းခွင့် ရရှိရေးထောက်ခံပေးတာ။ ဒါ့အပြင် ဘာသာကြီးလေးခုအနက် လူအများစုဆည်းကပ်ကိုးကွယ်သည့် ဗုဒ္ဓဘာသာအဆုံးအမ တရားတော်များသည် လေ့လာစရာ ကျယ်ပြန့်ပါတယ်။ ဗုဒ္ဓဘာသာရဟန်းသံဃာ ငါးသိန်းကျော်ရှိသည့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများကလည်း များပြားပါသည်။ အခြားဘာသာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းရမှုများ၊ ဖြေရှင်းရမှုများလည်း ရှိပါတယ်။ ထပ်ပြီးပြင်ဆင်ပြောင်းလဲ ဖြေလျှော့ရန် လျာထားမှုတွေကတော့

(၁) ဘုရား၊ စေတီ(ဂေါပကအဖွဲ့)စည်းမျဉ်း ဥပဒေများကို ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီအောင်၊ တရားဓမ္မ၊ ကျမ်းဂန်၊ အစဉ်အလာများနှင့်လည်း ကိုက်ညီအောင် အသစ်ပြင်ဆင်ရေးဆွဲဖို့။

(၂) ဘာသာအသီးသီး၏ ဘာသာရေးဆောင်ရွက်ချက်များကို သက်ဆိုင်ရာ စာပေကျမ်းဂန်နှင့် ကိုက်ညီအောင် ဆောင်ရွက်စေဖို့၊ ဘာသာရေး၊ ဗုဒ္ဓယဉ်ကျေးမှု အခမ်းအနားပွဲများ၌ အခါတော်ပေးများနှင့် ဝေဒ၊ နက္ခတ်၊ ရိုးရာအစွဲအလမ်းကြီးသူများ၊ ဘာသာရေးခေါင်းဆောင်အချို့တို့၏ အယူအဆအသီးသီးတို့၏ ဒေသအလိုက် အယူအဆကွဲပြားမှုကို ဓမ္မစာပေ၊ ကျမ်းဂန်နှင့်အညီ၊ ဆရာတော်ကြီးများ၏ ဩဝါဒ၊ အစဉ်အလာများနှင့်အညီ ဆောင်ရွက်စေဖို့။

(၃) ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ရွေးချယ်မှုတွင် အချိန်မီ မှန်မှန်ကန်ကန် ရွေးချယ်ရေး၊ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသည့် ဘွဲ့တံဆိပ်များဖြစ်ရေးနဲ့ ထိုက်တန်သည့် ဘွဲ့တံဆိပ်များ ရွေးချယ်နိုင်ရေးတို့ကို စိစစ်ကြီးကြပ်ဆောင်ရွက်ဖို့။

(၄) အရင်က ဗုဒ္ဓဂယာ ဘုရားဖူးစေလွှတ်ခြင်းကို သာသနာရေးဝန်ကြီးဌာန၏ ကြပ်မတ်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး ဘုရားဖူးအဖွဲ့ ငါးဖွဲ့ကို သာသနာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်ခဲ့ပါတယ်။ အခုအခါ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းမှ ဘုရားဖူးစေလွှတ်ရေးကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းစေပြီး ၎င်းကော်မတီ၏ ကြပ်မတ်မှုဖြင့် ဘုရားဖူးစေလွှတ်ရေး ကုမ္ပဏီများမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များပါဝင်သော ဘုရားဖူးစေလွှတ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းကာ ဝန်ကြီးဌာနက ဆောင်ရွက်ခြင်း မပြုဘဲ ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်မှုကို လွတ်လပ်စွာဆောင်ရွက်စေဖို့။

(၅) ဟာ့ဂျ်ဘုရားဖူးစေလွှတ်ရေးကိုလည်း ယခင်က သာသနာရေးဝန်ကြီးဌာန၏ ကြပ်မတ်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး မက္ကာမြို့ အခမဲ့တည်းခိုနေထိုင်ခွင့် ဗီဇာ ၃၅၀ ကို သာသနာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်ခဲ့ပါတယ်။ အခုအခါ အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ဟာ့ဂျ်ဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းကော်မတီရဲ့ ကြပ်မတ်မှုဖြင့် ဟာ့ဂျ်ဘုရားဖူးခရီးသွားကုမ္ပဏီများမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များပါဝင်သော ဘုရားဖူးစေလွှတ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းကာ ဟာ့ဂျ်ဘုရားဖူးစေလွှတ်မှုကို ဆောင်ရွက်စေပါတယ်။ ဒါ့အပြင် အရင်က သာသနာရေးဝန်ကြီးဌာနမှ ကိုင်တွယ်ဆောင်ရွက်တဲ့ မက္ကာမြို့ အခမဲ့တည်းခိုနေထိုင်ခွင့် ဗီဇာ ၃၅၀ ကိုလည်း ဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းကော်မတီသို့ လွှဲအပ်ပေးခဲ့ပြီး ဟာ့ဂျ်ဘုရားဖူးစေလွှတ်မှုကို လွတ်လပ်စွာဆောင်ရွက်စေခြင်း။

(၆) အရင်က ထင်မြင်ယူဆနေကြသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် သာသနာရေးဝန်ကြီးဌာန၏ သဘောဆန္ဒအတိုင်းသာ ဦးစားပေးဆောင်ရွက်မှုများ ရှိနေသည်ဆိုသည်မှာ မဟုတ်ဘဲ သာသနာရေးဝန်ကြီးဌာနအနေဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး သာသနာ့တာဝန်နှင့် နိုင်ငံ့တာဝန်နှစ်ရပ်ကို အလေးထားဆောင်ရွက်နေခြင်း။

(၇) သာသနာရေးဝန်ကြီးဌာနသည် ဘာသာသာသနာလုပ်ငန်း ဆောင်ရွက်မှုများကိုလည်း အစိုးရတစ်ခုတည်း၊ ဝန်ကြီးဌာနတစ်ခုတည်း အနေဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ဘဲအများဆန္ဒသဘောထားနဲ့အညီ ဆောင်ရွက်လျက်ရှိခြင်း။

**စာမျက်နှာ (၃၂)သို့**

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# မင်းဒင်ရဲ့ သက်ခိုင် (၂)

မင်းဒင်




(ယခင်အပတ်မှ အဆက်)

**အခန်း(၅)**

**လေထန်လျှင် ရေဆန်ကိုဖြတ်မည်**

'ကောလင်းမက်ကေဟာ ဒီနေရာမှာ မြန်မာ့အောင်ပွဲကို ချက်ချင်းရေးမပြဘဲ ယိုးဒယားဘက်က ခံစစ်ပြင်ဆင်ပုံကို ရေးပြထားတယ်။ ကျွန်တော်ဖတ်နေတုန်းပဲဗျ မလောပါနဲ့။ ပြောဖြစ်ဦးမှာပါလေ'

'ဒါနဲ့ အဲဒီခေတ်က မြန်မာ့ရေတပ်ဟာ တော်တော်အင်အားကြီးပုံပေါ်တယ်ဗျာ။ မြန်မာ့ရေတပ်ရဲ့ တိုက်လှေတွေ ဘယ်လိုဟာတုံးဆိုတာ အခုခေတ်မှာလက်ဆုပ်လက်ကိုင်ပြစရာတောင်မရှိလောက်တော့ဘူးထင်ပါရဲ့'

'အင်္ဂလိပ်ဘာသာနဲ့ကတော့ War Boat လို့ ရေးထားတယ်ဗျ။ တစ်စီးကိုတပ်သားသုံးဆယ်ကနေ ခုနစ်ဆယ်အထိ ဆံ့တယ်လို့ဆိုတယ်။ ကျွန်တော်ပဲညံ့လို့လားမဆိုနိုင်ဘူး။ မြန်မာတိုက်လှေတွေကို ဆရာညိုမြရဲ့ ကုန်းဘောင်ရှာပုံတော်စာအုပ်ထဲမှာ ပန်းချီလိုလို၊ ဓာတ်ပုံလိုလို မှုန်ဝါးဝါးသာမြင်ခဲ့ရဖူးတယ်'

'နေပါဦးဗျ။ အဲဒီတိုက်ပွဲမှာ ဖူးခက်သားတွေကို မြန်မာတပ်က လိုက်ဖမ်းပြီး ကျွန်အဖြစ် မြန်မာပြည်ကိုပို့တယ်ဆိုတာ ဘယ်လိုဟာကြီးတုံး။ မြန်မာပြည်မှာ ထိုင်းလူမျိုးကျွန်တွေ ရှိခဲ့တယ်လို့ ကျွန်တော်တော့ မကြားမိဘူး'

'စစ်ပွဲမှာ သုံ့ပန်းအဖြစ် ဖမ်းခေါ်လာတာကို သမိုင်းဆရာကချဲ့ကားတယ်လို့သာ ကျွန်တော်ယူဆတယ်။ မြန်မာတပ်သားကို ယိုးဒယားက ဖမ်းမိရင်လည်း သုံ့ပန်းဖြစ်တာပါပဲ။

နောက်တစ်ချက် အင်အားတစ်သောင်းသုံးထောင်ကျော်ရှိတဲ့ မြန်မာ တပ်မဟာကြီးဟာ ခံတပ်ထဲက ဖူးခက်သားခြောက်ရာကို ခရုခါးတောင်းကျိုက်ဖမ်းနေပုံမျိုးရေးထားတာကလည်း သဘာဝတော့ မကျလှဘူး။ ဒါကြောင့် သမိုင်းကိုဖတ်ရာမှာ ဆင်ခြင်တုံတရားလိုတယ်လို့ ကျွန်တော်ပြောခဲ့တာပေါ့'

'ခင်ဗျားက ရှေးဘဝနောက်ဘဝတွေအကြောင်း ပြောပြောနေတော့ ဖူးခက်မြို့ကိုမြေလှန်၊ မီးတိုက်ပြီး သုံ့ပန်းတွေ ဖမ်းခေါ်လာဖူးတဲ့ ကျွန်တော်တို့ မြန်မာတွေ ဒီခေတ်မှာ ဖူးခက်ကအဆောက်အအုံတွေကို ပန်းရန်ကူလီဘဝနဲ့ ဝဋ်ကြွေးပြန်ဆပ်နေရတယ်လို့ ကောခင်ဗျားမတွေးမိဘူးလားဗျာ'

'အင်း တွေးမယ်ဆိုတွေးချင်စရာပါပဲ။ စစ်တပ်ကြီးကို အလွန်အမင်းအားကိုးချင်ကြတဲ့ မြန်မာလူမျိုးတွေရဲ့ ညံ့ချက်လည်းပါသပေါ့ဗျာ။ ဘာတဲ့ တပ်မတော်သာအမိ၊ တပ်မတော်သာအဖဆိုလားဗျာ'

'ဒါနဲ့ ခင်ဗျားဥစ္စာဖူးခက်သမိုင်းကို ခရေစေ့တွင်းကျပြောနိုင်လှချည်လား။ အလွတ်ကျက်ထားတယ်လို့တောင် ထင်ရတယ်။ ရှင်းစမ်းပါဦးဗျာ'

'အရေးထဲစွတ်အထင်ကြီးနေပြန်ပါပြီ။ ဖတ်ထားတာပူပူနွေးနွေး၊ ရေးထားတာက ဖူးခက်အကြောင်း၊ စာအုပ်ထဲမှာပါတဲ့ မြို့တွေရွာတွေကို ကျွန်တော်မကြာခဏရောက်ပြီး အကျွမ်းဝင်နေတာကြောင့် မှတ်မိနေတာဗျ။ ကိန်းဂဏန်းတချို့ ခေါင်းထဲရောက်အောင်တော့ လုံ့လပြုရတာပေါ့။ ဒါကလည်း ကျွန်တော်စိတ်ဝင်စားလွန်းတဲ့အကြောင်းမို့ ထင်ပါရဲ့။ ကဲ. . ခြံဝရောက်ပြီတံခါးဆင်းဖွင့်တော့ ဆရာ' ကိုသက်ခိုင် သတိပေးစကားသံကြောင့် ကျွန်တော်ကားပေါ်မှဆင်းကာ ခြံတံခါးကိုဖွင့်နေရင်း ကောင်းကင်ပြင်ကို မော့ကြည့်မိသည်။ တိမ်မည်းညိုတို့ဖြင့် အုံ့မှိုင်းနေ၏။ ထို့ကြောင့် လသာရက်လော၊လမိုက်ရက်လော ကျွန်တော်မဝေခွဲနိုင်ချေ။

**အခန်း(၆)**

ကိုသက်ခိုင်ကား အိပ်ရာထစောသူဖြစ်၏။ ရဲဘက်စခန်းတွင်လည်းကောင်း၊ ဖူးခက်မြို့တွင်လည်းကောင်း သူနှင့် ကျွန်တော်အတူနေဖူးခဲ့သမျှကာလများတွင် ပုံမှန်အားဖြင့် နံနက် ၅ နာရီခွဲသာသာတွင် သူအိပ်ရာထလေ့ရှိသည်။ ကျွန်တော်ကား အအိပ်မက်သူဖြစ်၏။ လွန်ခဲ့သောညက အိမ်ရာဝင်ချိန်နောက်ကျခဲ့သော်ငြား ထုံးစံအတိုင်း သူအိပ်ရာမှထကာ လမ်းလျှောက်ဖို့ ကျွန်တော့်ကို အဖော်စပ်လေရာ ကျွန်တော့်မှာ သူ့နောက်သို့ တကောက်ကောက်ပါရပါပြန်သည်။ သူလမ်းလျှောက်ရန် ရွေးချယ်သည့်နေရာမှာ စူဝမ်လူဝမ်(တော်ဝင်)ပန်းခြံဖြစ်၏။ ကျောက်ဖားလမ်းမကြီးဘေးမှာရှိသော အလွန်ကျယ်ဝန်းသည့် နေရာဖြစ်၏။ ပန်းခြံအဝင်ဝရှိ ကားရပ်နားသည့်နေရာတွင် နံနက်ခင်းမို့ ကားနှင့်ဆိုင်ကယ်အစီးရေ အနည်းငယ်သာရှိသော်ငြား ညနေပိုင်းအချိန်တွင် ကားနှင့်ဆိုင်ကယ်စီးရေရာချီလျက်ရှိနေတတ်သည်။ စင်စစ်ဖူးခက်သည် အိပ်ချိန်နောက်ကျသောမြို့။ ပန်းခြံအတွင်းမလှမ်းအကမ်းမှ အေရိုးဗစ်သီချင်းသံကိုကြားနေရပြီ။ ထိုစဉ် ကိုသက်ခိုင်ထံမှမထင်မှတ်သော မှတ်ချက်စကားသံထွက်ပေါ်လာသည်။

'ဒီပန်းခြံကိုရောက်လေတိုင်း ကျွန်တော့်တိုင်းပြည်အတွက် ကျွန်တော်စိတ်မကောင်းဖြစ်ရတယ်ဗျာ'

'ထိုင်းလူမျိုးတွေ အားကစားလိုက်စားနိုင်ကြတာကို ခင်ဗျားဆိုလိုချင်တာလား။ ခင်ဗျားကိုကြည့်ရတာ ဒီပန်းခြံနဲ့ မစိမ်းသလိုပဲ'

'မစိမ်းဆို အခု ခင်ဗျားဖွင့်ထားတဲ့ ဆိုင်နဲ့မလှမ်းမကမ်းမှာ ကျွန်တော် အကြာကြီးနေခဲ့ဖူးတယ်။ ဒီပန်းခြံကို ကျွန်တော်ရင်းနှီးနေခဲ့တာကြာပေါ့။ ခင်ဗျားပြောသလိုထိုင်းတွေ ကျန်းမာရေးလိုက်စားနိုင်ကြတဲ့အခြေအနေတင်မကဘူး။ ဒီပန်းခြံကြီးတစ်စတစ်စစည်ပင်လာတာကို ကျွန်တော်အသေးစိတ်မှတ်မိနေတယ်။ ကျွန်တော်တို့ တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာ အတုယူသင့်တဲ့အချက်တွေ အများကြီးရှိတယ်'

'ခင်ဗျားတွေးတဲ့အကြောင်းအရာက အဆက်အစပ်နည်းနည်းဝေးနေသလိုပဲ'

'ဝေးတယ်လို့ခင်ဗျားထင်နေတာပါ။ တကယ်တော့ ဒီပန်းခြံကြီးဟာ ဖူးခက်မြို့ကြီးတည်နေပုံနဲ့ ဆင်တူရိုးမှား တည်ဆောက်ထားတာ ခင်ဗျားသတိမပြုမိဘူးထင်တယ်'

'အဆန်းပါကလား ရှင်းစမ်းပါဦးဗျ'

'ဟုတ်တယ်။ ဒီပန်းခြံကို ဖူးခက်မြို့နဲ့ပုံစံတူနီးနီးတည်ဆောက်ထားတာသေချာတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ဒီပန်းခြံထဲမှာ Small Phuket ဆိုပြီးနိူင်းယှဉ်ကြည့်လို့ရအောင် ပုံစံတူလေးတစ်ခုတောင် လုပ်ထားသေးတယ်။ ဒီပန်းခြံဟာ ရေပတ်လည်ဝိုင်းနေတာကို ခင်ဗျားသတိပြုမိသလား။ အမှန်တော့ မူလပန်းခြံအနေအထားကိုရေပတ်လည်ဝိုင်းနေသလိုဖြစ်အောင် တမင်ဖန်တီးထားတာပဲ။

အခုခင်ဗျားနဲ့ကျွန်တော်ဖြတ်လျှောက်နေတဲ့ ရေကန်ခုံးကျော်တံခါးကြီးဟာ ဖူးခက်မြို့အဝင်ဆာရက်ဆင်တံတားကြီးကို ကိုယ်စားပြုတည်ဆောက်ထားတာပေါ့။


တကယ်တော့ ဖူးခက်မြို့ကြီးစည်ပင်လာတာဟာ ၂၅ နှစ်ဝန်းကျင်ပဲရှိပါဦးမယ်။ တိတိကျကျပြောရရင် ၁၉၈၈ ဝန်းကျင်ပေါ့။ မြို့တည်ဆောက်ပုံကိုက သေချာစနစ်တကျ အကွက်ရိုက်ပြီး တည်ဆောက်ထားတာမဟုတ်ဘူး။ ရွာခပ်ကြီးကြီးတစ်ရွာမှာ အိမ်ကြို၊ အိမ်ကြားတွေကနေ ကြုံရင်ကြုံသလို လမ်းတွေလျှောက်ဖောက်ထားတဲ့ပုံစံမျိုး။ ဒါကြောင့် လမ်းတွေကို မှတ်ရအတော်ခက်တယ်ဗျာ။ တောင်ရောက်လိုက် မြောက်ရောက်လိုက်ပါပဲ။ ဒါပေမဲ့ ခေတ်မီမီပြုပြင်မွမ်းမံနိုင်တာကြောင့် နေချင်စဖွယ် အဆင်ပြေသလိုဖြစ်နေတာ။ ဒီပန်းခြံကြီးကိုကြည့် စိုက်ထားတဲ့အပင်တွေဟာ ထန်းပင်၊ အုန်းပင်၊ မလေးရှားပိတောက်၊ ကုက္ကိုတွေလိုမြန်မာပြည်မှာဘာမှ သုံးစားလို့မရတဲ့ အပင်တွေပါပဲ။ ကျွန်တော်ရောက်စက အဲဒီအပင်တွေ ကျိုးတိုးကျဲတဲနဲ့ ပန်းခြံကြီးရဲ့ ဟိုဘက် ဒီဘက် ဒိုးယိုပေါက် မြင်နေရတယ်။ အခုကြည့် သစ်ပင်တွေ ထူထပ်ပြီး အုံ့ဆိုင်းနေပြီ။ ကျွန်တော်ရောက်ဖူးခါစက ပန်းခြံထဲက လမ်းတွေဟာ ကတ္တရာလမ်းတစ်ဝက်တစ်ပျက်နဲ့မြေနီလမ်းသာသာပါပဲ။ မှတ်မှတ်ရရ တစ်ခါတစ်ခါပန်းခြံထဲမှာ ခွေးချေးနံ့တွေလှိုင်လို့။ ပန်းခြံဘေးပတ်လည်က ရေကန်ကြီးကလည်း လေသင့်ရင် ညှီစော်နံသလိုပါပဲ။ အခုတော့ တစ်ကွင်းလုံး ကတ္တရာလမ်းတွေချောလို့။ လမ်းလျှောက်ရင် ခွေးခေါ်မလာရ (No pet)ဆိုတဲ့ ဆိုင်းဘုတ်တွေနဲ့ပေါ့ဗျာ။ ဟိုတုန်းဆို ပန်းခြံထဲက သစ်ရွက်ခြောက်တွေကို ပီနန်အိတ်တွေနဲ့ထည့်ပြီး တကူးတကမီးရှို့ပစ်ကြပေမယ့် အခုတော့ သစ်ရွက်ခြောက်တွေကို စနစ်တကျစုပြီး သဘာဝမြေသြဇာလုပ်ရောင်းနေကြလေရဲ့။ ရေကန်ကြီးကို စီမံကိန်းချပြီး ပြန်ဆယ်ထားကြတာ။ ဒေါင်လုန်းဘက် ရေကန်ကိုလည်း လေးဘက်လေးတန် ကန်ပေါင်အသစ်ပြန်လုပ်ထားကြတော့ အတော့်ကို ပြောင်းလဲနေခဲ့ပါပြီ။

ဖူးခက်မြို့ စည်ပင်ဖွံ့ဖြိုးလာတာနဲ့အမျှ အနီးနားမြို့ရွာတွေကနေ လူတန်းစားတွေ အများကြီးရောက်လာကြတယ်။ အလုပ်မျိုးစုံကို ထိုက်သင့်တဲ့ဝင်ငွေနဲ့ လုပ်နိုင်ကြတယ်။ ဒီဝင်ငွေကြောင့်ပဲ ကျန်းမာရေးလိုက်စားနိုင်ကြတယ်။ ခင်ဗျားကြည့်လေ၊ ရေကန်ဘေးတစ်လျှောက်မှာ အားကစားလေ့ကျင့်တဲ့ကိရိယာတွေ အစုံအလင်နေရာချထားတယ်။ အခမဲ့ပဲ။ အလေးမချင်ရင်တော့ ငါးဘတ်ပေးရမယ်။ အေရိုးဗစ်လေ့ကျင့်ခန်းအတွက် နည်းပြဆရာမကို ဆယ်ဘတ်ပေးရတယ်တဲ့။ အတော်ဟန်ကျတဲ့ အစီအစဉ်ပဲ။ ရန်ကုန်မြို့ကြီးမှာ ကန်တော်ကြီးနဲ့ မြင်းပြိုင်ကွင်းလိုနေရာမှာတောင် အားကစားလိုက်စားသူ အတော်နည်းနေပြီ ကြားမိတယ်'လမ်းလျှောက်နေရင်းစကားမျှင်တန်းနေသော ကိုသက်ခိုင်ကို ကျွန်တော်စောင်းငဲ့ကြည့်မိသည်။ သူကား ဇာတိမြေနှင့် အလှမ်းဝေးသော နေရာတွင် မပူမပင်မကြောင့်မကျဘဝကို ရနေပါလျက် ဤအတွေးမျိုးတွေးနေသည်ကို ကျွန်တော်အံ့ဩသည်။

'ဒါနဲ့ စကားမစပ် ခင်ဗျားက ဖူးခက်သာယာတဲ့သတင်းကြောင့် ဒီမှာ အခြေချဖို့ စိတ်ကူးပေါ်ခဲ့တာလားဗျာ'

**စာမျက်နှာ (၃၂)သို့**

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



# နည်းနည်းကလေးပဲဖြစ်ပါစေ "မေတ္တာတရား"

■ မောင်သာချို

(တစ်)

လွန်ခဲ့သောလေးငါးခြောက်နှစ်လောက်က ဖြစ်ပါသည်။ ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်းရှိ ဟိုတယ်ကြီးတစ်ခုထဲသို့ အမှတ်မထင်ရောက်သွားဖူးပါသည်။ ဟိုတယ်အဆောက်အအုံအတွင်းထဲသို့မဟုတ်ပါ။ ဟိုတယ်ခြံဝင်းထဲသို့ ဖြစ်ပါသည်။ ဟိုတယ်က အထင်ကရဟိုတယ်ကြီး၊ အပျံစားဟိုတယ်ကြီး၊ တည်းခိုခန်းခမြင့်မားသော ဟိုတယ်ကြီးဖြစ်ကာ တည်းခိုသူတွေရော၊ မတည်းခိုသူတွေရောနှင့် အတော့်ကို စည်းကားပါသည်။ ဤနေရာတွင် ကျွန်တော့်ဝါကျတစ်နေရာ၌ "မတည်းခိုသူတွေရော" ဟူသည့် စကားလုံးပါဝင်သွားသည့်အတွက် စာဖတ်သူ၏ စိတ်ထဲ၌ နည်းနည်းကလေး ထစ်ငေ့ါသွားနိုင်ပါသည်။ မတည်းခိုသူရောဆိုသည်မှာ ဟိုတယ်၌ Member အဖြစ် အဖွဲ့ဝင်ထားကာ Member ကြေးသွင်းပြီး အားကစားလာလုပ်၊ ရေလာကူး၊ ဝီစကီကလေး၊ ဘီယာလေးလာသောက်လုပ်သူများကို ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းပြလိုက်လျှင်ကား စာဖတ်သူ ဘဝင်ကျသွားနိုင်လောက်ပါသည်။

ထိုနေ့က ကျွန်တော့်မိတ်ဆွေဖြစ်သူ ခေါ်သွားသဖြင့် ထိုဟိုတယ်ကြီးရှိရာဆီသို့ ပါသွားခဲ့ရခြင်းဖြစ်ပြီး Member တစ်ယောက်ဖြစ်သည့် ကျွန်တော့်မိတ်ဆွေက ရေကူးကန်ထဲသို့ဆင်း၍သွားစဉ် စာအုပ်တစ်အုပ်နှင့် အအေးတစ်ပုလင်းကိုကိုင်ကာ ရေကူးကန်အစပ်က အထူးပြုမွေးမြူစိုက်ပျိုးထားသည့် မြက်ခင်းပြင်စိမ်းစိမ်းကြီးထဲမှာ ကျွန်တော်က စောင့်ဆိုင်းကျန်ရစ်နေခဲ့ရခြင်းဖြစ်ပါသည်။

ရေကူးကန်ကကျယ်ပါသည်။ ကြည့်၍စိမ်းကာ အေးမြနေပုံရသည့်အပြင် ကျားနှင့်မကို သီးခြားစီခွဲထားသဖြင့် ကိုယ့်ကန်နှင့်ကိုယ် လွတ်လွတ်လပ်လပ်ကူး၍ရပါသည်။ ရေနက်ပိုင်းမှာက ရေကူးတတ်ကျွမ်းပြီးသည့်သူတွေ။ ရေတိမ်ပိုင်းမှာက ရေကူးသင်ဆဲသူများနှင့် ဆော့ကစားနေကြသည့်ကလေးငယ်တွေ။ ကန်တော်ကြီးဝန်းကျင်ကလည်းဖြစ်၊ သစ်ရိပ်ဝါးရိပ်များကလည်း ကောင်းမို့ အေးချမ်းလှသည့် မြင်ကွင်းကို တစ်ဝထိုင်ကြည့်နေခဲ့စဉ်ကျွန်တော် သတိပြုလိုက်မိသည်မှာကား နိုင်ငံခြားသား လူဖြူဇနီးမောင်နှံ နှစ်ယောက်တို့ပင်ဖြစ်ပါသည်။

အနောက်နိုင်ငံသားများပီပီ လူကောင်ကြီးတွေကလည်း ထွားထွားကျိုင်းကျိုင်း။ ညိုလည်းညို၊ ညစ်လည်းညစ်သည့် မြန်မာနိုင်ငံသား ကလေးတို့ကမူ ဆယ့်လေးငါးယောက် အယောက်နှစ်ဆယ်ဝန်းကျင်ခန့်။ အကြီးဆုံးကမှ အလယ်တန်းကျောင်းသားလောက်ရှိသော ကလေးတို့ကို ကျား၊ မခွဲကာ ယောကျ်ားကလေးများက နိုင်ငံခြားသားကြီးနှင့် အတူတူ။ မိန်းကလေးများက နိုင်ငံခြားသူကြီးနှင့် အတူတူ။ ထိုရေကူးကန်ကြီးထဲမှာ။ တစ်ယောက်ချင်းကို စိတ်ရှည်လက်ရှည်နှင့် ရေကူးသင်ပေးလို့။ ကူးခပ်ဆော့ကစားသူကဆော့ကစားလို့။

သို့ဖြင့် တစ်ကြိမ်တွင်ကား ကလေးတစ်ယောက် ရေကူးကန်အစပ်သို့ရောက်ရှိလာကာ အမောဖြေပါသည်။ သည်မှာတွင် ကျွန်တော်က စကားစမြည်ပြောရပါသည်။ ဘယ်က နိုင်ငံခြားသားတွေလဲ၊ ဘာလုပ်တာလဲစသည်စသည်။

အံ့သြစရာ ကောင်းလိုက်တာ။ ဩစတြေးလျက ဇနီးမောင်နှံဆိုပါလား။ မြန်မာပြည်ကို တစ်နှစ်တစ်ခေါက်အရောက်လာလေသတဲ့။ ရောက်တိုင်းမှာလည်း မော်ဘီနားက မိဘမဲ့ ကလေးတွေကို စောင့်ရှောက်ထားတဲ့ ဘုန်းတော်ကြီးကျောင်း ရှိရာဆီကို ရောက်ကာ ရောက်ကာ လာတတ်လေသတဲ့။ အကျွေးအမွေးတွေနဲ့အတူ အလှူဒါနလည်း ပေးမြဲပေးလေသတဲ့။ ပြီးသော်ကလေးအယောက်နှစ်ဆယ် ဝန်းကျင်ခန့်ကို ခေါ်ဆောင်ကာ ယခုကဲ့သို့ အဆင့်မြင့်ဟိုတယ်ကြီးထဲ၌ တစ်ပတ်ဆယ်ရက်တန်သည် အတူတူတည်းခိုကာ အတူအိပ်၊ အတူစား၊ အတူသွား၊ အတူလျှောက်လည်၊ အတူရေကူးကြလေသတဲ့။ နောက်တစ်နှစ်လာတော့ နောက်အယောက်နှစ်ဆယ်။ နောက်တစ်နှစ် လာတော့နောက်အယောက်နှစ်ဆယ်။ ဩော် သူတို့တတ်စွမ်းနိုင်သမျှ ခနဥစ္စာနှင့်ချိန်ဆကာ မေတ္တာတရားကို အလှည့်ကျ လာပေးနေသည့် ကလေးတို့ကြားက ဩစတြေးလျဇနီးမောင်နှံကို ကျွန်တော်လှမ်း၍ငေးကြည့်နေမိပါသည်။

မိဘမဲ့ ဂေဟာရှိရာသို့ အရောက်သွား၊ တတ်နိုင်သမျှပစ္စည်းဥစ္စာ၊ ပိုက်ဆံငွေကြေးစသည် ပေးလှူ၊ ကိုယ်အလိုရှိရာအရပ်ဆီ ခရီးဆက်ဟူသည့်ပုံစံမျိုးနှင့်မဟုတ်ဘဲ စောင့်ရှောက်ထိန်းသိမ်းလိုသည့် မျက်လုံး၊ မေတ္တာကွက်လပ်ဖြည့်ပေးလိုသည့် နှလုံးခုန်သံ၊ ကိုယ်ချင်းစာတရားကြီးမားသည့် ဟန်ပန်အမူအရာများနှင့် တိုင်းတစ်ပါးက ရောက်လာသူ ဇနီးမောင်နှံကို ကျွန်တော် အံ့သြခြင်းကြီးစွာဖြင့် အတန်ကြာ လှမ်းကြည့်နေမိပါသည်။

(နှစ်)

မြန်မာပြည် အနှံ့အပြားရှိ မျက်မမြင်ကျောင်းများ၊ မသန်စွမ်းဂေဟာများ၊ မိဘမဲ့ကလေးဂေဟာများ၊ အိတ်ချ်အိုင်ဗီဝေဒနာရှင်စောင့်ရှောက်ရေးရိပ်မြုံများ၊ ဘကကျောင်းများ၊ သီလရှင်ကျောင်းများ စသည့်နေရာစုံသို့ကျွန်တော်ရောက်တတ်ပါသည်။

သူတို့ သူတို့၏ ထံမှောက်သို့ ရောက်ရှိရန် အခက်ဆုံးနှင့် အရေအတွက် အနည်းဆုံးရောက်သွားလေ့ရှိသည့် အရာမှာ မေတ္တာတရားပဲဖြစ်ပါသည်။ ဆန်ကိုကျွန်တော်တို့ ပေးနိုင်ပါ၏။ အဝတ်အစားကို ကျွန်တော်တို့ပေးနိုင်ပါ၏။ ခိုလှုံစရာကို ကျွန်တော်တို့ပေးနိုင်ပါ၏။ မေတ္တာတရားကျတော့ ပေးရတာခက်ပါသည်။

ကြည့်မြင်တိုင်ဘက်က ခရစ်ယာန်ဘာသာဝင်ဆရာမကြီးတစ်ယောက် ဖွင့်လှစ်ထားသော မိဘမဲ့ဂေဟာသို့ ကျွန်တော်ရောက်သွားဖူးပါသည်။ တော်တော့်ကို လုံခြုံသည့် ဂေဟာဖြစ်ပါသည်။ အစားအသောက်၊ အဝတ်အစား၊ အနေအထိုင်အားလုံးသန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်။ သို့သော် ကလေးလူငယ်အများစုက သိပ်ပြီးရယ်ရယ်မောမော မရှိလှဟု ဆိုပါသည်။ ချစ်စရာ သမီးပျိုကလေးတစ်ယောက်ကမူ အပြင်းပြဆုံးသော သမီးရဲ့ဆန္ဒဟု ကျွန်တော်က မေးမိရာ သမီးကို မွေးပြီးပစ်သွားတဲ့ မေမေ့မျက်နှာကို သမီးဘဝမှာ တစ်ခါတော့ မြင်ဖူးချင်တယ်တဲ့။ ရင်ထဲ၌ နာကျင်ရပါသည်။

ဒဏ်ရာ။ စိတ်ကိုထိမှန်ထားသည့် ဒဏ်ရာ။ ထရော်မာ (Trauma)တဲ့။

(သုံး)

တစ်နည်းနည်းဖြင့် စိတ်တွင်ဒဏ်ရာရရှိထားသည့် ကလေးလူငယ်များရှိရာ ဂေဟာများ၊ ကျောင်းများ၊ ဆေးရုံများသို့သွားကာ စိတ်ကို ကုသူလူရွယ်လူရွယ်များနှင့် မကြာခဏ ကျွန်တော်ထိတွေ့ခွင့်ရပါသည်။

ပုံပြောသူများအဖွဲ့နှင့်က သီလရှင်ကျောင်းတစ်ခုမှာ သွားဆုံပါသည်။ ပုံပြောသူလူငယ်လေးတွေက တက္ကသိုလ် ကျောင်းသားကလေးတွေ။ တက္ကသိုလ်ပေါင်းစုံက။ ကျောင်းသား၊ ကျောင်းသူ အစုံ။ တစ်ယောက်က ပုံပြောသူ။ Narrator။ ဟိုးရှေးရှေးတုန်းက တောမြိုင်ကြီးထဲမှာ ကျားတစ်ကောင်ရှိလေသတဲ့ဟု ပုံပြင်ကို စ,လိုက်သည်နှင့် လူငယ်တစ်ယောက်က ကျားလိုခုန်ပေါက်ကာ ဇာတ်ခုံရှိလျှင်လည်း ဇာတ်ခုံပေါ်သို့၊ မရှိလျှင်လည်း မြေတလင်းပေါ်သို့ ခုန်ပေါက်ဝင်ရောက်လာပါသည်။ ကလေးတွေ ကလေးတွေ။ ပျော်နေလိုက်ကြတာ။ တဝါးဝါးတဟားဟား။ လက်ခုပ်လက်ဝါးတီးလို့။ ကျားဆိုကျား၊ နွားဆိုနွား၊ ဘီလူးဆိုဘီလူး၊ အရူးဆိုအရူး သဘင်သည်မဟုတ်ပါဘဲနှင့် ရှက်တာတွေဘေးဖယ်ထားပြီး အသုံးတော်ခံနေလိုက်ကြတာ။

တစ်ခါကမူ ရန်ကုန်မြို့ အလုံလမ်း၊ ကလေးဆေးရုံကြီး ကလေးကင်ဆာဆောင်ထဲ၌ ပြဇာတ်လာပြီးကပြနေသည့် ဆေးတက္ကသိုလ်ကျောင်းသားတစ်စုနှင့် ကျွန်တော်ဆုံပါသည်။ ဆိုင်းမပါ၊ ဗုံမပါ သရုပ်ဆောင်နေလိုက်ကြတာ။ ရောဂါသည် ကလေးအားလုံး ဝေဒနာတွေကို ခေတ္တမေ့ကာ ဆရာဝန်လောင်း သရုပ်ဆောင်တွေကို ငေးပြီးရင်း ငေးလို့။ ဩော်. . . ကျွန်တော့်တူအရွယ်၊ တူမအရွယ် ဆရာဝန်လောင်းကလေးတွေ။

သည်လိုမျိုး ပုံပြောသူတွေ၊ ပြဇာတ်ကသူတွေ၊ မျက်လှည့်ပြသူတွေကသောကပရိဒေဝကျရောက်ရာဂေဟာများ၊ ကျောင်းများ၊ ဆေးရုံများရှိရာဆီသို့ ရောက်သွားလေသောအခါ ချိုချဉ်တွေဝေလို့၊ မုန့်တွေဝေလို့။ လက်သည်းတွေ ညှပ်ပေးလို့၊ အတူတူ ထမင်းစားလို့။ အတူတူ ကစားလို့။ အဲဒါ သည်နေ့ခေတ်ကြီးထဲက အဓိပ္ပာယ်ရှိသော လူငယ်တချို့ဖြစ်ပါသည်။

စာတတ်ပေတတ် ပညာတတ်လူငယ်အချို့က လိုအပ်သူများထံသို့ သွားရောက်သောအခါ သည်ယနေ့၌ မေတ္တာတရားကိုပါ ပေးအပ်နိုင်ဖို့ ကြိုးစားလာကြသည်ကိုတွေ့ရပါသည်။ယင်းသည် ကျွန်တော်တို့ လူ့အဖွဲ့အစည်း၏ ရှေ့သို့တိုးလာမှုတစ်ရပ်ပင်ဖြစ်ပါသည်။

ရေကူးကန်ထဲ၌ ကလေးများနှင့်အတူ ရေကူးနေသည့် ဩစတြေးလျ ဇနီးမောင်နှံလိုသဘောထားမျိုး ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် အမြစ်တွယ်ရန် လိုအပ်ပါသည်။ ရှော့အင့် အဲဒါပိုက်ဆံ၊ အဲဒါဆန်၊ အဲဒါအဝတ်အစားဆိုရုံမျှနှင့် လောကကြီးက မလုံလောက်ပါ။ နည်းနည်းပါးပါးပဲဖြစ်ဖြစ် နွေးထွေးသော မေတ္တာတရားလည်း လိုအပ်ကြောင်းပါ။ ။

*(တက္ကသိုလ်ကျောင်းက ပုံပြောသူ၊ ပြဇာတ်ကသူ လူငယ်များသို့)*

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညာဏ်၊ အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# စိတ်ယဉ်ကျေးမှု ပျက်သုဉ်းခြင်း

ဗညားလှိုင်ဦး

တစ်ရက် ရန်ကုန်မြို့ထဲမှ ည ၇ နာရီလောက် ဘတ်စ်ကားစီး၍ ပြန်ဖြစ်သည်။ ထုံးစံအတိုင်း ဘတ်စ်ကားတွေက ညနေရုံးဆင်းချိန်နှင့် ညဘက်ဆိုင်သိမ်းချိန်များတွင်ကျပ်လေ့ရှိသည်။ ယခုလည်း အင်းစိန်သို့သွားသော ကားသည် မြေနီကုန်း၌ပင် လူအတော်ကျပ်နေပြီ ဖြစ်သည်။ ကားစပယ်ယာတွေက 'နောက်ဆုံးကား' 'နောက်ဆုံးကား'ဟု ခေါ်လေ ခရီးသည်တွေကလည်း ဘယ်လိုလိုက်ရ လိုက်ရဆိုပြီး ဝိုင်း၍တက်ကြလေဖြစ်သည်။

လူစီး ထိုင်ခုံများကြားတွင် ခရီးသည်များမှာ တစ်ယောက်နှင့်တစ်ယောက် ကျောချင်းခိုင်း၍ မတ်တတ်ရပ်ကာ ယိုင်လဲမသွားရန် လက်ကိုင်ကွင်းများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြရသည်။ လှည်းတန်းကျော်၍ စံရိပ်ငြိမ်၊ သုခတို့သို့ ရောက်သောအခါ ဘတ်စ်ကားပေါ်တွင် ခြေချစရာပင် နေရာမရှိအောင် ပြည့်သိပ်သွားလေသည်။ ကျွန်တော့်အနီးတွင် အပျိုအရွယ်ကလေးမလေး တစ်ဦး ရှိနေပြီး သူ့လက်အပေါ်က လက်ကိုင်ကွင်းကို မမီသဖြင့် အနီးမှ ထိုင်ခုံကျောမှီကို ကိုင်ကာအားပြုနေရရှာသည်။ ယောကျ်ားသားများကြားသို့ ရောက်နေသော ကလေးမလေးကိုအားနာသော်လည်း ရန်ကုန် မြို့တွင် ထိုသို့မှ မသွားမလာလျှင်စပယ်ယာတွေပြောသလို ကိုယ်ပိုင်ကား ဝယ်စီးရုံသာ ရှိသည်။ ကားက ကျပ်ရသည့်အထဲ မီးပွိုင့်တွေ မိလိုက်၊ ယာဉ်ကြောတွေ ပိတ်လိုက်နှင့် ခရီးသည်များမှာ တော်တော်နှင့် လိုရာခရီး မရောက်နိုင်ဖြစ်နေရသည်။ အားလုံး၏ စိတ်ထဲတွင်တော့ အိမ်သို့ မြန်မြန်ပြန်ရောက်ဖို့ရန်သာ ရှိကြမည်ဟု တွေးမိသည်။

ထိုစဉ် ကလေးမလေးနှင့် ကပ်လျက် ထိုင်ခုံရှိ ကောင်လေး တစ်ယောက်၏ မဖွယ်မရာ အပြုအမူကြောင့် ရုတ်တရက် ဒေါသထွက်သွားမိသည်။ အခြား ခရီးသည်များမှာ ကိုယ့်အတွေးနှင့် ကိုယ်ဖြစ်နေ၍ မြင်ကြပုံမပေါ်။ ကောင်လေးက ကလေးမလေးနှင့် သက်တူရွယ်တူလောက်ရှိမည်။ ဆံပင်က ကိုရီးယားကေနှင့် နားမှာ နားကြပ်တပ်ထားပြီး သီချင်းနားထောင်နေသည်ဟု သာမန်ထင်ရသော်လည်း သူ့စမတ်ဖုန်းမှန်သားပြင်သို့ ငုံ့ကြည့်မိသောအခါ ယိုသူမရှက် မြင်သူရှက်ရ ချေတော့သည်။ အင်တာနက်မှ




Downloads ယူထားသော အပြာပုံများကို တစ်ပုံပြီးတစ်ပုံ သူကြည့်သလိုလိုနှင့် ကလေးမလေး မြင်အောင် ပြနေသည်။ ကလေးမလေး၏ မျက်နှာကရဲနေပြီး မျက်ရည်ကျတော့ မလိုနှင့် ဘတ်စ်ကားပြတင်းပေါက်ကို ငေးကြည့်နေရှာသည်။ ဒီလောက်ကျပ်သည့် လူအုပ်ထဲမှာ သူ့ကိုနေရာ ရွှေ့ပေးဖို့ ဆိုသည်မှာ ဘယ်လိုမှ မဖြစ်နိုင်။ ထိုအခွင့်အရေးကို ဒီကောင်ကောင်း အသုံးချ နေပုံရသည်။ မောင်နှင့် နှမ၊ သားနှင့်အမိဟု ကိုယ်ချင်းစာနာမည့်ပုံလည်း သူ့မျက်နှာတွင် အလျဉ်းမရှိ။ ကျွန်တော့်နောက်က လူတစ်ယောက် ကားပေါ်မှ ဆင်းသွားသောအခါမှ ကလေးမလေးကို ထိုနေရာသို့ ပို့လိုက်ရသည်။ ထိုအခါမှ အဖြေက ရှင်းသွားသည်။ ငတိသည် ဖုန်းကို ပိတ်လိုက်ပြီး သူ့အိတ်ထဲသို့ ကောက်ထည့်လိုက်တော့၏။

ယခင်က ဘတ်စ်ကားပေါ်၌ မိန်းကလေးများအပေါ် လက်သရမ်းကြသူများအကြောင်း လူတိုင်းကြားဖူးကြပါမည်။ ယခုတော့ ကိုယ်နှုတ်သရမ်းသော အလေ့အကျင့်မှ စိတ်ဖောက်ရမ်းသော အလေ့အကျင့်သို့ ကူးပြောင်းကြပြီလောဟု မေးခွန်းထုတ်ရတော့မည် ဖြစ်သည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မိတ်ဆွေရှေ့နေ တစ်ဦးသို့ မေးမြန်းကြည့်ရာ ၎င်းလူငယ်အား မျက်ရှက်မှုနှင့် တရားစွဲဆိုနိုင်ကြောင်း ပြောပြပါသည်။ နည်းပညာတိုးတက်မှုကို အခွင့်ကောင်းယူ၍ ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို ညစ်နွမ်းစေမည့်သူများ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် အများအပြား ရှိနေကြပါသည်။ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်သော သူငယ်ချင်းတစ်ဦးက သူတို့ ရုံးတွင်လည်း စာရေးမအမျိုးသမီးများ မရှိခိုက် အင်တာနက်မှညစ်ညမ်းကားများဝင်ကြည့်ပြီးမသိသလိုနှင့် Save ပစ်ခဲ့သည်များရှိကြောင်း ပြောပြပါသည်။ Mail, Bluetooth စသည်တို့ဖြင့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ အပြန်အလှန်လဲလှယ်ကြသည်ကို ကြားဖူးသော်လည်း ယခု တစ်လော Day Club နှင့် Night Club ပတ်ဝန်းကျင်မှ Phone Sex ဆိုသည့် ဝေါဟာရ သစ်အကြောင်းကြားရပြန်ရာ နည်းပညာကိုပါ ရွံ့ရှာသွားမိပြန်တော့သည်။

မကြာမီက 7Day Daily အယ်ဒီတာ အာဘော်တွင် မြန်မာနိုင်ငံတွင် တစ်ရက်လျှင် ပျမ်းမျှ အမျိုးသမီးနှစ်ဦးခန့် မုဒိမ်းကျင့်ခံနေရပြီး မုဒိမ်းမှုများ၏ အဓိကသားကောင်မှာ အသက်(၁၆) နှစ်အောက် မိန်းကလေးငယ်များဖြစ်ပြီး တစ်ရက်လျှင် မိန်းကလေးငယ်တစ်ဦးခန့် မုဒိမ်းကျင့်ခံနေရသည်ဟု ဖော်ပြထားသည်ကို ချောက်ချားဖွယ် ဖတ်ရှုရပါသည်။ စစ်တမ်းများအရ နိုင်ငံတစ်ဝန်း မုဒိမ်းမှုမှာလည်း ၂၀၁၀ တွင် ၃၇၇ မှု၊ ၂၀၁၁ တွင် ၆၀၅ မှု၊ ၂၀၁၂ တွင် ၆၅၄ မှု စသည်ဖြင့် တဖြည်းဖြည်း တိုးပွားလာနေသည်ဆို၍ မိုဘိုင်းအင်တာနက် ကွန်ရက်ကျယ်ပြန့်လာမှုနှင့်ပင် သက်ဆိုင်နေမလားဟု မဆီမဆိုင် တွေးမိပါသေးသည်။ အခင်းဖြစ်ရာ ဒေသများမှာလည်း ရန်ကုန်တိုင်းဒေသကြီးတွင် သန်လျင်၊ ခရမ်း၊ လှည်းကူး၊ ဒလ၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီး၊ ခနောင်တို၊ မှော်ဘီ၊ တိုက်ကြီး၊ ရွှေပြည်သာ၊ လှိုင်သာယာတို့ကဲ့သို့သော ဆင်ခြေဖုံးမြို့နယ်များ၌သာ အဖြစ်များလာသဖြင့် ကျေးရွာနေ ပြည်သူများမှပင် ရှုတ်ချဆန္ဒပြရသည်အထိ ဖြစ်ပေါ်လာသည်။ အခင်းဖြစ်မှုများတွင်လည်း အရွယ်မရောက်သေးသည့် မိန်းကလေးများကို ကျူးလွန်မှုများ၊ ဖခင်မှ သမီးအရင်းကို ကျူးလွန်မှုများ၊ ပထွေးမှ မယားပါသမီးကို ကျူးလွန်မှုများ၊ ဆွေမျိုးအချင်းချင်း ကျူးလွန်မှုများ ပါဝင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ထုတ်ပြန်ချက်ကို သတင်းတစ်ပုဒ်တွင် ဖတ်ရှုရပါသည်။

လိင်မှုဗေဒကို ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများသို့ အသိပညာပေး ဟောပြောခြင်း သာမက ကျောင်းများ၊ တက္ကသိုလ်များ၌ပါ Sex Education တစ်ရပ်အနေဖြင့် ထည့်သွင်းသင်ကြားသင့်ပြီ ထင်ပါသည်။ မြန်မာတို့က 'လိင်' 'ကာမ' 'တဏှာ' စသည်တို့ကို စက်ဆုပ်ရွံ့ရှာဖွယ်ရာအဖြစ် စကားအဖြစ်ပင် တော်ရုံတန်ရုံ ပြောမထွက်ဘဲ ရှိတတ်ကြသည်။

စာမျက်နှာ(၃၂)သို့

# Business

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းတစ်ခုဖြစ်သော အေးရှားဝေါလ်ဆိပ်ကမ်းကို တွေ့ရစဉ် ဓာတ်ပုံ - Forbes

# ထိုင်းတို့၏ မရေရာသော ရင်းနှီးမြှုပ်နှံရေး

**ခင်မေဇော်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

အာဆီယံစီးပွားရေး အသိုင်းအဝိုင်းစတင်မည့် ၂၀၁၅ ခုနှစ် ကုန်ပိုင်းမတိုင်မီ မြန်မာနိုင်ငံရှိ အခွင့်အလမ်းများကို ထိုင်းစီးပွားရေးလုပ်ငန်းများက ရယူရန်အသင့်ဖြစ်နေသင့်ကြောင်း(သို့မဟုတ်)ပါက ဂျပန်နှင့်တရုတ်တို့က ထိုင်းကိုဈေးကွက်မှ ဖယ်ထုတ်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသဘောတူညီမှုများအပေါ် အခွင့်အလမ်းများရယူရန် (သို့မဟုတ်) မြန်မာနိုင်ငံတွင်ထိရောက်စွာလည်ပတ်လုပ်ကိုင်ရန်အတွက် ထိုင်းပုဂ္ဂလိကကဏ္ဍပိုင်း၏ သိရှိနားလည်မှုက လက်ရှိအခြေအနေတွင်နည်းပါးနေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးဆိုင်ရာဒါရိုက်တာမစ္စနိတိဗာဒီမန်နီကူးက ပြောဆိုလိုက်သည်။

ဂျပန်နိုင်ငံသည် သတင်းအချက်အလက်ဆိုင်ရာရုံးကို သွားရောက်ဖွင့်လှစ်ပြီး ၎င်းတို့၏ကုမ္ပဏီများကိုကူညီရန် ခြေကုပ်ယူထားပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

"လက်ရှိ ထိုင်း-မြန်မာကုန်သွယ်မှုရဲ့ ၈၀ ရာခိုင်နှုန်းက နယ်စပ်မှာပဲ ဖြစ်နေတယ်။ မြန်မာနိုင်ငံ မပွင့်လင်းခင် အချိန်ကလိုပဲ အပြောင်းအလဲမရှိဖြစ်နေဆဲပဲ"ဟု မစ္စနိတိဗာဒီက ပြောဆိုသည်။

ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ကလည်း ထိုင်းရင်းနှီးမြှုပ်နှံမှုကိုပြည်ပတွင်ထိရောက်စွာမြှင့်တင်ပေးရန် ပျက်ကွက်ခဲ့သည်ဟုလည်း ဆိုသည်။ ထိုင်းနိုင်ငံတကာကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုသိပ္ပံက မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာ အစီရင်ခံစာကိုထုတ်ပြန်ပြီး ထိုင်းစီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးသော အချက်အလက်များကို မကြာမီဖြန့်ဝေမည်ဟု သိရသည်။

"မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ လူတွေ သတိမပြုမိကြတာတွေရှိပါတယ်။ ဥပမာ အဲဒီနိုင်ငံရဲ့ စီးပွားရေးလောကမှာ ဘယ်လိုဝတ်စားမလဲဆိုတဲ့ စီးပွားရေးယဉ်ကျေးမှုတွေပါ"ဟု အဆိုပါအစီရင်ခံစာကို ပါဝင်ရေးသားသူ မစ္စတာတီးရာဆင်ဒရာချာရပ်က ဆိုသည်။

ထိုင်းနိုင်ငံသည် မြန်မာနှင့် ကာလရှည်ကြာကုန်သွယ်မှုဆက်ဆံရေးတည်ဆောက်ခဲ့ချိန်တွင် အတိတ်သမိုင်းက မဖြေရှင်းနိုင်ခဲ့သည့် နာကြည်းမှုများကလည်း ရှိနေကြောင်း ၎င်းက ဆိုသည်။

"သူတို့နဲ့ပတ်သက်တဲ့ အမြင်ကိုပြောင်းကိုပြောင်းရပါမယ်။ ဒါမှလည်း အသစ်ရင်ဆိုင်ရမယ့် အခြေအနေကိုအထောက်အကူဖြစ်မယ်" ဟု မစ္စတာတီးရာက ဆိုသည်။

မြန်မာနိုင်ငံတွင် အခွင့်ကောင်းများကို ရရှိနိုင်ရန်အတွက် ထိုင်းရင်းနှီးမြှုပ်နှံသူများသည် အခြေခံအဆောက်အအုံမပြည့်စုံမှုနှင့် တိုင်းရင်းသားပြဿနာများကို ကျော်လွှားရန် လိုအပ်သည်။ ထိုင်းကုမ္ပဏီများအတွက် အဓိက အရေးကြီးဆုံးအချက်မှာ ဒေသခံများကို နားလည်ရန်နှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကို နားလည်ရန်ဖြစ်ကြောင်း အစီရင်ခံစာကို ဦးဆောင်ရေးသားသူ မစ္စတာဝပ်ချာရာလီလာဝဲ့က ဆိုသည်။

"ဒါပေမဲ့ အဲဒီဥပဒေတွေဟာ ဝေဝါးဝါးနဲ့ မရှင်းမလင်းဖြစ်နေပြီး လိုက်နာရခက်ခဲတယ်ဆိုတာကို ကျွန်တော်တို့ လေ့လာရင်းနဲ့ တွေ့ခဲ့ရတယ်"ဟုလည်း၎င်းကဆိုသည်။

အစိုးရက ရှင်းလင်းပွဲများ စီစဉ်ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ပြောပြသင့်ကြောင်း (သို့မဟုတ်)ပါက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေသစ်များကို မသိရှိလိုက်ဘဲ အခွင့်အရေးများလက်လွတ်သွားနိုင်ကြောင်း မစ္စတာဝပ်ချာရာက ပြောဆိုခဲ့သည်။

(ကိုးကား-http://www.bangkokpost.com/business/news/myanmar-trade-on-thin-ice)

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၉ | ၉၇၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၀ | ၇၇၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၈၃ | ၁၃၀၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၆ | ၃၀. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၈ | ၁၅၉ | ကျပ် |

၂၀၁၃ စက်တင်ဘာ ၁၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၉၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၂၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၃၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၁၈၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၃. ၃၆၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၈၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၅. ၈၈ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၈၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၈၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၀၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၁၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၈၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၅၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၄၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၁၂. ၃၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၇၉ |
| ငွေ | အောင်စ | ၂၂. ၁၅ |
| ကြေးနီ | ပေါင် | ၃. ၂၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ စက်တင်ဘာ ၁၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



ပြည်လမ်းပေါ်တွင် ဩဂုတ်လပိုင်းကဖွင့်လှစ်ခဲ့သည့် Nissan 3S Center ကိုတွေ့ရစဉ်     ဓာတ်ပုံ - နစ်ကီ

# ဂျပန်နစ်ဆန်းကား မြန်မာနိုင်ငံတွင် ထုတ်လုပ်မည်

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ဂျပန်နစ်ဆန်းမော်တော်ကားကုမ္ပဏီက ယခုနှစ်အတွင်း လူစီးယာဉ်ငယ်များနှင့် ထရပ်ကားများ စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်ထုတ် နိကေး စီးပွားရေးသတင်းစာတွင် ဖော်ပြထားသည်။ နစ်ဆန်းမော်တာနှင့် မလေးရှားပါတနာ ဖြစ်သည့် တန်ချောင်မိုတာတို့ပူးတွဲပြီး ထုတ်လုပ်မည်ဟု ဆိုသည်။

တစ်ပတ်ရစ် ဂျပန်ကားများ အထူးသဖြင့် လူကြိုက်များနေသည့်မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် မော်တော်ယာဉ်ဝယ်လိုအားပိုများလာသည်။ ကားကုမ္ပဏီများ အပြိုင်အဆိုင်ဝင်ရောက်နေရာတွင် ဂျပန်ဆူဇူကီးက စတင်ထုတ်လုပ်ရန် ကြေညာသလို ဖို့ဒ်ကားကုမ္ပဏီလည်း ကားပြခန်းဖွင့်လှစ်မည်ဟု ဆိုသည်။

သို့သော် နစ်ဆန်းက လက်ရှိတွင် မြန်မာနိုင်ငံ၌ အကြီးဆုံးကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်မည်ဟုနစ်ဆန်းကဆိုသည်။ ယခင်က သွင်းကုန်အခွန်မြင့်လွန်းပြီး အမေရိကန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ပိတ်ပင်ထားသဖြင့် လူအများစုအတွက် ကားဈေးနှုန်းမြင့်မားလွန်းခဲ့သည်။

လူဦးရေ သန်း ၆၀ ရှိသောနိုင်ငံတွင် မနှစ်ကအထိ ကားပိုင်ဆိုင်မှုက ၂ ဒသမ ၃၆ သန်းသာရှိသဖြင့် ကားဈေးကွက်အတွက် နေရာများစွာ ရှိနေသည်။

တန်ချောင်မိုတာဘက်မှ ကားတပ်ဆင်ရေးစက်ရုံကို တည်ဆောက်ရန်ရှိပြီး အရှေ့တောင်အာရှနှင့် အခြားနေရာများရှိ နစ်ဆန်းစက်ရုံများမှ ပေးပို့သည့် အစိတ်အပိုင်းများဖြင့် တပ်ဆင်မည်ဟု ဆိုသည်။

http://finance.ninemsn.com.au/newsbusiness/aap/8724089/nissan-to-begin-production-in-myanmar.




# သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံမှ သီလဝါအထူးစီးပွားရေးဇုန်သို့ လျှပ်စစ်ဖြန့်ဖြူးမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ရန်ကုန်မြို့တွင်တည်ဆောက်မည့် မဂ္ဂါဝပ်၅၀၀ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ် အားပေးစက်ရုံ သုံးခုအနက် သာကေတဓာတ်အားပေးစက်ရုံမှထုတ်ယူမည့် ဓာတ်အားကို သီလဝါအထူးစီးပွားရေးဇုန်သို့ဖြန့်ဖြူးရန် လျာထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။


အဆိုပါ ဓာတ်အားပေးစက်ရုံသည် ကိုရီးယားကုမ္ပဏီတစ်ခုက လုပ်ကိုင်ခွင့်ရရှိထားပြီး ထိုကုမ္ပဏီမှာ ပြည်တွင်းမှ မြန်မာဟန်ဇာအင်တာနေရှင်နယ် ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်နေသောကုမ္ပဏီဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် စမ်းသပ်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် လျာထားကြောင်း သတင်းရရှိသည်။

"နားလည်မှုစာချွန်လွှာ ရေးထိုးထားပါတယ်။ လုပ်ငန်းကို ဒီနှစ်မှာ စတင်ဖို့ရှိတယ်။ သီလဝါစက်မှုဇုန်တစ်ခုတည်းကို ဦးတည်ပေးမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ သီလဝါအပါအဝင် အခြားလျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိတဲ့နေရာတွေပါ မဟာဓာတ်အားလိုင်းကနေ ပေးဖို့ရှိပါတယ်" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောသည်။

ရန်ကုန်မြို့တွင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံကို ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခွင့် ပြုထားသည်။ အဆိုပါစက်ရုံသုံးရုံကို သာကေတတွင် နှစ်ရုံ၊ ရွှေပြည်သာလှော်ကားတွင် တစ်ရုံတည်ဆောက်ရန် လျာထားသည်။ တရုတ်ကုမ္ပဏီက သာကေတနှင့် လှော်ကားတွင် ဓာတ်အားပေးစက်ရုံတည်ဆောက်ခွင့်ရပြီး ကျန်စက်ရုံကို ကိုရီးယားကုမ္ပဏီက ရရှိသည်။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဧရာဝတီတိုင်းဒေသကြီး ဒေါ်ညိမ်းကျေးရွာမှ ၂၄ လက်မ ပိုက်လိုင်းနှင့် ကန်ပေါက်မြို့နယ်မှ ၂၀ လက်မပိုက်လိုင်းတို့မှ ရရှိမည့် သဘာဝဓာတ်ငွေ့များနှင့် လည်ပတ်သွားမည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ်မြင့်မားလျက်ရှိသောကြောင့် အစိုးရက ၂၀၁၄ ခုနှစ်တွင် ယခင်ထုတ်ယူနေသည့် ဓာတ်အားမှ မဂ္ဂါဝပ် ၆၀၀ တိုးမြှင့်၍ မဂ္ဂါဝပ် ၂၂၁၂ ထုတ်လုပ်ရန် လျာထားသည်။ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားကိုရေအားနှင့်ကျောက်မီးသွေးမှ ၁၄၄၇ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှ ၇၆၈ မဂ္ဂါဝပ် ထုတ်လုပ်မည်ဖြစ်သည်။



# ဆီးရီးယားမှာ အိုဘားမား အောင်မြင်တဲ့လမ်းပေါ် ရောက်နေတယ်

ကြည်နေဝင်းမင်း

ပုံစံဒီဇိုင်းကြောင့်ဖြစ်စေ၊ အမှတ်မထင် တိုက်ဆိုင်မှုကြောင့်ပဲဖြစ်စေ လမ်းကြောင်းဘယ်လိုကောက်ကွေ့နေပါစေ အိုဘားမားအစိုးရဟာ ဆီးရီးယားကိစ္စမှာတော့ လွန်ခဲ့တဲ့ရက် အနည်းငယ်က ဖြစ်နိုင်ခြေရှိတာထက်တောင် ပိုကောင်းတဲ့နေရာမှာ ရောက်နေပါတယ်။

ဆီးရီးယားဓာတုလက်နက်တိုက်တွေကိုဖယ်ရှားဖို့ တတ်နိုင်ရင်ဖျက်ဆီးပစ်ဖို့ရာ ရုရှားနိုင်ငံရဲ့ ကမ်းလှမ်းမှုကို စမ်းသပ်လိုက်တာဟာ သမ္မတအနေနဲ့ အမြော်အမြင်ကြီးတယ်လို့ ဆိုရပါမယ်။ တကယ်တမ်းလည်း အဲဒီကမ်းလှမ်းမှုကနေပြီး တစ်ခါတစ်ရံမှာ ရှုပ်ယှက်ခတ်နေတတ်တဲ့ အမေရိကန်နိုင်ငံခြားရေးမူဝါဒကနေ ကြည်လင်ပြတ်သားမှုအချို့ပေါ်ထွက်လာစေခဲ့ပါတယ်။ သမ္မတအနေနဲ့ ဒီအခြေအနေကို နိုင်ငံခြားရေးမူဝါဒ အောင်မြင်မှုအနေသို့ ပြောင်းလဲဖို့ဆိုရင် ဒီကြည်လင်ပြတ်သားမှုကို ဆက်လက်ထိန်းသိမ်းထားဖို့ လိုအပ်ပါလိမ့်မယ်။

ဆီးရီးယားနိုင်ငံမှာ ကြားဝင်ဖြေရှင်းတာနဲ့ ပတ်သက်ပြီး သိသာထင်ရှားတဲ့ ငြင်းခုံဆွေးနွေးမှုသုံးခုရှိပါတယ်။ ဒီငြင်းခုံဆွေးနွေးမှုတွေမှာလည်း မကြာခဏဆိုသလို တိုက်ဖို့ခိုက်ဖို့ တိုက်တွန်းချက်တွေနဲ့ ရောထွေးနေတတ်ပါတယ်။ ပထမငြင်းခုံချက်က အစိုးရပြောင်းပစ်ဖို့ပါ။ ဒီအတွက်ဆိုရင် သမ္မတဘာရှားအယ်လ်အာဆတ်ကို ဖြုတ်ချဖို့ သူပုန်တွေကို အကူအညီပေးရမယ့် မူဝါဒတွေ လိုအပ်ပါတယ်။ ဒုတိယငြင်းခုံမှုက လူသားချင်းစာနာထောက်ထားရေးကိစ္စ အဲဒီမှာ လူသားအမြောက်အမြား ဒုက္ခခံစားနေရတာကို ရပ်တန့်ဖို့ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ဓာတုလက်နက်အသုံးပြုမှုနိုင်ငံတကာစံနှုန်းကို အလေးပေးပြောကြားပြီး အသက်ဝင်အောင် စည်းကြပ်ဖို့ပဲဖြစ်ပါတယ်။

အခုဆိုရင် သမ္မတအိုဘားမားဟာ သူ့ကိုယ်သူ တတိယရည်မှန်းချက်အတွက်ပဲ ပိုင်းဖြတ်ထားပါတယ်။ နိုင်ငံတော်ကိုပြောတဲ့ သူ့ရဲ့မိန့်ခွန်းမှာ ပထမငြင်းခုံချက်ကို ပယ်ချလိုက်ပါတယ်။ အမေရိကန်နိုင်ငံဟာ တစ်ပါးသူတစ်ယောက်နဲ့ ပြည်တွင်းစစ်ကို အင်အားသုံးပြီး မဖြေရှင်းပေးနိုင်ဘူး။ အထူးသဖြင့် အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ ဆယ်နှစ်ကြာ စစ်တိုက်ပြီးချိန်မှာ ဝင်မပါဘူးလို့ ရှင်းလင်းထားပါတယ်။ သူအဆိုပြုတင်ပြထားတဲ့ စစ်ရေးတိုက်ခိုက်မှုဆိုတာ လစ်ဗျားမှာထက်တောင် သေးငယ်မယ်လို့ သူကိုယ်တိုင် မှတ်ချက်ပေးထားတယ်။ ဒါဆိုရင် ဆီးရီးယားမှာ အာဏာချိန်ခွင်လျှာ အနေအထား ပြောင်းမသွားဖို့ များပါတယ်။

အိုဘားမားရဲ့အဆိုပြုချက်တွေက လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းကိုလည်း လျှော့ပါးသွားနိုင်ခြေမရှိပါဘူး။ သူ့ရဲ့ အားအကောင်းဆုံးအဆိုပြုချက်တွေဖြစ်တဲ့ လေကြောင်းကတိုက်ခိုက်တာတွေနဲ့ သူပုန်တွေကို အကူအညီပေးတာတွေကတောင် ပဋိပက္ခကို ပိုမိုပြင်းထန်လာစေပြီး အသတ်ခံရတဲ့လူအရေအတွက်ဒါမှမဟုတ် ထွက်ပြေးနေရတဲ့ လူအရေအတွက်ကို တိုးလာစေနိုင်ပါတယ်။ အရင်က စစ်ရေးစွက်ဖက်မှုစာတမ်းတွေကို လေ့လာရင်လည်း ဒါကို အတည်ပြုထားပါတယ်။ ဆီးရီးယားနိုင်ငံက သေဆုံးမှုတွေအားလုံးနီးပါးဟာ သမားရိုးကျလက်နက်တွေကြောင့် ဖြစ်ပြီး တိုင်းမ်မဂ္ဂဇင်းက မိုက်ကယ်ခရိုလီ မှတ်ချက်ပေးထားသလို သမားရိုးကျပုံးတွေကြောင့် ဒုက္ခိတဖြစ်သွားတဲ့ ကလေးတွေရဲ့ ပုံရိပ်တွေဟာလည်း စိတ်မချမ်းမြေ့ဖွယ်ကောင်းတာပါပဲ။

ဒါဆို အိုဘားမားရဲ့ တစ်ခုတည်းသော ရည်မှန်းချက်ဆိုတာ နိုင်ငံတကာစံနှုန်းတစ်ရပ်ကို အတည်ပြုရေးဖြစ်ပါတယ်။ ဒီပန်းတိုင်အတွက်ဆိုရင် သူ့အနေနဲ့ အရေးကြီးတဲ့အရာတစ်ခုကို အောင်မြင်လိုက်ပါပြီ။ သူ့အနေနဲ့ အခုဆိုရင် ကမ္ဘာကြီးရဲ့ အာရုံစိုက်မှု လှုပ်ရှားသွားအောင် လုပ်နိုင်လိုက်ပါပြီ။ ဒါနဲ့အတူ ဆီးရီးယားဓာတုလက်နက်တွေကို စောင့်ကြည့်သွားဖို့နဲ့ ဖျက်ဆီးပစ်ဖို့အထိ လုပ်ငန်းစဉ်တစ်ရပ်ကို နေရာချထားဖို့ အခွင့်အရေးတစ်ရပ်(သေးငယ်တယ်ဆိုပေမယ့်) ရှိနေပါပြီ။ အာဆတ်အစိုးရကဒီလက်နက်တွေကိုနောက်တစ်ကြိမ် ထပ်ပြီးမသုံးစွဲဖို့ သေချာသလောက်နီးပါးဖြစ်အောင် လုပ်ထားနိုင်ပါပြီ။ ဒါဟာ လေကြောင်းပုံးကြဲတိုက်ခိုက်မှုတွေကနေရမယ့် အောင်မြင်မှုတွေထက်တောင်ပိုပါတယ်။ လေကြောင်းတိုက်ခိုက်မှုတွေကတောင် ဓာတုလက်နက်တွေကို ဖျက်ဆီးမပစ်နိုင်ပါဘူး။ (သွားတိုက်ရင်လည်း အဆိပ်ဓာတ်ငွေ့တွေလေထဲအလွယ်တကူလွင့်ထွက်သွားမှာပါ။)ဒါဟာ မနည်းမနော အောင်မြင်မှုပါ။

ဒါပေမဲ့လည်း ဒီအောင်မြင်မှုကို ဆက်ထိန်းထားဖို့ဆိုရင် အိုဘားမားအစိုးရအနေနဲ့ တခြားဘယ်ရည်မှန်းချက်မှ မထားဘူးဆိုတာ ရှင်းရှင်းလင်းလင်း ရှိရပါတယ်။ အနည်းဆုံး လတ်တလောအချိန်မှာပါ။ ဝါရှင်တန်အနေနဲ့ အာဆတ်ကို ဆွေးနွေးညှိနှိုင်းဖက်၊ သဘောတူညီမှုတွေကို အာမခံသူအနေနဲ့ လက်ခံရပါလိမ့်မယ်။

အိုဘားမားအစိုးရအနေနဲ့ ခက်ခဲပင်ခက်ခဲသော်ငြားလည်း သံတမန်ရေးလမ်းကြောင်းကို ဂရုတစိုက်နဲ့ စေ့စေ့စပ်စပ်လိုက်တာ မှန်ကန်ပါတယ်။ ဒါကိုတိုက်ခိုက်မှုရှောင်လွှဲနိုင်ရေး အကြောင်းတစ်ရပ်အနေနဲ့ ဆီးရီးယားနဲ့ ရုရှားနိုင်ငံတို့က လုပ်နေတာဖြစ်ပေမယ့်လည်း အာဆတ်ရဲ့ လက်နက်တွေကို သော့ခတ်သိမ်းဆည်းထားတာ ဒါမှမဟုတ် ဖျက်ဆီးပစ်တာကို မြင်ရမှာကို ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း ပျော်ရွှင်နေပါလိမ့်မယ်။ တကယ်တမ်းလည်း ဒီလိုအကောင်ငယ်ကို ထိုးကျွေးတဲ့ ကစားကွက်ဟာ ရုရှားနိုင်ငံအတွက် ဆီးရီးယားမှာ သူ့ရဲ့စစ်မှန်တဲ့ ရည်မှန်းချက်အောင်မြင်ရေး နည်းလမ်းတစ်မျိုးလည်း ဖြစ်နိုင်ပါတယ်။ အဲဒါကတော့ အစိုးရလည်း မပြောင်းဘူး ဓာတုလက်နက်တွေလည်း မရှိတော့ဘူးဆိုတဲ့ အခြေအနေပါပဲ။

ရုရှားနိုင်ငံကလည်း အဲဒီလက်နက်တွေ ဂျီဟတ်ဒ်ဝါဒီတွေဆီ ရောက်ရှိသွားမှာကို အမြဲတမ်းပဲ စိုးရိမ်ပူပန်နေခဲ့ပါတယ်။ အကြောင်းကတော့ ဘာသာရေးစစ်သွေးကြွတွေနဲ့ပြည့်နေတဲ့ ရုရှားနိုင်ငံတောင်ပိုင်းက ဂျီဟတ်ဒ်ဝါဒီတွေဆီ အဲဒီလက်နက်တွေရောက်သွားနိုင်လို့ ဖြစ်ပါတယ်။ ဆီးရီးယားနိုင်ငံကို အခြားကြီးကြီးမားမား အကူအညီပေးတဲ့ အီရန်နိုင်ငံကလည်း အီရန်-အီရတ်စစ်ပွဲမှာ ဆက်ဒမ်ဟူစိန်က အီရန်နိုင်ငံသားတွေကို ရက်ရက်စက်စက် အဆိပ်ဓာတ်ငွေ့တွေနဲ့ သတ်ဖြတ်ခဲ့ကတည်းက ဓာတုလက်နက်တွေကို သမိုင်းနဲ့ချီပြီး အကြီးအကျယ်ဆန့်ကျင်နေခဲ့ပါတယ်။

အကယ်၍များ အိုဘားမားအစိုးရအနေနဲ့ ဓာတုလက်နက်တွေကိုပိတ်ပင်ထားမှုနိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ဆိုတာ အမှန်တကယ်တိုက်စားခံနေရပြီး အဲဒီအတွက် စစ်ရေးခြိမ်းခြောက်မှုဟာ တစ်ခုတည်းသော နည်းလမ်းလို့ ယုံကြည်တယ်ဆိုရင် အမေရိကန်ကွန်ဂရက်လွှတ်တော်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ နေတိုးအဖွဲ့၊ အီးယူ၊ အာရပ်အဖွဲ့ချုပ်နှင့် အခြားအုပ်စုတွေဆီက ထောက်ခံမှုတချို့ ရရှိဖို့ လိုအပ်ပါတယ်။ ဘုရှ်အစိုးရလက်ထက် အီရတ်စစ်ပွဲအတွက် ကွန်ဂရက်လွှတ်တော်က အာဏာအပ်နှင်းမှု မတိုင်ခင်အခြေအနေကို ပြန်စဉ်းစားကြည့်ပါ။ အီရတ်ကိုတိုက်ခိုက်ဖို့ အခြေခံအနေနဲ့ ဘုရှ်အစိုးရက လုံခြုံရေးကောင်စီဆုံးဖြတ်ချက်(၁၆)ချက်ကို အီရတ်နိုင်ငံက ချိုးဖောက်ခဲ့တာကို လက်ညှိုးထိုးပြနိုင်ပါတယ်။ ကျူးကျော်ပြီးတဲ့အချိန်မှာလည်း နိုင်ငံပေါင်း ၃၈ နိုင်ငံက တပ်ဖွဲ့တွေ ပို့ခဲ့ပါတယ်။

ဝါရှင်တန်ရဲ့ တစ်ခုတည်းသော ရည်မှန်းချက်ဟာ နိုင်ငံတကာစံနှုန်းတစ်ရပ်ကို ဆုပ်ကိုင်မြှင့်တင်ဖို့ဖြစ်တယ်။ ဒါပေမဲ့လည်း နိုင်ငံအများစုနဲ့ နိုင်ငံတကာလူထုရဲ့ ဆန့်ကျင်မှုတွေ ရင်ဆိုင်နေရတယ်ဆိုတာ ကမောက်ကမနိုင်လှပါတယ်။ ညှိနှိုင်းဆွေးနွေးမှုတွေဟာ ဆီးရီးယားနိုင်ငံအတွက် အမှန်တကယ် အချိန်ဝယ်လိုက်တာပဲဖြစ်သလို အိုဘားမားအစိုးရအတွက်လည်း ဒီအတိုင်းပါပဲ။

*—Ref: ဆောင်းပါးရှင် Fareed Zakaria ၏ Obama on the path to success in Syria ကို ဆီလျော်အောင် ပြန်ဆိုသည်။*



7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# 7DAY BOOK REVIEW







## စွဲလမ်းခဲ့သော စာအုပ်ကြော်ငြာစာများ (မိုးစက်နိုင်)

မြန်မာနိုင်ငံတွင်ထုတ်ဝေသည့် အလေ့အထမျိုးမရှိသော စာအုပ်ကြော်ငြာများကိုစုစည်းထားသော စာအုပ်တစ်အုပ်ထွက် ရှိလာသည်။ လွန်ခဲ့သော နှစ်ငါးဆယ်ဝန်းကျင်က ပုဂံ၊ နှလုံးလှ၊ နံ့သာ၊ ယမင်း၊ သင့်ယမုံနာ၊ ကြီးပွားရေး၊ ဉာဏ်လင်း၊ ရောင်နီဦး၊ ပြည်ချစ်၊ ဇွဲ၊ သံလွင်၊ ပြည်သူ့အလင်း၊ သန်း၊ မြင့်စိုး၊ စာပေလောက၊ မှတ်သုန်၊ ခွပ်ဒေါင်း၊ ပင်မရေစီး စသည့် စာအုပ်တိုက်များက ထုတ်ဝေခဲ့သည့် စာအုပ်တစ်ရာ၏ စာအုပ်ကြော်ငြာစာများကို စုစည်းကာ 'စွဲလမ်းမိသောစာအုပ်ကြော်ငြာစာများ'အမည်ဖြင့် ထုတ်ဝေခြင်းဖြစ်သည်။

"ကျေးကျွန်နှင့်သခင်၊ ဘုရင်နှင့်သူဖုန်းစား၊ အာဏာသားနှင့် သူခိုး၊ ကျားဆိုးနှင့်သိုးလိမ္မာ၊ ကညာနှင့်မုဒိမ်း၊ သစ်စိမ်းနှင့်နွားအို၊ အချိုနှင့်အခါး၊ ယောကျ်ားနှင့် မိန်းမ၊ အပိန်နှင့်အဝ၊ အရှိန်နှင့်အနှေး၊ သွေးနှင့်မျက်ရည်၊ ညှော်သည်နှင့်ဇရပ်ပျက်၊ ပျားရည်စက်နှင့်အဆိပ်ပုလင်း၊ သေမင်းနှင့် သမားတော်၊ ပိန်းမဟော်နှင့် မြေဝပ်ပန်း၊ မျက်ကန်းနှင့်နားထိုင်း၊ မုန်တိုင်းနှင့်ရွက်ဝါ၊ တဏှာနှင့် ရမ္မက်၊ အပျက်နှင့်အဖြစ်၊ အချစ်နှင့်အမုန်း၊ ရုန်းရင်းဆန်ခတ်၊ လူတို့ဇာတ်သည်၊ ရဟတ်ပမာ ချာချာလည်လျက်သာတကား"ဟူသော ကဗျာဆရာဒေါင်းနွယ်ဆွေ၏ 'လောကသစ္စာကို ရှာဖွေခြင်း' ကဗျာစာအုပ်ကြော်ငြာမျိုးများကိုထည့်သွင်းဖော်ပြထားရာစာဖတ်သူများသုတ၊ ရသရရှိနိုင်သော စာအုပ်မျိုးဖြစ်သည်။ စိတ်ကူးချိုချိုစာပေတိုက်က ထုတ်ဝေပြီး တန်ဖိုး ကျပ် ၈,၀၀၀ ဖြစ်သည်။

## လမ်း (ဦးနု)

ဝန်ကြီးချုပ်ဟောင်းဦးနု၏ တစ်ခါမျှထုတ်ဝေခဲ့ခြင်းမရှိသော 'လမ်း'အမည်ရှိစာအုပ်ထွက်ရှိလာသည်။ ၁၉၆၉-၁၉၈၀ ခုနှစ်များအတွင်း ဦးနု နိုင်ငံခြားတွင်နေထိုင်စဉ်က အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော ဘာသာရေးစာအုပ်သုံးအုပ်အနက် The Path အမည်ရှိစာအုပ်ကို ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ (လန်ဒန်)က မြန်မာဘာသာသို့ ပြန်ဆိုပေးထားကြောင်း စာရေးသူ၏သမီး ဒေါ်စန်းစန်းနုက အမှာစာတွင်ရေးသားထားသည်။

မြတ်ဗုဒ္ဓ၏ တရားတော်များကို အခန်း(၁၃)ခန်းခွဲကာ ကဏ္ဍစုံလင်စွာဖြင့် စာမျက်နှာပေါင်း (၈၄၀) တိတိရေးသားထားသည်။ကဏ္ဍအလိုက်ဥပမာဥပမေယျများဖြင့် တန်ဆာဆင်လျက် စိတ်ဝင်စားဖွယ်ရေးသားထားသည်။ စာရေးဆရာဝန်ကြီးချုပ်ဟောင်း ဦးနု၏စာပေဟန်အတိုင်းဗုဒ္ဓတရားတော်အမွေအနှစ်များကို မခက်မခဲ၊ မပင်မပန်းဘဲ လွယ်ကူ ရှင်းလင်းစွာ ဖတ်ရှုနိုင်မည်ဖြစ် သည်။ ဥပမာ တန်ခိုးအကြီးမားဆုံးသောကံတရားဟူသောအခန်းတွင် ကံများအကြောင်း ချဉ်းကပ်ဖော်ပြရာ၌ ဃောသရာသူဌေး၊ အရှင်စက္ခုပါလ၊ မလ္လိကာမိဖုရားတို့ကဲ့သို့သော ဗုဒ္ဓဝင်လာ ပုဂ္ဂိုလ်များသာမက သမ္မတခရုးမား၊ သမ္မတဆူကာနို၊ သမ္မတကနေဒီစသော နိုင်ငံရပ်ခြား ခေါင်းဆောင်ကြီးများကိုပါ ဥဒါဟရုဏ်ဆောင်၍ ချဉ်းကပ်ထားပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စာပေလောက စာအုပ်တိုက်ကထုတ်ဝေ၍ တန်ဖိုးကျပ် ၇,၅၀၀ ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## မီးပုံးပျံတွေရဲ့သမိုင်း

လူလိုက်ပါနိုင်ခြင်းမရှိသော မီးပုံးပျံများမှာ တရုတ်သမိုင်းတွင် ရှေးယခင်ကပင်ရှိခဲ့ပြီးဖြစ်သည်။ တရုတ်ပြည်၏ နေပြည်တော်သုံးခု ခေတ်ကာလ (အေဒီ ၂၂၀- ၂၈၀) က ရှုဟန်ဘုရင့်နေပြည်တော်တွင် ကျူဂီလျန်ဆိုသူသည် စစ်ရေးအချက်ပြမှုများ၌ အသုံးပြုနိုင်ရန် မီးပုံးပျံများကို စတင်အသုံးပြု ခဲ့သည်ဟု သိရသည်။

၁၇၀၉ ခုနှစ်တွင် ဘရာဇီး မှ ခရစ်ယာန်ဘုန်းတော်ကြီး ဘာတိုလိုမြူဒီဂတ်စ်မော်က ဘောလုံးအတွင်း အပူပေးထားသည့်လေများထည့်သွင်းကာ လူလိုက်ပါနိုင်သော မီးပုံးပျံကို စတင်စမ်းသပ်ခဲ့သည်။ ပါဆာရိုလာဟုအမည်ပေးထားသော ယင်းမီးပုံးပျံကို ပေါ်တူဂီနိုင်ငံ လစ်စဘွန်းမြို့တွင် စိန့်ဂျော့ချ်ရဲတိုက်မှ ပျံတက်ကာ စမ်းသပ်ခဲ့ သည်။ သို့သော် မီးပုံးပျံမှာ တစ်ကီလိုမီတာခန့်အကွာအဝေးသာ ရောက်နိုင်ပြီး ၎င်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ပျက်ကျခဲ့သည်။

ထို့နောက်တွင် ၁၇၈၃ ဒီဇင်ဘာ ၁ ရက်နေ့၌ ပါမောက္ခ ဂျက်ချားလ်စ်နှင့်ရောဘတ်ညီ အစ်ကိုများက ပထမဆုံးသော ဓာတ်ငွေ့မီးပုံးပျံကို ပါရီမှစတင်ပျံသန်းနိုင်ခဲ့ကာ ၎င်းတို့ခရီးစဉ်မှာ အမြင့်ပေ ၂,၀၀၀ ခန့်အထိ ရောက်ခဲ့သလို လေထဲတွင် နှစ်နာ ရီကြာနေနိုင်ခဲ့သည်။ Ref: Wiki

# တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၁၈ မှ စက်တင်ဘာ ၂၄ ရက်အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကောင်းသောကာလဖြစ်သည်။ ရိုးရိုးသားသားနှင့် အစီအစဉ်တကျဆောင်ရွက်ခြင်း၏ ကောင်းသောအကျိုးဆက်ရမည်။ ငွေကြေးကိစ္စစကားပြောဆိုမှုအောင်မြင်မည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ ဆောင်ရွက်လိုက်သည့်ကိစ္စမှန်သမျှ ကောင်းသောတုံ့ပြန်မှုကြုံတွေ့ရမည်။ ရပ်ဝေးနှင့်ဆက်စပ်၍ ဆောင်မြင်မှုကောင်းများ ရရှိမည်။ ခြံ၊ မြေ၊ နေရာထိုင်ခင်းကိစ္စပြောဆိုဆောင်ရွက်၍ အောင်မြင်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုး အခက်အခဲကြားမှ ဆောင်ရွက်ရသော အနေအထားရှိမည်။ မိမိကိုယ်ကိုပင် မိမိမယုံအပ်သောကာလဖြစ်သည်။ စိတ်အမျိုးမျိုးပြောင်းလဲတတ်သည်။ ရုတ်တရက်ပေါ်ပေါက်လာသော ပြဿနာများကို အချိန်မဆွဲဘဲ ဖြေရှင်းကာမှ တော်ရုံကျမည်။ အကုန်အကျများမည်။ အပျောက်အရှများမည်။ စိတ်ပျံ့လွင့်လွယ်မည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရန်များမည်။ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ လူယုံထား၍မရ။ သူတစ်ပါးအပေါ် ကိုယ်ကစေတနာမည်မျှထားစေ၊ ကောင်းသောတုံ့ပြန်မှုများ မရနိုင်။ ဒုက္ခပေးသူများနှင့် ထိပ်တိုက်တွေ့မည်။ သူတစ်ပါးကြောင့်ဖြစ်လာသည့် ပြဿနာများကို မိမိရင်ဆိုင်ဖြေရှင်းမှ အဆင်ပြေမည်။ မိသားစုတွင် အမြော်အမြင်မရှိ ထင်ရာစိုင်းတတ်သူကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာကြုံမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်ချမ်းသာစရာများနှင့် အဆင်ပြေခြင်းများ လွှမ်းမိုးနေသည်။ ကာလအတန်ကြာ မိမိနှင့် ဝေးကွာနေသည့် ပျော်ရွှင်မှုများ ပိုင်ဆိုင်ခံစားနိုင်မည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးကံအထူးကောင်းသည်။ ၅၂၈-၁၅၀၀ မေတ္တာနှစ်ခုစလုံး အကျိုးပေးမည်။ မိမိအပေါ် ကောင်းကျိုးပြုသူများနှင့် တွေ့မည်။ ရည်ရွယ်ချက်များ ပြည့်ဝမည်။ ပညာအတတ်နှင့်ပတ်သက်၍ ကံကောင်းမည်။ အလုပ်တိုးတက်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ပြဿနာများတစ်မျိုးပြီးတစ်မျိုး ဖြေရှင်းပြီး ထူးခြားသည့် တိုးတက်မှုဖြစ်ထွန်းမည်။ သူတစ်ပါးအပေါ် စေတနာထားမှုလွန်ကဲ၍ စိတ်မောလူမောဖြစ်တတ်သည်။ စေတနာသဒ္ဓါတရားအပေါ် အလွဲသုံးစားပြုသူများနှင့်တွေ့မည်။ လှည့်စားသူများနှင့် တွေ့တတ်သည်။ ကုန်ကျမှု၊ ရင်းနှီးမြှုပ်နှံမှု ထပ်မံစိုက်ထုတ်၍ လုပ်ပါ။ ဆောင်ရွက်သမျှအကျိုးရှိနိုင်သည်။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေသည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်မပါလက်မပါ အရာရာလုပ်နေမည်။ လုပ်လိုသည်ကတစ်မျိုး၊ လက်တွေ့ဆောင်ရွက်နေသည်ကတစ်မျိုးကြုံမည်။ လုပ်ကိုင်ဆောင်ရွက်သမျှတွင်လည်း အစီအစဉ်တကျမရှိဖြစ်နေမည်။ အဆင်ပြေသလိုကောက်ကာငင်ကာဆောင်ရွက်ရသည့်အနေအထားရှိမည်။ ပစ္စည်းပျောက်ရှတတ်သည်။ လုပ်ငန်းခွင်မှသူများအဖို့ အလုပ်နေရာ၊ ဆက်ဆံရသောဝန်းကျင်တွင် အပြောင်းအလဲဖြစ်ပေါ်မည်။ အလုပ်တိုးတက်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အပြောင်းအလဲနှင့် တိုးတက်ရမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ အခွင့်အရေးနှစ်မျိုးရမည်။ လုပ်ငန်းနှစ်မျိုးကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ လက်လွှတ်ထားသည်များပြန်ရမည်။ ပေါ်ပေါက်လာသော အခွင့်အရေးများကို အသုံးချ၍ တိုးတက်မှုရမည်။ ရည်မှန်းထားသည်များအား စနစ်တကျလုပ်၍ အကျိုးရှိမည်။ စကားများရန်ဖြစ်ရမည်။ စိတ်ပင်ပန်းမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရည်ရွယ်ထားသည်များ ဆန္ဒရှိသည်များ ရှေ့တိုးဆောင်ရွက်၍ အောင်မြင်ခြင်းဖန်တီးနိုင်မည်။ ငွေကြေးကိစ္စများ ပြောဆိုဆောင်ရွက်၍ အဆင်ပြေမည်။ စနစ်တကျဆောင်ရွက်ထားသည်များမှ အကျိုးအမြတ် ရရှိမည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်ရန် အခါကောင်းသည်။ အကြီးအကဲများထံမှ အထောက်အကူရမည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးတက်မည်။ အလွယ်တကူချောမောစွာဆောင်ရွက်နိုင်မည်။




### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက်အောင်မြင်၍ ငွေကြေးကံကောင်းမည်။ စကားများစရာများနှင့် အနှောင့်အယှက်များ တွေ့ရတတ်သည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်နှောင့်နှေးနိုင်သည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများကို သတိထား၍ ဆောင်ရွက်ပါ။ ပြဿနာအခက်အခဲရှိမည်။ မေတ္တာရေးကံကောင်းမည်။ စိတ်ချမ်းမြေ့ဖွယ်ရာရှိမည်။ စည်းစိမ်တိုးမည်။ ခါတိုင်းထက်ပို၍ ငွေဝင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လမ်းသစ်ပွင့်မည်။ ဦးတည်ချက်သစ်များ အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့်ဖြစ်ပေါ်သော အခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ပေါ်ပေါက်လာသော အခွင့်အရေးများကို လက်လွှတ်မပေးသင့်။ ငွေမချေးရ၊ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ၊ မကြာခဏစကားများရမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ ငွေကုန်ကြေးကျများမည်။ အထင်လွဲမှုများဖြေရှင်းရမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လူမျိုးကွဲအကျိုးပေးမည်။ တိုင်းတစ်ပါးနှင့် တိုက်ရိုက်ဆက်စပ်၍ လုပ်သောလုပ်ငန်းအကျိုးပေးမည်။ နေရာအပြောင်းအရွှေ့ အပြောင်းအလဲရှိက လက်ခံပါ။ ပြောင်းလဲခြင်းနောက်ကွယ်မှ တိုးတက်မှုအဆင့်ဆင့်ရမည်။ မိသားစုတွင် လက်လွှန်ထားသော ငွေကြေးပြန့်ကျဲနေသော စီးပွားများစုစည်းနိုင်မည်။ ကြွေးတောင်း၍ ကောင်းသော ကာလဖြစ်သည်။ ရင်းနှီးသူများနှင့် စိတ်ဝမ်းကွဲရတတ်သည်။ သည်းခံပါ။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်အေးချမ်းသာစရာများကြုံမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများ ကြုံတွေ့ကြားသိရမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ မိတ်ကောင်းဆွေကောင်းများနှင့် ကြုံတွေ့မည်။ ပြဿနာများအေးချမ်းသွားမည်။ ကျန်းမာရေးအညံ့ရှိသည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပျိုရွယ်သူများ မေတ္တာရေးစန်းပွင့်မည်။ လုပ်ငန်းခွင်မှသူများ တိုးတက်ခြင်းရှိမည်။ ငွေကြေးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရရှိမည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၅၁)

## အလျားလိုက်

၁။ ဆုလေးဆုဖြင့် မြန်မာပြည် ပြန်လာသူ
၃။ ခေတ်လူငယ်များ အပေါက်ဖောက် အလှဆင်သော နေရာတစ်ခု
၈။ လူထုကို ရုပ်ရှင်ဇာတ်ကားတစ်ကား ပထမဆုံး ပြသသောပွဲ
၉။ ထိုင်းကောင်စစ်ဝန်ရုံးထားရှိစေလိုသောမြို့
၁၀။ ဩဂုတ်လအတွင်း မြန်မာနိုင်ငံသို့ လာရောက်မှု လျော့ကျလာသူများ
၁၁။ စီမံချက်ဖြင့် ကာကွယ်ဆေးတိုက်နေသော ရောဂါ


## ဒေါင်လိုက်

၂။ ဗြိတိသျှသံရုံးက ထောက်ပံ့မည့်ကျောင်း
၃။ စူပါမားကက်တွင် မိန်းမပျောက်နေသူများ
၄။ ကျောက်ဖြူတွင် တည်ဆောက်မည့် အရာတစ်ခု
၅။ ဆေးလိပ်ကြောင့် ဖြစ်နိုင်သောရောဂါတစ်မျိုး
၆။ ဆီးဂိမ်းလာရောက်သူများအတွက် ထုတ်ပေးမည့်အရာ
၇။ ရွှေဝါရောင်တော်လှန်ရေးတွင် သေဆုံးခဲ့သော နိုင်ငံခြားသား



ပဟေဠိ အမှတ်စဉ်(၂၅၀)
အတွက်
အဖြေမှန်သူမရှိပါ

### ပဟေဠိ အမှတ်စဉ်(၂၅၀)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၀-၉-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းဘုန်း

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

### ခရုအိမ်

အဆင့်မြင့် ခန်းဆီးလိုက်ကာနှင့် ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

### 'အာလားလား ရေခဲမုန့်'

အလှူ၊ မင်္ဂလာဆောင်အမျိုးမျိုးအတွက် အော်ဒါများ မှာယူနိုင်သည်။
ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

### မြေကွက်ရောင်းမည်

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်းနှင့် လယ်သမားလမ်းထောင့်၊ အပြင်ပဒုံ၊ လှိုင်သာယာ၊ ပေ (၄၀×၆၀)၊ ပါမစ်ရပြီး။ ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

### ZN Satallite Group

စလောင်းအမျိုးမျိုး ပြုပြင်တပ်ဆင်ပေးသည်။
ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

### ဝန်ဆောင်မှု

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကိုစိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၀၉-၇၃၀၆၆၁၉၄

### ရောင်းမည်

မြေ(၇)ကေနီးပါး၊ အင်းတကော် (၁၀) မိုင်၊ စိုက်ပျိုးမွေးမြူရေးစခန်း၊ ပဏ္ဍိတာရာမအကျော်၊ ဟံသာဝတီလေဆိပ်အနီး၊ ပဲခူးမြို့။ ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

### အိမ်ရောင်းမည်

အင်းစိန်မြို့နယ်အတွင်း၊ ပေ(၂၀×၆၅)၊ အိမ်နှစ်လုံးအပါ။ ကြိုးဖုန်း၊ ရေ၊ မီးအစုံပါသည်။ ပိုင်ရှင်ကိုယ်တိုင်ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၉-၄၂၀၇၃၀၆၂၇

### ဝန်ဆောင်မှု

**NY 925 Silver**

925 Accessories များ ဝယ်ယူနိုင်ပါသည်။ အမှတ်တရစုံတွဲလက်စွပ်များလည်း အော်ဒါလက်ခံသည်။ လက်စွပ်တွင် နာမည်အမှတ်တရ ရေးထွင်းနိုင်သည်။
ဖုန်း-၀၉-၅၁၇၆၉၃၄

### ZN အိမ်ရွှေ့ပြောင်းဝန်ဆောင်မှုလုပ်ငန်း

နေအိမ်ပြောင်းရွှေ့မှုများအတွက် ကား၊ အလုပ်သမား အပါအဝင် အပြီးအစီး ဝန်ဆောင်မှုပေးနေပါသည်။
ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

### ဆိုင်ခန်း/ရုံးခန်းငှားမည်

ရွှေဂုံတိုင်လမ်းမ၊ ပေ(၂၅×၆၀)၊ ကိုယ်ပိုင်ကားပါကင်ပါ၊ အဲကွန်း(၇)လုံး၊ ဖုန်း(၁)၊ အင်တာနက်(၁)၊ အိပ်ခန်း (၁)၊ အဆင့်မြင့်ပြင်ဆင်ပြီး။
(လစာ- ကျပ် ၂၅ သိန်း)
ဖုန်း-၀၉-၄၃၀၈၃၇၈၁

### သချ်ာ-အင်္ဂလိပ်စာတော်လာဖို့

Subject Idea များရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် စေတနာနှင့် တတ်ကျွမ်းမှုကို အခြေပြု၍ သင်ကြားပေးပါသည်။
ဖုန်း-၀၉-၅၀၁၅၉၇၉

### ဒေါ်အေးအေးသွဲ့ B.Sc(Physics)

အင်္ဂလိပ်နှင့် ရူပဗေဒ ဘာသာရပ်ကို Teaching/Guide လိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။(ပြည်မြို့တွင်း လက်ခံသင်ကြားပေးသည်)
ဖုန်း- ၀၉ ၃၁၅၉၃၅၂၂

### Tr.Mu

၉တန်းနှင့် ၁၀တန်းဇီဝဗေဒ သီးသန့် အိမ်ဝိုင်းများစီစဉ်သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅

### သင်ကြားပေးသည်

IGCSE/GCE 'O'
www.facebook.com/superstarigcse
PH: 09 5139298

### Teaching & Study Guide

၁၀တန်းကျောင်းသားများအတွက် သချ်ာ သီးသန့် အိမ်အရောက်သင်ကြား ပေးသည်။ ဖုန်း- ၀၉ ၄၂၀၀၃၀၈၇၈

### English One by One Classes

General English from Basic (4 Skills & Grammar).IELTS (Foundation/Preparation)
PH: 09 450001079

### ဆရာ Bryan

စင်ကာပူတွင် စာသင်ကြားပေးခဲ့သော ဝါရင့်၊ ကျွမ်းကျင်သင်ကြားလမ်းညွှန်မှု (၁၂ နှစ်)ရှိ Int'l School (Primary & Secondary Levels)(All Subjects)
PH: 09 420070692

### ငှားမည်

ဝါးတန်း Residence (2000)sqft ပရိဘောဂအစုံပါ။ M (2), B(2) $ 3000
ဖုန်း-၀၁ ၄၃၀၃၀၆

### ငှားမည်

ယောမင်းကြီးကွန်ဒို၊ (19000) sqft ၂၅ သိန်း။ ပရိဘောဂအစုံပါ။
M(2), B(2).
ဖုန်း-၀၁ ၄၃၀၃၀၆

### ငှားမည်

ကွန်ဒိုငှားမည်။ လှည်းတန်းလမ်းဆုံအနီး 1400 sqft၊ ပရိဘောဂနှင့် လူနေမှုပစ္စည်းများပြည့်စုံစွာ ပါရှိသည်။ အကျိုးဆောင်ခ ပေးရန်မလို။ လစာ-USD 1700 (ညှိနှိုင်း) (နိုင်ငံခြားသားသီးသန့်)
ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ငှားမည်

Blazon ကွန်ဒို၊ (2000)sqft 4$ 2000 Alc 4၊ ပါကေးခင်း၊ ဖုန်း။
ဖုန်း-၀၉ ၄၃၁၈၀၈၆၉

### ရောင်းမည်

မြောက်ဥက္ကလာ(၄)ရပ်ကွက်၊ ပေ (၁၈×၆၀)၊ ရေမီး၊ (စလစ်)၊ လမ်းဆုံးထောင့်အိမ်၊ အိမ်ကောင်း(ဈေး၊ ကျောင်း၊ ကားဂိတ်နီး) သိန်း (၂၄၀)။
ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

### ရောင်းမည်

အင်းစိန်၊ ဘုရင့်နောင်ကားလမ်းမကြီးဘေး၊ ဘိုးဘွားပိုင်မြေ၊ ပေ(၃၀×၉၀) အိမ်နှင့် ခြံ၊ ရေ(၂)၊ မီတာ(၂)။
သိန်း (၂၅၀၀) ညှိနှိုင်း။
ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

### ရောင်းမည်

မြောက်ဥက္ကလာ၊ ရွှေပေါက်ကံမြို့နယ်။ ပေ(၂၆×၆၀)၊ ရေမီးဂရန်မူရင်း။ ပုဂံလမ်း၊ ကျောကပ်။ သိန်း(၂၇၀)
ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

### ရောင်းမည်

ရွှေပေါက်ကံ ၂၀ ရပ်ကွက်၊ အနော်ရထာလမ်း ပေ (၄၀×၆၀)၊ အိမ်နှင့် ခြံ။
ရောင်းဈေး- သိန်း ၅၀၀။
ဖုန်း-၀၁ ၆၉၅၉၁၈

### ရောင်းမည်

တ/ဥ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန် (၃) လမ်း၊ အမှတ်(၁၃၂/က)၊ ၂ထပ်၊ BN, နှစ် (၆၀) ဂရန်အမည်ပေါက်။
ရောင်းဈေး-သိန်း၁၂၈၀(ညှိနှိုင်း)
ဖုန်း-၀၉ ၅၁၁၀၉၉၅

### ကျော် Car Rental

မြို့တွင်း၊ မြို့ပြင်၊ နယ်ဝေးလချုပ်၊ နှစ်ချုပ် ခရီးစဉ်အမျိုးမျိုးကို ကိုယ်ပိုင်ယာဉ်များအား သင့်တင့်သောနှုန်းဖြင့် အငှားဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၀၉ ၇၃၀၉၉၁၆၉

### Living Real Estate Services

ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင် အိမ်၊ ခြံ၊ မြေနှင့် ပတ်သက်၍ ဝယ်/ရောင်း/ငှားခြင်း အကျိုးဆောင်နှင့် ဆက်သွယ်ပေးပါသည်။
ဖုန်း- ၀၉ ၃၃၂၇၀၂၇၇

### ယာဉ်မောင်းဝန်ဆောင်မှု

ယာဉ်မောင်းလိုအပ်သူများ၊ ယာဉ်မောင်းလုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။
ဖုန်း- ၀၁ ၅၂၄၄၄၆

### Saya U Myint Mg

အင်္ဂလိပ်စာနှင့်ဝေးနေပြီး အခြေခံအားနည်းသူများအား Grammar, Vocab, Reading,Speaking & Writing ကို Basic မှပြန်စ၍ အိမ်လာသင်ပေးသည်။
ဖုန်း- ၀၉ ၇၃၆၃၀၆၆၂

### ရောင်းမည်

စက်ရုံ၊ အလုပ်ရုံအတွက် ဒီဇယ်ဆီများကို ငါးပီပါမှ ၂၀ ပီပါအထိလူကြီးမင်း တို့နေရာအရောက်စနစ်ဖြင့် ရောင်းချနေပါသည်။ အရည်အသွေးမှန် A9Business Group မှ တာဝန်ယူပါသည်။
ဖုန်း-၀၉ ၇၃၂၀၆၆၂၃

### ရောင်းမည်

MAS-Air Con Group မှ အာမခံ သုံးနှစ်ပါ အသစ်စက်စက် Air Con (1) HP အားရောင်းမည်။ Frame+Safeguard+Copper pipe(၁၀)ပေအပါ(၂၁၀,၀၀၀)အပြီးအစီး။
ဖုန်း-၀၉ ၇၃၂၄၀၂၃၇

### ရောင်းမည်

Huawei Y220T
android,၆လအာမခံပါရှိသည်။ ၁၀၀ ရာခိုင်နှုန်းအသစ်ဖြစ်ရမည်။
ဈေးနှုန်း-၄၉၀၀၀(ညှိနှိုင်း)
ဖုန်း-၀၉ ၄၂၅၀၂၂၆၃၃

### ဆရာမ ဒေါ်နီလာအောင်

"ဇေတဒင်္ဂပညာရေးဝန်ဆောင်မှု"
Grade-8,9,10,11
ဘာသာစုံအိမ်လိုက်သင်သည်။
(ဝါရင့်ဆရာ၊ ဆရာမများနှင့်သာ)
ဖုန်း-၀၉ ၄၀၁၅၄၀၉၈၁

### S.o.E Lady Fashion

Design Training Class
အမျိုးသမီးသီးသန့်သင်တန်း
ဖုန်း-၀၉ ၇၃၁၇၇၂၅၄

### ရောင်းမည်

၃၂ရပ်ကွက်၊ မ/ဒဂုံ၊ ကျောင်းလမ်းမကြီး ကျောကပ်၊ ပေ (၂၀×၆၀)၊ 1 ½RC,450L
ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# တွံတေးတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းစတင်

ခိုင်ခိုင်စိုး

**ရန်ကုန်၊ စက်တင်ဘာ-၁၅**
တွံတေးမြို့နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ကိုစတင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်သူလူထုအခြေပြု ခရီးသွားလုပ်ငန်းအတွက် တွံတေးမြို့နယ်တွင် ဒေသခံလူငယ်များကို အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ Local guide သင်တန်းများပေးလျက်ရှိကြောင်း၊ Responsible Myanmar Team အဖွဲ့ဝင် S.S.T ခရီးသွားလုပ်ငန်းမန်နေဂျာဦးစိုးမင်းအေးကပြောသည်။

"ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်းက ဒေသခံတွေဖွံ့ဖြိုးဖို့အတွက် လက်နက်တစ်ခုပဲ Local guide တွေလည်း မွေးထုတ်ပေးဖို့လိုတယ်။ ဇီးအိုရွက်လှဆို ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်းမှာ တော်တော်ကောင်းမွန်နေပြီ"ဟု ဦးစိုးမင်းအေးကပြောသည်။

လက်ရှိတွင် တွံတေးမြို့နယ်၌ ပြည်သူလူထုအခြေပြုခရီးသွား (CBT) ခရီးစဉ်အတွက်လက်မှတ်သီးသန့်ရောင်းချရမှုမရှိသေးသော်လည်း သွားရောက်လည်ပတ်ခဲ့သည့် ခရီးသွားဧည့်သည်များ နှစ်သက်ကြောင်း ၄င်းကဆက်လက်ပြောသည်။

တွံတေးမြို့နယ်သည် ရန်ကုန်မြို့မှတစ်နာရီသာသွားရောက်ရပြီး ရှေးဟောင်းအမွေအနှစ်မြို့တော်ဟောင်း၊ နန်းရာကုန်း၊ တွံတေးတူးမြောင်း၊ စဉ့်အိုးလုပ်ငန်းစသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိသည့်အတွက် CBT လုပ်ဆောင်ရန်အသင့်တော်ဆုံးဖြစ်သည်ဟုဆိုသည်။

တွံတေးမြို့နယ်တွင်ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်းလုပ်ကိုင်နိုင်ရန် Responsible Myanmar team နှင့်တွံတေးမြို့ဒေသခံများ ပူးပေါင်း၍ (CBT) အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လကပြုလုပ်ခဲ့သည်။

စာမျက်နှာ (၂၃) မှ

## သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

(၈) သာသနာရေးဆိုင်ရာ၊ အဆောက်အအုံများ၊ စေတီပုထိုး၊ ကျောင်း၊ ဇရပ်ကိစ္စများ၊ တက္ကသိုလ်၊ ဓမ္မာရုံများနှင့် လုပ်ငန်းကြီး၊ သာမန်လုပ်ငန်းများအားလုံး ပွင့်လင်းမြင်သာသည့် တင်ဒါစနစ်ဖြင့် အားလုံးယှဉ်ပြိုင်ခွင့်ပေးသည့်စနစ်ဖြင့် စနစ်တကျဆောင်ရွက်စေခြင်းတို့ပဲဖြစ်ပါတယ်။

**အရင်ကရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာကအခု ပြည်ထောင်စု အစိုးရအဖွဲ့မှာ ဝန်ကြီးတစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်နေရတာ ဘယ်လိုကွာခြားမှုတွေ ရှိပါသလဲ။ ဘယ်တာဝန်ကို ပိုသဘောကျပါသလဲ။**

နိုင်ငံ့ဝန်ထမ်းဘဝကျင်လည်ခဲ့တာ နှစ်ပေါင်း ၄၀ ရှိခဲ့ပြီ ဖြစ်ပါတယ်။ မိမိဝါသနာနဲ့ကိုက်ညီသည်ဖြစ်စေ၊ မကိုက်ညီသည်ဖြစ်စေ၊ မိမိနဲ့ အပ်စပ်သည်ဖြစ်စေ၊ မအပ်စပ်သည်ဖြစ်စေ အမိန့်၊ ညွှန်ကြားချက်အတိုင်း လိုက်နာပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးနိုင်ခဲ့သလို ပြည်သူ့ဘဝလုံခြုံမှုရှိဖို့ Rule of Law ဥပဒေစိုးမိုးရေးကို အဓိကမဏ္ဍိုင်ပြုပြီး ပြည်သူ့အသံနားထောင်ပြီး ပြည်သူ့အကျိုးသယ်ပိုးကာ လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူ့အကျိုးငှာ ဥပဒေသစ်တွေပြဋ္ဌာန်းပေးနိုင်သလို ဥပဒေအသစ်တွေ အသက်ဝင်အောင်၊ ဥပဒေစိုးမိုးအောင် ကြိုးစားခဲ့ပါတယ်။ တာဝန်ရှိသူအကြီးအကဲများနဲ့ ပြည်သူအားလုံး ဥပဒေကိုလေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ အများကောင်းအောင်လုပ်တာပဲဆိုပြီး ဥပဒေနဲ့ မညီလည်းဘဲလုပ်ရမှာပဲဟုဆိုပြီးဆောင်ရွက်လို့ မရပါဘူး။ ဥပဒေနဲ့အညီသာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်မှာရော အခုအစိုးရလက်ထက်မှာပါ ဥပဒေကိုအလေးထား လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အများအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးနဲ့ တည်ငြိမ်အောင်၊ ကောင်းအောင်လုပ်ဆောင်ရာမှာလည်း ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ငါကောင်းအောင်လုပ်တာပဲလို့ ဆင်ခြေပေးပြီး ဥပဒေကိုကျော်ခိုင်းခြင်း၊ ပစ်ပယ်ခြင်း ဟာ ပြည်သူအားလုံးဘက်က ဦးဆောင် ဦးရွက်ပြုတဲ့ အကြီးအကဲကောင်းရဲ့လုပ်ဆောင်ချက်မျိုး မဟုတ်ပါ။ အကြီးအကဲ သည် ဥပဒေမူဝါဒကို ထာဝစဉ်ဆုပ်ကိုင်ထားရမှာ ဖြစ်ပါတယ်။ လူတစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ အချိန်ကာလတစ်ရပ်အတွက်သာ ကြည့်ရမှာ မဟုတ်ပါ။ ရေရှည်အကျိုးသာ ကြည့်ရပါမယ်။ မျက်နှာလိုက်၊ ဘက်လိုက်၍ မရပါ။ ထိုနည်း တူ ဥပဒေရဲ့ အဆိုအမိန့်တစ်ရပ်ဖြစ်တဲ့ Justic is Blind, He knows nobody "တရားမျှတမှု (ဥပဒေသည် မျက်စိမမြင်၊ ၎င်းသည်မည်သူ့ကိုမျှ မသိ'ဆိုတာ ကျင့်သုံးသွားဖို့ လိုပါတယ်။ ပြည်သူကရွေးကောက်တင်မြှောက်ထားတဲ့ ခေါင်းဆောင်၊အကြီးအကဲအနေနဲ့ "မူဝါဒ" ကို ထိန်းကျောင်းရမယ့်တာဝန်ရှိပါတယ်။ မိမိအနေနဲ့ တာဝန်ပေးခန့်အပ်သော (Appointed Person) ခန့်အပ်ခံရသူထက် ပြည်သူကရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခွင့်ရတဲ့ ပြည်သူ့ခေါင်းဆောင် (ရွေးချယ်ခံခေါင်းဆောင်) (Elected Leader)ကို သဘောကျနှစ်သက်ပါတယ်။

**ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေအပေါ် အောက်ခြေရှိ ဝန်ထမ်းတွေ လိုက်ပါပြောင်းလဲခြင်းမရှိတဲ့အပေါ် ဘယ်လိုမှတ်ချက်ပြုလိုပါသလဲ။**

ပြည်ထောင်စုအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို အောက်ခြေဝန်ထမ်းတွေ အားလုံး (အားလုံး) လိုက်ပါပြောင်းလဲခြင်းမရှိ(မရှိ) လို့မယူဆပါဘူး။မပြောင်းလဲသူအများစု အောက်ခြေမှာ ရှိနေပါသေးတယ်။ အချို့လည်းအဆင့်တိုင်းမှာ မပြောင်းလဲလိုသူအချို့ ကျန်ရှိနေပါသေးတယ်။ မပြောင်းလဲသူ အချို့ဟာ ယခင်က ရရှိခဲ့တဲ့ လုပ်ပိုင်ခွင့်၊ အာဏာ၊ အခွင့်အရေးတွေကို အလွန်အကျွံသုံးခဲ့သူတွေက မပြောင်းလဲနိုင်သေးတာ၊ ယခင်က ဥပဒေထက် အမိန့်နဲ့ ညွှန်ကြားချက်တွေက အုပ်ချုပ်ရေးပိုင်းမှာ စိုးမိုးထားတဲ့အတွက် အုပ်ချုပ်ရေးအာဏာလက်ကိုင်ထားလိုသူတွေ၊ လုပ်ပိုင်ခွင့်အာဏာနဲ့ အခွင့်အရေးကို ယစ်မူးနေသူတို့ မပြောင်းလဲနိုင်တာတွေ့ရပါတယ်။ အရင်က ရရှိခဲ့တဲ့ ကြီးမားတဲ့ စည်းစိမ်ချမ်းသာကို အတင်းဖက်တွယ် ကာကွယ်ထားလိုသူ များပြားနေသေးတာ၊ မီဒီယာတွေကမီးထိုးပြသော်လည်း မမြင်ယောင်ဆောင်၊ မသိချင်ယောင်ဆောင်သူတွေ ရှိနေပါသေးတယ်။ မပြောင်းလဲသူများဟာပြည်သူ့အပေါ်ကိုဟန့်တားအနိုင်ကျင့်လိုသူတွေ ဖြစ်ပါတယ်။ ပြည်သူ့ဘဝတိုးတက်မှုနဲ့ အခြေခံလူထုကို ဟန့်တားသူတွေဖြစ်တဲ့အတွက် ထိထိရောက်ရောက် အရေးယူသွားဖို့လိုပါတယ်။ အများပြည်သူ အကျိုးအတွက် အမှန်တရားကိုရှေ့တန်းတင်သူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံ ဆောင်ရွက်နေသူတွေကို ရှေ့တန်းတင်ပြီး မပြောင်းလဲသေးတဲ့သူတွေကို ပြင်ဆင်ပြောင်းလဲသွားအောင် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာတွေက မီးမောင်းထိုးပြ ပြင်ဆင်ပေးသင့်ပါတယ်။ လူ့ဘောင်အဖွဲ့အစည်းတစ်ခုရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုမှာ သဟဇာတအချိုးညီစွာ စနစ်တကျပြောင်းလဲဖြစ်ပေါ်ခြင်းမျိုးသည်သာ သမိုင်းကြောင်း ချောမွေ့ပြီး အနှစ်သာရပြည့်စုံမယ်လို့ ယုံကြည်ပါတယ်။

စာမျက်နှာ(၂၆) မှ

## စိတ်ယဉ်ကျေးမှု ပျက်သုဉ်းခြင်း

တကယ်တော့လည်း 'ကာမ၊ တဏှာ'ဆိုသည်မှာ 'အစွန်းရောက်တပ်မက်တွယ်တာခြင်း' ဖြစ်ပြီး 'လိင်'ဆိုသည်မှာလည်း သိပ္ပံပညာစာအုပ်ထဲရှိ မျိုးပွားဆိုင်ရာ အင်္ဂါဟူသည့် အဓိပ္ပာယ်ထက် မပိုပေ။ ကျွန်တော်တို့ လူငယ်အရွယ်က ဒေါက်တာအောင်ခင်ဆင့်၏ ဖိုမဆက်ဆံရေးပညာပေး စာအုပ်များကို ခိုးဖတ်ရချိန်တွင် မေသန်းနုနှင့် စိုးမြတ်သူဇာတို့က ထဘီတိုတိုနှင့် ခြေသလုံးလေးတွေ ဖော်ပြရုံသာ ရှိသေးသည်။ ယခုအင်တာနက်ကို လက်ဖဝါးပေါ်တင်ကာ လိုရာကြည့်နိုင်သည့်ခေတ်တွင်တော့ Celebrity မိန်းကလေးများမှာ ဘောင်းဘီတို၊ စကတ်တိုနှင့် ဘယ်သူပြိုင်၍ ဖော်ပါတော့နိုင်ဖြစ်နေသည်။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးရေးထက် ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းက ပို၍တန်ဖိုးရှိလှပါသည်။ သိင်္ဂါလသုတ်တွင် ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ကြံခြင်းသည် ညစ်ညူးသော ကံမည်၏ဟု မြတ်ဗုဒ္ဓက ဟောကြားခဲ့ပြီ ဖြစ်သည်။ ထို့အပြင် နေ့စဉ် ဘုရားရှိခိုးရာ၌ ငါးပါးသီလထဲတွင်ပါရှိသော ကာမေသုမိစ္ဆာစာရဆိုသည်မှာလည်း ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်မှုဟု ဖွင့်ဆိုထားပြီး မဟုတ်လား။ ဇီဝကမ္မဖြစ်စဉ်အရ လူဆိုသည်မှာ မွေးဖွားလာစဉ်ကတည်းက သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်သော်လည်း ရုပ်၏စေ့ဆော်မှုကို နာမ်အသိဖြင့် ချုန်းအုပ်ရပါသည်။ ထိုသို့ မပြုမူနိုင်လျှင် လူသားတို့သည် အစာရှာ၊ အသိုက်ဆောက်နိုင်သော တိရစ္ဆာန်တို့ထက် ပိုနိုင်မည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

## JOKE

### သနားစရာပဲ

နေအိမ်အသစ်တစ်လုံးတွင် ပြောင်းရွှေ့နေထိုင်သောမိသားစုတစ်ခုဆီသို့ ဆွေမျိုးတစ်ဦးအလည်ရောက်လာပြီး အိမ်အသစ်တွင် နေထိုင်ရသည်ကို ကြိုက်နှစ်သက်ရဲ့လားဟု ငါးနှစ်သားလေးဂျွန်နီကို မေးသည်။ ဂျွန်နီက "ဟာဒီအိမ်အသစ်မှာနေရတာအရမ်းမိုက်တယ်။ ကိုကိုကြီးက အိပ်ခန်းတစ်ခန်း။ မမကြီးကလည်း သူ့အခန်းနဲ့သူ။ သားလည်းအခန်းတစ်ခန်းရတယ်။ အင်း. . မေမေကတော့ သနားစရာပဲ။ အခုထိ ဖေဖေနဲ့အတူတူ အိပ်နေရတုန်းပဲ"ဟု ဆိုလိုက်ပါသည်။

### မပြောပါဘူး

စိတ်ကျန်းမာရေးဆေးရုံတစ်ခုတွင် အသစ်ဝင်လာသောလူနာတစ် ယောက်က "ငါဟာဘုရားသခင်ပဲကွ"ဟုအော်ဟစ်ရင်းဝင်ရောက်လာရာအထဲတွင်ရောက်နှင့်နေသူတစ်ယောက်က "ဟေ့ကောင် အဲဒါမင်းကို ဘယ်သူပြောလဲ"ဟု မေးလိုက်ရာ "ငါ့ကို ဘုရားသခင်က ပြောတာပေါ့ကွ" ဟူ၍ လူသစ်ကပြန်ဖြေစဉ် "မင်းကို ငါလည်း ဘာမှမပြောရပါလား"ဟု အထဲမှ လူကပြောလိုက်ပြီးနောက် အသစ်ဝင်လာသူငြိမ်သွားပါတော့သည်။

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

'ပြောရရင် နည်းနည်းတော့ရှည်မယ်။ ဖူးခက်နဲ့ကျွန်တော်ဟာ တစ်စုံတစ်ရာသောအကြောင်းကြောင့် ကျွန်တော့်ဘဝနဲ့လာပြီး ဆက်စပ်နေတယ်ထင်ပါရဲ့'

'လုပ်ပါဦးဗျ' ကျွန်တော် ထောက်လိုက်သောစကားကြောင့် ကိုသက်ခိုင်ရှေ့ဆက်လေသော သူ့ဘဝဇာတ်ကြောင်းမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

'ရဲဘက်ကနေ ကျွန်တော်ထွက်လာတော့ အိမ်မှာကြာကြာနေလို့မဖြစ်တာကြောင့် ယာယီတည်းခိုဖို့နေရာရှာရတယ်။ ကျွန်တော်ထွက်လာတာကို ကျွန်တော့်ဇနီးအပါအဝင် မိတ်ဆွေအားလုံးလိုလိုစိုးရိမ်သောကရောက်နေကြတဲ့ အမူအရာတွေပြနေကြပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ ဘာမှမထူးလှဘူးဗျ။ ကံကောင်းတာက ကျွန်တော်အိမ်ကထွက်သွားပြီး တစ်နာရီလောက်အကြာမှာ ရဲဘက်စခန်းက အရာရှိတစ်ယောက် အိမ်ကို ပေါက်ချလာတယ်။ ထောင်ပိုင်ကြီးစိတ်ပူနေလို့လိုက်ခေါ်တာပါဆိုပြီး ယဉ်ယဉ်ကျေးကျေး ပြောရှာသတဲ့။ ကျွန်တော့်ဇနီးကလည်း သူမြို့ထဲရောက်နေတုန်း ကျွန်တော်အိမ်ကနေ ဖုန်းဆက်တာကြောင့် သူပြန်လာတာသိတဲ့အကြောင်း၊ သူအိမ်ပြန်ရောက်တော့ ကျွန်တော်အိမ်မှာမရှိတော့တဲ့အကြောင်း ဖြောင့်ကွယ်ကွယ်သတဲ့။ အမှန်တော့ ရဲဘက်စခန်းက အရာရှိ ကျွန်တော့်အိမ်ရောက်နေချိန်မှာ ကျွန်တော်က အိမ်နဲ့မလှမ်းမကမ်းက ဆံပင်ညှပ်ဆိုင်မှာ လူရုပ်ပေါက်အောင် ဆံပင်ညှပ်နေချိန်ပေါ့။

နောက်တော့ကိုသက်တင်ရဲ့ အကူအညီနဲ့ သာကေတတံတားနားက အိမ်လွတ်တစ်လုံးမှာ ခိုနေလိုက်ရောဆိုပါတော့။ ထုံးစံအတိုင်းမနက်အာနာပါန၊ ညအာပါနအိပ်လည်း အာနာပါန၊ စားလည်းအနာပါနဆိုပါတော့။ ထူးဆန်းတာက တစ်ခုသောညမှာ ကျွန်တော့်စိတ်ထဲ. . . ဩော် ငါ့ဘဝရှေ့လျှောက်ဘယ်ဆီပေါက်လို့ ဘယ်ဆီများရောက်ဦးမှာလိမ့်ဆိုတဲ့ ပူပန်စိတ်နဲ့ တွေးတောရင်းအိပ်ရာဝင်ပြီး အိပ်မပျော့်တပျော်မှာ ကျွန်တော်ဟာ ဂျပန်နိုင်ငံက ကာမာကူရ ဘုရားကြီးရှေ့ကိုရောက်နေသဗျာ။ နောက်ခဏကြာတော့ ကျွန်တော်ဟာ တောင်ကုန်းမြင့်ကြီးတစ်ခုပေါ်မှာရပ်နေရင်း အဝေးကိုလှမ်းကြည့်နေတဲ့ပုံမျိုးပေါ်လာပြန်တယ်။ ကျွန်တော်သေချာပေါက်မှတ်မိနေတာကတော့ ပင်လယ်ပြင်ကြီးနဲ့ တောင်ကုန်းအောက်မှာရှိနေတဲ့ အိမ်ကလေးတွေရဲ့ ခေါင်မိုးနီနီတွေပါပဲ။ ကျွန်တော်ဟာ အညာသားမို့ ပင်လယ်ဆိုတဲ့အရာကို စာထဲမှာသာ ဖတ်ခဲ့ဖူးတာ။ တစ်ကြိမ်တစ်ခါမှ ပင်လယ်ပြင်ကို မမြင်ဖူးခဲ့တာကြောင့် မှတ်မိနေဟန်ရှိပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

Environment
7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# အင်းလေးကန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများ သုံးစွဲသွားမည်

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ-၁၄**

အင်းလေးကန် ပြန်လည်တည်ထောင်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများက ဆောင်ရွက်လျက် ရှိသကဲ့သို့ နိုင်ငံတော်မှလည်း ဘဏ္ဍာငွေများ အသုံးပြုသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ပြောကြားသည်။

"နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်နဲ့ ဘဏ္ဍာငွေတွေကိုအသုံးပြုသွားမယ့်အပြင် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကဏ္ဍတို့နဲ့လည်းပေါင်းစပ်ညှိနှိုင်းပြီးစနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားမှာဖြစ်ပါတယ်"ဟု စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပသောအခမ်းအနားသို့ဦးဝင်းထွန်းက ပြောကြားသည်။

အသုံးပြုမည့်ဘဏ္ဍာငွေပမာဏကိုမူ ထည့်သွင်းပြောကြားခဲ့ခြင်း မရှိပေ။ အင်းလေးကန်အတွက် နော်ဝေးအစိုးရက ဒေါ်လာနှစ်သန်းခွဲကျော်ထောက်ပံ့ထားသကဲ့သို့ ကုလသမဂ္ဂ မြို့ရွာအိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် IID အဖွဲ့တို့ကလည်း စီမံချက်များဆောင်ရွက်ခဲ့သည်။

ကန်အတွင်း သဲ၊ နုန်း၊ ဗွက်နွံများဖို့ချခြင်းနှင့်လူတို့၏ အပြုအမူများကြောင့် အန္တရာယ်ရှိသော အခြေအနေနှင့် ပတ်သက်၍ "ဗွက်နွံတွေကို မဖယ်နိုင်ရင် နှစ် ၁၂၀အတွင်းမှာ (အင်းလေးကန်) မြေသားအမာဖြစ်သွားမယ်"ဟု UN-Habitart မှ ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံဦးမြတ်သင်းကပြောကြားသည်။

အင်းလေးကန်၏ ကြွယ်ဝသော ဇီဝမျိုးစိတ်များနှင့်ရေပြင်ဧရိယာများကို ရေရှည်ထိန်းသိမ်းထားစေလိုလျှင် ဒေသခံများ၏ စီးပွားရေးကိုထောက်ပံ့မှုပြုရန်လိုအပ်ကြောင်း အင်းလေးကန်အတွက်စာတမ်းပြုစုတင်သွင်းခဲ့သူ ပြည်ပ ပညာရှင်တစ်ဦးက ဆိုသည်။

# အင်းလေးကန်ထိန်းသိမ်းရေး ၁၀ နှစ် စီမံချက်ပြီးပြီဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေမရှိ

**အိဖြိုးမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

UN-Habitat နှင့် ပူးပေါင်းရေးဆွဲနေသော အင်းလေးကန်ထိန်းသိမ်းရေးရေရှည်လုပ်ဆောင်ရန် ၁၀နှစ်စီမံကိန်းပြီးစီးပြီဖြစ်သော်လည်း လုပ်ငန်းဖော်ဆောင်ရန် မတည်ရန်ပုံငွေ မရသေးကြောင်း နေပြည်တော်တွင် ကျင်းပသည့်အင်းလေးကန်ထိန်းသိမ်းရေးစီမံချက်ရေးဆွဲပြီးစီးမှုအလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများထံမှသတင်းရရှိသည်။



အင်းလေးကန်နှင့်ဒေသခံအချို့ကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အင်းလေးကန် ထိန်းသိမ်းရေး ရေရှည်လုပ်ဆောင်ရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ၂၀၁၁ခုနှစ်မှစတင်ပြီး စီမံကိန်းချမှတ်ရေးဆွဲခဲ့သည်။ အဆိုပါစီမံကိန်းတွင် ရေအရင်းအမြစ်များထိန်းသိမ်းရေး၊ ရေဝေရေလဲ စီမံအုပ်ချုပ်ခြင်း လုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကူညီရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းမြင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အသေးစိတ်ပါဝင်သည်။

"အင်းလေးကန် ထိန်းသိမ်းရေးက တစ်နှစ်တည်း၊ ၂နှစ်တည်း လုပ်ရုံနဲ့မပြီးဘူး။ ရေရှည်လုပ်ရမှာ။ ဒါပေမဲ့ ရန်ပုံငွေက အချိန်အတိုင်းအတာနဲ့ရနေတော့ လုပ်ဆောင်ရတာ ပြတ်တောင်းပြတ်တောင်းဖြစ်နေတယ်"ဟု အင်းစာပေနှင့်ယဉ်ကျေးမှုအသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

အင်းလေးကန် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကရေးဆွဲထားသော ငါးနှစ်စီမံကိန်းမှ ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် နော်ဝေးနိုင်ငံမှ ထောက်ပံ့ကူညီသည့် ဒေါ်လာနှစ် သန်းနှင့် UNDP မှ ဒေါ်လာခြောက်သိန်းဖြင့် ၂နှစ်စီမံကိန်းချမှတ်၍ ထိန်းသိမ်းရေးလုပ်ငန်းတချို့တစ်ဝက်ကို အကောင်အထည်ဖော်နေသည်။

# ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ EIA နှင့် SIA လူထုကို အသိပေးပြီး ဆောင်ရွက်မည်ဟုဆို

**အိဖြိုးမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းမစတင်မီ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (EIA) နှင့် လူမှုထိခိုက်မှုစစ်တမ်း (SIA) ကောက်မည်ဖြစ်ပြီး စစ်တမ်းများကိုလည်း အများပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြမည်ဖြစ်ကြောင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဒုဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

EIA နှင့် SIA ကို ယခုနှစ်အတွင်း ကောက်ယူရန်လျာထားပြီး စစ်တမ်းမကောက်ယူမီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဗျူဟာ အရင်ဆုံး ရေးဆွဲမည် ဖြစ်ကာ EIA နှင့် SIA အပြင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲမည်ဖြစ်သည်ဟု ဆိုသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ၂၀၁၆ ခုနှစ်တွင် အပြီးသတ်ရန် မျှော်မှန်းထားသည့် စီးပွားရေးဇုန်ဖြစ်သည်။ လုပ်ငန်းများကိုအကောင်အထည်မဖော်မီ အစိုးရက ပြည်သူများကိုလုပ်ငန်းစတင်မည့်အချိန် တရားဝင် မိတ်ဆက်ခဲ့ကာ တစ်ပြိုင်တည်းမှာပင် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက်အကြံပေးကုမ္ပဏီကို တင်ဒါခေါ်ယူခဲ့သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်နှင့် အမ်းမြို့နယ်မှ မြေဧရိယာ ၃၇၀၄ ဒသမ ၀၃ စတုရန်းမိုင် (ဧက ၁၉၀၀) အတွင်း ကျေးရွာနှင့် စိုက်ပျိုးလယ်ယာမြေများကို ဖယ်ရှောင်ကာ အထူးစီးပွားရေးဇုန်နယ်မြေ သတ်မှတ်ထားသည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည် ဖော်မည်ဖြစ်ပြီး ယခုလက်ရှိ အခြေအနေတွင် ကျောက်ဖြူ-ကူမင်းသဘာဝဓာတ်ငွေ့နှင့်ရေနံစိမ်းပိုက်လိုင်းနှင့်တန်ချိန်သုံးသိန်းဆိုက်ကပ်ဝင်ထွက်နိုင်သည့် ရေနက်ဆိပ်ကမ်းကို တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ပိုက်လိုင်းနှင့် ရေနက်ဆိပ်ကမ်းများနှင့်ပတ်သက်ပြီး ဒေသခံများနှင့် ကုမ္ပဏီအကြား လျော်ကြေးပြဿနာများ (စီမံကိန်းအတွင်း ပျက်စီးခဲ့သည့် မျှော်မှန်းမထားသည့် လျော်ကြေးအမျိုးအစား)၊ ပတ်ဝန်းကျင် ထိခိုက်မှုများ၊ သယံဇာတ ခွဲဝေခံစားမှုများနှင့်ပတ်သက်ပြီး ကန့်ကွက်မှုများကြောင့် ပြေလည်မှု မရှိသေးပေ။






# Tourism

7Day News Journal

Vol.12, No.28 • SEPTEMBER 18 , 2013




*အင်းသားဆုံဆည်းရာပွဲတော်(၂၀၁၂)ကျင်းပနေစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အင်းသားဆုံစည်းရာ ပွဲတော်ကျင်းပမည်

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ- ၁၄**

အင်းလေးကန် ပြန်လည်ထိန်းသိမ်းရေးအတွက် ရည်ရွယ်သော အင်းသားများဆုံစည်းရာ တတိယအကြိမ်မြောက် ပွဲတော်ကို လာမည့် နိုဝင်ဘာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

"တန်ဆောင်မုန်း လဆန်းတစ်ရက်နေ့ နိုဝင်ဘာ ၃ ရက်ပေါ့။ အဲဒီနေ့မှာ ကျင်းပမှာပါ"ဟု နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် စက်တင်ဘာ ၁၂ ရက်က တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပွဲတော်သို့ လာရောက်ပြီး အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံခြားသံတမန်များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများကိုလည်း ဦးဝင်းမြင့်က ဖိတ်ကြားခဲ့သည်။

လက်ရှိတွင် အင်းလေးကန် ပြန်လည်အသက်ဝင်စေရန် အဖွဲ့အစည်းများစွာက ကြိုးစားလျက်ရှိသော်လည်း ပြည်သူများ နားလည် သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်လာစေရန် ပြည်သူကြားသို့ ဝင်ရောက်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂ မြို့ရွာအိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် ညှိနှိုင်းရေးတာဝန်ခံဦးမြတ်သင်းက ပြောကြားသည်။

အင်းသားများဆုံစည်းရာ ပွဲတော်ကို ၂၀၁၁ ခုနှစ်မှစတင်၍ တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် တတိယ အကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

## နဘား-ကသာဒေသသို့ နိုင်ငံခြား ခရီးသွားများ အဖွဲ့လိုက် လာရောက်မှုများပြား

**စိုင်းလှူမင်း**

**ကသာ၊ စက်တင်ဘာ-၁၄**

မန္တလေး-ဗန်းမော်၊ ပုဂံခရီးစဉ်သုံးခုအတွက် ပထမအသုတ်ခရီးစဉ်အဖြစ် မန္တလေးမြို့မှ Road To Mandalay သင်္ဘောဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှင့် ကသာ-နဘားလမ်းကြောင်း တစ်လျှောက်ကို စိတ်ဝင်စားမှု ရှိလာသဖြင့်ကသာ-နဘားအထူးရထားပြေးဆွဲမှုနှင့်အတူ ဒုတိယအသုတ်လာရောက်လည်ပတ်ကြကြောင်း သတင်းရရှိသည်။

ပထမအသုတ်ခရီးစဉ်အဖြစ် ဩဂုတ် ၂၀ ရက်က ကသာ-နဘား အစုန်အဆန် အထူးရထားခရီးစဉ်ကို ပြေးဆွဲခဲ့ရာ နိုင်ငံခြားသား ၅၅ ဦး လိုက်ပါစီနင်းခဲ့ကြသည်။

ဒုတိယ အသုတ်အနေဖြင့် စက်တင်ဘာ ၃ ရက်က နိုင်ငံခြားခရီးသွားဧည့်သည် ၄၅ ဦးသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ သဘာဝတောတောင်ကြီးများကိုလေ့လာနိုင်ရန် Road To Mandalay သင်္ဘောဖြင့် ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာမြို့အထိ ရေကြောင်းခရီးဖြင့် အဖွဲ့လိုက်လာရောက် လေ့လာခဲ့သည်။ ကသာဒေသ၏ တောတောင်များနှင့် သမိုင်းဝင် အဆောက်အအုံများကို လှည့်လည် လေ့လာကြပြီး နဘားဒေသများပါ လေ့လာလို၍ မြန်မာ့မီးရထားမှ အထူးတွဲ (၂)တွဲ ချိတ်ဆက်ကာ သီးသန့်ကြိုပို့ပြေးဆွဲခဲ့သည်ဟု ခရီးသွားလာပို့ဆောင်ရေးဌာနမှူးဦးဇော်လွင် (လက်ထောက်မန်နေဂျာ သွားလာရေး/တိုင်း)အမှတ်(၂)တိုင်း၊ ကောလင်းက ပြောကြားသည်။

နိုင်ငံခြားသားခရီးသည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မင်းကွန်းနှင့် နွယ်ငြိမ်းကျေးရွာစဉ့်အိုးလုပ်ငန်းများ၊ ရွှေကူမြို့အနီးရှိ ရွှေပေါ်ကျွန်းရွာ၊ သပိတ်ကျင်းမြို့အနီးဝါးဖြူတောင်ရွာတွင် ဆင်များဖြင့် သရုပ်ပြသစ်ထုတ်လုပ်ပုံတို့နှင့် ကသာမြို့သို့ ရောက်ရှိစဉ် လမ်ဘေးဝဲယာ ရှုခင်းများ၊ ဖက်ဆွတ်တောင်ကြားတောတောင်ရှုခင်းများ၊ သစ်တောစိုက်ခင်းများကို လေ့လာမှတ်တမ်းတင်ခဲ့ကြသည်။

နဘားဘူတာသို့ ရောက်ရှိရပ်နားသည့်အခါ နဘားကျေးရွာရှိဒေသခံများက မြန်မာ့ရိုးရာ သူငယ်တော်အကဖြင့် ဧည့်ခံ ကြိုဆိုဖျော်ဖြေကြသည်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။




# Cartoon































7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



# “အစိုးရဘက်က လိမ်ဖို့ကြိုးစားရင်တော့ အနာဂတ်မှာ တိုက်ခိုက်မှုတွေ ကျွန်တော်တို့ မြင်ရမှာပါ”

## ဆီးရီးယားလွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီးဆလင်းမ်အစ်ဒရစ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဆီးရီးယားကို အမေရိကန်တို့ စစ်ရေးအရ အရေးယူမှု ဘယ်တော့ စတင်မလဲဆိုတာဟာ ယနေ့ ကမ္ဘာမှာရေပန်းအစားဆုံးမေးခွန်း ဖြစ်နေပါတယ်။ ဆီးရီးယားအရေးကြောင့် နိုင်ငံတကာသံတမန်ရေး အကျပ်အတည်းဖြစ်လာပြီး ညှိနှိုင်းအဖြေရှာရမှုတွေလည်း ပိုများလာနေပါတယ်။ ဒီရက်ပိုင်းအတွင်း ကွန်ဂရက်ထောက်ခံမှုရအောင်ကြိုးစားနေတဲ့ ကန်သမ္မတ အိုဘားမားဘက်က ချက်ချင်းဝင်ရောက်တိုက်ခိုက်မှုမလုပ်သေးဘဲ ရုရှားဘက်က အဆိုဖြစ်တဲ့ ဆီးရီးယားလက်ထဲက ဓာတုလက်နက်တွေအားလုံးကို နိုင်ငံတကာထိန်းချုပ်မှုအောက်မှာထားရှိပြီး စစ်ရေးအရ အရေးမယူဖို့ကိစ္စကို နှစ်နိုင်ငံဆွေးနွေးမှုတွေ စတင်ခဲ့ပါတယ်။ ဒီနောက် ရုရှား-အမေရိကန် ဆွေးနွေးမှုတွေ သုံးရက်မြောက်တဲ့နေ့ စက်တင်ဘာ ၁၃ မှာတော့ အမေရိကန်ဘက်က စစ်ရေးအရ အရေးယူမှုကို မလုပ်ချင်ကြောင်း ထုတ်ပြောလာတဲ့အတွက် အခြေအနေကို ထပ်မံစောင့်ကြည့်ဦးမှာဖြစ်ပါတယ်။ ဒီအတွင်း ဝါရှင်တန်ပို့စ်သတင်းစာက စက်တင်ဘာ ၁၂ ရက်မှာ အမေရိကန်အနေနဲ့ ဆီးရီးယားသူပုန်တွေကို လက်နက်ခဲယမ်းနဲ့ဆက်သွယ်ရေးပစ္စည်းတွေ၊ ယာဉ်တွေ ထောက်ပံ့နေကြောင်း ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ဆီးရီးယားအကျပ်အတည်းနဲ့ပတ်သက်လို့ ဒီတစ်ခါတော့ အတိုက်အခံသူပုန်အဖွဲ့ဖြစ်တဲ့ ဆီးရီးယားလွတ်လပ်ရေးတပ်မတော် (Free Syrian Army)ရဲ့ ဗိုလ်ချုပ်ဆလင်းမ်အစ်ဒရစ်နဲ့ စီအင်န်အင်န်သတင်းမှ ခရစ်ကျန်းအမမ်ပူရ်တို့ တွေ့ဆုံမေးမြန်းမှုတချို့ကို ပြန်လည်တင်ဆက်ပေးလိုက်ရပါတယ်။

**အရင်ဆုံးတစ်ခု မေးပါရစေ။ အခု (ဆီးရီးယားအရေးနဲ့ပတ်သက်လို့) ဖြစ်နေတဲ့ အာဆတ်ရဲ့ ဓာတုလက်နက်တွေကို ဖျက်သိမ်းရေးအတွက် သံတမန်ရေးအခင်းအကျင်း ဆွေးနွေးမှုတွေအပေါ် ဗိုလ်ချုပ်ကြီးရဲ့ တုံ့ပြန်မှုက ဘာဖြစ်မလဲ။**

ဟုတ်ကဲ့။ အဲဒါက တော်တော်လေးခက်ပါတယ်။ မြေပြင်မှာရှိနေတဲ့ အနေအထားက ခက်ခဲပါတယ်။ ကျွန်တော်တို့က အရပ်သားတွေကို အာဆတ်အစိုးရက ဓာတုလက်နက်တွေသုံး တိုက်ခိုက်ပြီးတဲ့နောက် သူတို့ကို စစ်ရေးအရ အရေးယူမှုတွေလုပ်မှာကို စောင့်မျှော်နေတာပါ။ ဒီနောက်မှ ရုရှားဘက်ကအဆိုပြုချက်ကို ကျွန်တော်တို့ကြားရတော့တာပါပဲ။ ကျွန်တော်တို့ အမေရိကန်မိတ်ဆွေတွေနဲ့ဆက်သွယ်နေပါတယ်။ သူတို့က အခုဆိုရင် ဒမတ်စကတ်စ်အစိုးရဟာဓာတုလက်နက်တွေကို နိုင်ငံတကာထိန်းချုပ်မှုအောက်မှာ ထားပေးနိုင်ဖို့ ရိုးသားမှုရှိရဲ့လားဆိုတာကို သိရဖို့ ရုရှားတွေနဲ့ ဆွေးနွေးပြီး အရေးကြီးတဲ့ပြဿနာတွေ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေပါတယ်။

ဒါပေမဲ့ ဆီးရီးယားက ကျွန်တော်တို့ဆီမှာတော့ ဒီအစိုးရနဲ့ ပြဿနာတွေ အများကြီးရှိနေပါတယ်။ ဓာတုလက်နက်တွေဟာ ကျွန်တော်တို့မှာဖြစ်နေတဲ့ တစ်ခုတည်းသော ပြဿနာမဟုတ်ပါဘူး။ ဓာတုလက်နက်တွေကိုသုံးဖို့ အမိန့်ပေးညွှန်ကြားခဲ့တဲ့ ဒီရာဇဝတ်သားသမ္မတကို တရားဥပဒေရှေ့မှောက် အပြစ်ပေးရပါမယ်။ အရပ်သားတွေကို တိုက်ခိုက်ဖို့ သူတို့သုံးခဲ့တဲ့ဓာတုလက်နက်တွေကလည်း စကပ်ဒ်ဒုံးကျည်တွေလိုမျိုး၊ အဝေးပစ်အမြောက်တွေလိုမျိုး၊ လေယာဉ်ပေါ်ကကြဲချတဲ့ဗုံးတွေလိုမျိုး အများကြီးရှိနေတော့ ဓာတုလက်နက်တွေကို ထိန်းချုပ်မှုအောက်မှာထားမယ်ဆိုတာချည်း ကျွန်တော်တို့ ပြောနေတော့ ဒီလိုမျိုးလက်နက်တွေကရော ဘယ်နားမှာ သွားထားမတုံး။

**တကယ်လို့ စုံစမ်းစစ်ဆေးသူတွေက ဒီဓာတုလက်နက်တွေကို ရှာတွေ့ရလို့ကိစ္စပြီးသွားခဲ့ရင် ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်နဲ့ အတိုက်အခံတွေဟာ သူတို့ကိုရော အနှောင့်အယှက်မပြုဘဲ အလုပ်လုပ်ခွင့်ပေးသွားတော့မှာလား။ ဒါမှမဟုတ် သူတို့ဟာ အတိုက်အခံတွေရဲ့ အန္တရာယ်ကိုရင်ဆိုင်ရဖို့ ရှိပါသလား။**

အတိုက်အခံတွေဘက်က အန္တရာယ်အနှောင့်အယှက်တော့ ပေးမှာမဟုတ်ဘူးပေါ့။ သူတို့ကျွန်တော်တို့ တိုင်းပြည်ကိုလာခဲ့ရင် ကျွန်တော်တို့အကောင်းဆုံးအကူအညီပေးသွားမှာပါ။ ဒါပေမဲ့ အစိုးရဘက်က သူတို့ကို(သက်ဆိုင်ရာ)နေရာတွေကို သွားတာနဲ့ အလုပ်လုပ်တာကို တားမြစ်မယ်ထင်တယ်။ ပြီးတော့ သူတို့က တော်လှန်ရေးကို လိမ်ညာနေတာပါ။ စုံစမ်းရေးသမားတွေဒမတ်စကတ်စ်ကို ရောက်လာပြီး အဲဒီနေရာတွေကိုသွားဖို့ခွင့်တောင်းရင် အစိုးရက သူတို့ကို သွားခွင့်ပေးမယ်ထင်တာပဲ။ ဒါပေမဲ့ ဟိုတယ်တွေထဲကနေ အပြင်ထွက်လို့ရမယ်မထင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ မြေပြင်မှာ အခြေအနေက အရမ်းအန္တရာယ်ကြီးနေတာကိုး။ ပြီးတော့ (ဒီနေ့ရောက်ပြီး)မနက်ဖြန်ဆို ခင်ဗျားထွက်သွားလို့ရမှာမဟုတ်ဘူး။ သူတို့က နှောင့်နှေးသထက်နှောင့်နှေးအောင်လုပ်မှာပဲ။ ဒီနေ့လည်း ကျွန်တော်တို့ သတင်းရထားတယ်။ အစိုးရဟာဓာတုလက်နက်တွေကို လက်ဘနွန်နဲ့ အီရတ်ကို ရွှေ့ပြောင်းဖို့ စတင်လုပ်ဆောင်နေပြီတဲ့။ ဒါ. . သိပ်အန္တရာယ်ကြီးပါတယ်။ သူတို့ဟာ ဆက်ဒမ်ဟူစိန်လိုမျိုး လုပ်နေတဲ့ အစိုးရပါ။ နိုင်ငံတကာအသိုင်းအဝိုင်း (သို့မဟုတ်) ကုလသမဂ္ဂက ဆီးရီးယားမှာဝင်ရောက်အရေးယူဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှ အဲဒီလက်နက်တွေကို ကျွန်တော်တို့ကို ပြန်သုံးမှာ။ ကျွန်တော်တို့ စိုးရိမ်မိပါတယ်။



**အမေရိကန်ဘက်က နောက်ဆုံးတော့ ဆီးရီးယားအတိုက်အခံတွေကို လက်နက်တွေထောက်ပံ့ပေးပို့ခဲ့တယ်လို့ အတည်ပြုခဲ့တယ်ဆိုတာဟာ တကယ်တမ်းမှာ ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်ကို ပို့ပေးနေခဲ့တာလား။ ဗိုလ်ချုပ်တို့အနေနဲ့ ရရှိနေတဲ့လက်နက်တွေ၊ ယာဉ်တွေ၊ တင့်ကားတွေရှိနေတယ်လို့ အတည်ပြုပေးနိုင်ပါသလား။**

ဟုတ်ကဲ့။ ကျွန်တော်တို့ အခုဆို အမေရိကန်မိတ်ဆွေတွေဆီက ထောက်ပံ့မှုတွေ အများကြီးရရှိနေပါတယ်။ ဒါပေမဲ့ ဘယ်လိုထောက်ပံ့မှုမျိုးတွေလည်းဆိုတာတော့ ကျွန်တော်အသေးစိတ်မပြောနိုင်ပါဘူး။ ကျွန်တော်တို့ ထရပ်ကားတချို့၊ လက်ပ်တော့တွေ၊ တချို့သော ဆက်သွယ်ရေးပစ္စည်းတွေနဲ့ အခြားကိရိယာတွေ၊ ဆေးဝါးနဲ့ ရိက္ခာတွေကိုလက်ခံရရှိနေပါတယ်။

**လက်နက်တွေတော့ မပါဘူးပေါ့။**

ကျေးဇူးပြု၍ လက်နက်တွေအကြောင်းတော့ကျွန်တော်မပြောနိုင်ပါဘူး။ ခွင့်လွှတ်ပါ။

**ကောင်းပါပြီ။ ဗိုလ်ချုပ်ကြီး အစ်ဒရစ်ရှင့် လာမယ့်ရက်တွေနဲ့ သီတင်းပတ်အနည်းငယ်အတွင်း ဘာတွေဖြစ်လာနိုင်တယ်လို့ မြင်ပါသလဲ။**

ကျွန်တော်ထင်တာတော့ လာမယ့်ရက်တွေနဲ့ သီတင်းပတ်အနည်းငယ်ကာလဟာ ဆီးရီးယားမှာရှိတဲ့ ကျွန်တော်တို့အတွက် သိပ်အရေးကြီးပြီး အန္တရာယ်ကြီးတယ်လို့မြင်ပါတယ်။ ကျွန်တော်တို့တပ်မှူးတွေနဲ့ ဆွေးနွေးမှုတွေ လုပ်နေပြီး နိုင်ငံတကာတိုက်ခိုက်မှုတွေ အရင် တိုက်ခိုက်မှုတွေ လုပ်ဖို့ရှိပါတယ်။ အခုတော့ တပ်မှူးတွေဟာ အရမ်းစိတ်ရှုပ်ထွေးနေကြတယ်။ ကျွန်တော်တို့မိတ်ဆွေတွေဟာကျွန်တော်တို့ကိုထားခဲ့ပြီး မကူညီကြတော့ဘူးလို့ သူတို့က ထင်နေကြပါတယ်။

ဒါပေမဲ့ ဒီမနက်မှာ မစ္စတာကယ်ရီ(ကန်နိုင်ငံခြားရေးဝန်ကြီး)နဲ့ ဖုန်းဆက်ဖြစ်တော့ သူက ပြောပါတယ်။ သူက အာဆတ်အစိုးရဟာ ဘယ်လောက်ရှိလဲဆိုတာကို ရုရှားတွေနဲ့ ဆွေးနွေးညှိနှိုင်းနေပါတယ်တဲ့။ တကယ်လို့ အစိုးရဘက်က အချိန်ဖြုန်းဖို့နဲ့ ပွဲကိုကစားဖို့ ကြိုးစားနေတာတွေ့ရရင် စစ်ရေးအရတိုက်ခိုက်အရေးယူဖို့ဟာ စားပွဲဝိုင်းပေါ်မှာရှိနေဆဲလို့ ဆိုပါတယ်။ အစိုးရဘက်က လိမ်ဖို့ကြိုးစားရင်တော့ အနာဂတ်မှာတိုက်ခိုက်မှုတွေကျွန်တော်တို့ မြင်ရမှာပါ။

**ဟုတ်ကဲ့။ ဒါဆို ဗိုလ်ချုပ်ကြီးပြောတာကိုရှင်းအောင်ကျွန်မပြန်ပြောရရင် ဗိုလ်ချုပ်ကြီးဟာ ဒီနေ့ ဝန်ကြီးဂျွန်ကယ်ရီနဲ့ စကားပြောဖြစ်တယ်။ သူကပြောတယ်။ တကယ်လို့သံခင်းတမန်ခင်းအရဆွေးနွေးနေတာက အလုပ်မဖြစ်ဘူးဆိုရင် အမေရိကန်ဘက်က စစ်ရေးအရ တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ထားတာဟာ စားပွဲဝိုင်းပေါ်မှာရှိ နေဆဲပဲ (ပြင်ဆင်ထားဆဲပဲ)လို့ ပြောတာပေါ့။ အဲဒါမှန်ပါတယ်နော်။**

ဟုတ်ကဲ့ မှန်ပါတယ်။ အဲဒါမှန်ပါတယ်။

**အခုလို ဆွေးနွေးပြောကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ဗိုလ်ချုပ်ကြီးဆလင်းမ်အစ်ဒရစ်ရှင့်။**

*—Ref: AMANPOUR interview with General SALIM IDRIS of Free Syrian Army, CNN.*

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# စီးပွားရေးနှင့် လုံခြုံရေးကိစ္စများ ဆွေးနွေးရန် အိုဘားမား အာရှသို့ အောက်တိုဘာတွင်လာမည်

**ဝါရှင်တန်၊ စက်တင်ဘာ-၁၄**

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အင်ဒိုနီးရှား၊ ဘရူနိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့အောက်တိုဘာ၆ရက်မှ ၁၂ ရက်အထိ လာရောက်မည်ဖြစ်ပြီး ယင်းခရီးစဉ်အတွင်း စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူက စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။

ကုလသမဂ္ဂနိုင်ငံတကာခုံရုံးသို့ ပင်လယ်ရေပိုင်နက်ဥပဒေနှင့် ပတ်သက်၍ ပြဿနာဖြေရှင်းခြင်းဆိုင်ရာတင်ပြထားသော ဖိလစ်ပိုင်သမ္မတ ဘင်နီနိုအကွီနိုနှင့် စီးပွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စများကို အိုဘားမားက ဆွေးနွေးမည်ဖြစ်သည်။

အိုဘားမားသည် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ပြီး ယခုနှစ်အကုန်တွင် အပြီးသတ်နိုင်မည့် ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းကုန်သွယ်ရေး သဘောတူညီမှု စေ့စပ်ညှိနှိုင်းမည့် နိုင်ငံများမှ ခေါင်းဆောင်များကို တွေ့ဆုံမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC)အစည်းအဝေးသို့ အိုဘားမား တက်ရောက်မည်ဖြစ်ပြီး အင်ဒိုနီးရှားသမ္မတ ဆူဆီနိုဘန်းဘန်းယူဟိုယိုနိုနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် အမေရိကန်-အာဆီယံထိပ်သီးတွေ့ဆုံပွဲနှင့် အရှေ့အာရှညီလာခံ၌ ပင်လယ်ပြင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အိုဘားမားအလေးထားဆွေးနွေးမည်ဖြစ်ပြီး စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။

အိုဘားမားသည် မလေးရှားနိုင်ငံတွင် ဝန်ကြီးချုပ်နာဂျစ်ရာဇက်နှင့် တွေ့ဆုံမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းရှင်များညီလာခံတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

—*Ref: Reuters*




အီဘရာဟင် ဘိုဘာကာကီတာသည် မာလီနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာတွင် မာလီသမ္မတဖြစ်လာခဲ့သည်။ ယင်းမတိုင်မီတွင် ကီတာသည် ၁၉၉၄ မှ ၂၀၀၀ ပြည့်နှစ် အထိ မာလီဝန်ကြီးချုပ်၊ ၂၀၀၂ မှ ၂၀၀၇ ခုနှစ်အထိ မာလီအမျိုးသားညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ကီတာကို မာလီနိုင်ငံ ကိုတီယာလာဒေသတွင်၁၉၄၅ခုနှစ်ဇန်နဝါရီ ၂၉ ရက်က မွေးဖွားခဲ့သည်။ မာလီမြို့တော် ဘာမာကိုနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့တို့တွင် ပညာသင်ကြားခဲ့ပြီး သမိုင်းဘာသာရပ်တွင် မဟာဘွဲ့၊ နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များတွင်လည်း ထပ်မံ၍ဘွဲ့ရရှိခဲ့သည်။ သင်ကြားမှုများ ပြီးဆုံးချိန်တွင် University of Paris I တွင် တတိယကမ္ဘာ နိုင်ငံရေးသင်တန်းများ ပြန်လည်ပို့ချသည်။

မာလီနိုင်ငံသို့ ပြန်လာပြီးနောက်တွင် အီးယူက မာလီနိုင်ငံတွင် အကူအညီပေးနေသော ဥရောပဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့အပြင် ပြင်သစ်နိုင်ငံတကာအင်န်ဂျီအိုအဖွဲ့၏ မာလီနိုင်ငံဒါရိုက်တာအဖြစ်လည်း လုပ်ကိုင်ခဲ့သည်။

မာလီနိုင်ငံ ဒီမိုကရေစီမဟာမိတ် (ADEMA)ပါတီဖွဲ့စည်းချိန်တွင် ကီတာသည် အာဖရိကနှင့် နိုင်ငံတကာဆက်ဆံရေး အတွင်းဝန်ဖြစ်လာခဲ့သည်။ ၁၉၉၂ ခုနှစ်သမ္မတရွေးကောက်ပွဲ မဲဆွယ်ရာနောင်တွင် သမ္မတဖြစ်လာမည့် အယ်ဖာအိုမာကွန်နာရီအတွက် လက်ထောက်ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့သည်။ ကွန်နာရီသမ္မတဖြစ်လာချိန်တွင် မစ္စတာကီတာလည်း သမ္မတ၏သံတမန်ရေး အကြီးတန်းအကြံပေးဖြစ်လာခဲ့ပြီး အိုင်ဗရီကို့စ်၊ ဂါဘွန်၊ ဘာကီနာဖူဆိုနှင့် နိုင်ဂျာနိုင်ငံတွင် သံအမတ်တာဝန်များ ထမ်းဆောင်ရသည်။ ၁၉၉၃ ခုနှစ်တွင် မာလီနိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည်။ ယင်းနှစ်မှာပင် ADEMA ပါတီ၏ ဥက္ကဋ္ဌအဖြစ်လည်း ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၉၇ ခုနှစ်တွင် အစိုးရပြောင်းလဲခဲ့သော်လည်း မစ္စတာကီတာက ဝန်ကြီးချုပ်တာဝန်ကို ၂၀၀၀ ပြည့်နှစ်ဖေဖော်ဝါရီလအထိ ဆက်လက်ထမ်းဆောင်ခဲ့သည်။

၂၀၀၀ပြည့်နှစ်မှာပင်ADEMA ပါတီနှင့်သဘောထားကွဲလွဲပြီး ဝန်ကြီးချုပ်အဖြစ်မှလည်း နုတ်ထွက်ကာ ၎င်း၏ကိုယ်ပိုင်ပါတီ မာလီတပ်ဦးကိုထူထောင်ခဲ့သည်။ ၂၀၀၂ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ခဲ့သော်လည်း ၎င်း၏မဟာမိတ်တိုရေး အနိုင်ရရှိခဲ့၍ အမျိုးသားပါလီမန်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း မာလီတပ်ဦးကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သော်လည်း မစ္စတာတိုရေးကို အနိုင်မရခဲ့ပေ။ ပါလီမန်ဥက္ကဋ္ဌ နေရာအတွက်လည်း ရှုံးနိမ့်ခဲ့သည်။

၂၀၁၃ သမ္မတရွေးကောက်ပွဲတွင်မူ လူကြိုက်များရေပန်းစားခဲ့ပြီး ဒုတိယအကျော့မဲခွဲမှုအပြီး ဆိုမိုင်လာဆစ်စီကို အနိုင်ရရှိကာ မာလီသမ္မတဖြစ်လာခဲ့ပြီး စက်တင်ဘာ ၄ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဝန်ကြီးများ ခန့်အပ်ရာတွင် နိုင်ငံရေးစဉ်းစားမှုထက် အရည်အချင်းကို ဦးစားပေးမည်ဟု ကတိပြုခဲ့ပြီး ဘဏ်အရာရှိတစ်ဦးဖြစ်သူ အိုမာတာတမ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

—*Ref: Wikipedia*



OZAN KOSE/AFP

# ဓာတုလက်နက်သဘောတူညီချက်မှာ အောင်ပွဲတစ်ရပ်ဟု ဆီးရီးယားကြွေးကြော်

**ဒမတ်စကတ်စ်၊ စက်တင်ဘာ-၁၅**

ရုရှားနိုင်ငံ၏ ကျေးဇူးကြောင့်ရရှိလာခဲ့သော နိုင်ငံ၏ ဓာတုလက်နက်များဖယ်ရှားရေး ရုရှားနှင့်အမေရိကန်တို့၏ သဘောတူညီချက်မှာဆီးရီးယားနိုင်ငံအတွက်အောင်ပွဲဖြစ်သည်ဟု ဆီးရီးယားဝန်ကြီးတစ်ဦးကကြွေးကြော်လိုက်သည်။

"ရုရှားသံတမန်တွေနဲ့ ရုရှားခေါင်းဆောင်ပိုင်းအတွက် အောင်မြင်မှုဖြစ်တဲ့ ဒီသဘောတူညီချက်ဟာကျွန်တော်တို့ရဲ့ရုရှားမိတ်ဆွေတွေကြောင့်ရလာတဲ့ ဆီးရီးယားနိုင်ငံအတွက်အောင်ပွဲတစ်ရပ်ဖြစ်ပါတယ်"ဟုဆီးရီးယားအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဝန်ကြီးအလီဟိုင်ဒါက ရုရှားသတင်းဌာန Novosti အားပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဖ်ရော့တို့ကြားဝင်ညှိနှိုင်းပြီး စက်တင်ဘာ ၁၄ရက်တွင် ကြေညာခဲ့သောသဘောတူညီချက်တွင် ၂၀၁၄ နှစ်လယ်ပိုင်းတွင် ဆီးရီးယား၏ ဓာတုလက်နက်များဖျက်သိမ်းပစ်ရေး ရည်မှန်းထားသည်။

"ဒီသဘောတူညီချက်ကို ကျွန်တော်တို့ကြိုဆိုပါတယ်။ တစ်ဖက်က ကြည့်ရင် ဒီသဘောတူညီချက်က ဆီးရီးယားကို အကျပ်အတည်းက ကူညီရုန်းထွက်စေနိုင်ခဲ့ပြီး ဆီးရီးယားအပေါ် တိုက်မယ့်စစ်ပွဲကိုကာကွယ်ပြီး တိုက်မယ်တ ကဲကဲလုပ်နေတဲ့ လူတွေဆီက နေဖယ်ခွာသွားနိုင်ခဲ့ပါတယ်"ဟု မစ္စတာဟိုင်ဒါကပြောကြားသည်။

တရုတ်၊ ပြင်သစ်၊ ဗြိတိန်၊ ကုလသမဂ္ဂ၊ အာရပ်အဖွဲ့ချုပ်နှင့် နေတိုးအဖွဲ့တို့ကလည်း ဆီးရီးယားသဘောတူညီချက်ကို စိတ်ကျေနပ်ကြောင်းထုတ်ဖော်ပြောကြားခဲ့ကြသည်။

—*Ref: AFP/BBC*

# အမေရိကန်တပ်များ အာဖဂန်နစ္စတန်မှ ဆုတ်ခွာရာတွင် စရိတ်သက်သာမည့် နည်းရှာဖွေ

**ကဘူးလ်၊ စက်တင်ဘာ-၁၄**

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်စစ်ရေး အသုံးအဆောင်ပစ္စည်းများကို ပြန်လည်ပို့ဆောင်ရန်အတွက် ကန်စစ်ဌာနချုပ်မှ အရာရှိများအာဖဂန်တွင် ဆွေးနွေးနေကြကြောင်း အာဏာပိုင်များက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားပြီးအမေရိကန် အစိုးရက သယ်ယူစရိတ်လျှော့ချရန် မျှော်လင့်ထားကြောင်းသိရသည်။

အမေရိကန်တပ်ဖွဲ့များသည် များပြားလှသောပစ္စည်းများကို ကုန်ကျစရိတ်မြင့်မားစွာဖြင့်လေကြောင်းမှဝယ်ယူကြရမည်ဖြစ်သော်လည်း ပါကစ္စတန်နိုင်ငံအား ဖြတ်သန်း၍ ကုန်ကျစရိတ်သက်သာ သောလမ်းကြောင်းများမှ မော်တော်ယာဉ်များ၊ပစ္စည်းကိရိယာများကို သယ်ယူလိုကြကြောင်း အာဏာပိုင်များကပြောသည်။

အမေရိကန်နိုင်ငံ၏ ဆောင်ရွက်ဆဲစစ်ရေးဆုတ်ခွာမှုကို ၂၀၁၄ နှစ်အကုန်တွင် ပြီးစီးရန်သတ်မှတ်ထားပြီး လက်ရှိအချိန်တွင် ပါကစ္စတန်နယ်စပ်ကိုဖြတ်၍ ကုန်းလမ်းမှတစ်ဆင့်ပြန်ပို့လိုက်သည့်ပစ္စည်းများမှာ ၂၀ရာခိုင်နှုန်းရှိပြီဖြစ်သည်။

သို့သော်ပစ္စည်းအားလုံးပေါင်း၏ ၆၀ ရာခိုင်နှုန်းကိုလေကြောင်းမှ ပို့ဆောင်ခြင်းထက် ကုန်းလမ်းဖြင့် သာသယ်ယူလိုကြောင်း အာဏာပိုင်များကပြောသည်။ကန်ကာကွယ်ရေး ဒုဝန်ကြီး အက်ရှ်ကာတာနှင့် အခြားသောထိပ်တန်းအရာရှိများသည် အာဖဂန်နစ္စတန်နိုင်ငံ၊ ကဘူးလ်မြို့သို့ စက်တင်ဘာ ၁၃ရက်နံနက်က ရောက်ရှိလာပြီးစစ်တပ် ဆုတ်ခွာမည့်ကိစ္စကို အဓိကထားဆွေးနွေးနေကြကြောင်း အာဏာပိုင်များက ပြောသည်။

ယခု အမေရိကန်စစ်တပ် ဆုတ်ခွာခြင်းမှာ အီရတ်မှဆုတ်ခွာခြင်းနှင့်မတူဘဲ ရေလမ်းမရှိသည့် ကုန်းမြေအပြည့်ရှိသော အာဖဂန်နစ္စတန်နိုင်ငံတွင် စိတ်မချရသောလမ်းများနှင့် တောင်တန်းဒေသများကြောင့် ကုန်းလမ်းဖြင့်ပစ္စည်းများသယ်ယူရာ၌ပြဿနာများကြုံတွေ့နေရကြောင်းသိရသည်။အမေရိကန်နိုင်ငံက မော်တော်ယာဉ်ပေါင်း ၂၄,၀၀၀နှင့်ပျမ်းမျှ သင်္ဘောတင်ကွန်တိန်နာနှစ်သောင်းခန့်ရှိပစ္စည်းများကိုပြန် လည်ပို့ဆောင်ရမည်ဖြစ်သည်။ ပြန်လည်ပို့ဆောင်ရန်တန်ဖိုးမရှိဟု ထင်မှတ်ရသော အခြားသောပစ္စည်းများကို အာဖဂန်နစ္စတန်အစိုးရသို့လှူဒါန်းမည်ဖြစ်ကာ နေတိုးအဖွဲ့သို့လည်း လွှဲအပ်(သို့မဟုတ်) ဖျက်ဆီးမည်ဖြစ်သည်။

ယင်းသယ်ယူပို့ဆောင်စရိတ်မှာ ကန်ဒေါ်လာ ငါးဘီလီယံမှ ခုနစ်ဘီလီယံအထိ ကုန်ကျမည်ဟု ခန့်မှန်းရပြီး ကုန်းလမ်းဖြင့်ပို့ဆောင်သည့်ပစ္စည်းပမာဏပေါ်မူတည်၍ ကုန်ကျမှုစုစုပေါင်းတန်ဖိုး အပြောင်းအလဲရှိမည်ဟု အာဏာပိုင်များက ပြောသည်။ အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၅,၀၀၀ရှိပြီး ၂၀၁၄နှစ်ကုန်တွင် အားလုံးဆုတ်ခွာရမည်ဖြစ်သည်။ သို့သော် ၂၀၁၄ နောက်ပိုင်းကာလများအထိ တပ်ဖွဲ့ဝင်အနည်းငယ်ဆက်ထားရန်အမေရိကန်အာဏာပိုင်များကဆွေးနွေးနေကြောင်းသိရသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# စူပါဇိမ်ခံရထား ဂျပန်ကုမ္ပဏီပြသ

**တိုကျို၊ စက်တင်ဘာ-၁၄**

ဂျပန်ရထားကုမ္ပဏီတစ်ခုသည် ငွေကြေးချမ်းသာသော ခရီးသွားများ နှစ်သက်သဘောကျမည့် စူပါဇိမ်ခံရထားအသစ်တစ်စီးကို စက်တင်ဘာ ၁၃ ရက်က မိတ်ဆက်ပြသခဲ့သည်။

ကျူးရှူးဂျပန်ရထားကုမ္ပဏီ၏ Nanatsuboshi ရထားဝန်ဆောင်မှုတွင် စန္ဒရားနှင့် အဖျော်ယမကာကောင်တာပါရှိသော ဇိမ်ခံရထားတွဲတစ်တွဲ၊ ကြီးကျယ်ခမ်းနားသော ထမင်းစားခန်းနှင့် သီးသန့်ခန်း ၁၄ ခန်းတို့ ပါရှိသည်။

အိပ်ခန်းတစ်ခန်းစီတွင် အမွေးပွပိုးဇိမ်ခံအိပ်ရာများ၊ စာကြည့်စားပွဲတစ်လုံး၊ ရေချိုးခန်း၊ အိမ်သာတို့ ပါဝင်သည်။

အဆိုပါ ဇိမ်ခံရထားသည် ဂျပန်နိုင်ငံ ကျူးရှူးကျွန်းတစ်ပတ် ခုတ်မောင်းမည်ဖြစ်ပြီး သုံးညအိပ်လေးရက်ခရီးအတွက် စုံတွဲတစ်တွဲလျှင် ကန်ဒေါ်လာ ၁၁,၀၀၀ ကျသင့်မည်ဖြစ်သည်။

ယင်းရထားကို ဂျပန်နှင့် အနောက်တိုင်းခေတ်သစ်၊ ခေတ်ဟောင်း ဒီဇိုင်းများကို ပေါင်းစပ်၍ ပုံဖော်ထားခြင်းဖြစ်ကြောင်း ရထားကုမ္ပဏီ၏အွန်လိုင်းစာမျက်နှာတွင် ဖော်ပြသည်။

ဇိမ်ခံရထား Nanatsuboshi ကို ယခုနှစ် အောက်တိုဘာလတွင် စတင်ပြေးဆွဲမည်ဖြစ်သော်လည်း ၂၀၁၄ ခုနှစ် ဇွန်လအထိ ရထားလက်မှတ်များ ကြိုတင်ဝယ်ယူထားပြီးဖြစ်သည်။ —*Ref: AFP*



LARRY DOWNING/AFP

*ကျူးရှူးရထားကုမ္ပဏီမှထုတ်ပြန်ခဲ့သောဓာတ်ပုံတွင် ကုမ္ပဏီမှပြေးဆွဲမည့် နာနတ်ဆူ ဘိုရှိ(ကြယ်ခုနစ်ပွင့်)ဇိမ်ခံရထား၏ အင်ဂျင်စက်ခေါင်းကို တွေ့ရစဉ်။ ယူရို ၂၂ သန်းတန်သည့် တွဲရှစ်တွဲပါ ရထားအတွက် လက်မှတ်တန်ဖိုးမှာ ယူရို ၁၁၀၀ မှစ၍ အစားစားရှိပြီး ၂၀၁၄ ဇွန်လအထိ ကြိုတင်လက်မှတ်များမှာ ရောင်းကုန်သွားပြီဖြစ်သည်ဟု ကုမ္ပဏီက ပြောသည်။*

# တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ကျောင်းသား ၁၈၀ ခန့် နေ့လယ်စာ နို့နှင့် ကွတ်ကီးများစားပြီး အစာအဆိပ်သင့်၍ ဆေးရုံတင်ရ

**ဘေဂျင်း၊စက်တင်ဘာ-၁၄**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် အခြေခံပညာကျောင်းသား ၁၈၀ ဦးခန့်သည် ကျောင်း၌ နေ့လယ်စာအဖြစ် နို့နှင့် ကွတ်ကီးများစားပြီးနောက် အစာအဆိပ်သင့်ကာ နေထိုင်မကောင်းသည့် ရောဂါလက္ခဏာများပြသခဲ့၍ ဆေးရုံတင်ကုသခဲ့ရကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားလိုက်သည်။

ပြည်နယ်တွင်းရှိ ဆင်ဟွာခရိုင်မှ အခြေခံပညာကျောင်းအချို့သည်လည်း ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် အော့အန်သည့် လက္ခဏာများကို ပြီးခဲ့သည့်စက်တင်ဘာ ၁၀ ရက်ကပင် ခံစားခဲ့ရသည်။ ကျောင်းသား ၁၈၆ ဦး၏ ဖြစ်စဉ်မှာ သောကြာနေ့ စက်တင်ဘာ ၁၃ ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ၎င်းတို့သည် ကျောင်းများတွင် နို့နှင့်ကွတ်ကီးများ စားသုံးပြီးနောက် ရောဂါလက္ခဏာများပြသခဲ့၍ ဆေးရုံတင်ကုသခဲ့ရခြင်း ဖြစ်သည်။ ဖြစ်စဉ်ကြောင့်ဆေးရုံတက်ခဲ့ရသော ကျောင်းသားများမှာ ထိုနေ့ နေ့လယ်ပိုင်းတွင်ပင် ဆေးရုံမှ ပြန်ဆင်းခဲ့ပြီး ၁၂ ဦးကိုသာ နောက်ထပ်ကုသမှုများပြုလုပ်ရန် ဆက်လက်ထားရှိခဲ့သည်။

ဒေသခံ အာဏာပိုင်များသည် ယခုအခါကျောင်းသားများ၏ နေ့လယ်စာအတွက် စားသုံးခဲ့သော နို့နှင့် ကွတ်ကီးနမူနာများကို စစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသည်။ ကနဦးပိုင်းစစ်ဆေးချက်များအရ ကလေးများတွင် ရောဂါလက္ခဏာများပြသခဲ့ရခြင်းမှာ သောက်သုံးခဲ့ရသည့် နို့ကြောင့် ဖြစ်နိုင်ကြောင်းနှင့် ဆက်လက်ဓာတ်ခွဲစစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

—*Ref: China.org*

# ကမ္ဘာ့ဘဏ်ငွေတိုက်စာချုပ် ဒေါ်လာလေးဘီလီယံ ကျော်ဖိုး အိန္ဒိယဝယ်ယူမည်



AP

**နယူးဒေလီ၊ စက်တင်ဘာ-၁၄**

အိန္ဒိယနိုင်ငံ၏ငွေချေးငှားနိုင်သော ကန့်သတ်မှုကို ကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံအထိ မြှင့်တင်ရန်နှင့် ကမ္ဘာ့ဘဏ်၏ အထူးငွေတိုက်စာချုပ်ကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံဖိုးဝယ်ယူရန် အိန္ဒိယအစိုးရက ဗဟိုဘဏ်ကိုခွင့်ပြုပေးလိုက်သည်။

လောလောဆယ်အိန္ဒိယနိုင်ငံ၏ ချေးငွေကန့်သတ်မှုမှာ ကန်ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံအထိသာရှိရာ ယခုရင်းနှီးမြှုပ်နှံမှုအသစ်ကြောင့် ယင်းကန့်သတ်ချက်ကို ကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံအထိ မြှင့်တင်နိုင်မည်ဖြစ်သည်။

ယင်းအတွက် အိန္ဒိယနိုင်ငံအနေဖြင့် အခြားတစ်နိုင်ငံချင်းသီးသန့်ချေးငှားသူများအတွက် သတ်မှတ်ထားသော အချက်များ၊ ခံစားခွင့်များရရှိမည်ဖြစ်သည်။ ထပ်မံချေးငှားနိုင်သောငွေကြေးများဖြင့် အိန္ဒိယအစိုးရမှာ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် စီမံကိန်းအသစ်များ လုပ်ကိုင်ရန် ကြိုတင်စီမံကိန်းအသစ်များ ကြိုတင်စီမံနိုင်မည်ဖြစ်သည်။

ငွေတိုက်စာချုပ်များရင်းနှီးမြှုပ်နှံမှုမှနေ၍ အမေရိကန်ဒေါ်လာနှင့် အတိုးရရှိမည်ဖြစ်သောကြောင့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးပမာဏတိုးတက်စေပြီး ထိုမှတစ်ဆင့်လက်ရှိ ဘဏ်စာရင်းလိုငွေများကို လျှော့ချနိုင်မည်ဟု ယူပီအိုင်သတင်းတွင်ဖော်ပြသည်။ လက်ရှိ ဘဏ်စာရင်းလိုငွေပြသမှုမှာ လက်ရှိအချိန်အိန္ဒိယငွေကြေးရူပီးတန်ဖိုးကျဆင်းခြင်း၏ အဓိကအကြောင်းရင်းဟု ရှုမြင်ကြသည်။ —*Ref: UPI*



7 DAY NEWS JOURNAL

# Entertainment

Vol.12, No.28 • SEPTEMBER 18 , 2013



## ဘေဂျင်းမှာ အပန်းဖြေဥယျာဉ်တစ်ခု တည်ဆောက်ဖို့ စီစဉ်နေတဲ့ ဂျက်ကီချန်း

**ဘေဂျင်း၊ စက်တင်ဘာ-၁၄**
ဟောင်ကောင်အက်ရှင်မင်းသား ဂျက်ကီချန်းသည် ပြည်တွင်းအဖွဲ့အစည်းတစ်ခုနှင့်ပူးပေါင်း၍ တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် အပန်းဖြေဥယျာဉ်တစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားသည်ဟု တရုတ်မီဒီယာများက ဖော်ပြကြသည်။

'JC World' ဟု အမည်ပေးထားသော နှစ်စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့် အဆိုပါဥယျာဉ်တွင် အဓိကနေရာငါးခု ပါဝင်မည်ဖြစ်ပြီး လာရောက်အပန်းဖြေသူများအား ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများပေးနိုင်ရန် ရည်ရွယ်ထားသည်။

သရုပ်ဆောင်ဂျက်ကီချန်းသည် အပန်းဖြေဥယျာဉ်၌ ၎င်းစုဆောင်းထားသော ပရိဘောဂပစ္စည်းများနှင့် ရတနာပစ္စည်းများကို ခင်းကျင်းပြသမည်ဖြစ်သည်။ "ကျွန်တော်ကလေးဘဝက အရမ်းဆင်းရဲခဲ့တယ်။ အဲဒီတော့ ငါ့မှာ ပိုက်ဆံတွေအများကြီးရှိလာရင် ပစ္စည်းတွေအများကြီးဝယ်မယ်။ အဲဒါတွေဝယ်ဖို့ ကမ္ဘာအနှံ့သွားမယ်ဆိုပြီး စိတ်ကူးခဲ့ပါတယ်။ ကျွန်တော်ဝယ်စုထားတဲ့ ပစ္စည်းတွေအားလုံးကိုပြသချင်ပါတယ်။ ပစ္စည်းအားလုံးဈေးကြီးတဲ့ပစ္စည်းဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ အဲဒီပစ္စည်းတိုင်းမှာ နောက်ခံဇာတ်ကြောင်းတွေ ရှိပါလိမ့်မယ်" ဟု ဂျက်ကီချန်းက ပြောကြားခဲ့သည်။

စူပါစတား ဂျက်ကီချန်းက နှစ်ပေါင်းများစွာကတည်းက ၎င်းဝယ်ယူစုဆောင်းထားသော တရုတ်ရှေးဟောင်းအဆောက်အအုံများကိုလည်း အဆိုပါဥယျာဉ်သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဥယျာဉ်၏ ၆၀ ရာခိုင်နှုန်းမှာ ဝင်ကြေးမပေးရသော်လည်း အဆောက်အအုံများ ထိန်းသိမ်းနိုင်ရန်အတွက် ဥယျာဉ်၏ ၄၀ ရာခိုင်နှုန်းကို ဝင်ကြေးကောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

—*Ref: AFP*

## "ကျွန်တော်က သီချင်းထဲကိုစိတ်နှစ်ပြီး တစ်ယောက်တည်းဆိုပြချင်တာ"

### ဟစ်ဟော့ပ်အဆိုတော် နိုင်းဝမ်းနှင့် တွေ့ဆုံခြင်း

**ဖွဲ့ညက်**
တစ်ကိုယ်တော်စီးရီးမထွက်သေးသော်လည်း အတွဲခွေများမှသီချင်းများဖြင့် ပရိသတ်အားပေးမှု ရရှိနေသူတစ်ဦးမှာ ဟစ်ဟော့ပ်အဆိုတော် နိုင်းဝမ်းဖြစ်သည်။ ပရိသတ်များက အွန်လိုင်းမှ 'စလုံးကချစ်သူ'သီချင်းဖြင့် သတိထားအားပေးမှုရရှိခဲ့ပြီး ၎င်းထွက်ရှိထားသည့် သီချင်းတိုင်းမှာလည်း ပရိသတ်များအကြိုက်ထပ်တူညီမှု ရှိခဲ့သည်။ မကြာသေးမီက ထွက်ရှိထားသည့် အတွဲခွေတွင်ပါဝင်သော နီနီခင်ဇော်နှင့် သီဆိုထားသည့် "အရောင်မဆိုးနဲ့"သီချင်းမှာလည်း ၎င်း၏ဂီတမှတ်တိုင်စိုက်ထူနိုင်သည့်သီချင်းတစ်ပုဒ်ပင်ဖြစ်သည်။ ပရိသတ်များကြိုက်သည့် သီချင်းများကို ကိုယ်တိုင်ခံစားရေးဖွဲ့နိုင်သူဖြစ်သော်လည်း တစ်ကိုယ်တော်ခွေ မထွက်သေးသည့် နိုင်းဝမ်းကို ၎င်း၏ဆက်လက်လျှောက်လှမ်းမည့် အနုပညာခရီးနှင့်ပတ်သက်သည့်အကြောင်းအရာများမေးမြန်းခဲ့ပါသည်။

**အတွဲခွေတွေမှာပါတဲ့ နိုင်းဝမ်းရဲ့ သီချင်းတိုင်းလိုလိုကပေါက်တော့ တစ်ကိုယ်တော်အနေနဲ့ရော မစီစဉ်တော့ဘူးလား။**

အခုပေါက်တယ်ဆိုတဲ့ သီချင်းတွေအကုန်လုံးအရင်က တစ်ကိုယ်တော်ခွေအတွက်စုထားတဲ့ သီချင်းတွေချည်းပဲ။ အတွဲခွေတွေက လာဝယ်တော့ ပိုက်ဆံမရှိလို့ ရောင်းရင်းနဲ့ တစ်ကိုယ်တော်ခွေကနေ အတွဲခွေတွေဖြစ်သွားတာ။ တစ်ကိုယ်တော်ခွေလုပ်မယ့်အထဲကသီချင်းတွေ အကုန်လုံးနီးပါးရောင်းလိုက်တော့ နောက်ထပ်တစ်ကိုယ်တော်ခွေအတွက် သီချင်းတွေလုပ်နေတယ်။ ရှစ်ပုဒ်လောက်တော့ရပြီ။ ဒါပေမဲ့ ၁၅ ပုဒ်တော့လုပ်ပြီး ကိုးပုဒ်လောက်ပဲထုတ်ဖြစ်မှာပါ။

**တစ်ကိုယ်တော်ခွေစီစဉ်နေပြီဆိုတော့ ဘယ်တော့လောက် ပရိသတ်ဆီကိုပို့ပေးမှာလဲ။**

ပရိသတ်ကို မျှော်လင့်ချက်ကြီးမပေးချင်ဘူး။ ကျွန်တော်က သီချင်းကို ဘယ်တော့ပြီးအောင်လုပ်မယ်ဆိုပြီးလည်း မရှိဘူး။ တကယ်ခံစားရတဲ့အချိန်မျိုးမှာ ရေးတာဆိုတော့ အချိန်အတိအကျနဲ့ မပြောချင်ဘူး။

**သီချင်းတွေကို ကိုယ်တိုင်ဖန်တီးတာဆိုတော့ ဘယ်လိုပုံစံတွေနဲ့ ရေးဖြစ်လဲ။**

အရင်တုန်းကတော့ ကိုယ့်ခံစားချက်အစစ်နဲ့ပဲရေးဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ ပရိသတ်တွေရဲ့ ခံစားချက်ကို ပိုပြီး အလေးထားရေးဖြစ်တယ်။ ခုနောက်ပိုင်း ဖေ့စ်ဘွတ်ခ်သုံးတယ်။ ပရိသတ်တွေနဲ့ ဖုန်းပြောတယ်။ အဲဒီကနေ သူတို့ခံစားနေရတဲ့ အရာတွေ ပျော်ရင် ပျော်သလို၊ စိတ်ညစ်ရင် စိတ်ညစ်သလို၊ အသည်းကွဲရင် အသည်းကွဲသလို၊ ခံစားချက်တွေ နားထောင်ရတော့ သူတို့ဖြစ်နေတဲ့ဟာကို ကိုယ်ကိုယ်တိုင်ခံစားပြီး ရေးဖြစ်တာများတယ်။ အဓိကကတော့ ခံစားချက်ပါပဲ။

စာမျက်နှာ ၄၁ »




ဓာတ်ပုံ-ကျော်ဇင်သန်း

YKKO Since 1988

25th Anniversary LUCKY DRAW

iPhone 5 2လုံး
iPad Mini 2လုံး
Beat Headphone 6လုံး
Galaxy S4 2လုံး
Samsung 42" LED TV 2လုံး
Mont Blanc Ball Pen 2ချောင်း
Galaxy Note 2 2လုံး
Canon Camera 2လုံး
ipod nano 6လုံး

Others YKKO Gift Voucher 30, bbq Gift Voucher 20, YKKO Coffee Cup 100
YKKO Water Bottle 100, YKKO T-Shirt 200, YKKO Sport Shirt 200

YKKO Group of Companies Limited

(၂၅)နှစ်ပြည့်အထိမ်းအမှတ် ရင်ခုန်ပျော်ရွှင်ဖွယ်

ကံထူးရှင် ရွေးချယ်ပွဲကြီး

ကံစမ်းမဲကာလ – ၂၀၁၃ စက်တင်ဘာလတွင် (၁)ကြိမ်၊ ၂၀၁၃ အောက်တိုဘာလတွင် (၁)ကြိမ်

YKKO ၏မည်သည့်ဆိုင်ခွဲတွင်မဆို တစ်ကြိမ်ဝယ်ယူစားသုံးမှု ငွေကျပ် ၁၅,၀၀၀/- ဖိုးပြည့်ပါက ကံစမ်းမဲကူပွန်တစ်စောင် ရယူနိုင်ပြီး ငွေကျပ် ၃၀,၀၀၀/- ဖိုးပြည့်ပါက ကံစမ်းမဲကူပွန်နှစ်စောင် ရရှိနိုင်မည်ဖြစ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# တိုင်ပေ၊ ဟောင်ကောင်တို့တွင် ပြသမည့် ' Grandpas Over Flowers '





**ဆိုးလ်၊ စက်တင်ဘာ-၁၃**

တောင်ကိုရီးယား tvN ရုပ်သံလိုင်းမှထုတ်လွှင့်ပြသနေသော 'Grandpas Over Flowers' မြင်ကွင်းစုံဇာတ်လမ်းအစီအစဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် တရုတ်တိုင်ပေ ရုပ်သံလိုင်း EBC နှင့် ဟောင်ကောင်ရုပ်သံလိုင်း TVB တို့မှတစ်ဆင့် ထုတ်လွှင့်ပြသရန် စီစဉ်ထားသည်ဟု tvN ရုပ်သံလိုင်းက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

"Grandpas Over Flower အစီအစဉ် ကိုရီးယားမှာ ပြတာတောင် အပိုင်းသုံးပိုင်းပဲ ပြရသေးတယ်။ ဇာတ်လမ်းတွဲမဆုံးခင် အစီအစဉ်တစ်ခုကို ရောင်းလိုက်နိုင်တယ်ဆိုတာ ထူးခြားတဲ့ အခြေအနေတစ်ခုပါပဲ" ဟု tvN တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ ဇာတ်လမ်းတွဲသည် တောင်ကိုရီးယားနာမည်ကျော် ဝါရင့်သရုပ်ဆောင်မင်းသားကြီး လေးဦးနှင့် လူငယ်သရုပ်ဆောင် လီဆိုဂျင်းတို့ နိုင်ငံရပ်ခြားဒေသများသို့ ခရီးသွားသည့် အစီအစဉ်ဖြစ်သည်။

'Grandpas' သရုပ်ဆောင်များသည် ပြီးခဲ့သော ဇူလိုင်လက တိုင်ပေသို့ အစီအစဉ်သွားရောက်ရိုက်ကူးစဉ် တိုင်ပေမီဒီယာများနှင့် ပရိသတ်နှစ်ရာခန့်၏ လှိုက်လှဲစွာကြိုဆိုခြင်းကို ခံခဲ့ရကြောင်းနှင့် ထိုအချိန်မှစ၍ တိုင်ပေပရိသတ်များက အဆိုပါအစီအစဉ်ကို အာရုံစိုက်လျက်ရှိကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။ 'Grandpas Over Flowers' အစီအစဉ်ကို တောင်ကိုရီးယား၌ စတင်ထုတ်လွှင့်ပြသချိန်ကတည်းက လူကြိုက်များလျက်ရှိသည်ဟုလည်း သိရသည်။

*—Ref: TenAsia*

# အဆိုတော်များသရုပ်ဆောင်မည့် ' ပျော်ပြီးရင်းပျော် ' ရိုက်ကူးမည်

ကြူကြူဟန်

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

အဆိုတော်များ အဓိကပါဝင်သရုပ်ဆောင်မည့် "ပျော်ပြီးရင်းပျော်" ဇာတ်ကားကို စက်တင်ဘာ ၂၀ ရက်တွင် စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း ပါဝင်မည့် အဆိုတော်ယုန်လေးက ပြောသည်။

ထိုဇာတ်ကားတွင် ယုန်လေး၊ ဆူဇီ၊ ရတနာမိုင်၊ ကြက်ဖ၊ ခင်လှိုင်၊ ကြာစိတို့ ပါဝင်မည်ဖြစ်ပြီး ဇာတ်လမ်းကို ယုန်လေးနှင့် ဒါရိုက်တာ သီဟတင်သန်းတို့က ရှာဖွေထားပြီး မင်းညီက ဇာတ်ညွှန်းရေးသားပေးထားသည်။


"အလုပ်မလုပ်ချင်တဲ့ ဟိုတယ်တစ်ခုလုံးကို ထိန်းသိမ်းနေရတယ်။ အဲဒီအချိန်မှာ ပြဿနာမျိုးစုံနဲ့ ကြုံနေရတဲ့ ပုံမျိုးပါ" ဟု ယုန်လေးက ၎င်းပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ရုပ်ကိုပြောသည်။

ရတနာမိုင်က အဆိုတော်အဖြစ်၊ ကြက်ဖက မန်နေဂျာအဖြစ်၊ ဆူဇီက ယုန်လေး၏ ကောင်မလေးအဖြစ်၊ ခင်လှိုင်က တံ့တေးသိန်းတန်ရူးသွပ်သူအဖြစ်၊ ကြာစိက ဝင်းဦးကို ရူးသွပ်သူအဖြစ် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး ဇာတ်ကားတွင် ဂီတအကြောင်း အနည်းငယ်သာပါဝင်ကာ ပရိသတ်များကို ပျော်စေလိုသည့် ရည်ရွယ်ချက်ဖြင့်သာ ရိုက်ကူးခြင်းဖြစ်ကြောင်း ယုန်လေးက ပြောသည်။

"ကိုယ့်ဗီစီဒီမှာသရုပ်ဆောင်တာတော့ ရှိတာပေါ့။ ပထမဆုံးရိုက်တဲ့ဇာတ်လမ်းဆိုတော့ စိုးရိမ်စိတ်တော့ ရှိပါတယ်။ ကာရိုက်တာက ပေါ့ပေါ့ပါးပါးလေးဆိုတော့ အဆင်ပြေသွားမယ်ထင်ပါတယ်" ဟု ပထမဆုံးဗီဒီယို ရိုက်ကူးမည့် ဆူဇီကပြောသည်။







7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

စာ(၃၉)မှ

# ဟစ်ဟော့ပ်အဆိုတော် နိုင်းဝမ်းနှင့် တွေ့ဆုံခြင်း

သီချင်းကို rhythmတွေ၊ Flow တွေဘယ်လောက်ကောင်းအောင် ရေးရေး ပရိသတ်ခံစားလို့မရရင် သိပ်အဓိပ္ပာယ်မရှိသလိုပဲ။ တစ်ခါတလေကျ အဲဒီလောက်ပညာသားမပါပေမယ့်ပရိသတ်အားပေးရင် ပိုပြီး အဆင်ပြေတယ်။

**အခုလတ်တလောမှာ အားပေးနေတဲ့“အရောင်မဆိုးနဲ့”သီချင်းဖန်တီးဖြစ်ပုံကိုလည်းပြောပြပေးပါဦး။**

အဓိကကတော့ဖေ့စ်ဘွတ်ခ်မှာ အသည်းကွဲနေတဲ့ သူငယ်ချင်းတွေ၊ ပရိသတ်တွေရဲ့ ခံစားချက်ကို ကိုယ်တိုင်ခံစားပြီးရေးဖြစ်တာပါ။

**ဖေ့စ်ဘွတ်ခ်ကိုရော အချိန်ပေးပြီး သုံးဖြစ်လား။**

ဖေ့စ်ဘွတ်ခ်က နှစ်ရက်တစ်ခါလောက်တော့ဝင်ဖြစ်ပါတယ်။ အဓိကက New Feeds မှာ ကြည့်လိုက်ပြီးတော့ သူတို့ဘာတွေခံစားနေရတယ်ဆိုတာကို ဖတ်ဖြစ်တယ်။ Chat Box ကိုတော့ ပိတ်ထားတယ်။ Chat Box ဖွင့်ထားပြီး သူတို့နဲ့ စကားပြန်မပြောနိုင်ရင် မကောင်းဘူးလေ။ ကျွန်တော့်ဝေါလ်ပေါ်မှာပေါ်တဲ့ သူတို့ရေးထားတာတွေ အကုန်လုံးလိုက်ဖတ်တယ်။ ခံစားချက်တွေနှိုက်ယူကြည့်တယ်။ ကိုယ်ပိုင် Status တင်ဖြစ်တာကတော့ အနုပညာသတင်းတွေရယ်၊ သူငယ်ချင်းတွေနဲ့ စတဲ့နောက်တဲ့အကြောင်းအရာတွေတော့ တင်ဖြစ်တယ်။

**အနုပညာလှုပ်ရှားမှုအနေနဲ့ တစ်နှစ်မှာ ဖျော်ဖြေပွဲဘယ်နှပွဲလောက် ဖျော်ဖြေဖြစ်လဲ။**

ပုံမှန်တော့မရှိဘူး။ ပေါက်တဲ့သီချင်းထွက်ထားတဲ့ အချိန်ဆိုရင်တော့ ဆက်တိုက်နီးပါးပဲ။ ခွေထွက်တာခြားသွားရင်တော့ နည်းနည်းပါးတာပေါ့။ မိုးတွင်းကတော့ အဆိုတော်တိုင်းနီးပါး အလုပ်အေးကြတယ်။ ပွင့်လင်းရာသီဆိုရင်တော့ဆက်တိုက်ပါပဲ။ ဒီနှစ်က “နှင်းသာရှိရင်” “အရောင်မဆိုးနဲ့”သီချင်းတွေက ပရိသတ်တွေလည်းကြိုက်ကြတော့ ခုမိုးတောင်မကုန်သေးဘူး ဖျော်ဖြေပွဲတွေ ဆက်တိုက်ပဲ။ စက်တင်ဘာ ၂၇ ရက် မန္တလေးမှာဖျော်ဖြေပွဲတစ်ခုရှိတယ်။ နောက်လထဲမှာက ဘန်ကောက်ကိုကျွန်တော်တို့အဖွဲ့တွေ အကုန်လုံးဖျော်ဖြေဖို့ ကျောင်းပွဲတစ်ပွဲရှိတယ်။ နောက်နိုဝင်ဘာထဲမှာလဲ စင်ကာပူဖျော်ဖြေပွဲရော၊ မေမြို့နဲ့မန္တလေးမှာလည်း ဖျော်ဖြေဖို့တွေရှိတယ်။ ရန်ကုန်နဲ့ မန္တလေးမှာ တစ်လကို ပွဲကြီးတွေအများဆုံးနှစ်ပွဲလောက်တော့ ဆိုဖြစ်တယ်။ ကျန်တဲ့ ပရိုမိုးရှင်းပွဲတွေ၊ ညစာစားပွဲတွေမှာဆိုဖြစ်ပါတယ်။

**ဖျော်ဖြေပွဲတွေမှာ ပရိသတ်နဲ့အပေးအယူမျှအောင် ဘယ်လိုပြင်ဆင်ဖြစ်လဲ။**

အဓိကကတော့ကိုယ့်သီချင်းကိုပရိသတ်က လက်ခံတယ်ဆိုရင် ဆိုရတာအဆင်ပြေပါတယ်။ သီချင်းအသစ်ဆိုတာထက် ပရိသတ်ရပြီးသားသီချင်းတွေဆိုရင်တော့ အပေးအယူမျှပါတယ်။ ဖျော်ဖြေပွဲတွေမှာ ပါဖောမန့်တွေထည့်တာထက် သီချင်းသီးသန့်ဆိုပြရတာကို ပိုပြီးတော့ ကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်က သီချင်းတွေကို ကြိုက်ပြီးကိုယ့်ကိုလာကြည့်တာဆိုတော့လေ တစ်ခါတလေကျတော့လည်း လုပ်ပြချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က သီချင်းထဲကို စိတ်နှစ်ပြီး ကိုယ်တစ်ယောက်တည်းဆိုပြချင်တာ။

**ဖျော်ဖြေပွဲတိုင်းကိုရော လက်ခံဖြစ်လား။ နယ်ဖျော်ဖြေပွဲတွေရော သွားဖြစ်လား။**

ရက်အားရင်တော့ ပွဲအခြေအနေကို ကြည့်ပြီးလိုက်ဆိုဖြစ်ပါတယ်။ ဘယ်ပွဲမဆိုပေါ့။ ဘာဖြစ်လို့လဲဆိုတော့ နယ်တွေကိုလည်း သွားချင်တယ်။ နယ်ကလူတွေကို ကျွန်တော့် Music ကိုချပြချင်တယ်။ ပရိသတ်လည်း ဒီထက်ပိုပြီး ပွားချင်တယ်။ ဒီ Hip Hop အနေနဲ့ပေါ့။

**ဆီးဂိမ်းအတွက်ဖန်တီးထားတဲ့ လူငယ်အဆိုတော် ၁၁ ယောက်ဆိုထားတဲ့ သီချင်းမှာ နိုင်းဝမ်းလည်း ပါတော့ အဲဒီသီချင်းအကြောင်း လေးပြောပြပေးပါဦး။**

ဆီးဂိမ်းသီချင်းက ပါတဲ့အဆိုတော် ကိုယ်ဆိုရမယ့်အပိုင်းကို ကိုယ်တိုင်ရေးကြတယ်။ အကုန်လုံးခေါင်းစားပြီးဖန်တီးတာ။ တီးလုံးကတော့ အကုန်လုံးဖြစ်စေချင်တဲ့ ပုံစံကိုပြောပြပြီး လွှမ်းပိုင် တစ်ယောက်တည်းတီးတယ်။ အမ်တီဗီကိုတော့ဒါရိုက်တာကိုအောင်မြတ်က ရိုက်ထားတာ ချောင်းသာကိုလည်းသွားရိုက်ထားတယ်။ ရန်ကုန်မှာဆိုရင် သုဝဏ္ဏကွင်းမှာလည်း ရိုက်ထားတယ်။

**လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့က ဘာတွေလုပ်ဖြစ်နေလဲ။**

ဆီးဂိမ်းသီချင်းလည်း ရိုက်ထားတယ်။ နောက်ပြီး နီနီခင်ဇော်နဲ့ ဆိုထားတဲ့ “အရောင်မဆိုးနဲ့” သီချင်းအမ်တီဗီရိုက်ဖို့လည်းရှိတယ်။ သားကြီးရဲ့ ဒုတိယစီးရီးအတွက်လည်း သီချင်းရေးပေးထားတယ်။ အိမ့်ချစ်ရဲ့ ဒုတိယစီးရီးထဲမှာကျွန်တော့်သီချင်းကမ္ဘာငယ်လေးကို ပြန်ထည့်ချင်တယ်ဆိုလို့ ပုံစံတစ်မျိုးပြောင်းပြီး ရေးထားတယ်။ နန်းသူဇာနဲ့ နန်းမြတ်ဖြိုးသင်းနှစ်ယောက်အခွေမှာတော့ နန်းသူဇာနဲ့ စုံတွဲတစ်ပုဒ်ဆိုပေးထားတယ်။ အဲဒီသီချင်းကတော့ ကျွန်တော်ရေးတာမဟုတ်ဘူး။ အရင်တုန်းက ဆိုတေးနဲ့ဆိုဖို့ စီစဉ်ထားတဲ့ သီချင်းကို ကျွန်တော်ဆိုတေးနေရာမှာဝင်ဆိုပေးတာ။ နောက်ဖျော်ဖြေပွဲတွေသွားဖို့ရှိတယ်။

**အနုပညာရှင်တွေအနေနဲ့ရရှိထားတဲ့ အောင်မြင်မှုကို ထိန်းသိမ်းဖို့ ဘာတွေလိုမယ်လို့ထင်လဲ။**

အဓိကကတော့ ပရိသတ်နဲ့တစ်ထပ်တည်းကျနေဖို့လိုမယ်ထင်တယ်။ ကိုယ်လုပ်နေတဲ့ အလုပ်က ပရိသတ်နဲ့တစ်ထပ်တည်းကျနေရင် မှေးမှိန်သွားတာမရှိဘူးပေါ့။

**နိုင်းဝမ်းကိုအားပေးနေတဲ့ ပရိသတ်တွေကိုလည်း စကားလက်ဆောင်လေးပြောပေးပါဦး။**

ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်တွေအားပေးတာနဲ့တန်အောင် ကြိုးစားနေပါတယ်။ ခုမှသိတဲ့ ပရိသတ်တွေလည်း ကျွန်တော်ကို အားပေးပါ၊ ဝေဖန်ပါ။ လိုအပ်တာရှိရင်လည်း အကြံပေးကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော့်တစ်ကိုယ်တော်ခွေမှာ အခုပရိသတ်တွေနားထောင်ထားရတဲ့ သီချင်းတွေထက် အဆပေါင်းများစွာကောင်းတဲ့ သီချင်းတွေဖန်တီးနေပါတယ်။ အဲဒီအတွက် ပရိသတ်ရဲ့ ဝေဖန်မှုအကြံပေးမှုတွေ အများကြီးလိုအပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**



# တေးဂီတအသားပေးရုပ်ရှင်တွေ ရိုက်ကူးဖို့ အသင့်ဖြစ်နေတဲ့ ဗင်ဒီဇယ်

**လော့စ်အန်ဂျလိစ်**-ဟောလိဝုဒ်သရုပ်ဆောင်မင်းသား ဗင်ဒီဇယ်ကို ကမ္ဘာတစ်ဝန်းရှိပရိသတ်များက အက်ရှင်ဇာတ်ကြမ်းမင်းသားအဖြစ် အသိများသော်လည်း ယခုလက်ရှိ၌ ဟောလိဝုဒ်လောကရှိ ရုပ်ရှင်ထုတ်လုပ်သူများသည် ဗင်ဒီဇယ်အား တေးဂီတအသားပေး ရုပ်ရှင်များ ရိုက်ကူးရန် ကမ်းလှမ်းထားသည်ဟု သိရသည်။

ဗင်ဒီဇယ်သည် ကာရာအိုကေဘားတစ်ခုတွင် အဆိုတော်ရီဟားနား၏ ‘Starry’ သီချင်းကို ကိုယ်ပိုင်မူဟန်ဖြင့် သီဆိုပြီး ဗီဒီယိုရိုက်ကူးခဲ့သည်။ ဗင်သည်ယင်းဗီဒီယိုဖိုင်ကို ချစ်သူ ပယ်လိုမာဂျင်းမ်နက်ဇ်၏ အကြံပေးချက်အရ အွန်လိုင်းပေါ်သို့တင်ခဲ့ရာ အမေရိကန်စတူဒီယိုတစ်ခုက ဗင်အား တေးဂီတအသားပေး ရုပ်ရှင်များရိုက်ကူးရန် ကမ်းလှမ်းခဲ့သည်ဟု ဗင်ဒီဇယ်၏ ပြောကြားချက်အရ သိရသည်။

ဗင်သည် ၎င်း၏အွန်လိုင်းစာမျက်နှာတွင်ယခင်ကတည်းက ၎င်းသီဆိုထားသော ဗီဒီယိုဖိုင်များ တင်လေ့ရှိခဲ့ကြောင်း၊ ယခင်ကတည်းက တေးဂီတအသားပေး ရုပ်ရှင်များရိုက်ကူးလိုခဲ့ကြောင်း Nuts မဂ္ဂဇင်းတွင် ဖော်ပြသည်။ ‘Fast & Furious’ စူပါစတား ဗင်ဒီဇယ်သည် လွန်ခဲ့သော ဆယ်နှစ်ကတည်းက တေးဂီတအသားပေး ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ခွင့်ရရန် မျှော်လင့်ခဲ့သည်ဟုလည်း Nuts မဂ္ဂဇင်းက ဖော်ပြသည်။

*—Ref: XinMSN*

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Riddick | Universal Pictures | ၁၉,၀၃၀,၄၀၀ | ၁ |
| ၂။ | Lee Daniels' The Butler | The Weinstein Company | ၉၁,၄၀၃,၁၀၀ | ၄ |
| ၃။ | Hombre de Piedra | Lionsgate | ၂၀,၃၆၀,၉၀၀ | ၂ |
| ၄။ | We're the Millers | Warner Bros.Pictures | ၁၂၃,၆၁၄,၀၀၀ | ၅ |
| ၅။ | Disney's Planes | Walt Disney Studios Motion Pictures | ၇၉,၁၂၅,၀၀၀ | ၅ |
| ၆။ | One Direction:This is Us | Tristar Pictures | ၂၃,၉၃၇,၀၀၀ | ၂ |
| ၇။ | Elysium | TriStar Pictures | ၈၅,၁၁၈,၆၀၀ | ၅ |
| ၈။ | Percy Jackson:Sea of Monsters | 20th Century Fox | ၅၉,၇၇၃,၃၀၀ | ၅ |
| ၉။ | Blue Jasmine | Sony Pictures Classics | ၂၅,၁၀၈,၆၀၀ | ၇ |
| ၁၀။ | The World's End | Focus Features | ၂၁,၇၈၄,၁၀၀ | ၃ |

## Movie Review

### Rush




၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် ဖော်မြူလာဝမ်းကားမောင်းပြိုင်သည့် ရွှေခေတ်မှ ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်သည်။ အင်္ဂလိပ်လူမျိုး ပလေးဘွိုင်းတစ်ဦးဖြစ်သော ဂျိမ်းစ်ဟန့်ထ်နှင့် စည်းစနစ်ကျပြီး ထူးချွန်သော နစ်ကီလူဒါတို့ကြား အကြိတ်အနယ်ကားမောင်းပြိုင်မှုကို ရိုက်ကူးထားသည်။ ယင်းဇာတ်ကားတွင် ပြိုင်ဘက်နှစ်ဦး၏ မတူကွဲပြားသော ပုဂ္ဂိုလ်ရေးမူဟန်များ၊ အချစ် ဇာတ်လမ်းများနှင့် ၁၉၇၆ ခုနှစ်ဖော်မြူလာဝမ်းရာသီ၏ အံ့သြဖွယ်ယှဉ်ပြိုင်မှုများကို ဖော်ပြထားသည်။

အသေးအဖွဲ့မျှလောက်ပင် မှားခွင့်မရှိသော ၁၉၇၆ ခုနှစ် ကမ္ဘာ့ချန်ပီယံလုပွဲ၌ ဂျိမ်းစ်ဟန့်ထ်နှင့် နစ်ကီလူဒါတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး ချန်ပီယံဆုဖလားကိုလုကြတော့သည်။

“Rush”အတ္ထုပ္ပတ္တိရုပ်ရှင်ကားကို ဒါရိုက်တာ Ron Howard ရိုက်ကူးပြီး စက်တင်ဘာ ၂၀ ရက်တွင် ရုံတင်မည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ဂျိမ်းစ်ဟန့်ထ်အဖြစ် Chris Hemsworth၊ နစ်ကီလူဒါအဖြစ် Daniel Bruhl တို့ပါဝင်သရုပ်ဆောင်ထားသည်။

# Sports

Vol.12, No.28 • SEPTEMBER 18 , 2013



PESTABOLA MERDEKA

# မာဒေးကားပြိုင်ပွဲမှရသော မြန်မာအသင်းအတွက် သင်ခန်းစာများ

ဗိုလ်ဗိုလ်ဝင်း

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကျင်းပရန် အချိန်နှစ်လကျော်အလိုတွင်မြန်မာယူ-၂၃ ဘောလုံးအသင်းသည် မာဒေးကားဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယနေရာရရှိခဲ့သည်။ လာမည့်ဆီးဂိမ်းအိမ်ရှင်မြန်မာအသင်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲသည် အကြိုစမ်းသပ်မှုတစ်ခုဖြစ်ခဲ့ပြီး သင်ခန်းစာများလည်း ရခဲ့သည်။

မလေးရှားဘောလုံး အဖွဲ့ချုပ်က ကျင်းပသည့် ယခုနှစ် မာဒေးကားဖလားပြိုင်ပွဲသို့ မြန်မာနှင့် မလေးရှားနှစ်သင်းသာ လာမည့် ဆီးဂိမ်းအတွက်ပြင်ဆင်နေသည့် အသင်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းမှာ ပြည်တွင်းလိဂ်ဒုတိယကလပ်အသင်းများမှ ကစားသမားအများစုပါဝင်သည့် အသင်းနှင့် စင်ကာပူယူ-၂၃ အသင်းမှာလည်း အရန်အသင်းဖြစ်သည်။

ယခုပြိုင်ပွဲမတိုင်မီစုစည်းလေ့ကျင့်ချိန်နှစ်ပတ်ကျော်အတွင်း မြန်မာအသင်းကို ကြံ့ခိုင်မှုအဓိက ပြင်ဆင်နေသည်ဟု နည်းပြချုပ်ပတ်ဆောင်ဟွာက ဆိုခဲ့သည့်အတိုင်း မာဒေးကားပြိုင်ပွဲတွင်မြန်မာအသင်းအနေဖြင့်ကြံ့ခိုင်မှုကိုအဓိကအားထားကာယှဉ်ပြိုင်ကစားခဲ့သည်။

မာဒေးကားပြိုင်ပွဲဝင်မြန်မာအသင်းအနေဖြင့် ယခင်ကထက်ကစားအားနှင့် နိုင်လိုစိတ် (စိတ်ဓာတ်)ပိုင်းတိုးတက်လာသော်လည်း အားနည်းချက်များစွာ ရှိနေသေးကြောင်းလေ့လာသူများက သုံးသပ်သည်။

မြန်မာအသင်းတွင် အဓိကအားနည်းချက်အနေဖြင့်ဘောလုံးပေးပို့မှုတိကျမှုမရှိခြင်းဖြစ်ပြီး နေရာယူမှုအားနည်းချက်များဖြစ်သည်။ လျင်မြန်မှုနှင့် ကြံ့ခိုင်မှု အပိုင်းတွင် မလေးရှားအသင်းကို မယှဉ်နိုင်သည့် အခြေအနေတွင် အထက်ပါ အားနည်းချက်များပါဖြစ်ပေါ်လာသည့်အခါ မြန်မာအသင်းအတွက် ရလဒ်ကောင်းဖြစ်ပေါ်လာခြင်းမရှိတော့ပေ။

ပြိုင်ဘက်အသင်းအား တစ်ဦးချင်းယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် အနေအထားတွင် အသင်းလိုက်စုစည်းပိုင်းဖြင့်သာ မာဒေးကားဖလားပွဲစဉ်များကို မြန်မာအသင်းဖြတ်သန်းခဲ့ရခြင်းဖြစ်သည်။ သို့သော်မြန်မာအသင်းသည်မလေးရှားအသင်းနှင့်ပွဲစဉ်တွင် ကစားကွက်အနေအထားလွှမ်းမိုးနိုင်ခြင်းမရှိသော်လည်း အားနည်းသည့်စင်ကာပူအသင်းနှင့်ပွဲစဉ်တွင်လည်းအလွယ်တကူအနိုင်ရရှိခဲ့ခြင်းလည်းမဟုတ်ပေ။

“ပတ်ဆောင်ဟွာအနေနဲ့ ၄း၂း၃း၁ ကစားကွက်ကိုပဲ အခြေခံကစားတာဆိုပေမယ့် ဒီကစားကွက်မှာ အလယ်တန်းက ဘောလုံးကို ကိုင်ကစားပြီး ဖြန့်ဝေမှု အားကောင်းတဲ့ကစားသမားတွေ လိုအပ်ပါတယ်။ ၁၉၉၃ ဆီးဂိမ်းအသင်းမှာဆိုရင် သန်းတိုးအောင်၊ ကြည်လွင်တို့လို ကစားသမားမျိုးဆိုလိုတာပါ။ ဒါပေမဲ့လက်ရှိအသင်းမှာတော့မတွေ့ရသေးဘူးဖြစ်နေတယ်”ဟု လေ့လာသူတစ်ဦးကသုံးသပ်သည်။

လက်ရှိမြန်မာအသင်း၏ အလယ်တန်းကစားသမားများသည် ခံစစ်အားသန်သူများဖြစ်ပြီး တိုက်စစ်ပံ့ပိုးသည့်အပိုင်းတွင် အားနည်းမှုများရှိကြောင်း ၎င်းတို့ထံမှ ဘောလုံးမထွက်သည့်အခါ ရှေ့တန်းကစားသမားများသည်လည်း လူပိုများသဖွယ်ရှိနေရကြောင်း လေ့လာသူများကဆိုသည်။

“ကျော်ကိုကိုအနေနဲ့ အကောင်းဆုံးပုံစံကို မရသေးဘူးဆိုတာတော့မှန်ပါတယ်။ ဒါပေမဲ့ မာဒေးကားဖလားမှာ တိုက်စစ်မှူးတွေ အပိုင်အခွင့်အရေးရရှိမှု သိပ်မရခဲ့ပါဘူး။ သူတို့ဆီကို ရောက်မယ့် နောက်ဆုံးဘောလုံး ပေးပို့ချက်က အရမ်းအားနည်းနေတာတွေ့ရပါတယ်”ဟု လေ့လာသူတစ်ဦးကလည်းဆိုသည်။

ဒဏ်ရာပြဿနာများကြောင့် လက်ရွေးစင်အသင်းနှင့် တစ်နှစ်ကျော်ဝေးကွာနေသည့် တိုက်စစ်မှူးကျော်ကိုကိုအနေဖြင့်လည်း ၎င်း၏ အကောင်းဆုံးပုံစံကောင်းကို မပြသနိုင်သေးဘဲ ရရှိသည့် အခွင့်အရေးအချို့တွင်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးအဖြစ် ပြောင်းလဲနိုင်မှု မရရှိခဲ့ပေ။

ထို့အပြင် မြန်မာအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် အဓိကသိသာသည့် အားနည်းချက်များမှာ လက်ပစ်ဘော၊ ထောင့်ကန်ဘော၊ တိုက်ရိုက်ပြစ်ဒဏ်ဘော၊ တစ်ဆင့်ကန်ပြစ်ဒဏ်ဘောများဖြင့် ပြိုင်ဘက်အသင်းများကို ဖိအားမပေးနိုင်ခြင်းဖြစ်သည်။

မာဒေးကားဗိုလ်လုပွဲစဉ်တွင် မလေးရှားအသင်းရရှိသည့် ထောင့်ကန်ဘောများမှာ မြန်မာအသင်းကို အကြိမ်တိုင်းနီးပါးခြိမ်းခြောက်နိုင်ခဲ့သော်လည်း မြန်မာအသင်းရရှိသည့် ထောင့်ကန်ဘောများမှာမူ ထိရောက်မှုမရှိခဲ့သည်ကို တွေ့ရှိရသည်။

ထို့အပြင် မြန်မာကစားသမားများ၏ စိတ်ခံစားချက်များကို ဆွကစားတတ်သည့် ပြိုင်ဘက်ကစားသမားများ၏ ပရိယာယ်မှာ အသုံးဝင်နေဆဲဖြစ်ပြီး သတိထားဂရုစိုက်သင့်ရမည့် အရေးကြီးသည့်အချက်ဖြစ်သည်။

“မလေးရှားအနေနဲ့ အုပ်စုပွဲစဉ်မှာ မြန်မာအသင်းကို ပိုဂရုစိုက်ကစားသွားတယ်လို့ ထင်တယ်ဗျ။ ဗိုလ်လုပွဲမှာကတော့ ပြောရရင် သက်သက်သာသာနဲ့ ကစားသွားတာ ဗိုလ်လုပွဲစဉ်ကိုလည်း သူတို့ခေါ်လို့ မြန်မာအသင်းတက်ကစားရတဲ့ အခြေအနေလေ။ လာမယ့်ဆီးဂိမ်း အိမ်ရှင်အသင်းကို နှစ်ပွဲစမ်းသပ်ကစားသွားတာပါ”ဟု ပရိသတ်တစ်ဦးကလည်း ၎င်း၏ အမြင်ကိုပြောသည်။

ပတ်ဆောင်ဟွာအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲဝင် မြန်မာအသင်းတွင် ကစားသမားသစ်အချို့ကို စမ်းသပ်ထုတ်ကစားသွားမှုကို ကြိုဆိုရမည်ဖြစ်ပြီး အကျိုးရှိခဲ့မည်ဟု ယုံကြည်ရသည်။

ယခင်ကပတ်ဆောင်ဟွာကိုယ်တိုင်အားအနည်းဆုံးနေရာဟု ဝန်ခံထားသည့် မြန်မာနောက်တန်းအနေဖြင့်လည်း ပြိုင်ဘက်ကစားသမားများ၏ တိုက်စစ်ဆင်မှုများကို ဖျက်ထုတ်မှုအပိုင်းတွင် မသေချာ၊ မသပ်ရပ်မှုများရှိနေဆဲဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်းဂိုးသမားပြည့်ဖြိုးအောင်အပေါ် ဝေဖန်မှုများရှိနေခဲ့သော်လည်း ၎င်းကာကွယ်ခဲ့သည့်ဘောလုံးများကိုလည်း သတိပြုရမည်ဖြစ်သည်။ သို့သော်မာဒေးကားပြိုင်ပွဲတွင် မြန်မာအသင်းပေးလိုက်ရသည့် ပေးဂိုးအချို့တွင် ဂိုးသမား၏ အမှားမကင်းကြောင်းကိုလည်းတွေ့ရှိရသည်။

လာမည့် ဆီးဂိမ်းတွင် ရင်ဆိုင်ရမည့်လျင်မြန်သည့် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတိုက်စစ်မှူးများကိုမည်ကဲ့သို့ ထိန်းသိမ်းမလဲဆိုသည့် ပုစ္ဆာမှာလည်း အရေးကြီးနေပြီဖြစ်သည်။ ထို့အပြင် မြန်မာအသင်း၏ လက်ရှိအနေအထားမှာ ကန်၊ တင်၊ ပြေး ပုံစံဖြင့်သာ ရှိနေဆဲဖြစ်ပြီး အဓိက ကစားသမား (Key Player)လည်း ပျောက်ဆုံးနေဆဲဖြစ်သည်။

မည်သို့ပင်ဆိုစေမာဒေးကားပြိုင်ပွဲတွင်အကောင်းဆုံး ကစားသမားဖြင့်သွားရောက် ယှဉ်ပြိုင်ခဲ့သည့် မြန်မာအသင်း၏ လက်ရှိခြေစွမ်းအမှန်ကို မြင်တွေ့ခဲ့ရပြီဖြစ်သည်။ အဓိကရည်မှန်းချက်ဖြစ်သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီပြင်ဆင်ရမည့် အခြေအနေများကိုလည်း တာဝန်ရှိသူများအနေဖြင့် လေ့လာသိရှိပြီး ပြင်ဆင်သွားမည်ဆိုပါက အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ရလဒ်ကောင်းရန် မျှော်လင့်ရသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက ရန်ကုန်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အာရှယူ-၂၂ခြေစစ်ပွဲတွင် မြန်မာအသင်းကို ရှုံးနိမ့်ခဲ့သည့် မလေးရှားအသင်းအနေဖြင့် မာဒေးကားဖလားတွင် ပြန်လည်အနိုင်ယူကာ ချေပပြီဖြစ်သည်။ မြန်မာအသင်းအနေဖြင့် လာမည့် အိမ်ရှင်ပြုလုပ်မည့် ဆီးဂိမ်းတွင် မလေးရှားအသင်းနှင့် ပြန်လည်တွေ့ဆုံပါက မြန်မာပရိသတ်များကျေနပ်မည့်ရလဒ်ထွက်ပေါ်လာရန် မြန်မာအသင်းစွမ်းဆောင်နိုင်မည်လားဆိုသည်ကိုမူ စောင့်ကြည့်ရန်သာရှိသည်။


ROMANSON
CHRONOGRAPH
ROMANSON
www.romanson.com
TM3207HM
CHERRY OO
Inquiry Ph: (01)381751, (09) 31249123, (02) 72992.


NESCAFÉ 75 years
NESCAFÉ ရဲ့ စိန်ရတုမှာ အားလုံးပါဝင်ပျော်ရွှင်စွာ
ကျပ်သန်းပေါင်းများစွာကံစမ်းမဲအစီအစဉ်
Samsung GALAXY S IV
32" SONY TV
NESCAFÉ
TOYOTA Vitz (၁)စီး
စာတိုက်သေတ္တာအမှတ် – ၇၅၉ (ရန်ကုန်)သို့ တိုက်ရိုက်ပေးပို့ ကံစမ်းနိုင်ပါသည်။
Hotline 09 732 32462
NESCAFÉ Myanmar
Nestlé
Good Food, Good Life

7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013



KERIM OKTEN/ EPA

# လန်ဒန်ဒါဘီ၊ ရောမဒါဘီ ပွဲစဉ်များနဲ့

## ယခုတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲများ ခန့်မှန်းချက်

**ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေ ထဲမှာတော့ ပရီးမီးယားလိဂ်ရော၊ စီးရီးအေမှာပါ ဒါဘီပွဲတွေ ပါဝင်နေပါတယ်။ လာလီဂါကတော့ ဇယားကို ဦးဆောင်နေတဲ့ အက်သလက်တီကိုနဲ့ ဘာကာ နှစ်သင်းလုံး အဝေးကွင်းပွဲတွေရင်ဆိုင်ရဖို့ ရှိနေပေမယ့် အခြေအနေကောင်းနိုင်ပြီး ထိပ်ဆုံးမှာပဲ အပြောင်းအလဲမရှိ ဆက်လက်ရပ်တည်သွားနိုင်ပါတယ်။**

**ပရီးမီးယားလိဂ်**

**၂၁၊ စက်တင်ဘာ၊ စနေ။**

**လီဗာပူး-ဆောက်သမ်တန်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် (၁-၃)**

လီဗာပူးတို့ မန်ယူကို နိုင်ခဲ့တဲ့ ခြေစွမ်းမျိုးလိုအပ်ပါတယ်။ အိမ်ကွင်းမာကျောတဲ့ အသင်းမို့ လီဗာပူးနှစ်ဂိုးလောက်ရနိုင်တယ်။ ဧည့်သည်ဆောက်သမ်တန်တို့ သရေတောင်မှန်းဖို့ မလွယ်ဘူး။

**ချယ်လ်ဆီး-ဖူလ်ဟမ်**

**(ည ၁၁း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် (၃-၀)**

ချယ်လ်ဆီးတို့ အဲဗာတန်ကို မထင်မှတ်ဘဲ ရှုံးပွဲတွေ့ခဲ့တဲ့အတွက် လန်ဒန်ဒါဘီအဖြစ် ကစားမယ့် ဒီအိမ်ကွင်းကို အနိုင်ကစားရမှာပါ။ ချယ်လ်ဆီး ဂိုးအနည်းနဲ့ ကပ်နိုင်သွားမှာပါ။

**အာဆင်နယ်-စတုတ်စီးတီး**

**(ည ၇း၁၅ နာရီ)**

**ယမန်နှစ်ရလဒ် (၁-၀)**

အာဆင်နယ် ခြေစွမ်းပြနိုင်ပြီး ဂျီရော့၊ ဖလာမီနီ၊ အိုဇေးလ်၊ ဝီလ်ရှီးယား၊ ရမ်ဆေးတို့ရဲ့ အုပ်စုလိုက်ဖိအားနဲ့ ကစားကွက်ကို စတုတ်တို့ တောင့်ခံဖို့မလွယ်ပါဘူး။ အာဆင်နယ် အနိုင်သုံးမှတ်ရဖို့ များတယ်။ ဂိုးနည်းနိုင်တယ်။

**၂၂၊ စက်တင်ဘာ၊ တနင်္ဂနွေ။**

**မန်ယူ-မန်စီးတီး**

**(ည ၉း၁၅ နာရီ)**

**ယမန်နှစ်ရလဒ် (၁-၂)**

မန်ယူနိုင်ဖို့ ရာခိုင်နှုန်းပိုများနေပါတယ်။။ မန်စီးတီးတိုက်စစ်ကောင်းတာ မမေ့သင့်ပေမယ့် မန်ယူက အသင်းလိုက်ကစားကွက်ပိုကောင်းနေတာမို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်ယူကပ်နိုင်မှာပါ။

**စီးရီးအေ**

**၂၂၊ စက်တင်ဘာ၊ တနင်္ဂနွေ။**

**ဆက်ဆူလို-အင်တာ**

**(ည ၇း၀၀ နာရီ)**

**ယမန်နှစ်ရလဒ်မရှိ**

ရာသီအဖွင့်မှာ အင်တာခြေစွမ်း ဆက်တိုက်ကောင်းနေပြီး ရှုံးပွဲမရှိသေးပါဘူး။ တန်းတက်ဆက်ဆူလိုအနေနဲ့ အိမ်ကွင်းမှာ ဝါရင့်အင်ဆာကို ဒုက္ခပေးနိုင်ခြေနည်းပါလိမ့်မယ်။ အင်တာ အဝေးကွင်းမှာ အနိုင်သုံးမှတ်ယူမယ့်ပွဲပါ။

**ရိုးမား-လာဇီယို**

**(ည ၇း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် (၀-၁)**

ရောမမြို့အခြေစိုက် အသင်းကြီးနှစ်သင်းတွေ့တဲ့ပွဲဖြစ်ပြီး ရိုးမားလက်ရှိမှာ နိုင်ပွဲများပြီး ဂိုးသွင်းအားကောင်းနေပါတယ်။ လာဇီယို သရေရနိုင်ခြေလည်းရှိပြီး အကြိုက်ကတော့ ရိုးမားဖြစ်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်ရမယ့်ပွဲပါ။

**၂၃၊ စက်တင်ဘာ၊ တနင်္လာ။**

**မီလန်-နာပိုလီ**

**(နံနက် ၁း၁၅ နာရီ)**

**ယမန်နှစ်ရလဒ် (၁-၁)**

ယမန်နှစ်ကအတိုင်း သရေရလဒ်လည်းဖြစ်နိုင်သလို ကာကာပြန်ပါလာတဲ့ အိမ်ရှင်မီလန်တို့ဘာလော့တယ်လီ၊ ရော်ဘင်ဟို၊ မွန်တိုလီဗိုတို့ရဲ့ ခြေစွမ်းကြောင့် နာပိုလီကို ထိန်းကစားနိုင်တယ်။ ဖွင့်ကစားနိုင်ခြေနည်းပြီး အကြောင်းသိနှစ်သင်းဖြစ်တာကြောင့် ဂိုးနည်းတဲ့ပွဲဖြစ်ကာ သရေ(သို့မဟုတ်) နာပိုလီ ကပ်နိုင်ခြေများနေတယ်။

**လာလီဂါ**

**၂၂၊ စက်တင်ဘာ၊ တနင်္ဂနွေ။**

**ဗယ်လီကာနို-ဘာစီလိုနာ**

**(နံနက် ၀၀း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် (၀-၅)**

ဗယ်လီကာနို ရှုံးပွဲဆက်နေပြီး ဘာကာပဲခြေစွမ်းပြနိုင်သွားမှာပါ။ ဘာကာနောက်တန်း အားပျော့နေသယောင်ရှိပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပြပြီး နှစ်ဂိုးနဲ့အထက် ရသွားနိုင်ပါတယ်။

**ရီးရဲလ်မက်ဒရစ်-ဂီတာဖေး**

**(ည ၁၁း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် (၄-၀)**

ရီးရဲလ် အသာအယာအနိုင်ရသွားမယ့်ပွဲပါပဲ။ အဖွင့်ပွဲသုံးပွဲလုံး ဆက်တိုက်အနိုင်ရထားတဲ့ ရီးရဲလ်တို့ အိမ်ကွင်းနိုင်ပွဲကို ဂိုးအများနဲ့ရနိုင်တယ်။ သရေဖြစ်နိုင်ခြေနည်းတယ်။ ဘန်ဇီးမား၊ အစ္စကို၊ ဘေးလ်၊ ရော်နယ်ဒို၊ မိုဒရစ်တို့ ကစားကွက်ကို ကြည့်ရမှာပါ။

**၂၃၊ စက်တင်ဘာ၊ တနင်္လာ။**

**ဗလင်စီယာ-ဆီဗီလာ**

**(နံနက် ၁း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် (၂-၀)**

နှစ်သင်းလုံးခြေစွမ်းပိုင်းအားရစရာမရှိသေးဘဲ အနိုင်သုံးမှတ်ရဖို့ ကြိုးစားကြမှာပါ။ ဂိုးသွင်းအားကောင်းနေတဲ့ ဗလင်စီယာဘက်က ဂိုးအနည်းနဲ့နေလိုက်ပါ။



# နောက်ဆုံးလည်ပတ်နေသော နျူဓာတ်ပေါင်းဖိုကို ဂျပန်ရပ်တန့်



KYODO/REUTERS

**တိုကျို၊ စက်တင်ဘာ-၁၅**

ဂျပန်နိုင်ငံသည် ၎င်း၏နောက်ဆုံးလည်ပတ်နေသော နျူကလီးယားဓာတ်ပေါင်းဖိုကို ရပ်တန့်တော့မည်ဖြစ်ပြီး မည်သည့်အချိန်တွင် ပြန်လည်လည်ပတ်မည်ကိုလည်း အချိန်သတ်မှတ်ချက်မထားရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဟီဒေသမှ ဓာတ်ပေါင်းဖိုအမှတ်(၄)ကိုစက်တင်ဘာ ၁၆ရက်နံနက်ပိုင်းတွင် ရပ်တန့်ခဲ့သည်။ဂျပန်နိုင်ငံတွင်အစောဆုံးဒီဇင်ဘာလအထိ နျူကလီးယားစွမ်းအင်မသုံးစွဲနိုင်ဘဲရှိမည်ဖြစ်ရာ ယင်းမှာ ၁၉၆၀ပြည့်နှစ်များနောက်ပိုင်း အရှည်ကြာဆုံး နျူစွမ်းအင်စက်ရုံများပိတ်သိမ်းထားခြင်းဖြစ်ကြောင်း လေ့လာသူများကပြောသည်။

ဂျပန်ပြည်သူလူထုကလည်း ၂၀၁၁ခုနှစ်က ဖူကူရှီးမားစက်ရုံပြိုလဲခဲ့ပြီးနောက်ပိုင်း နျူကလီးယားစွမ်းအင်ကိုဆန့်ကျင်လာကြသည်။ အင်အားပြင်းငလျင်နှင့် ဆူနာမီကြောင့်ဖြစ်ပွားသော ဖူကူရှီးမားမတော်တဆမှုမတိုင်မီနိုင်ငံတွင် အသုံးပြုနေသော စွမ်းအင်သုံးဆယ်ရာခိုင်နှုန်းကို နျူကလီးယားဓာတ်အားပေးစက်ရုံများမှ ရရှိခဲ့သည်။

ဂျပန်နိုင်ငံတွင်ပြီးခဲ့သည့်မေလနှင့်ဇွန်လအတွင်းကလည်း နျူကလီးယားစွမ်းအင်အသုံးမပြုဘဲဖြတ်သန်းခဲ့သည်။ သို့သော် အိုဟီဒေသနျူဓာတ်ပေါင်းဖိုများကို ပြန်လည် လည်ပတ်ရန် Tepco စွမ်းအင်ကုမ္ပဏီအားခွင့်ပြုခဲ့သည်။ သို့သော် နျူကလီးယားစက်ရုံများလုံခြုံရေးတင်းကျပ်ရန် အစိုးရမှာဖိအားများရင်ဆိုင်နေခဲ့ရသည်။

*—Ref: BBC*



GRIGORY DUKOR/REUTERS

# အမေရိကန်ခရီးစဉ် ဖျက်သိမ်းရေး ဘရာဇီးသမ္မတကို ထိပ်တန်းအကြံပေးများ တိုက်တွန်းနေ

**ဘရာစီလီးယား၊ စက်တင်ဘာ-၁၅**

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ(NSA)က ဘရာဇီးသမ္မတနှင့်အခြားဘရာဇီးနိုင်ငံသားများအပေါ် သူလျှိုလုပ်ခဲ့ကြောင်းထုတ်ဖော်ရေးသားမှုများရှိခဲ့ပြီးနောက် ရွှေ့လာမည့်လအမေရိကန်သို့နိုင်ငံတော်အလည်အပတ်ခရီးသွားရောက်ရေးအစီအစဉ်ကို ဖျက်သိမ်းရန် ထိပ်တန်းအကြံပေးများက ဘရာဇီးသမ္မတဒီလ်မာရူးဆက်ဖ်အား တိုက်တွန်းနေသည်။

အမေရိကန်ခရီးစဉ်ဖျက်သိမ်းရန်တိုက်တွန်းနေသူများတွင် ဘရာဇီးသမ္မတဟောင်း လူလာဒါဆေးလ်ဗားလည်းပါဝင်ကြောင်း အစိုးရထိပ်တန်းအရာရှိတစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ မစ္စတာ လူလာသည် မစ္စရူးဆက်ဖ်ကို သမ္မတအာဏာလွှဲပြောင်းပေးခဲ့သူဖြစ်ပြီး အစိုးရ၏ အရေးကြီးသောဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်ဆဲဖြစ်သည်။

မစ္စတာလူလာလက်ထက်အစိုးရဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ ရူးဆက်ဖ်အပေါ် ဩဇာညောင်းသူ ဖရန်ကလင်မာတင်ကလည်း အမေရိကန်ခရီးစဉ်ဖျက်သိမ်းရန် မစ္စရူးဆက်ဖ်အားတိုက်တွန်းခဲ့ကြောင်း အဆိုပါအရာရှိကပြောသည်။

မစ္စစ်ဒီလ်မာရူးဆတ်ဖ်ကလည်း ယင်းကိစ္စအပေါ် ဆုံးဖြတ်ချက်မချရသေးဘဲ နိုဝင်ဘာ ၁၇ ရက်တွင် ၎င်း၏နိုင်ငံခြားရေးဝန်ကြီး လူးဝစ်အယ်လ်ဘာတိုနှင့် တွေ့ဆုံပြီးမှသာ ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။မစတာလူးဝစ်အယ်လ်ဘာတိုသည် ယခုသီတင်းပတ်အတွင်း ဝါရှင်တန်သို့ သွားရောက်ခဲ့ပြီး သူလျှိုကိစ္စအပေါ် အမေရိကန်၏ ရှင်းလင်းချက်တောင်းဆိုပြီးဘရာဇီး သမ္မတရူးဆက်ဖ်ထံတရားဝင်အစီအရင်ခံစာတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

မစ္စရူးဆက်ဖ်မှာ အမေရိကန်နိုင်ငံသို့ အောက်တိုဘာ ၁၂ရက်တွင် သွားရောက်ရန်စီစဉ်ထားပြီး ယင်းမှာ အိမ်ဖြူတော်အတွက်ယခုနှစ်အတွင်း တစ်ခုတည်းသောနိုင်ငံခြားအကြီးအကဲလာရောက်ခြင်းဖြစ်ကြောင်းသိရသည်။

*—Ref: Reuters*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

## အီးယူဆန့်ကျင်သောပါတီ လူကြိုက်များလာ၍ ဗြိတိန်ဝန်ကြီးချုပ် ပြန်လည်ရွေးချယ်ခံရမှု ခြိမ်းခြောက်လာ

**လန်ဒန်၊ စက်တင်ဘာ-၁၆**

ဗြိတိန်နိုင်ငံတွင် ပြုလုပ်သော စစ်တမ်းတစ်ခုအရ အရေးပါသောမဲဆန္ဒနယ်များတွင် ဥရောပသမဂ္ဂ (EU)ကိုဆန့်ကျင်သောပါတီတစ်ခုက ဗဟိုနှင့် လက်ယာမဲများကို ကွဲပြားသွားစေခဲ့ကြောင်းတွေ့ရှိခဲ့၍ ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းပြန်လည်ရွေးချယ်ခံရရေးမျှော်လင့်ချက်အပေါ် ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့လာသည်။

ယင်းစစ်တမ်းက နောက်ဆုံးအမျိုးသားရွေးကောက်ပွဲများပြုလုပ်ချိန် ၂၀၁၀ပြည့်နှစ်၌ ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီ၏ မဲကွာဟချက်အနည်းဆုံးဖြင့် အနိုင်ရရှိခဲ့သော မဲဆန္ဒနယ် လေးဆယ်ကိုအဓိက အာရုံစိုက်ခဲ့သည်။ စစ်တမ်းအရ အဓိကအတိုက်အခံလေဘာပါတီမှာ ၎င်းမဲဆန္ဒနယ်များတွင် ထောက်ခံမှုတိုးတက်မလာကြောင်းတွေ့ရှိခဲ့သည်။

သို့ရာတွင်ဗြိတိန်လွတ်လပ်ရေးပါတီ (KUIP)မှာ ကင်မရွန်း၏ ကွန်ဆာဗေးတစ်များ၏ ထောက်ခံမှုကို ဖဲ့ထုတ်ယူသွားခဲ့ရာ ရွေးကောက်ပွဲတွင် လေဘာအနိုင်ရသွားမည်ကို ညွှန်ပြနေကြောင်း စစ်တမ်းက တွေ့ရှိခဲ့သည်။

အကယ်၍ ရွေးကောက်ပွဲကို ယနေ့ကျင်းပမည်ဆိုပါက မဲဆန္ဒနယ် လေးဆယ်အနက် ၃၂နယ်ကို လေဘာပါတီအနိုင်ရရှိသွားလိမ့်မည်ဟုလည်း စစ်တမ်းကဖော်ပြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာစစ်တမ်းအရဆိုလျှင် လေဘာပါတီက ၆၀ရာခိုင်နှုန်းကောက်ခံရရှိသွားနိုင်ကြောင်း သိရသည်။ ယခုစစ်တမ်းမှာ ကွန်ဆာဗေးတစ်ပါတီက နှစ်စဉ်ကျင်းပမြဲကွန်ဖရင့်အတွက် ပြင်ဆင်မှုများလုပ်ဆောင်နေစဉ်အတွင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ *—Ref: Reuters*



TONY GENTILE/REUTERS

*အီတလီနိုင်ငံ ဂီဂလီယိုကျွန်းအနီး ခရီးသည်တင်သင်္ဘော Costa Concordia တစ်ဖက်သို့ တိမ်းစောင်းနေသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ ယမန်နေ့ညက မုန်တိုင်းကြောင့် လုပ်ငန်းများရပ်နားခဲ့ပြီးနောက် အဆိုပါသင်္ဘောကို ဆွဲ၍ တည့်မတ်ရန် အင်ဂျင်နီယာများက ပြန်လည်လုပ်ဆောင်နေကြသည်ဟု အရာရှိများက ပြောကြားသည်။*

## ခွဲစိတ်ကုသနေစဉ် နောက်ပြောင်ဓာတ်ပုံရိုက်၍ ဆရာဝန်များနှင့် ဆေးရုံကို လူနာတရားစွဲ

**လော့စ်အန်ဂျလိစ်၊ စက်တင်ဘာ- ၁၆**

အမေရိကန်နိုင်ငံလော့စ် အန်ဂျလိစ်မြို့မှ အမျိုးသမီးတစ်ဦးအား မေ့ဆေးပေးထားဆဲအချိန်တွင် ခွဲစိတ်ဆရာဝန်များအနက် တစ်ဦးက ၎င်း၏အပေါ် နှုတ်ခမ်းတွင် နှုတ်ခမ်းမွေးအတုတပ်ကာ မျက်ရည်အတုများ ပြုလုပ်ပြီး ဓာတ်ပုံရိုက်ယူခဲ့သည့်အတွက် ၎င်းအမျိုးသမီးက တော့ရင့်စ်မီမိုရီယယ်လ်မက်ဒီကယ်ဆေးရုံကို တရားစွဲဆိုလိုက်သည်။

ယင်းအမည်မသိရသော အမျိုးသမီးလူနာသည်ထိုဆေးရုံတွင် အလုပ်လုပ်ခဲ့သူဖြစ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလ၌ ခွဲစိတ်မှုခံယူခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ကိုးရိုးကားရားဓာတ်ပုံကို လုပ်ဖော်ကိုင်ဖက်တစ်ဦးထံမှ သိရှိခဲ့ရကြောင်း လူနာအမျိုးသမီးက ပြောသည်။ ခွဲစိတ်မှုအတွင်း မေ့ဆေးဆရာဝန်နှင့်ဒေါက်တာပက်ထရစ်ယန်တို့က ၎င်း၏ ပါးစပ်အားပွင့်နေစေရန် လည်ပင်းကိုနေရာချထားပေးပြီး နောက်ပြောင်ခဲ့ကြကြောင်းသိရသည်။

ဒေါက်တာယန်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်တို့က လူနာကို သာမန်စိတ်ငြိမ်ဆေးပေးရမည်ထက် မေ့ဆေးအပြည့်အဝပေးခဲ့သည်မှာ ပြဿနာအဖြစ်စေနိုင်ဆုံးပင်ဖြစ်ဖွယ်ရှိသည်ဟုဖောက်စ်သတင်းဌာနက ဖော်ပြသည်။

ဒေါက်တာယန်နှင့် လူနာတို့မှာ ရင်းနှီးခင်မင်ကြကြောင်း၊ အလုပ်တွင်လည်း ရင်းနှီးမှုရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ခဲ့ခြင်းမှာ ရယ်မောပျော်ရွှင်စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း တော့ရင့်စ်မီမိုရီယယ်လ်မက်ဒီကယ်ဆေးရုံ၏ကြေညာချက်တွင် ဖော်ပြပါရှိသည်။

လူနာ၏ စွပ်စွဲခြင်းများမှာ မှန်ကန်တိကျမှုမရှိကြောင်း၊ ပုံကြီးချဲ့ပြောကြားခြင်းဖြစ်ကြောင်း ယင်းဆေးရုံက ပြောကြားသည်။ သို့သော် ယင်းကိစ္စတွင် မေ့ဆေးဆရာဝန်နှင့် သူနာပြုတို့ ဆင်ခြင်မှုနည်းပါးစွာလုပ်ဆောင်ခဲ့ခြင်းကိုမူ ဆေးရုံ၏ ထုတ်ပြန်ချက်တွင် ဝန်ခံထားသည်။

*—Ref: Fox News*

## ကာတာစီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပါရီလေဆိပ်တွင် တိုက်ခိုက်လုယက်ခံရ

**ပါရီ၊ စက်တင်ဘာ-၁၆**

ပြင်သစ်နိုင်ငံ၊ ပါရီမြို့လေဆိပ်မှ ထွက်ခွာလာသည့်ကာတာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး တိုက်ခိုက်လုယက်ခံခဲ့ရသည်ဟု ယင်းအမှုနှင့် ရင်းနှီးမှုရှိသည့်သတင်းရင်းမြစ်တစ်ခုကပြောသည်။

ကာတာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်သည်ချားလ်စ်ဒီဂေါလ်လေဆိပ်မှ ကားဖြင့်ထွက်ခွာလာစဉ် လူသုံးဦးကတားဆီးကာ ကားတံခါးကိုထုရိုက်ပြီး ယင်းစီးပွားရေးသမားနှင့်ကားထဲရှိ အခြားသောလူတစ်ဦးကို အကြမ်းဖက်တိုက်ခိုက်ခဲ့ကြောင်း ယင်းသတင်းရင်းမြစ်က အေအက်ဖ်ပီသတင်းဌာနအားပြောသည်။

တိုက်ခိုက်လုယက်သူများက ကာတာနိုင်ငံသားစီးပွားရေးသမားထံမှ ကန်ဒေါ်လာ လေးသောင်းတန်လက်ပတ်နာရီနှင့် တန်ဖိုးကြီးပစ္စည်းများပါဝင်သောခရီးဆောင်အိတ်ကို အင်အားသုံးတောင်းယူခဲ့ကြောင်း ယင်းသတင်းရင်းမြစ်က ထပ်မံပြောကြားသည်။

*—Ref: AFP*

## ပြင်သစ်ငွေအပ်နှံသူများ အခွန်တိမ်းရှောင်မှု မရှိကြောင်း သက်သေပြရန် ဆွစ်ဇာလန်ဘဏ်များ တောင်းဆို

**ပါရီ၊စက်တင်ဘာ-၁၆**

ပြင်သစ်နှင့်အခြားနိုင်ငံများကအခွန်တိမ်းရှောင်မှုတိုက်ဖျက်ရေးအားစိုက်လုပ်ဆောင်လာစဉ်မှာပင် ပြင်သစ်နိုင်ငံမှဖောက်သည်များအနေဖြင့် အခွန်တိမ်းရှောင်မထားကြောင်း သက်သေပြရန်အနည်းဆုံး ဆွစ်ဇာလန်ဘဏ်နှစ်ဘဏ်က တောင်းဆိုထားသည်ဟု ပြင်သစ်သတင်းစာတစ်စောင်တွင်ဖော်ပြသည်။

အခွန်အာဏာပိုင်များ၏ လိုအပ်ချက်များနှင့်အညီဘဏ်တွင် လာရောက်ငွေအပ်နှံသူများ၏ ငွေစာရင်းကို ရှေ့နေတစ်ဦး (သို့မဟုတ်)စာရင်းစစ်တစ်ဦးကလက်မှတ်ရေးထိုးပြီး "ပြင်သစ်နိုင်ငံတွင် လုပ်ကိုင်ရန် ခွင့်ပြုထားသည်" စာသားဖြင့်စာရွက်စာတမ်းကိုCredit Suisse နှင့် UBS ဘဏ်တို့က တောင်းဆိုနေကြောင်း Le Parisien သတင်းစာကဖော်ပြသည်။

UBS ဘဏ်ကထုတ်ပြန်ထားသော ကြေညာချက်တွင် UBS ဘဏ်တွင်ထားရှိသော ပိုင်ဆိုင်မှုများကို သက်ဆိုင်ရာအခွန်အာဏာပိုင်များထံအသိပေးကြေညာထားခြင်းမရှိပါက ဘဏ်အနေဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်အောင်လုပ်ဆောင်ရေး စဉ်းစားရန် ဖောက်သည်များကို တိုက်တွန်း ထားသည်။

ဆွစ်ဇာလန်နိုင်ငံသည်ဘဏ်လျှို့ဝှက်မှုဥပဒေများကြောင့် အမည်ကျော်ကြားသည်။ သို့သော် ယင်းအတွက်ကြောင့် ဆွစ်ဘဏ်များတွင် ငွေကြေးအပ်နှံသူများမှာ မိခင်နိုင်ငံအခွန်အာဏာပိုင်များထံ ၎င်းတို့၏ ကြွယ်ဝမှုများကိုဖုံးကွယ်ထားနိုင်ကြောင်း ဝေဖန်သူများက ပြောကြားသည်။

*—Ref: AFP*






7 DAY NEWS JOURNAL
Vol.12, No.28 • SEPTEMBER 18 , 2013

# မီးလောင်မှုအတွင်း ပျက်စီးသွားသည့် ကမ်းခြေတစ်လျှောက် လုပ်ငန်းများပြန်တည်ဆောက်ရန် ကန်ဒေါ်လာ ၁၅ သန်း ကူညီမည်

**အိုးရှင်းစီးတီး၊ စက်တင်ဘာ-၁၅**

နယူးဂျာစီကမ်းခြေတစ်လျှောက် မီးလောင်မှုတစ်ခုအတွင်း ပျက်စီးသွားခဲ့သည့် စီးပွားရေးလုပ်ငန်းများပြန်လည်ဆောက်လုပ်ရာတွင် ကူညီရန် နယူးဂျာစီပြည်နယ်အုပ်ချုပ်ရေးမှူး ခရစ်ခရစ်တီက ကန်ဒေါ်လာ ၁၅ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း ကတိပြုလိုက်သည်။


ADREES LATIF/REUTERS

*စက်တင်ဘာ ၁၃ ရက်က နယူးဂျာစီမြို့ Seaside Park နေရာ လမ်းမကြီး မီးလောင်ပြီးနောက် ဝေဟင်မှ မြင်တွေ့ရစဉ်*

စက်တင်ဘာ ၁၂ ရက်ည မီးလောင်ကျွမ်းမှုအတွင်း ပျက်စီးခဲ့ရသောစီးပွားရေးလုပ်ငန်း ၅၀ ကျော်၏ ပိုင်ရှင်များနှင့် ခရစ်တီတွေ့ဆုံခဲ့ပြီးနောက် ယင်းသို့ ငွေကြေးကူညီရန် သဘောတူလိုက်ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ခဲ့ရသူများအား ကန်ဒေါ်လာငါးသောင်း တိုက်ရိုက်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့်ပြန်လည်တည်ဆောက်ခြင်းများအတွက် အကူအညီလိုအပ်နေသူများအား ကန်ဒေါ်လာငါးသန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း နယူးဂျာစီပြည်နယ် ဆီးဆိုက်ပေးလ်မြို့တော်ဝန် ဘေးလ်အကာစ်က WABC-TV သတင်းဌာနအား ပြောကြားသည်။

ပြန်လည်တည်ဆောက်ခြင်းများကို ၂၀၁၄ ခုနှစ် ကမ္ဘာလှည့်ခရီးသွားရာသီမတိုင်မီ ဆောက်လုပ်ရန် လိုအပ်ကြောင်း ခရစ်တီက ပြောကြားသည်။

မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ထားပြီးဖြစ်ကာ စုံစမ်းစစ်ဆေးရေးအစီအစဉ်များ ပြီးစီးသည်နှင့် မီးလောင်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကို ဖြိုချရန် ဝန်ထမ်းများက အဆင်သင့်စောင့်ဆိုင်းလျက်ရှိသည်။

—*Ref: UPI*

# ဓာတုလက်နက်စာချုပ်အဖွဲ့သို့ ဝင်ရောက်ရေး ဆီးရီးယားလျှောက်ထားမှု ကုလလက်ခံ

**ကုလသမဂ္ဂ၊ စက်တင်ဘာ-၁၅**


BRENDAN MCDERMID/REUTERS

ဓာတုလက်နက်များ ကွန်ဗင်းရှင်းသို့ ဝင်ရောက်ရေး ဆီးရီးယားနိုင်ငံ၏ လျှောက်ထားမှုကို ကုလသမဂ္ဂက လက်ခံလိုက်ပြီး ယင်းအတွက် ရုရှားနှင့် အမေရိကန်အစိုးရတို့ကြား ရရှိခဲ့သောသဘောတူညီချက်အား အကောင်အထည်ဖော်ရေး ထောက်ခံသွားရန် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကတိပြုလိုက်သည်။

ဓာတုလက်နက်များထုတ်လုပ်ခြင်း၊ စုဆောင်းထားရှိခြင်းကို ပိတ်ပင်ပြီး လက်ထဲတွင်ရှိသောလက်နက်များကိုလည်း ဖျက်ဆီးပစ်ရန် သတ်မှတ်ထားသော ကွန်ဗင်းရှင်းသို့ ဝင်ရောက်ရေး စက်တင်ဘာ ၁၂ ရက်တွင် ဆီးရီးယားနိုင်ငံက လျှောက်ထားခဲ့သည်။ သို့သော် ယင်းကိုလက်မခံမီ ကုလသမဂ္ဂ ရှေ့နေများက အသေးစိတ်အချက်အလက်များ တောင်းဆိုခဲ့သည်။

မည်သည့်နိုင်ငံမဆို ယင်းအဖွဲ့သို့ ဝင်ရောက်ခဲ့ပါက အဖွဲ့က လက်ခံပြီး ရက်ပေါင်း ၃၀ အတွင်း ကွန်ဗင်းရှင်းဝင်ရောက်ခြင်း အတည်အဖြစ် ဆီးရီးယားနိုင်ငံအတွက် အောက်တိုဘာ ၁၄ ရက်တွင် အသက်ဝင်လာမည်ဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့် ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့၏ သဘောတူညီချက်ကို အကောင်အထည်ဖော်ရေး ဘန်ကီမွန်းက ကတိပြုပြောကြားသည်ဟု ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

—*Ref: PTI*



7 DAY NEWS JOURNAL
# International
Vol.12, No.28 • SEPTEMBER 18 , 2013



DENNIS M. SABANGAN/EPA

ဇမ်ဘွမ်ဂါမြို့တွင် အစိုးရတပ်များနှင့် မွတ်ဆလင်သူပုန်များကြား တိုက်ပွဲဖြစ်ပွားမှုခုနစ်ရက်မြောက်နေ့တွင် သူပုန်များလက်ထဲမှ ပြန်လည်သိမ်းယူထားသော ပိုင်နက်ထဲမှ လက်နက်ထိမှန်ပျက်စီးနေသည့် အိမ်နံရံတစ်ခုကို ကြည့်ရှုစစ်ဆေးနေသော ဖိလစ်ပိုင် စစ်တပ်အရာရှိတစ်ဦးအား စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်

## တိုင်းပြည်စီးပွားရေး တာရှည်ခံသောဖွံ့ဖြိုးမှုဆီ ဦးတည်နေဟု အိမ်ဖြူတော်ထုတ်ပြန်

**ဝါရှင်တန်၊ စက်တင်ဘာ-၁၆**

အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၇-၂၀၀၉စီးပွားကျကပ်အမှိုက်သရိုက်များကိုရှင်းလင်းပြီးဖြစ်ကာ တာရှည်ခံပြီး ပိုမိုအားကောင်းသောဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်နေသည်ဟု စက်တင်ဘာ ၁၆ရက်တွင် အိမ်ဖြူတော်ကထုတ်ပြန်ပြောကြားသည်။

အဆိုပါအစီရင်ခံစာကိုအမျိုးသားစီးပွားရေးကောင်စီ၊ သမ္မတ၏စီပွားရေးအကြံပေးသူများကောင်စီ၊ ပြည်တွင်းပေါ်လစီကောင်စီနှင့် စီမံခန့်ခွဲရေးနှင့်ဘတ်ဂျက်ရုံးတို့က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ခုနှစ် ဘဏ္ဍာရေးပြိုလဲခဲ့ချိန်မှယခုအချိန်အထိ ငါးနှစ်တာကာလအတွင်းအစိုးရ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ဖော်ပြထားသည်။

လွန်ခဲ့သောငါးနှစ် ယခုသီတင်းပတ်အတွင်း နိုင်ငံတွင်ဖြစ်ပေါ်နေသော ဘဏ္ဍာရေးအကျပ်အတည်းမှာ ၁၉၃၀ မဟာစီးပွားပျက်ကပ်နောက်ပိုင်း အဆိုးရွားဆုံးအခြေအနေတွင် ရှိနေခဲ့သည်ဟု အစီရင်ခံစာကဖော်ပြပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးစားခဲ့ရပုံများ၊ ပုဂ္ဂလိကကဏ္ဍအလုပ်အကိုင် ၇ ဒသမ ၅သန်း ဖန်တီးခဲ့ရခြင်းနှင့် အလယ်အလတ်လူတန်းစားများ တောင့်တင်းခိုင်မာရေးနှင့် လူလတ်တန်းစားအဆင့်သို့ ဝင်ရောက်လေ့လာရေးကြိုးပမ်းမှုများကို တင်ပြထားသည်။

အစီရင်ခံစာတွင် ကားလုပ်ငန်းကို အလျင်အမြန် ကယ်တင်ခြင်း၊ လူလတ်တန်းစား မိသားစုများအတွက် အခွန်ဖြတ်တောက်ပေးခြင်း၊ ကျောင်းဆရာများနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများအား ဆက်လက်အလုပ်ခန့်အပ်ထားခြင်းများနှင့်ပတ်သက်၍ သမ္မတကိုချီးကျူးဂုဏ်ပြုထားသည်။

*—Ref: UPI*

## ဩစတြေးလျဝန်ကြီးချုပ်သစ် တိုနီအက်ဘော့ ဝန်ကြီးအဖွဲ့စာရင်းကြေညာ

**ကင်ဘာရာ၊ စက်တင်ဘာ-၁၆**

ဩစတြေးလျနိုင်ငံမှရွေးကောက်ခံဝန်ကြီးချုပ် တိုနီအက်ဘော့က ဝန်ကြီးအဖွဲ့သစ်စာရင်းကို ကြေညာလိုက်ပြီး ဝန်ကြီးအဖွဲ့မှာအတွေ့အကြုံရင့်ကျက်သောအဖွဲ့ဟု ပြောကြားလိုက်သည်။

ရာထူးခန့်အပ်မှုများမှာ အတိုက်အခံအဖြစ်ရှိစဉ်က စာရင်းအတိုင်းသာဖြစ်သော်လည်း ဘဏ္ဍာရေးဝန်ကြီးနေရာတွင်မူ အထူးတလည်ခန့်အပ်မှုဖြစ်ပေါ်ခဲ့သည်။ အများမျှော်လင့်ထားသည့်အတိုင်း မစ္စတာတိုနီအက်ဘော့အဖွဲ့မှ တစ်ဦးတည်းသော အမျိုးသမီးထိပ်တန်းခေါင်းဆောင် ဂျူလီဘီးရှော့မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စတာအက်ဘော့သည်စက်တင်ဘာ၇ရက်ကကျင်းပသောရွေးကောက်ပွဲတွင် လေဘာပါတီခေါင်းဆောင် ဝန်ကြီးချုပ်ကီဗင်ရုဒ်အပေါ် အနိုင်ရရှိခဲ့သည်။

"ဒီအဖွဲ့ဟာ ကျွန်တော်တို့နိုင်ငံသမိုင်းမှာ စတင်ဝင်ရောက်လာတဲ့အထဲမှာ အတွေ့အကြုံအရင့်ကျက်ဆုံးအဖွဲ့လို့ကျွန်တော်ယုံကြည်ပါတယ်။ အတိုက်အခံကနေအစိုးရအဖြစ်ပြောင်းလဲသွားတဲ့နေရာမှာ အတွေ့အကြုံရှိဖို့လိုတယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု မစ္စတာတိုနီအက်ဘော့က ပြောကြားသည်။

*—Ref: BBC*

## မီးလောင်ကျွမ်းသော ရုရှားနျူကလီးယားရေငုပ်သင်္ဘော ဓာတ်ရောင်ခြည်ယိုစိမ့်မှုမရှိဟုဆို

**မော်စကို၊ စက်တင်ဘာ-၁၆**

ရုရှားနိုင်ငံအရှေ့ဖျားသင်္ဘောကျင်းတစ်ခုတွင်ပြင်ဆင်မှုများလုပ်ဆောင်နေသော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတစ်စီးမီးစွဲလောင်ခဲ့သော်လည်း ဓာတ်ရောင်ခြည်ယိုစိမ့်မှုအန္တရာယ်မရှိကြောင်း အရာရှိများကပြောကြားသည်။

ဗလာဒီဗော့စတော့မြို့အနီးသင်္ဘောတွင် ရေငုပ်သင်္ဘော Tomsk ကို ပြင်ဆင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီများက ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်ကို ကိုးကား၍ ပြောသည်။

"Tomsk ရေငုပ်သင်္ဘောပေါ်အရေးပေါ်အခြေအနေဖြစ်ခဲ့တဲ့နေရာတစ်ဝိုက် ဓာတ်ရောင်ခြည်ပုံစံဟာ ပုံမှန်ပါပဲ။ ၂၀၁၁ခုနှစ်မှာရေငုပ်သင်္ဘောကို စတင်ပြင်ဆင်မှုစလုပ်ကတည်းက နျူဓာတ်ပေါင်းဖိုကို ပိတ်ထားခဲ့ပါတယ်"ဟု အရှေ့ဖျားရေယာဉ်အုပ်စု သတင်းရင်းမြစ်တစ်ဦးက Rai Novosti သတင်းဌာနအားပြောကြားသည်။

မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပြီးဖြစ်ကာ သင်္ဘောသားများအားလုံးကို ကယ်ထုတ်ခဲ့ပြီးထိခိုက်ဒဏ်ရာရရှိမှုမရှိဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်ကဖော်ပြသည်။

"ကနဦးအချက်အလက်တွေအရ ဂဟေဆော်တဲ့လုပ်ငန်းစဉ်ကို ချိုးဖောက်လို့ မီးလောင်တာပါ"ဟု ကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။

ရုရှားနိုင်ငံတွင် ၂၀၁၁ခုနှစ်နှောင်းပိုင်းက မားမန့်စ်ဒေသတွင် ပြင်ဆင်မှုလုပ်နေသော အခြားရေငုပ်သင်္ဘောတစ်စီး မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ပြီး လူကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နောက်ပိုင်းသတင်းများအရ အဆိုပါ ရေငုပ်သင်္ဘောတွင် တာဝေးပစ် ဒုံးကျည်များ တပ်ဆင်ထားသည်ဟု သိရသည်။

*—Ref:AFP*



# ရွှေဝါရောင် နေ့ရက်များ

တစ်ဟုန်ထိုးဝင်လာသော စစ်ကားတစ်စီးနောက်တွင် စစ်သားများ။ ၎င်းတို့နောက်တွင်ဝါးစိမ်းတုတ်၊ နံပါတ်တုတ်ကိုယ်စီဖြင့် အရပ်သားဝတ်စုံများနှင့်လူများ။ ယင်းနောက်တွင်တော့ ကျောင်းဝင်းတစ်ဝင်းလုံး သေနတ်သံများ၊ ကြိမ်းမောင်းဆဲဆိုရိုက်နှက်သံများ တဒင်္ဂ လွှမ်းမိုးသွားပြီးသွေးချောင်းစီးမတတ်ဖြစ်ခဲ့လေသည်။

ယင်းဖြစ်ရပ်ကား ကမ္ဘာကျော်ခဲ့သော ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် တောင်ဥက္ကလာပ ငွေကြာရံကျောင်းတိုက်ကို စစ်တပ်မှ ဝင်ရောက်စီးနင်းခြင်း မြင်ကွင်းဖြစ်သည်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသော ရဟန်းသံဃာတော်များနှင့် ပြည်သူများကို စစ်အစိုးရက အကြမ်းဖက်သည့်နည်း အသုံးပြုကာ နှိမ်နင်းခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးတိုင်းပြည်ဟု သတ်မှတ်ထားခြင်းခံရသော မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြသောရဟန်းသံဃာတော်များအား အကြမ်းဖက်နှိမ်နင်း ခဲ့ခြင်းသည်ကမ္ဘာသူကမ္ဘာသားတွေကို ပါးစပ်အဟောင်းသား အံ့အားသင့် စေခဲ့သည်။

၁၉၈၈ ခုနှစ် စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက် န၀တ၊ နအဖစစ်အစိုးရလက်ထက်တွင် အကြီးမားဆုံး ထပ်မံပေါ်ပေါက်လာသည့် ဒီမိုကရေစီအရေး လှုပ်ရှားမှုဖြစ်သော ရွှေဝါရောင်တော်လှန်ရေးအကြမ်းဖက်ဖြိုခွဲခံရသည်မှာ ယခုနှစ် စက်တင်ဘာတွင် ခြောက်နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

သို့သော် ယင်းကာလက ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို မေ့နိုင်ဦးမည်မဟုတ်ဟု ရွှေဝါရောင်တော်လှန်ရေးတွင်ပါဝင်သူ ရဟန်းသံဃာများက မိန့်သည်။

"ဗုဒ္ဓဘာသာအစိုးရက သံဃာတော်များကို ရိုက်နှက်ဖမ်းဆီးထောင်ချကာ အင်မတန်ဆိုးရွားတဲ့ လုပ်ရပ်ပါ။ ဘာသာကို ပျက်ပြားစေတယ်။ ဦးဇင်းတို့ကတော့ ဘယ်တော့မှမမေ့ဘူး" ဟု ငွေကြာရံကျောင်းတိုက်မှဦးအာစရကစစ်သားများရိုက်နှက်မှုကြောင့် ရရှိခဲ့သော ဦးခေါင်းမှ တစ်လက်မခွဲခန့်ရှိသည့် အမာရွတ်ကိုပြရင်း မိန့်ကြားသည်။

၂၀၀၇ ခုနှစ် သြဂုတ်လတွင် လောင်စာဆီဈေးနှုန်းများ ရုတ်တရက်တစ်ဟုန်ထိုး တက်သွားခဲ့သည်ကို အစပြုပြီး ကုန်ဈေးနှုန်းကျဆင်းရေးအတွက် သံဃာတော်များက ဦးဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။



*၂၀၀၇ စက်တင်ဘာလ ၂၄ရက်က ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်နေသည့် သံဃာတော်များကို သိမ်ကြီးဈေးရှေ့၌ မြင်ရစဉ်* ဓာတ်ပုံ-EPA

သံဃာတော်နှင့်ပြည်သူများမှာ အပြန်အလှန် အကျိုးပြုကြသည့် သဘောရှိပြီး ကုန်ဈေးနှုန်းတိုးမြှင့်သည့်အတွက် ပြည်သူအများ ဒုက္ခရောက်နေသောကြောင့် တညီတညွတ်တည်း ပါဝင်ခဲ့ကြခြင်းဖြစ်သည်ဟု ရွှေဝါရောင်သံဃာတော်များက မိန့်ကြားကြသည်။ သို့သော်စစ်အစိုးရက သံဃာတော်များကို ပြင်းထန်စွာ တုံ့ပြန်ခဲ့ကြသည်။

**စက်တင်ဘာ ၅ ရက် (ပခုက္ကူ)**

ငြိမ်းချမ်းစွာ ဆန္ဒပြဖော်ထုတ်ခဲ့ကြသော သံဃာတော်များအား စစ်တပ်နှင့် အာဏာပိုင်များ ကျောထောက်နောက်ခံ ပေးထားသော အရပ်သားများက တုတ်ဖြင့်ရိုက်၊ ကြိုးဖြင့်တုပ်၍ လူပုံအလယ်တွင် အင်အားသုံး နှိမ်နင်းခဲ့ကြသည်။ ယင်းဖြစ်ရပ်သည် တစ်နိုင်ငံလုံးရှိ သံဃာတော်များ အာဏာရှင်စနစ်၏ ဖိနှိပ်မှုကို ဆန့်ကျင်ရန်၊ ဒီမိုကရေစီတောင်းဆိုရာတွင် တညီတညွတ်တည်းပါဝင်လာစေရန် တပ်လှန့်လိုက်သကဲ့သို့ဖြစ်သွားသည်ဟု ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသူများက ဆိုသည်။

**စက်တင်ဘာ ၉ ရက်**

ပခုက္ကူဖြစ်စဉ်အပြီးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သံဃာတပ်ပေါင်းစုကြီး ဖွဲ့စည်းခဲ့ကြပြီး ရွှေဝါရောင်တော်လှန်ရေးကို အရှိန်မြှင့်ခဲ့ကြသည်။

**စက်တင်ဘာ ၁၇ ရက်**

စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများအတွက် သံဃာတော်များက ကံဆောင်သပိတ်မှောက်ခဲ့ကြသည်။ ပတ္တနိက္ကုဇနဟုခေါ် ဆိုပြီး စစ်အစိုးရက လှူဒါန်းသော ပစ္စည်းလေးပါကို ရဟန်းသံဃာတော်များက လက်မခံဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ယင်းမှာစစ်အစိုးရက တောင်းပန်ရုံနှင့် ကျေအေး၍မရဘဲ သံဃာတော်များက ကမ္မဝါဖတ်မှသာ ကျေအေးခွင့်ရှိမည်ဖြစ်သည်။

**စက်တင်ဘာ ၂၄ ရက်**

ကုန်ဈေးနှုန်းကျဆင်းရေးမှသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတို့အတွက်ပါ တောင်းဆိုလာခဲ့သော ရွှေဝါရောင်တော်လှန်ရေးထဲ ပြည်သူများကပါ ပူးပေါင်းပါဝင်လာခဲ့ကြသည်။ ယင်းနေ့ညနေပိုင်းတွင် ညမထွက်ရအမိန့်ကို ရန်ကုန်မြို့၌ ထုတ်ပြန်ခဲ့ပြီး ရဟန်းသံဃာတော်များနှင့်အတူ ပါဝင်ပါက မည်သူမဆို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့သည်။

**စက်တင်ဘာ ၂၅ ရက်**

"လုံးစုံများစွာ သတ္တဝါဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ"

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ ရန်ကုန်မြို့ လမ်းမများပေါ်မှ သံဃာတော်များ၊ သီလရှင်များ၏ မေတ္တာပို့သံများဖြင့် စီတန်းလှည့်လည်မှုကို ကျောင်းသား၊ အလုပ်သမား၊ အလွှာအသီးသီးမှ ပါဝင်သော ပြည်သူများက ဝဲယာကိုယ်စီဝိုင်းရံပေးခဲ့ကြသည်။ ယင်းနေ့ထုတ်အစိုးရသတင်းစာများတွင် သွေးဆူနေသော သံဃာတော်များသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုမုန်းထားနေသူများဖြစ်သည်ဟု ဖြစ်တင်ရေးသားလာကြသည်။

**စက်တင်ဘာ ၂၆ ရက်**

စစ်အစိုးရက ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသော ရဟန်းသံဃာတော်များ၊ ကျောင်းသား၊ ပြည်သူများကို အင်အားသုံးအကြမ်းဖက်နှိမ်နင်းခဲ့ကြသည်။

"ဒိုင်းဒိုင်း. . . ဒက်ဒက်ဒက်"

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၌ ပေါက်ကွဲနေသော မီးခိုးဗုံးများကြားတွင် စစ်တပ်နှင့် လုံထိန်းတို့က ဆန္ဒပြနေသူများကိုတရစပ်ပစ်ခတ်နေခြင်းဖြစ်သည်။ ထို့နောက်တွင်မူ ရန်ကုန်မြို့ အနှံ့အပြားတွင် သေနတ်သံများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။ စစ်တပ်၊ လုံထိန်းတို့က လမ်းမပေါ်ရှိ မြင်တွေ့သမျှလူသူအားလုံးကို ရိုက်နှက်ဖမ်းဆီး၍ စစ်ကားများပေါ် တင်ဆောင်ဖမ်းဆီးသွားခဲ့ကြသည်။

ယခင်စည်ကားနေကျ ရန်ကုန်ပလက်ဖောင်းများမှာ တစပြင်လိုတိတ်ဆိတ်သွားခဲ့သည်။ ယင်းနေ့ ညဥ့်နက်ပိုင်းတွင် ငွေကြာရံကျောင်းတိုက်မှ စတင်၍ သာသနာ့သိပ္ပံ၊ မိုးကောင်း၊ မင်္ဂလာရာမ စသည့် ကျောင်းတိုက်များကို စစ်တပ်၊ လုံထိန်း၊ စွမ်းအားရှင်တို့က ဆက်တိုက်ဝင်ရောက်အကြမ်းဖက် ဖမ်းဆီးခဲ့သည်။

"သူပုန်စခန်းဝင်စီးသလိုပဲ ပြီးရင်စစ်သားက သေနတ်နဲ့ချိန်တယ်။ စွမ်းအားရှင်က တုတ်နဲ့ရိုက်တယ်။ လက်ပြန်ကြိုးတုပ်တယ်။ ခေါင်းမော့ကြည့်ရင် ခြေထောက်နဲ့ကန်တယ်" ဟု ဦးအာစရက မိန့်ကြားသည်။

**စက်တင်ဘာ ၂၇ ရက်**

ဆန္ဒဖော်ထုတ်ခဲ့ကြသော သိန်းနှင့်ချီသည့် ပြည်သူများ၊ သောင်းနှင့်ချီသော သံဃာတော်များ၊ ရန်ကုန်မြို့လယ်တွင်ပြည့်နှက်နေသည်။ မကြာမီတွင် စစ်တပ်၏ ရက်စက်ဖြိုခွင်းမှုအောက်၌ ဝရုန်းသုန်းကား လူစုကွဲသွားခဲ့ကြသည်။ ယင်းနေ့တွင် ဂျပန်လူမျိုး ဓာတ်ပုံသတင်းထောက်ခန်း ကျီနာဂအီ (Kenji Nagai) သည်စစ်တပ်၏ ပစ်ခတ်မှုကြောင့် ဆူးလေဘုရားလမ်း အနီးသေဆုံးခဲ့ရသည်။

"ကျွန်တော်က မျက်နှာချင်းဆိုင် တိုက်လှေကားမှာ ချောင်းကြည့်နေတာ စစ်ကားသုံးစီးမြောက်ရောက်တော့မှ ကားပေါ်ကနေ ပစ်တာ။ လူတွေကလည်း ပြေး၊ ဂျပန်ကြီးက လဲကျသွားတာ ဂျပန်ကို စစ်သားသုံးယောက်လောက်က ဆွဲခေါ်သွားတယ်" ဟု ဂျပန်ဓာတ်ပုံသတင်းထောက်သေ ဆုံးမှုကို မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော အသက် (၂၆) နှစ် အရွယ် အမျိုးသားတစ်ဦးက ထိုစဉ်က သူ့အတွေ့အကြုံကိုပြန်ပြောင်းပြောသည်။

**စက်တင်ဘာ ၂၈ ရက်**

စစ်တပ်၏ ရက်စက်စွာ နှိမ်နင်းမှုကြောင့် ရွှေဝါရောင်တော်လှန်ရေးမှာ အားမတန်မာန်လျှော့ခဲ့ရပြီဖြစ်သည်။ သေနတ်သံများ၊ သံဆူးကြိုးအောက်တွင် သံဃာတော်များနှင့် ပြည်သူများတို့မှာ လမ်းမများပေါ်တွင် ခပ်ကျဲကျဲသာကျန်တော့သည်။

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ သံဃာတော်များ၊ ကျောင်းသား၊ပြည်သူစုစုပေါင်းသုံးထောင်နီးပါး ဖမ်းဆီးခံခဲ့ရသည်။ ရန်ကုန်မြို့တစ်မြို့တည်းမှာပင်ငါးဆယ်နှင့်တစ်ရာကြားသေဆုံးခဲ့ကြောင်း နိုင်ငံတကာမီဒီယာများနှင့် ကိုယ်တွေ့ ပါဝင်ခဲ့သူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။

ဖမ်းဆီးသွားခဲ့သော သံဃာတော်များကိုလည်း လူဝတ်အတင်း အကျပ်လဲစေ၍ ပုဒ်မမျိုးစုံတပ်ကာ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့ကြသည်။

"ပုဆိုးမဝတ်တတ်တော့ သင်းပိုင်လို လိပ်ပြီး တင်ရတယ်။ စွပ်ကျယ်လက်ပြတ်ကိုရှေ့နောက်မသိဘူး" ဟု ထောင်ဒဏ်ရှစ်နှစ်နှင့် ခြောက်လချမှတ်ခြင်းခံခဲ့ရသောငွေကြာရံကျောင်းတိုက်မှဦးဇေနေယျက ပြောသည်။

အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သော၊ ဒီမိုကရေစီအရေးအတွက် ကမ္ဘာကျော်ခဲ့သော ရွှေဝါရောင်တော်လှန်ရေးမှာ စက်တင်ဘာ ၁၈ ရက်တွင် ခြောက်နှစ်မြောက်ခဲ့ပြီဖြစ်သည်။ ရွှေဝါရောင်တွင်ပါဝင်ခဲ့ကြသောသံဃာတော်များ၊ ပြည်သူများက ၂၀၀၇ တော်လှန်ရေးစိတ်ဓာတ် ခံယူချက်ကိုစွဲကိုင်၍ ဒီမိုကရေစီအရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

"အပြစ်ပေးတာတွေ အရေးယူတာတွေထား၊ ဦးဇင်းတို့က သံဃာတွေဆိုတော့ တရားဝင်ဝန်ချတောင်းပန်ရင် ကျေနပ်တယ်" ဟု ၂၀၀၇ ရွှေဝါရောင်အရေးအခင်းတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၌ အကြမ်းဖက်နှိမ်နင်းခံရမှုကြောင့် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သော ဦးဃောသိတက မိန့်ကြားသည်။ ။